www.burmeseclassic.com

# လမင်းမိုမို

ဤသို့ဖြင့်...

BURMESE CLASSIC .com



NYI NYI

www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

## ဤသို့ဖြင့်


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၉၈၀၄၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၁၇၀၄၀၇

၂၀၀၇ ခုနှစ်၊ ဩဂုတ်လ၊

ပထမအကြိမ်

တန်ဖိုး - ၃၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(ဝ၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com

# လမင်းမိုမို




စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







BURMESE CLASSIC .com

## ၁

"ဘာ"

နရဏီ အသံက ခပ်ကျယ်ကျယ် တအံ့တသြ ဖြစ်သွားရပြီးမှ ...

"ဘာကြီး ထည့်ပေးလိုက်တယ် ... ! စပယ်"

"ကြောင် ...၊ ကြောင် ...၊ ငါ့ကြောင်"

"ဟဲ့ ... သေချာပြောစမ်းပါ၊ ငါ နားမလည်ဘူး"

"အမလေးဟယ်၊ အသက်ထွက်အောင်ပြောပြီးမှ ဆုံးမှ နင်က နားမလည်ဘူး၊ နင်ငါ့စကားရော သေချာနားထောင်နေရဲ့လား မိန်းမ၊ ဖုန်းပြောရင်း ဘာလုပ်နေလဲ ပြော"

"အဟီးဟီး ... လက်သည်းနီပါ တစ်ခါတည်း ဆိုးနေတာ၊ တစ်ပြိုင်နက် နှစ်ခုပြီးတာပေါ့ဟယ်"

နရဏီက မျက်နှာချိုသွေးတဲ့ ရယ်သံလေးနှင့် လက်ချောင်းလေးတွေကို ကော့ပြီးမှတ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ … ပြန်ပြော … ပြန်ပြော"

"ကျွတ် … ငါ အမေရိကား သွားရမယ်၊ ငါ့အလုပ်က လွှတ်တဲ့ ပရောဂျက်၊ ခြောက်လပတ်ဝန်းကျင် ကြာမယ်"

"အေး … သိသားပဲ၊ နင်ပြောပြီးသားလေ"

"အောင်မာ … သူ မကြားလိုက်လို့လည်း ထပ်ပြောရသေးတယ်၊ ဟဲ့ … နရဏီ၊ နင် သေချာနားထောင်စမ်း၊ ငါ့ကတ်က ကုန်တော့မယ်၊ ဖုန်းကျသွားရင် နင့်ကို ငါထပ်ခေါ်တော့ဘူး၊ ကြားလား"

"ပြေးပါ"

"ခြောက်လတောင် သွားရမယ်ဆိုတော့ ငါ့ကြောင်ကြီးက ပြဿနာဖြစ်နေတာပေါ့"

"ဘာဖြစ်လို့လဲ"

"အမေရိကားကို ကြောင်ဝင်ခွင့် မပြုဘူး"

"အောင်မလေးဟဲ့၊ အေးလေ၊ နင်ပဲ အလုပ်ကိုရှုပ်တယ်၊ နင့်အတွက် သက်သက်ပဲ ကြောင်ဝင်မှုကြီးကြပ်ရေးတို့၊ ကြောင်မိဂရေးရှင်းတို့ ထားပေးရမလို ဖြစ်နေပြီ၊ ကဲလွန်းတယ်၊ ထားရစ်ခဲ့ပေါ့"

"ဟဲ့ … ငါနဲ့ ဂျူလီ နှစ်ယောက်တည်း နေတာလေ၊ ငါ သွားတော့ …"

"ဂျူလီ ဆိုတာ ဘယ်သူလဲ"





"ဂျူလီက ငါ့ကြောင်မလေ၊ နင်ဟာလေ ဆယ်ခါပြော ဆယ်ခါမေ့၊ အကြိမ်ကြိမ် မိတ်ဆက်ပေးပြီးသားကို မမှတ်မိဘူး"

"အောင်မယ် … သူ့ကြောင်မနဲ့ပဲ ငါက Nice to meet you ဖလှယ်ရဦးမယ့်သဘော၊ နင့်ဟာနင် နာမည်ဘယ်နှခါ ထည့်ပြောပြော၊ ငါက မှတ်ထားစရာလား၊ ငါ့ကြောင်လည်းမဟုတ်၊ ငါလည်း ကြောင်မချစ်၊ အနေသာကြီးကို နာမည်မှတ်မိစရာလား"

"ကဲပါ နရဏီရယ်၊ လိုရင်း ပျောက်ပါတယ်၊ မြန်မြန်ပြောပါရစေ"

"ပြော … ပြော"

"ငါ့ကြောင်ကို အမေရိကား ခေါ်မရတော့"

"သူများ ပေးပစ်ခဲ့ပေါ့"

"ဖြတ်ပြောပြန်ပြီ၊ သူများ မပေးနိုင်ပါဘူး၊ ငါကခြောက်လကြာရင် ပြန်လာရင် နောက်တစ်သက်လုံး ဆက်မွေးဦးမယ်ဟာ၊ ဘယ်လိုလုပ် ပေးပစ်နိုင်မလဲ၊ ငါ ဒီလောက်ချစ်တာနင် သိသားနဲ့"

"ဩော် … ချစ်ပေမဲ့လည်း မွေးနိုင်တုန်းမွေး၊ မမွေးနိုင် ပေးပစ်ပေါ့ဟဲ့"

"ဟဲ့ … နင်ယောက်ျားရပြီး ကလေးမွေးမှ အဲဒီကလေးကို မွေးနိုင်တုန်းမွေး၊ မမွေးနိုင် ပေးပစ်ဆိုတဲ့ စနစ်နဲ့ နင်လုပ်ချင်တာလုပ်"



www.burmeseclassic.com

www.burmeseclassic.com



နရဏီက စိတ်တိုတတ်တဲ့ စပယ်ဖြူဖြူ့ အသံကို ဟီဟီလို့ ကျိတ်ရယ်နေမိပါသည်။ သူ့ဂျူလီကြီးကို သူ သိပ်ချစ်တာ ရုပ်သိရှာသိ ကမ္ဘာသိ မြန်မာသိ စကော့ပ္ပသိ ဆိုသလို။ စပယ်ဖြူဖြူက စင်ကာပူမှာ နေနေပါသည်။ ဝယ်တုန်းကလည်း အတော်ဈေးကြီးပြီး အစားကျွေးတော့လည်း အတော်ငွေကုန်ကြေးကျများလှတဲ့ ဤကကျ်ရှမီးယားကြောင် ဆိုလား ကြီးကို သူ့မှာ သံယောဇဉ် တငင်ငင်။

"ဟဲ့ ... နင့်အခန်းနီးနားချင်း ဟိုတရုတ်မကြီးလေဟယ်၊ သူ့ဆီ ခဏအပ်ခဲ့လိုက်ပေါ့၊ နင့်နဲ့ အဲဒီတရုတ်မကြီးက အရမ်းခင်တယ် မဟုတ်လား"

"ခင်ပေမယ့် ဘယ်လိုမှ အပ်လို့မရဘူး"

"ဘာလို့လဲ"

"သူက ဂျူလီ့ကို အရမ်းလိုချင်နေတာလေ၊ ငါ နင့်ကိုပြောဖူးသားပဲ"

"ဟုတ်လား၊ ပြောဖူးလို့လား၊ မသိပါလား"

"ပြောဖူးတယ်၊ ငါ့ဆီကနေ လာတောင်းတောင်းဖူးတာ၊ သူများမွေးထားတဲ့ ကြောင်ပါဆိုမှ တောင်းစရာလား၊ အဲသလို ပေါ်တင်တောင့် လာတောင်းတာ၊ အခုလည်း ငါ အမေရိကား ခြောက်လလောက်သွားဖို့ ရှိတယ်ဆိုကတည်းက ဂျူလီ့ကို သူ့ဆီပေးခဲ့၊ သူ့ဆီပေးခဲ့နဲ့ ဇွတ်ကြီးတောင်းနေတာ"





"ပေးခဲ့ပေါ့ဟဲ့"

"ဘယ်ဖြစ်မလဲ၊ ငါလည်း စင်ကာပူ ပြန်လာရော၊ သင်းက အိမ်တောင်ပြောင်းပြေးပြီ ဖြစ်နေမှာ၊ ကြောင်ကို ဘာတ်ပြီးတော့"

"အမလေးဟယ်၊ ကြောင်အတွက်နဲ့များ ဖြစ်နေလိုက်ကြတာ၊ စစ်တောင်ခင်းရတော့မယ် အတိုင်းပဲ၊ နေပါဦး၊ နင် ဦးစွာပထမတုန်းက ပြောလိုက်တဲ့ ထည့်ပေးလိုက်မယ် ဆိုတာ အဲဒီကြောင်ကြီးကို ... ဘယ်လို ..."

"အေး ... နင့်ဆီ ပို့လိုက်မယ်"

"ဘာ ..."

နရဏီက ခုတစ်ကြိမ် ပိုပြီး အလန့်တကြား ကုန်းအော်လိုက်ပါသည်။

"ဟဲ့ ... နင် ဘယ်လိုဖြစ်နေလဲ၊ ဘာကိစ္စ ဒီလောက်အော်ထည့်တာလဲ"

"အော်ရမယ်လေ၊ ကြောင်ကြီး ငါ့ဆီပို့ရအောင် ငါကနင့်ကို ဘယ်လို offer များ ပေးမိလို့လဲ၊ ကြောင်ကြီးတစ်ကောင်ကို စင်ကာပူကနေ ရန်ကုန် တင်ပို့မယ့် နင့်အကြံကကော ဘယ်လို ရွေးချယ်ထားတဲ့ ဦးနှောက်က ထွက်တာလဲ၊ ငါကပဲ ကြောင်ကြီးတစ်ကောင် အဖတ်တင်ရဦးမယ် ... ဟားဟား၊ ဆောရီးပါ ဒေါ်ဇမ္ဗူဖျူယ်ဖျူယ်ရေ"

"နရဏီနော်၊ ကြောင်ကြီး မဟုတ်ဘူး ... ဂျူလီ ... ဂျူလီ"



www.burmeseclassic.com

www.burmeseclassic.com



"ဂျူလီက ကြောင်ကြီး မဟုတ်ရင် ခွေးကြီးလား၊ ဝက်ကြီးလား"

"ဟဲ့ … မြတ်နိုးစရာ ပစ္စည်းမျိုးကို 'ကြီး'ဆိုတာ ထည့်ပြီး မသတီစရာ အမိပ္ပာယ်ပေါက်အောင် မသုံးရဘူးဆိုတာ နင် မသိဘူးလား"

"သွားပြီ၊ နင် ပေါက်သွားပြီ စပယ်၊ တိရစ္ဆာန်ချစ်တဲ့သူတွေများ အဲဒီအတိုင်းပဲ၊ သိပ်အူကြောင်ကြောင်နိုင်တယ်၊ နင်က အပျိုကြီးလည်းဖြစ်တော့ ပိုဆိုးတယ်"

"ငါက အပျိုကြီးဆိုတော့ နင်ကျ ဘာကြီးမို့လဲ၊ အတူတူချင်း လာမပြောနဲ့"

"ငါက ရိုးရိုးအပျိုကြီး၊ တိရစ္ဆာန်ချစ်တဲ့ အပျိုကြီး မဟုတ်ဘူး"

"လုပ်မနေနဲ့၊ နင်လည်း တစ်ကိုယ်ရည် လူလွတ်မို့ ငါနဲ့ဆီ အကူအညီ တောင်းတာ၊ နင်က သူငယ်ချင်းချင်း ဒီလောက်ကလေးမှ မကူညီနိုင်ဘူးဆိုတဲ့ သဘောလား၊ နင့်ညီမဝမ်းကွဲ ရှုပါ စင်ကာပူ လာချင်တုန်းက ငါဘယ်လို ကူညီခဲ့လဲ … ဟင်"

"အေးပါ … ရှုပါ့ကိစ္စနဲ့ ပတ်သက်ပြီး နင့်ကျေးဇူးရှိတယ်၊ မှန်တယ်၊ ဒါပေမဲ့ ရှုပါ့ကို နင် အိမ်ပေါ်မှာ လက်ခံထားရတာ နှစ်ပတ် သုံးပတ်ပဲ၊ ပြီးတော့ ရှုပါက ကြောင်မကြီး မဟုတ်ဘူး၊ လူမ"





"ကြောင်ကြောင် … လူလူ အတူတူပေါ့ဟဲ့၊ လက်ခံရတာပဲဟာ"

"မတူဘူးနော် ချစ်သူငယ်ချင်း၊ လုံးဝမတူပါ၊ ရှုပါက နင့်ကို ထမင်းကူချက်ပေး၊ မန်းကန်ဝိုင်းဆေးပေးတယ်လေ၊ နင် ရှုပါ့ချေးကို ကျုံးရလို့လား"

"ဒါတော့ ဒါပေါ့ … အဟဲဟဲ၊ ဒါပေမဲ့ နရဏီရယ် … နင် ဘာမှ အပိုပြောမနေနဲ့တော့၊ ငါ့ကို ကူညီရမယ်၊ ဒါပဲ"

"နင့်ကို တခြားဟာဆို ကူညီနိုင်တယ်လေ၊ ခုကိစ္စက တစ်အချက် ငါ တိရစ္ဆာန် လုံးဝမချစ်တာ နင်အသိ၊ နှစ်အချက် ကြောင်ချေးဆိုတာ လောကမှာ အနံ့ဆုံး"

"နင်ကလည်းဟယ်၊ သူ့ဖို့ ပုံးကလေး လုပ်ပေးထားလို့ရတယ်ဟဲ့၊ သူနားလည်တယ်၊ ပြီးတော့ ငါ့ဂျူလီက စုတ်စုတ်ပြတ်ပြတ် ညစ်ညစ်ပတ်ပတ်ကြောင် မဟုတ်ပါဘူးဟယ်"

"ဘာကြောင်ပဲဖြစ်ဖြစ် ပါရင်နံ့တာချည်းပဲ၊ လုပ်မနေနဲ့၊ နေစမ်းပါဦး၊ ရန်ကုန်မှာ နင့်သူငယ်ချင်းအရင်းတွေ တခြား ရှိပါသေးတယ်၊ ကဲ … မိုးသဲ ဟယ်"

"နရဏီ … နင်ဟာလေ၊ နင့်လက်ကလွှတ် … ကျွတ် … ဖွတ် … ဆိုပြီးတော့ သူများလွှဲချဖို့ ဘာမှမစဉ်းစားဘဲ ပြောနေတာ၊ မိုးသဲ ကလေးမွေးထားတာ သုံးလေးလပဲ ရှိသေးတာလေ၊ သူ့အိမ်မှာ သူ့ကလေးလေး လသားနနုလေးနဲ့ကို ငါက ကြောင်တစ်ကောင် လှမ်းပို့သင့်သလား"



www.burmeseclassic.com

www.burmeseclassic.com



နရဏီက မျက်ခုံးတစ်ဖက်ပင့်ကာ ခေါင်းနှစ်ချက်လောက်ညိတ်ရင်း ...

"အင်း ... အင်း ... နင့်စဉ်းစားတွေးခေါ်မှုက Reasonable ဖြစ်ပါတယ်၊ ဒါဖြင့် ကြည်ဖြူတို့ လင်မယားရော၊ သူတို့ဆိုရင် နင့်အဖို့ သူငယ်ချင်း နှစ်ထပ်ကွမ်းတောင် တော်စပ်တော့ ငါလို တစ်ယောက်အားထက် ပိုရင်းတယ်၊ ကြည်ဖြူအောင်လည်း နင်တို့သူငယ်ချင်း၊ သူ့ယောကျာ်း မောင်ဆိုးငါတို့သူငယ်ချင်း ... ဟဲ"

တကယ်ပဲ ... နရဏီတို့ ငယ်သူငယ်ချင်း ငါးယောက်ရှိရာ လေးယောက်က မိန်းကလေး။ နရဏီ၊ စပယ်ဖြူဖြူ၊ မိုးသဲ၊ ကြည်ဖြူအောင်။ တစ်ယောက်တည်းသော ယောကျာ်းလေးက မိုးဆောင်။ နာမည်တွေကို ပြောင်းပြန်လုပ် ခေါ်ရတာ ဝါသနာပါတဲ့ နရဏီ ပါးစပ်ထဲမှာ သူတို့တစ်တွေဟာ ...

စပယ်ဖြူဖြူ = ဖမွှေးဖျူယ်ဖျူယ်။

မိုးသဲ = မဲသိုး။

ကြည်ဖြူအောင် = ကြောင်ဖြူအီ။

မိုးဆောင် = မောင်ဆိုး။ ရယ်လို့ နာမည်ဖျက်ခံရပါသည်။

"ငါ့နာမည်ပဲ ပြောင်းပြန်လုပ် မရတာ ဟဲဟဲ ..." လို့ နရဏီက ဂုဏ်ယူသည်။ နရဏီ ... နီရနယ်လို့ ဘယ်လိုပဲကြိုးစားပြောင်းပြန်လှန်လှန် ခေါ်မကောင်းတဲ့အတွက် နာမည်ဖျက်





ခေါ် မခံရပါ။ နောင်တော့ ကြောင်ဖြူနဲ့ မောင်ဆိုးက ကြိုက်သွားကြကာ ခုတော့ လက်ထပ်သွားကြတာ တစ်နှစ်ကျော်ပြီ။ ကလေးမရသေး။ ကြောင်ဖြူကိုပြောတဲ့ မောင်ဆိုးရဲ့ ရည်းစားစကားမှာ ...

"ဟဲ့ ... ကြောင်ဖြူ၊ ငါတို့တွေ အသက်တွေလည်း သုံးဆယ်ထဲ ဝင်လာပြီ၊ နင်လည်း ယောကျာ်းမရ၊ ငါလည်း မိန်းမ မရသေးတော့ သာတယ် နာတယ် မတွက်ဘဲ နှစ်ဦးနှစ်ဖက် အကျိုးရှိသွားအောင် ငါတို့နှစ်ယောက် လက်ထပ်လိုက်ကြရအောင်လေ"

ကြည်ဖြူအောင် ထံမှ ရက်ဒေါ်သ အယုတ္တ အနတ္တများ မိုးမွှန်ပွက်ပွက်ညံပြီး သကာလ ...

"နင် နရဏီကျတော့ ဘာဖြစ်လို့ မပြောဘူးလဲ"

"ဟာ ... နရဏီက နင့်လောက် သဘောမကောင်းဘူးဟ"

"ခွေးကောင် ... မောင်ဆိုး"

မိုးဆောင်ကို နှစ်သံပြိုင် ထောပနာလိုက်ကြပါသည်။ မကြာခင်မှာ ငယ်သံယောဇဉ်ကို တစ်ထပ်တိုးလိုက်ကြတဲ့ မိုးဆောင်နဲ့ ကြည်ဖြူအောင် လက်ထပ်လိုက်ကြပါသည်။ သူတို့မှာတော့ ခုထိ ကလေးမရသေး။ ကျန်ရစ်နေတဲ့ အပျိုကြီးနှစ်ယောက်မှာ နရဏီနှင့် စပယ်ဖြူဖြူ။ သူတို့နှစ်ယောက်လုံးကို မိဘများကလည်း အသီးသီး အိမ်ထောင်ပြုစေချင်ကြသည်။ သူတို့ကသာ ဘာကြောင့်မှန်းမသိ တိုးတက်မလာ။



www.burmeseclassic.com

www.burmeseclassic.com



အပျိုကြီးလုပ်မယ်ရယ်လို့လည်း မဟုတ်ပါ။ ကိုယ့်ကို ချစ်ကြိုက်သူ မရှိလို့လည်း မဟုတ်ပါ။ ကိုယ်ကလည်းနှောင်ဖွဲ့မခံချင်။ ဖူးစာရှင်နဲ့လည်း မဆုံ မကြုံသေးဘူးပဲ ဆိုကြပါစို့။ အဲဒီထဲမှာမှ အခုတော့ စပယ်ဖြူဖြူက အနည်းငယ် တိုးတက်ကာ Boy friend တော့ ရနေပါပြီ။ အလုပ်ကို ဦးစားပေးနေကြရသေး၍ ယူဖို့တော့ အချိန်မသတ်မှတ်ကြရသေး။

အားလုံးထဲမှာ တစ်ယောက်တည်း ဘက်ပဲ့ပြီး စားဖို့သောက်ဖို့ လှဖို့ပဖို့နှင့် ငွေရှာဖို့ပဲသိပြီး ဘယ်သူ့ကိုမှလဲ သံယောဇဉ် မကြီးတတ်၊ ဘယ်သူ့သည်းညည်းမှုလဲ မခံနိုင်တဲ့ နရဏီဟာ သူ့ကို အပျိုကြီးပြောလို့လည်း ဂရုမစိုက်ဘဲ ကိုယ်စိတ်မပါရင်မလုပ်၊ စိတ်ပါမှလုပ်ပြီး နေလာတာ ခုကိုပဲ အသက်သုံးဆယ်တင်းတင်း ပြည့်ပါတော့မည်။

"ကြည်ဖြူတို့အိမ် ပို့လိုက်ပေါ့ဟယ်၊ ကလေးငယ်လည်း မရှိကြဘူး၊ နှစ်ယောက်တောင် ရှိတော့ ငါ့ထက် ဂရုစိုက်နိုင်အား ပိုတယ်လေဟယ်"

"မပို့ပါဘူး၊ ယောက်ျားဆိုတာ ပွစိ ပွစိ ပူညံ ပူညံ ဗျစ်တောက် ဗျစ်တောက်တွေ"

"ဟင် … ငါကြားဖူးတာနဲ့ ပြောင်းပြန်ပါလား"

"ဒါ နင်အပျိုဘဝမှာ ကြားဖူးတာလေ၊ နင်လည်းယောက်ျားရရော၊ အသိအမြင်တွေ ပြောင်းလဲသွားရဦးမှာ၊ နင့်မောင်ဆိုးကလည်း အင်မတန် ပူညံဗျစ်တောက်တာတဲ့၊ ငါ ကြောင်ဖြူ





ဆီ ဖုန်းဆက်ပြီးပါပြီ နရဏီရယ်၊ သူငြင်းလို့ နင့်ဆီဆက်တာပါ"

"ဩော် … သူ့ကျ ငြင်းခွင့်ရှိတယ်၊ ငါ့ဘက် ဖတ်ခနဲလွှဲတင်လိုက်တာ သိပ်ပိုင်ပါလား"

"ငါလုပ်လို့ သူတို့လင်မယား ပူညံ ပူညံ ဖြစ်ရမှာတော့ မဖြစ်စေလိုဘူးပေါ့ဟ"

"ဒီလိုဆို မောင်ဆိုးက သဘောထား သေးလှချည်လားနည်းနည်းပါးပါး ကိုယ်သူငယ်ချင်းကို ကူညီပါလား၊ မောင်ဆိုးက လက်မခံနိုင်ဘူး ဆိုတာနဲ့ပဲ ကြောင်ဖြူကလည်း ကြောက်ပြီး လက်မခံရဲစရာလား"

"ကဲပါ နရဏီရယ်၊ သူတစ်ပါးကို လွှဲချနေမယ့်အစား၊ နင်ပဲ လက်ခံလိုက်စမ်းပါ၊ ငါ့အပေါ် ကူညီရာ ကျပါတယ်"

"ဟဲ့ … ငါမှ ကြောင်မချစ်တဲ့ ကိစ္စကို"

နရဏီသည် တကယ်ပင် စိတ်ညစ်လက်ညစ် ညည်းညူပစ်မိသည်။ တကယ်ပဲ သူများကရိကထ ခံရမယ့်ကိစ္စကို ဝါသနာမပါပါဘူး ဆိုမှ။ ပြီးတော့ ကိုယ်လုံးဝမချစ်တဲ့ ကြောင်။ သူ့ရဲ့ဂျိုလီကြီးကို ခတ်ပုံထဲမှာ တွေ့ဖူးတာတော့ ကော်ဇောကြီးပုံထားတဲ့အလား အမွေးထူလပျစ်နှင့် သိပ်အသည်းယားဖို့ကောင်းတာ။

"နင့်ကို ငါက ငါ့ကြောင်ကို ချစ်ပါ ချစ်ပါလို့ တောင်းဆိုနေတာ မဟုတ်ဘူး နရဏီ၊ ခြောက်လ တာဝန်ယူကျွေးမွေးစောင့်ရှောက်ထားပါလို့ အကူအညီ တောင်းနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … မဖြစ်နိုင်ဘူး ထင်ပါတယ် စပယ်ရယ်"

"မဖြစ်နိုင်လို့ မရတော့ဘူး၊ ငါ ဂျိုလိုကို သယ်သွားပေးမယ့်လူကိုလည်း ပြောပြီးပြီ၊ လူတစ်ယောက် သယ်လာလိမ့်မယ်၊ အဲဒါ နင် လေဆိပ်မှာ သွားကြိုလိုက်"

"ဘာ … ငါက ကြောင်ကြီးကို လေဆိပ်မှာ သွားကြိုရဦးမယ်၊ နိုး … နိုး … လုံးဝမဖြစ်နိုင်ဘူး"

"အဲဒီလူက သန်ဘက်ခါပဲ ရန်ကုန်ကို ရောက်လာတော့မှာ နရဏီ၊ နင် တကယ်လို့ ပစ်ထားလိုက်ပြီ၊ လေဆိပ်ကို သွားမကြိုဘူးဆိုလည်း ငါက သူ့ကို နင့်လိပ်စာ၊ ဖုန်းနံပါတ်တွေ ပေးထားပြီးသား၊ သူက အိမ်အထိ လာပို့သွားလိမ့်မယ်၊ ဒါပေမဲ့ နင် လေဆိပ်ကို သွားစောင့်ကြိုပြီး ခေါ်ပေးတယ်ဆိုရင်တော့ ဒီလူ့အပေါ် ငါ သိပ်အားမနာရဘူးပေါ့ဟယ်"

"ဟဲ့ … စပယ်၊ နင် ငါ့ကို အဲလို ဇွတ်မလုပ်နဲ့နော်၊ ကြောင်တစ်ကောင်ကိစ္စက လွယ်သလားဟဲ့၊ ကရိကထ၊ စရိတ်စက …"

"သြော် … နင်က ဒီလိုကြေးလား၊ အေး … ဒါဖြင့် နင့်ကို ငါ ငါ့ရဲ့ဂျိုလီအတွက် စားစရိတ် တစ်လငါးသောင်း ပို့ပေးမယ် နားလည်လား၊ ရပါတယ်၊ နင် ငါးပြားဖိုးတောင် စိုက်မကျွေးနဲ့"





"ဟဲ့ … ဒီသဘောချည်းပဲ မဟုတ်သေးဘူး မိစပယ်၊ အစိက,က ငါ …"

"အဲဒီလူနာမည် နရသူတဲ့၊ နင်နဲ့ ဆင်ဆင်ပဲ၊ အဲဒီလူက လူပျိုကြီးဟဲ့ သိလား၊ သန်ဘက်ခါ နေ့လယ် Silk Air နဲ့ ရောက်လာမယ် ဆင်းကြိုလိုက်၊ ကတ်ကုန်ပြီသိလား နရဏီ၊ ဒါပဲ … ဒါပဲနော်"

"ဟယ် … စပယ် … ဟိတ်ကောင်မ … စပယ်"

နရဏီသည် ဘယ်လိုမှ ဆက်အော်မရတော့ဘဲ လိုင်းပြတ်သွားတဲ့ဖုန်းကို ဖုန်းအိမ်ပေါ် ပွမ်းခနဲ ဆောင့်ချပြီး လက်သီးဆုပ် ခြေဆောင့်ကာ ဒေါသတကြီးနှင့် တအီးအီး အော်ဟစ်နေမိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂

လည်ပင်းတစ်ဝိုက်နှင့် ရင်ဘတ်ပေါ် Lace လေးတွေနှင့် အင်္ကျီဖြူမွမွ လွလွကလေးကို ဝတ်ပြီးမှ သတိတရနှင့် တောက်တွေခေါက် "အီး" "အဲ"နှင့် မချင့်မရဲ မကျေမချမ်း ရေ ရွှတ်ကာ ပြန်ချွတ်ပစ်ရသည်။ ဂျူလီဆိုတဲ့ ဟာမကြီးက ဘယ်လို လာမယ်မှန်းမသိ။ တော်ကြာ ကိုယ့်အင်္ကျီက အကောင်းစားလေး တွေ စုတ်ပြတ်ပြုတ်ရွဲ့ကုန်ပါဦးမယ်။

"ဟင်းနော် ... ဟင်း"

"မမ ... ဘာလဲ"

"ဘာမှမလဲဘူး၊ ရော့ ... ဒီအင်္ကျီ ပြန်ခေါက်သိမ်း"

"လှတယ်လေ မမ"

"လှလှ မလှလှ"

အီကျုံးခေါ် အုန်းကြည်မှာ ကုပ်ကလေး ပုသွားပြီး ဇာဖြူအင်္ကျီလေးကို ရိုရိုသေသေ နုနုရွရွ ခေါက်နေပါသည်။





နရဏီသည် အုန်းကြည်ကိုလည်း သိပ်ကြည့်မရ (အခြောက်တိုက်)။ မျက်စောင်းတရွယ်ရွယ်။ အင်း ... ဆံပင်ကိုလည်း ဖို့ရို့ဖားရား ချသွားလို့ မဖြစ်သေးပါဘူး။ အလိပ်ခွေလေးတွေ တအိအိပုံစံမျိုး ကောက်ထားကာစမို့ မစည်းချင် မနှောင်ချင် မတင်ချင်၊ ဘယ် သွားသွား ဖားလျားချတဲ့တလော ဖြစ်ပါတယ် ဆိုနေမှ။

နရဏီက ဆံပင်တွေကို ဖိုးဇတ်နှင့် ကောက်လိမ် တင်လိုက်ကာ ကျားပါးစပ်ပုံဆန်း အဝါရောင်တောက်တောက် ကြီးနှင့် ညှပ်ထားလိုက်သည်မှာ ငယ်ထိပ်အထက် မရောက် တရောက်။ စကတ်ရှည်အနက် အိအိကလေး ကောက်ဝတ်ကာ အဖြူပေါ် အနက်စင်း ကိုယ်ကျပ်လက်စက တီရှပ်ကိုပဲ အလွယ် ဝတ်လိုက်ပါသည်။

"ဘာဖိနပ်စီးမလဲ မမ၊ ဟိုလေ စိန်ပွင့်ကြီးကို ခြေမ ခြေညှိုးကြား ညှပ်ထားတဲ့ ခဲတံဒေါက်နဲ့ ဖိနပ်ဖြူဖြူလေး ထုတ်လိုက်မယ်နော်"

"စိန်ပွင့်လည်း မညှပ်ဘူး၊ ကျောက်ခဲလည်း မညှပ်ဘူး၊ အရိုးရှင်းဆုံး အန္တရာယ်အကင်းဆုံး ကတ္တီပါဖိနပ်ပါး အနက်ပဲထုတ်"

"ဟုတ်"

နေမကောင်းဖြစ်လို့ ဆေးခန်းသွားပြတာတောင်မှ ခဲတံဒေါက်ဖိနပ်လေး တကွပ်ကွပ်က မလျှော့တဲ့ သူ့မမကို အုန်းကြည်က အကဲတခတ်ခတ်။



www.burmeseclassic.com

www.burmeseclassic.com



"မမ"

"ဘာလဲ"

"အခုသွားမယ့် ခရီးလမ်းက ဘာအန္တရာယ်တွေများ ရှိနိုင်တဲ့လမ်းမို့လို့လဲဟင်"

"ဟယ် ... လျှာရှည်ပြီး အမေးမြန်း ထူလိုက်တာ အိကျုံးရယ်၊ ကဲ ... အခန်းထဲက ထွက်တော့"

နရဏီလည်း တစ်ဆက်တည်းပဲ သူ့အခန်းထဲက ထွက်လာကာ တံခါးကို ဆွဲပိတ်ခဲ့သည်။

"အိကျုံး ... နင့်ကိုငါ ပလတ်စတစ်ခြင်းတောင်းကြီးနဲ့ လျှော်ကြိုးခွေနဲ့ ကားထဲထည့်ထားခိုင်းတာ ထည့်ပြီးပြီလား"

"ဟုတ်"

"အေး ... အဲဒါ ဘာလုပ်ဖို့လဲ နရဏီ၊ ကြီးကြီး ခုပဲမေးမလို့"

"ကြောင် ... ကြောင်၊ ကြောင်ထည့်ဖို့ ကြီးကြီးရေ့"

"ကြောင် ! ... သမီးက ကြောင်မွေးမလို့လား"

"သမီးလား ကြောင်မွေးမှာ၊ ဝေးပါသေးတယ်၊ ကြီးကြီးက လည်း မသိတာ ကျနေတာပဲ"

"အေးလေ ... သိလို့ မေးရတာပေါ့"

"စပယ်လေ ... စပယ်၊ အတင်းရော အဓမ္မရော သူ့ကြောင်ကို စောင့်ရှောက်ဖို့ သမီးဆီပို့တယ်တဲ့လေ ကြီးကြီးရဲ့။ ဒီနေ့ပဲ လူတစ်ယောက်နဲ့ ပါလာမှာ၊ လေဆိပ်သွားကြိုရမယ်"





"ဟောတော်"

"လူကြုံနဲ့ ထည့်ပေးလိုက်မှာ၊ အဲဒါ စိတ်တိုနေတာပေါ့၊ သူတစ်ပါးဘက် ထည့်မတွက်ဘဲ အတ္တကြီးလွန်းတယ်၊ အဲ့ဟာကို ဘာပြန်လုပ်ရမယ်မှန်းတောင် စဉ်းစားမရဘူး၊ ရှောင်မရ ငြင်းမရ ဇွတ်လုပ်ချတာ၊ ဟင်း ဟင်း ... တစ်ခါပြော တစ်ခါဒေါသဖြစ်၊ သူ့ကြောင်ကြီးကို နိုင်ငံကျော်ပြီး ပို့လိုက်သတဲ့၊ ကြောင်တိုးရစ်စ်ကြီးပေါ့၊ အံ့ပါရဲ့ ... ကြုံဖူးပေါင်တော်၊ ဒီလောက် အဓမ္မဆန်တာမျိုး ...

တောက် ... ရောက်လာပြီး ဟိုတစ်ပုံ ဒီတစ်ပုံ လျှောက်ပါလို့များတော့ အဲဒီကြောင်မကြီး နရဏီ့အကြောင်း သိဦးမယ်မှတ်"

တကယ်ဒေါသကြီးနေတဲ့ နရဏီ့ကြောင့် ကြီးကြီးသည်း ပြုံးစိစိ၊ အုန်းကြည်လည်း ပြုံးစိစိနှင့် နရဏီ မမြင်အောင် ကြိတ်ပြုံးကြရသည်။ ကြီးကြီးဟာ ကြောင်ချစ်တတ်တဲ့ အမျိုးသမီးကြီး ဖြစ်သည်။ နရဏီ့ကို ကြောက်ရ၍ မွေးခွင့်မရတာဖြစ်ကာ ဒီကွန်ဒိုအဆောက်အအုံကြီးထဲ တချို့အခန်းတွေက ကြောင်တွေ ချက်စိပဲ လည်သလား၊ အစားပဲ ငမ်းသလား၊ မတော်တဆ ကိုယ့်မီးဖိုဆောင်နား ရောက်လာရင် ချော့မြှူကာ ရှိတာတွေချလို့ ကျွေးတတ်တော့သည်။

"ငါ့ကိုမှနော် ... ဟင်း ...၊ မိစပယ် ... မိစပယ်"



www.burmeseclassic.com

www.burmeseclassic.com



နရဏီသည် စပယ့်ကို လုံးဝမကျေမချမ်း။ မိုးသဲတို့ ကြည်ဖြူတို့ထံတွေကိုလည်း ဖုန်းတွေလိုက်ဆက်ကာ ပွစိပူညံပြီး ပြီ။ သူတို့ကလည်း ကြိုသိနေကြပြီးဖြစ်၍ နရဏီ့ကို ချော့ကြ မော့ကြ နားချကြ။ သို့ပေမဲ့ လေသံတွေကို ကြည့်ရတာ ကွယ်ရာ မှာ နရဏီ့ကို ကျိတ်ပြီးရယ်နေကြမယ့် ပုံစံတွေ။

မကြာခင်မှာတော့ နရဏီသည် ပြည်လမ်းမကြီး အတိုင်း ကားလေးကို မောင်းချလာပြီ။ အံကလေးကိုတော့ ကြိတ်ထားတုန်းပင်။ နေပါဦး သယ်လာမည့်လူက ဘယ်သူ ?။ ကိုယ်နဲ့ နာမည်ခုပ်ဆင်ဆင်ရယ်လို့တော့ စပယ် ပြောတာ မှတ်မိ လိုက်သား။ အဲဒီဆင်ဆင်က ဘာမှန်းသာ မမှတ်မိတာ။

လေဆိပ်ကားပါကင်တွင် ကားထိုးပြီးလျှင် နရဏီ သည် လက်ထဲ အသင့်ရေးလာတဲ့ ကတ်ပြားဖြူ တစ်ချပ်ကို ခပ် ရှက်ရှက်နှင့် ကိုင်လာလျက်။ နိုင်ငံခြားခရီးသည် လာကြိုကြတဲ့ ကြိုဆိုသူများကို တွေ့ဖူးပါရဲ့။ လက်ထဲမှာ နာမည်ရေးထားတဲ့ ကတ်တွေ ကိုင်လို့လေ ခပ်တည်တည်တွေပဲ။ နရဏီကတော့ တစ်ကြိမ်မှ ဒီလိုမကြိုဘူး၍ ရှက်တက်တက် ရှိသည်။

ကတ်ပြားဖြူပေါ် ရေးထားတာကတော့ ...

"Jolie"... တဲ့။

လူကြိုကလည်း သူသယ်လာတဲ့ ကြောင်နာမည်ဟာ ဂျိုလီ ဆိုတာ သိမှာပါ။ မသိလည်းနေ။ လက်ထဲ ကြောင်ကြီး ပါလာမှတော့ သိပြီပေါ့။ တောင်းယူလိုက်ရုံပဲ။





ပင့်ညှပ်တင်ထားတဲ့ ဆံပင်ကောက်ခွေလေးတွေ ဟို တစ်စ ဒီတစ်စ ကျတတ၊ ငယ်ထိပ်ပေါ် နေကာမျက်မှန်ကြီး လှန်ပင့်တင်ကာ ခပ်ရှက်ရှက်ကို ဣန္ဒြေဆည်ထားတဲ့ ခပ်တင်းတင်း ရုပ်နဲ့ ကတ်ပြားတစ်ချပ် ကိုင်ထားတဲ့ နရဏီသည် လေဆိပ်ခရီး ကြိုခန်းမတွင် ဟိုလျှောက် ဒီလျှောက် လုပ်နေပါသည်။

"ဟိတ် ... ရှတ်"

အောင်မယ်။ ဟိုနားက အကောင်တစ်ကောင်ဟာ ကော်ဖီသောက်ရင်း ဟိတ်လေး ရှတ်လေးနဲ့ မယဉ်မကျေး။ နရဏီက လှည့်မကြည့်ပေမယ့် ကိုယ့်ကို ခေါ်နေတယ်လို့ပဲ ခံစားရသည်။ ရာရာစစ။ လူကို ဘယ်အရွယ်များ ထင်နေလို့ သင်းက။ စင်ရော်တောင်လို ညိုနက်ကွေးကော့ပျံနေသော မျက်ခုံး တစ်ဖက်ကို ချီထားလိုက်ပြီး နရဏီက မျက်နှာပိုတင်းထားလိုက် ပါသည်။

ကိုယ့်ကို ရှတ်ရှတ်လုပ်တာမျိုးကို ငယ်ငယ်ကတည်း က သိပ်ကိုမုန်းတာပင်။ "ဟိတ်" "ရှတ်" "ဟေ့"လို့ ခေါ်နေလို့ များတော့ ကိုယ့်မိဘ ဆရာ ဆရာမက ခေါ်နေလျှင်တောင် လှည့် ကြည့်မည် မထင်နဲ့။ ခေါ်သူကိုလည်း အတော်အမြင်ကတ်သည်။ ရိုင်းတယ်ပဲ ယူဆသည်။ "ရှတ်"ဆိုတိုင်း မျက်လုံးလေး ဝဲခနဲနဲ့ မကြည့်တတ်လို့ပဲ ခုလို အပျိုကြီး ဖြစ်နေရတာလည်း ဖြစ်နိုင် သည်။

"ဟိတ် ... နရဏီ"



www.burmeseclassic.com

www.burmeseclassic.com



နှာမည်ပါလာတဲ့ အခါမှာတော့ နရဏီက မျက်ခုံးတစ်ဖက်ပင့်နှင့်ပင် မျက်လုံးကျယ်ကြီးများနှင့် လှည့်ကြည့်လိုက်ပါသည်။ ဖြူဝင်းသောအသား၊ နက်မှောင်ကော့ရွန်းတဲ့ မျက်ခုံး၊ နက်ပြောင်ဝိုင်းကျယ် ဖိတ်လဲ့တဲ့ မျက်ဝန်း၊ နှာတံချွန်ကော့လေးနှင့် နီညိုပုပ်ပုပ်ဆိုးတတ်တဲ့ နှုတ်ခမ်းဖူးတို့နှင့် နရဏီ ရုပ်သဏ္ဌာန်ဟာ အဝေးကပင် ထင်းခနဲ လင်းခနဲ ပေါ်လွင်နေတတ်သည်။

ရှုးရှုးရဲရဲ လုပကာ ညှို့ဓာတ်ပြင်းပြင်းရုပ် ထွက်နေတာကိုက ယောကျ်ားများကို တော်ရုံ လန့်ရှိန်သွားစေပုံ ရသည်။ နရဏီနှင့် စကားပြောရတဲ့ ယောကျ်ား(ခပ်စိမ်းစိမ်း)တို့ဟာ အမြဲစကားအ,ထစ်တုန်ယင် နှေးကွေးနေတတ်ကြသည်။ အင်း … ရုပ်အရတော့ ဆရာမကြီးပဲဆိုပြီး ခပ်လန့်လန့် ခပ်ခွာခွာ ဖြစ်တတ်ကြသည်။ နရဏီကိုကလည်း တော်ရုံလူ တယ်ပြီးထီမထင်တာ အမှန်ပင်။

"မမှတ်မိဘူးလား"

ကုလားထိုင်မှာထိုင်ပြီး ကော်ဖီသောက်နေတဲ့သူအနားနရဏီက လျှောက်လာခဲ့ရင်း …

"မမှတ်မိစရာလား၊ နင် မာန်ဦး မဟုတ်လား၊ မာန်ဦး … မှုးအန်လေ၊ ခုကော ဘယ်လိုလဲ၊ အရက်တွေ သောက်ပြီး နှာမည်အတိုင်း မှုးလိုက် အန်လိုက်လား၊ နင့်ရုပ်ကြီးက ညာလို့မရအောင် ပွတတ ဖြစ်နေတယ်နော်"





မာန်ဦးမှာ နရဏီ့ စကားများကြောင့် ရှုံ့တွတွ ဖြစ်သွားရပါသည်။

"နင်ကတော့လေ ခေါ်မိတာ မှားပါတယ်"

"နင်မခေါ်လည်း ငါ့ဘာသာငါ တွေ့ရင် တွေ့မှာပါ၊ နင်က ဟိတ် … ရှတ် လုပ်နေတော့ ငါက တမင်လှည့်မကြည့်တာ"

"နှာမည်ခေါ်လိုက်ရင် ဘေးကနေ နင့်နှာမည် သိသွားကြမှာစိုးလို့ ငါက ဆင်ဆင်ခြင်ခြင် ခေါ်ရတာပေါ့ဟ"

"အောင်မယ်၊ သိသိပေါ့၊ ငါ့နှာမည် သိတော့ ဘာဖြစ်သေးတုံး"

"တော်ကြာ မိတ်ဆက်ဘာတို့ ဘာတို့၊ ချဉ်းကပ်လာတာတွေ ရှိမှာစိုးလို့ပါ၊ ငါလုပ်လိုက်လို့ ဓာတ်လမ်းတွေ ဘာတွေ ရကုန်ဦးမယ်"

"အောင်မာ၊ ဓာတ်လမ်း ရစရာလားဟဲ့၊ ငါတို့အသက်အရွယ်တွေကို ကြည့်ဦး"

"ဘယ်အသက်ပဲ ဖြစ်ဖြစ်လေ၊ နင်တို့ အပျိုလူလွတ်တွေပဲဟာ၊ ဓာတ်လမ်းဆိုတာ ရှိလာဦးမှာပဲ"

"တော်စမ်းပါဟယ်၊ ငါ့ဟာငါ အေးအေးဆေးဆေးနဲ့ ပန်းခင်းသောလမ်းကို လျှောက်နေတာ၊ ဘေးကနေ ချွန်တွန်းမလုပ်နဲ့၊ ကဲ … နင် ဘယ်သူ့လာကြိုလဲ"

"ငယ်သူငယ်ချင်း တစ်ယောက်ဟ၊ နင်ကော"



www.burmeseclassic.com

www.burmeseclassic.com



"ငါက … အင်း … ဒီလိုပဲပေါ့"

"အောင်မာ … နရဏီ မရိုးဘူး ထင်တယ်"

"မပြောချင်ပါဘူးဟာ၊ နောက်တော့ နင်တွေ့မှာပေါ့"

"လက်ထဲကကတ်မှာ ဘာတဲ့လဲ၊ အင်း … Jolie တဲ့၊ ဘိုမကို လာကြိုတာလား"

"အေးပေါ့ဟာ၊ ကဲ … ပြောပါဦး၊ နင် ကလေးဘယ်နှယောက် ရပြီလဲ"

"အား … အကျယ်ကြီးနဲ့ နင်ဟာလေ"

"ဟဲ့ … ဘာဖြစ်လဲဟဲ့၊ နင်တို့ ယောက်ျားတွေ ကလေးအဖေဖြစ်ကြောင်း လူသိမှာ အတော်ကြောက်သလား၊ လုရှုပ်တွေ … ဟွန်း"

"ကြော်ငြာနေဖို့မှ မလိုပဲဟာ"

"မရှာ့ ပြော"

မာန်ဦးက စိတ်ညစ်ညစ် ရှုံ့မဲ့နေရာမှ စိတ်တိုလာသလို …

"တစ်ယောက်ပဲပေါ့ဟ၊ အိမ်ထောင်ကျတာမှ တစ်နှစ်ခွဲလောက် ရှိသေးတာ၊ ဘယ်နှယောက် ရရမှာလဲ၊ ငါ့မင်္ဂလာဆောင်ကို ဖိတ်သွားပဲ၊ မိုးဆောင်တို့ စုံတွဲလာတယ်လေ၊ သူတို့တော့ မယူကြသေးဘူးပေါ့၊ နင်သာ မလာတာလေ၊ တရားစခန်း ဝင်နေတယ်ဆိုလား၊ နင် ငါ့မင်္ဂလာဆောင် မလာဖြစ်တာမို့လား၊ တစ်နှစ်ခွဲပဲ ရှိသေးတယ်နော် မမ"





"သိဘူးလေ၊ သုံးမြွာပူးတို့ ဘာတို့များ မွေးချင်မွေးထားမလားလို့ပေါ့"

"နင့်ကျမှပဲ မွေးတော့"

"အောင်မာ၊ လူယုတ်မာ၊ ငါ့များ ဒီစကား ပြောစရာလား၊ သေတော့မယ်"

မာန်ဦးမှာ တက္ကသိုလ်မှာတုန်းက မေဂျာတူ ဘက်ချ်တူ ခင်မင်တဲ့သူတစ်ယောက် ဖြစ်ပါသည်။ တတွဲတွဲကြီး မခင်ဖြစ်လို့ အုပ်စုဝင် မဟုတ်ခဲ့ပေမယ့် သူလည်း ဗရုတ်အုပ်စု၊ ကိုယ်လည်း ဗရုတ်အုပ်စုမို့ ခင်မင်ကြသည်။

"ကိုကျော်ကြီးတို့ - မဝါတို့ကော၊ ဟို အရပ်အရှည်ကြီးတစ်ယောက်ကော"

"ကျော်ကြီးက မလေးရှား၊ မဝါ အမေရိကား၊ အရှည်ကြီး စင်ကာပူမှာ"

"ဟုတ်လား၊ လူတွေက ဘာကြောင့် နိုင်ငံခြားပဲ သွားနေကြတာလဲ"

"ဒီမှာ နင့်တို့လို ကိုယ်ပိုင်ဆိုင်တွေ လုပ်ငန်းတွေလုပ်ဖို့ ငွေရင်းငွေနှီး မရှိလို့ပေါ့ဟ နရဏီရ၊ နင်တို့အုပ်စုက ဘယ်သူမှ မထွက်ကြဘူးလား"

"စပယ် သိလား၊ စပယ်ဖြူဖြူလေ"

"သိတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"သူတော့ စင်ကာပူမှာ၊ အခုလည်း သူ့ကိစ္စလေ၊ ငါ့ကို သူ ဒုက္ခပေးလို့ ငါ ခုလို လေဆိပ်ရောက်နေရတာ၊ ဟင်း ဟင်း"

နရဏီက အံကြိတ်ပြီး ဒေါသပါပါ ရေရွတ်နေပြန်ပါသည်။

"ဪ ... Jolie ဆိုတာ သူ့မိတ်ဆွေပေါ့"

"အင်းပေါ့"

"ဘိုမဆိုတော့ ဘယ်မှာတည်းမလဲ"

"ငါ့အိမ်မှာ"

"နင့်အိမ်တည်းလို့ ရလို့လား"

"ဪ ... ရောက်လာတော့ ငါ့အိမ်တည်းလို့ရမှန်း နင် တွေ့လိမ့်မယ်"

"ဖော်ရိန်နာ မဟုတ်ဘူးပေါ့၊ မြန်မာပါ့စ်ပို့လား"

"ဖော်ရိန်နာ စစ်စစ်"

"ဒါဖြင့် နင့်အိမ်တည်းလို့ မဖြစ်ဘူး ထင်တယ်နော် နရဏီ"

နရဏီက မာန်ဦးကို ရိုးရိုးသားသား မပြောဘဲ တဟင်းဟင်းသာ မြိုစိစိ ရယ်နေလိုက်ပါသည်။ ကြောင်မကြီး တစ်ကောင်ကို လာကြိုတာလို့ မပြောချင်ပါဘူး။ ရှက်စရာကြီး။ ကိုယ့်လိုအဖြစ်မျိုး ဘယ်သူမှ ကြုံဖူးပြုဖူးကြမှာ မဟုတ်တာမို့ ပြောပြရမှာ ခပ်ရှက်ရှက် ရှိလှပါသည်။





"လေယာဉ်ဆိုက်ပြီဟေ့"

မာန်ဦးက တစ်ဦးတလေ ထွက်စပြုလာတဲ့ ခန်းမ တံခါးဝကို မျှော်ကြည့်ကာ နေရာမှထသည်။ သေချာမြင်ရတဲ့ နေရာကို လျှောက်လာကြရင်း ...

"လေယာဉ်တစ်စီးဆိုက်လို့ ခရီးသည်တွေ ထွက်လာပြီဆို ရင် ရှေ့ကထွက်တာ ဖော်ရိန်နာတွေပဲနော်၊ မြန်မာတွေများ နေးတုံ့တုံ့နဲ့ အမြဲ ဟိုးနောက်မှ ထွက်လာကြတယ်"

"ဟုတ်ပါ့ဗျာ၊ ငါလည်း အမြဲ အဲသလိုပဲ မြင်တယ်"

နရဏီသည် ကြောင်သယ်လာမည့် လူကြုံဟာ ဘယ်လိုပုံမှန်း မသိရတာမို့ ကြိုကြိုတင်တင်နှင့် "Jolie"ဆိုတဲ့ စာတန်းကို မြှောက်ကိုင်ထားလိုက်ပါသည်။

"နင့်ဧည့်သည်က ဘယ်လိုပုံလဲ"

"သိဘူး၊ နင့်ဘော်ဒါကကော"

"ငါ့သူငယ်ချင်းဆိုတော့ ငါ့လိုပဲ ချောချောဖြောင့်ဖြောင့် ပေါ့ဟာ ... ဟဲဟဲ"

"အောင်မယ် ... ဒီအပြောတွေ မလျှော့သေးဘူး"

"ဟ ... ဟ ...၊ ဟိုမှာ"

မာန်ဦးက တစ်နေရာကို လှမ်းကြည့်ကာ လှုပ်လှုပ် ရှားရှား ဖြစ်သွားတာမို့ ...

"ဘာလဲဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အဘဟ"

"ဘာလဲ ... နင့်အဘ"

"ငါ့လူကြီးဟ၊ ငါ သွားလိုက်ဦးမှ ဖြစ်မယ်၊ သူ ညှော်သည် တစ်ယောက်ယောက် လာကြိုတာဖြစ်မယ်၊ သွားမယ်ဟေ့"

"အေး ... အေး၊ နင့်ဆော်ဒါ နင့်ကိုရှာမတွေ့ဘဲ နေဦးမယ်"

"နေပစေ ... ရတယ်၊ ဒီကောင် ငါ့ကိုမတွေ့ဘဲ ငါမပါဘဲ ဘယ်မှသွားလို့ရတာမှ မဟုတ်တာ၊ ငါ့ကိုရှာကို ရှာရစောင့်ရမှာ"

မာန်ဦးက ပြောလည်းပြော ခပ်သွက်သွက်လည်း လစ်၏။ သူ့အလုပ်ရှင်မှ အထက်လူကြီးထံသို့ အူယားဖားယားလေးပြေးသွားတော့ရာ နရဏီမှာ စကားပြောဖော် မရှိတော့ဘဲ "Jolie" စာတန်းကိုသာ မြှောက်လျက် ခပ်တိတ်တိတ်လေး မျှော်ငေးရပါတော့သည်။ တငေးငေး တမော့မော့ စိတ်စောနေတဲ့ နရဏီ့ မြင်ကွင်းထဲကို အရပ်ခြောက်ပေရှည်ရှည်၊ အသားဝင်းဝင်း၊ လူပုံက သွယ်လျသည့်ဘက် မရောက်ဘဲ ကြံ့ခိုင်တောင့်တင်းသော အချိုးအဆက်ရှိတဲ့ ယောကျ်ားတစ်ယောက် ခြေလှမ်းကြဲများနှင့် ဝင်လာသည်။

အင်း ...။ ဘေးခွဲဆံပင်ရဲ့ ရှေ့ဘက်ဆံစရှည်တချို့ဟာ နဖူးပေါ် လေးဆယ့်ငါးဒီဂရီစောင်းလျက် နဖူးရှေ့ ခပ်ကွာကွာ ဝေါက်တောက်ကျနေတာမို့ ခြေလှမ်းတိုင်း ထိုဆံပင်စလေး





တွေ ခါခါ ခါခါနှင့် အတော်ကို ကြည့်ကောင်းတဲ့လူ။ စပယ်ကတော့ သင်းဟာ လူပျိုကြီးဆိုပဲ။ ပြာမှိုင်းတဲ့ ဂျင်းဘောင်းဘီပွကြီး၊ အပေါ်က ဘော်ဒီဖစ်ထ်တီရှပ်လက်ရှည်မီးခိုး၊ ဘေးလွယ်အိတ် မီးခိုးနက်တစ်လုံးကို လွယ်ရင်း သူ့လက်ထဲမှာ၊ အဲ ... သူ့လက်ထဲမှာ ...။

ငှက်လှောင်အိမ်လို သံဇကာကွက်တော့ မဟုတ်။ ဘာသားနဲ့ အစင်းအကွက် လုပ်ထားတယ် မသိတဲ့ ခြင်းတောင်းလိုလို လှောင်အိမ်လိုလို အရာကို ထိပ်ကကွင်းမှ ကိုင်ဆွဲလာသည်။ ထိုခြင်းဟာ ယောကျ်ားကြီး လက်တစ်ဝိုင်းထက် ကြီးဦးမည်။ အတော်ကြီးတဲ့ ခြင်းကြီး။ အတွင်းကို ဖောက်ထွင်းမမြင်ရ။ မမြင်ရသည်မှာ အတွင်းပတ်လည်မှ ခန်းဆီးလို ပတ်လည်အဝတ်စ တစ်ဆပ် ခံထား၍ပင်။

ဘာပဲဖြစ်ဖြစ် ခြင်းကြီးပုံစံက သားနားခံ့ညားလှသည်။

နရဏီသည် လူကိုရော ခြင်းကိုရော အကဲခတ်ရင်း သူ့လက်ထဲက Jolie ဆိုတဲ့ကတ်ကို နည်းနည်းလှုပ်ပြလိုက်သည်။ မျက်ခုံးတစ်ဖက်မြင့်ကာ ပြုံးတုံ့တုံ့လိုလိုရုပ်နှင့် နရဏီ့ကို အသေအချာ စိုက်ကြည့်ချဉ်းကပ်လာတဲ့ ထိုသူက နရဏီ့ရှေ့၌ တည့်တည့်ရပ်ပြီး ငုံ့ကာ ...

"Jolie ကို လာကြိုတာလား"

"ဟုတ်တယ်ရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"သေချာတယ်နော်၊ သူ့ပစ္စည်းကြီးကို လုမှားပြီး လွဲလိုက်မိရင် စပယ်ဖြူဖြူ ကျုပ်ကို ဆဲဆိုလိမ့်မယ်"

"သေချာပါတယ်ရှင့်၊ ကျွန်မ စပယ်ဖြူဖြူ သူငယ်ချင်းပါ"

"ဒါဖြင့် စကားဝှက်ပြော"

"ရှင်"

"စကားဝှက်လေ"

"ဟင် … ဘာစကားဝှက်လဲ၊ မသိပါဘူး၊ စပယ် ဘာမှ မမှာထားပါဘူး"

"ဩော် … မခက်ပါဘူး၊ ဂျူလီဆိုတာ ဘာလဲ၊ အဲဒါ စကားဝှက်ပဲ"

"ဂျူလီဆိုတာ ကြောင်မကြီးလေ"

"ဟုတ်ပြီ၊ စကားဝှက် မှန်တယ်၊ ကဲ … ရော့ … ယူ … ဒီမှာ သူနဲ့ပတ်သက်တဲ့ စာရွက်စာတမ်းတွေပါ ပါတယ်"

ဟွန် … ဘယ်လိုကြီးမှန်း မသိပါဘူး။ နောက်နေတာလိုလို အတည်လိုလိုနဲ့။ ခပ်တည်တည်ကြီးနဲ့ ရယ်စရာလုပ်နေတာ။ သူ လက်ကမ်းလိုက်တဲ့ ခြင်းကြီးကို နာရဏီကယူဖို့ လက်နှစ်ဖက်လုံး လှမ်းလိုက်လျှင် …

"ခင်ဗျား နိုင်ပါ့မလား"

"လေးလို့လား"

"ရော့ … လေး၊မလေး ကိုင်ကြည့်"

"အို"





နရဏီ လက်နှစ်ဖက် အဝိုင်းပုံ ဖက်ကိုင်လိုက်တဲ့ ခြင်းကြီးဟာ လက်ထဲမှာ နင့်ခနဲ။

"နေဦး … လေးတယ် … လေးတယ်"

"အေး … ထင်သားပဲ၊ ဒီကောင်ကြီးက အတော်အလေးချိန်စီးတာ၊ ကဲ … ဒါဖြင့် ဘယ်လိုလုပ်မှာလဲ၊ ကားပါလား"

"ပါတယ် … ပါကင်မှာ"

"ကဲ … ကဲ … လာ၊ ကိုယ်ပဲ လိုက်ပို့လိုက်ပါ့မယ်ကွာ"

"ရှင့်မှာ လပ်ဂေ့ဂျ်တွေနဲ့"

သူ့လက်တစ်ဖက်က တွန်းလာတဲ့ ထရော်လီပေါ်မှ သေတ္တာကြီးတစ်လုံးနှင့် ဆွဲအိတ်တစ်လုံး ပါသည်။

"အင်း … အဲဒါမှ ဘယ်လိုလုပ်ကြမလဲ"

နရဏီက တစ်ချက်စဉ်းစားပြီး …

"ရှင့်ကို လာကြိုမယ့်သူ ရှိလား"

"ရှိတယ်၊ လာကြိုမှာ၊ ဘယ်နားရောက်နေလဲ မသိဘူး၊ လာတော့ လာမှာပါ"

နရဏီက ကျိတ်စိတ်ကူးမိသော ကိုယ့်ကားနှင့် သူ့ပါတင်ခေါ်ပြီး သွားလိုရာ ပို့ပေးမလားလို့ အစီအစဉ်ကို ကျိတ်ပဲ ဖျက်လိုက်ရပါသည်။

"ဒါဖြင့်လည်း ကျွန်မကားကို ဒီထဲ မောင်းဝင်ခဲ့မယ်၊ ရှင် စောင့်ကြည့်နေပြီး ကားရောက်လာမှ နောက်ခန်းထဲ ထည့်ပေးပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေလေ ... ရသွားပဲ"

ဤသို့ဖြင့် နရဏီသည် ကားပေါက်ကင်ကို တသုတ်သုတ် ပြေးရသည်။ ကားကို ကမန်းကတန်းမောင်းကာ အဆောက်အအုံဝင်းထဲ ဝင်လာခဲ့ပါသည်။ ကားကိုတွေ့သည်နှင့် ထိုသူက ခြေလှမ်းကျဲနှင့် လျှောက်လာကာ နောက်ခန်းတံခါး ဆွဲဖွင့်၍ ခြင်းကြီးကို ခုံပေါ်လှမ်းတင်ပေးကာ ...

"အထဲမှာ ကြောင်ပါရဲ့လား မစစ်တော့ဘူးလား"

"လိုလို့လား၊ ဒီလောက် လေးတာ"

"အလကား ပြောတာပါ။ ကြောင်ပါတယ်နော်၊ အိမ်ရောက်သွားပြီးမှ မပါဘူး မလုပ်နဲ့"

"ရှင် ဒီလိုပဲ ကြောင်ကို အလွယ်တကူ ပေးလိုက်ပြီပေါ့၊ ကျွန်မက စပယ်သူငယ်ချင်း မဟုတ်ဘဲ ကြောင်ကိုကြားက အချောင်အပိုင်စီးချင်လို့ တမင်လိမ်ညာယူသွားမှာ မပူဘူးလား"

"မပူပါဘူး၊ ဒါက ရွှေတုံးကြီးလည်း မဟုတ်၊ ကြောင်ကြီးလေ"

နရဏီက ကိုယ်နဲ့ သဘောထားချင်း နီးစပ်မည့်ပုံရသည့် ထိုသူကို ပြုံးကြည့်ရင်း ...

"ကျွန်မကိုလည်း ရှင် မသိဘဲနဲ့ ပေးတာ မြန်လွန်းလို့ ပြောတာပါ"





"ခင်ဗျား ဓာတ်ပုံကို စပယ်ဖြူဖြူ့ဆီမှာ တွေ့ဖူးပါတယ်၊ နရဏီ ဆိုတဲ့ နာမည်ရော၊ ရုပ်ကိုရော သေချာသိပါတယ်"

သြော် ... ဟုတ်သားပဲ။ ကိုယ်ကသာ သူ့ကိုကြိုတင် မမြင်ဖူး မသိဖူးပေမယ့် သူကတော့ စပယ့်ထံက ဓာတ်ပုံကြည့်ကာ မြင်ဖူးနေနိုင်တာပဲ။

"ရှင့်ကို ကြိုမယ့်သူ တွေ့ပြီလား"

"တွေ့ပြီလေ အထဲမှာ၊ လပ်ဂေ့ဂျ်တွေတောင် သူနဲ့ထားခဲ့တာ"

နရဏီက ကားဘေး ခပ်ကိုင်းကိုင်း ရပ်ပြောနေတဲ့ သူ့ကို စိတ်ပါလက်ပါ ပြုံးပြလိုက်ပါသည်။ သူကလည်း ခပ်ပြုံးပြုံး ပြန်အကဲခတ်နေဆဲ။

"ကဲ ... အိုကေ၊ နောက်မှ အခြေအနေ ဖုန်းဆက်လှမ်းမေးမယ်နော်၊ တစ်ရက် နှစ်ရက် နေရင်ပေါ့"

"ကျွန်မ သွားလို့ရပြီပေါ့"

"အင်းပေါ့ ... ရပြီပေါ့၊ ဘိုင့်ဘိုင် ဆီးယူ"

နရဏီက ခေါင်းတစ်ချက် ညိတ်ပြလိုက်လျှင် သူက ချာခနဲ ကျောပေး၍ နောက်ဘက်လှည့်လျှောက်ကာ အဆောက်အဆုံထဲ ပြန်ဝင်သွားပါသည်။ နရဏီက ကားကို မောင်းထွက်ခဲ့ရတော့ကာ နောက်ကြည့်မှန်မှ တစ်ချက် ပြန်ကြည့်မိသေးသည်။ ကဲ ... ကြည့် ... သူ့နာမည်ကို မမေးလိုက်မိဘူး။ ကိုယ့်နာမည်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ဆင်ဆင်ဆိုတာ။ နာမည်တင်မက ဘာကိုမှ မမေးထားလိုက်မိပါဘူးလေ။ ညံ့လိုက်တာ။

ခုနေများ မဖြစ်မနေ ဒီလူနဲ့ ဆက်သွယ်ရမယ့် အရေးကြီး ကိစ္စတစ်ခုခု ပေါ်လာခဲ့ရင်တောင် ပြဿနာပဲ။ ဘာဆို ဘာမှ မသိ။ လူကို သေချာမှတ်မိလိုက်တာကလွဲရင် ဘာမှကိုမသိ။ နင် တော်တော် နမော်နမဲ့ နိုင်သေးတာပဲ နရဏီ။

တာဝန်မယူချင်ဘူး၊ မယူချင်ဘူးနဲ့ နောက်ဆုံးတော့ အိမ်ကို ကြောင်ကြီးတစ်ကောင် ပါလာခဲ့ပြီ။ ယူပေတော့ တာဝန်။ ခံပေတော့ ကရိကထ။ ကြီးကြီးတို့ အုံးကြည်တို့က ဝေယျာဝစ္စတွေ စီစဉ်ဆောင်ရွက်ကြလိမ့်မယ်ပဲထားဦး ဒီကြောင်ကြီး ကိုယ့်ဆီ အပ်ထားတုန်း နေထိုင်မကောင်း မဖြစ်ရေး၊ နောက်ဆုံး သေမသွားရေးဟာ နရဏီ့ ခေါင်းပေါ်မှာ တာဝန်တစ်ခု ဖြစ်နေပြီပေါ့။

ဘာတာဝန်မှ မယူချင်လို့ တစ်ကိုယ်တည်း အပျိုကြီး နေပါတယ်ဆိုတဲ့သူကိုမှ၊ သံယောဇဉ်မထားချင်ပါဘူးဆိုတဲ့ သူကိုမှ ဇမ္ဗူဖြူယ်ဖျယ်တို့က လုပ်ချလိုက်ပြီ။ တောက် ...။





## ၃

"ဟာ ... ဟော့ကောင်၊ ငါကလည်း ဒီဘက်မှာ ငါ့အဘကို စကားက ဖြတ်မရကွာ၊ စိတ်ထဲမှာ အသည်းတွေယားပြီးတော့ မင်းနောက် ပြေးလိုက်ချင်နေတာ ခြေဖဝါးတွေတောင် ယားနေတယ်၊ ကဲ ... ကဲ ... ကဲ ... ပြောစမ်း ... ပြောစမ်း ...၊ အဲဒါ ဘယ်လိုက ဘယ်လို ..."

မာန်ဦးရဲ့ လျှာခလုတ်တိုက် ကိုက်မိမတတ် အူယားဘားယား အမောတကော မေးသံတွင် နရသူက ပြုံးစိစိလုပ်နေပါသည်။ မာန်ဦးက ကားကို အရှိန်နှင့်မောင်းလာရင်းကပင် ...

"ဟာ ... ဟော့ကောင်၊ ပြုံးမနေနဲ့၊ ပြော ... ပြော၊ အရေးကြီးတယ်"

"ဘာအရေးကြီးတာလဲ မာန်ဦးရ၊ ဘယ်လိုလဲကွာ မင်းက၊ ကလေးတောင် အခါလည်တော့မယ် မဟုတ်လား၊ မိန်းမလှတစ်ယောက်မြင်တာ ဒီလောက် ရင်လှိုက်သဲပို့ ဖြစ်စရာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် … ငါ့သားလည်း ခုနစ်လပဲ ရှိသေးတယ်၊ အခါမလည်သေးဘူး မှားမပြောနဲ့၊ သူများကြား တစ်မျိုး ထင်နေဦးမယ်၊ ပြီးတော့ မိန်းမလှတစ်ယောက်မြင်လို့ ဖြစ်နေတာ မဟုတ်ဘူး၊ ကဲ … ဖြေစမ်းပါ၊ မင်းပြောတဲ့ အဲဒီမိန်းမလှနဲ့ မင်းနဲ့ ဘာပတ်သက်လဲ"

မာန်ဦးမှာ အသည်းတွေယားကာ ဒါကိုပဲ မရမက သိချင်နေပါသည်။ သူဒီဘက်မှာ သူ့လူကြီးနဲ့ စကားပြောဆိုနေတုန်း သူ့ကို နရသူက တွေ့သွားကာ သူ့နံဘေးသို့ လပ်ဂေ့ဂျ်တွန်းလှည်း လာထားပါသည်။ စကားစ မပြတ်မှန်းသိ၍ လက်ဟန့်ပဲပြပြီး လက်ထဲ ခြင်းလိုလို လှောင်အိမ်လိုလိုကြီး ကိုင်ရက်သား ပြန်ထွက်သွားတာမို့ ဘာများလဲလို့ မာန်ဦးက လိုက်ကြည့်မိလေရာ သူနဲ့ ဘာမှမဝေးတဲ့ အပြင်ဘက် ကားလမ်းပေါ် နရဏီ ကားလေး လျှောခနဲ ဝင်လာတာ မြင်လိုက်ရတာပင်။

အဘိုးကြီးနဲ့သာ စကားပြောနေရ တအံ့တသြ မျက်လုံးများက မှန်ချပ်ကြီးကိုဖောက်ကာ ဟိုးမလှမ်းမကမ်းက နရဏီနဲ့ နရသူကို အံ့သြတကြီး စိတ်ဝင်စားနေရတော့တာ။ ခါး တွေ ဘာတွေကိုင်းပြီး တရင်းတနှီးတွေ ပြောဆိုနေကြရုံမက ကားနောက်ခန်းထဲ သူ့လက်ထဲကခြင်းကြီး လှမ်းထည့်လိုက်တာလည်း မြင်သည်။

"သူ့ကားထဲ မင်းထည့်ပေးလိုက်တာ ဘာကြီးလဲ"

"လူကြီးပစ္စည်းပါ"





"သူ့ကိုပေးဖို့ လူကြီးထည့်ပေးလိုက်တာပေါ့"

"အင်းပေါ့"

"မင်းနဲ့ သူက သိလို့လား၊ ပေးရမှာ သူ့ကိုမှန်း မင်းက ဘယ်လိုတန်းသိသလဲ၊ ရေရေရာရာ ပြောကွာ၊ မင်းတို့ ဘယ်က ဘယ်လို စသိပြီး ဘယ်လိုပတ်သက်နေတာလဲ"

နရသူက မာန်ဦးကို ပြုံးစိစိ လှည့်ကြည့်လိုက်ရင်း …

"ဟော့ကောင် … မင်း ဘာဖြစ်နေတာလဲ၊ ဘာဖြစ်လို့ ဒီလောက် သိချင်နေရတာလဲ"

"သိချင်တာပေါ့ကွာ၊ မင်းလို ကြေးထူထူ၊ ခပ်ရစ်ရစ်၊ ကိုယ့်ဖို့ပဲ ကိုယ်သိတဲ့ လူပျိုကြီးတစ်ယောက်နဲ့ နရဏီလို ပစိပစပ်ကများများ သူများအကြောအတင်က မခံချင်၊ ဘဝင်ခပ်မြင့်မြင့် အပျိုကြီး ဘယ်လို ဘယ်လို ဆုံမိတယ်ဆိုတာ ဒီလောက် စိတ်ဝင်စားစရာ ကောင်းတာ"

နရသူက မျက်ခုံးပင့်မိရင်း …

"မင်း သူ့ကို သိတာပေါ့"

"သိတာပေါ့ ဟ၊ကောင်ရ၊ တစ်နှစ်တည်း တစ်တန်းတည်း တက်ခဲ့တာဟ"

"ဘယ်လို … ဘယ်လို၊ ပစိပစပ်များများ၊ ဟုတ်လား ! ၊ သူများ အကြောအတင် မခံချင်၊ ဘဝင်ကလည်း ခပ်မြင့်မြင့် ဟုတ်လား ! ဂုဏ်ပုဒ်တွေက လျှမ်းလျှမ်းတောက် နေပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အဲဒါ နည်းသေးတယ် ကိုယ့်လူ၊ ဒီလောက် ထင်ထင်ပေါ်ပေါ် ရူးရူးရဲရဲ လုရက်နဲ့ ယောက်ျားမရသေးတာ မင်း တွေးကြည့်ပေါ့"

"ဟား ဟား ဟား"

နရသူက သဘောတကျ ခေါင်းမော့ရယ်နေပါသည်။

"သိပ်တော့လည်း မထူးပါဘူးကွာ၊ မင်းလည်း ထူးမခြားနားပါ၊ ရွေးရင်း ရွေးရင်း ကိုယ်အကောင်းရဖို့ ကြည့်လွန်းတော့ အရွေးလွန်ပြီး ဂေါမစွံ ဖြစ်နေတာ"

"ဟေ့ကောင် ... မင်းစကားကို ပြင်လိုက်စမ်း မာန်ဦး၊ ခုခေတ်ကြီးမှာ ငါတို့လူမျိုးတွေ ဈေးတက်နေတာနော်၊ မင်းတို့လို ကလေးအဖေကြီးတွေက မနာလိုတိုင်း ပေါက်ကရ နှိမ်မပြောနဲ့၊ ရတိုင်းယူရရင် ပေါလွန်းလို့၊ ငါ့ဘဝကို ပေးထိုက်တဲ့မိန်းမ၊ ငါ့ဘဝ ပေးရလောက်အောင် ထိုက်တန်တဲ့မိန်းမ မပေါ်ပေါက်သေးလို့ ငါ ဒီလိုနေနေတာ"

"တူပါပေ့ကွာ၊ လေသံတွေချင်းကတော့၊ ဟိုတစ်ယောက်ကလည်း ဘယ်တော့မှ လေသံကို လျှော့တာမဟုတ်ဘူး၊ မင်းအတိုင်းပဲ၊ ဂုဲပါကွာ ပြောမှာပြောပါ၊ မင်းတို့ကို ခုလို ဓာတ်လမ်းမျိုး ဖွင့်ပေးလိုက်တဲ့သူက ဘယ်သူလဲ၊ လူကြုံပစ္စည်း ထည့်ပေးလိုက်တာ ဘယ်သူလဲ"

"မင်း သိမယ် မထင်ပါဘူး မာန်ဦးရဲ့၊ စပယ်ဖြူဖြူတဲ့၊ စက်ာသူကပဲ"





"ဟား ... ထင်တယ် ... ထင်တယ်"

"ဘာလဲ"

"ထင်တော့ ထင်တယ်၊ ဒီဝန်းကျင် ဒီအဝန်းအဝိုင်းထဲကပဲ ပတ်မွှေမယ်ဆိုတာ"

"ဘာဖြစ်လို့လဲ"

"စပယ်ဖြူဖြူလည်း ငါနဲ့ခင်တာပဲ၊ တက္ကသိုလ်တုန်းက တစ်မေဂျာတည်း၊ တစ်နှစ်တည်းတွေကွ၊ စပယ်တို့ နရဏီတို့က အုပ်စုလိုက်ပဲဟာ၊ သူတို့ တစ်အုပ်စုလုံး ငါနဲ့ခင်ပါတယ်၊ ခုနပဲ ငါနဲ့ နရဏီ စကားရပ်ပြောနေရင်းတောင် သူ ပြောပြပါတယ်၊ စပယ်က စင်ကာပူမှာတဲ့"

"အဲဒီ စပယ်ဖြူဖြူ ဆိုတာက ဟိုမှာ ငါတို့ မြန်မာချင်းချင်း စုပေါင်းပြီး အလှူပွဲလေး ဘာလေး လုပ်ရင်း မြန်မာပွဲတွေ လုပ်ရင်း ဆုံရင်းက ခင်မင်သွားကြတဲ့ထဲက တစ်ယောက်၊ သူတောင် အဲဒီက ငါ့သူငယ်ချင်း အင်ဂျင်နီယာတစ်ယောက်နဲ့ တွဲနေတယ်၊ မကြာခင် ယူမှာပါ"

"အောင်မယ် ... စပယ်ကလည်း အတွဲရပြီပေါ့"

"အင်း"

"အင်း ... အဲဒါကြောင့် တစ်ယောက်တည်း ပုံကျန်နေတဲ့ နရဏီကို လူကြုံပေးဖို့ကိစ္စ မင်းနဲ့စိစဉ်ပေးလိုက်ပြီး တစ်ချက်ခုတ် နှစ်ချက်ပြတ် လုပ်ရှားလိုက်တာ နေမှာပါ"

နရသူက ခေါင်းတစ်ချက်ဆတ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ငါရိပ်မိပါတယ် မာန်ဦးရ၊ သူကလည်း ငါထွက်ခါနီး တောင် နှုတ်ဆက်ရင်း ပြောလိုက်ပါတယ်၊ သူ့သူငယ်ချင်း က သိပ်လှတာနော်တဲ့၊ တခြားလူကိုဆို သူက ဒီလိုလူကြုံ ထည့်မပေးဘူးတဲ့၊ ငါပြန်ဖို့ မကြုံရင် အမျိုးသမီးထဲက တစ်ယောက်ယောက်နဲ့ ထည့်ပေးမလို့တဲ့၊ ငါ့ကို ခင်မင်လို့ ယုံကြည်လို့ ဒီလူကြုံပစ္စည်းကို ပါးလိုက်တာတဲ့၊ ဒီလောက် ဆို သဘောပေါက်ပါတဲ့"

"လူကြုံပစ္စည်းက ဘာလဲ၊ ခြင်းတောင်းကြီးလား"

"ကြောင်ကွ။ အထဲမှာ ကြောင်ပါတယ်"

"ဟုတ်လား"

"စပယ်က သူ့အလုပ်ပရောဂျက်တစ်ခုနဲ့ အမေရိကားကို ခြောက်လ ခုနစ်လ ထွက်ရမယ်၊ ခက်သွားတာက ဟိုက ကြောင်သယ်ပြီး ဝင်လာခွင့် လက်မခံဘူး၊ ဒါကြောင့် သူ က သူ့ကြောင်ကြီးကို နရဏ်ဆီ ပို့ပြီး ခြောက်လစောင့် ရှောက်နိုင်းတာ၊ သူ စင်ကာပူ ပြန်ထိုင်ရတော့မယ်ဆိုမှ ဒီက လာစရာရှိတဲ့လူကြုံနဲ့ ပြန်ပါးလွှတ်ရမှာ"

"ဟာ ... ရှုပ်နေတာပဲ၊ သူပဲ အလုပ်မရှိ အလုပ်ရှာ"

"ဒီကြောင်က သူ့အသည်းကြော်ကွ"

"နားလည်ပြီ ... နားလည်ပြီ၊ ဒီတော့ မင်းကိစ္စက ဒီမှာ တင်ရပ်ပြီး ပြီးဆုံးသွားပြီလား"

"အဟင်း ဟင်း"





"ဟော့ကောင် ... မခို့တရို့ ရယ်မနေနဲ့ကွာ၊ အခု မင်းစိတ် ထဲမှာ ဘယ်လိုသဘောရလဲ၊ နရဏ်က လှတယ်မဟုတ် လား"

"အင်း ... လှပါတယ်၊ တော်တော်လှပါတယ်၊ လှဖို့လိုအပ် တာထက်တောင် ပိုလှနေပါသေးတယ်"

"အေးကွ၊ နရဏ်က ကြိုက်မယ့်သူ မရှိလို့ အပျိုကြီးဖြစ် နေရတာတော့ မဟုတ်ဘူး"

"ငါသဘောပေါက်ပါတယ်"

"အေးပေါ့ကွာ၊ မင်းလိုပဲပေါ့၊ ဒီတော့ မင်း ဘာဆက်လှုပ် ရှားမယ် စိတ်ကူးလဲ"

"ငါ့မှာ ငါ့အစီအစဉ်နဲ့ငါ ရှိပြီးသားပါ မာန်ဦးရ"

"မင်းအစီအစဉ်က ဘာလဲ၊ ပြောစမ်းကွာ"

နရသူက ပခုံး လှုပ်ကာ လှုပ်ကာ မြူစိစိ ရယ်နေပြန် ပြီးမှ ...

"ငါ့ဆီမှာ ကြောင်ကြီးအတွက် ဆယ်ရက်စာလောက် ကြောင်စာထုပ်တွေ ပါလာသေးတယ်ကွ၊ ကြောင်ကြီးက မြန်မာကြောင် မဟုတ်တော့ ရိုးရိုးမြန်မာစာတွေ စားချင် မှ စားနိုင်မှာလေ၊ ဒါကြောင့် စပယ်က လိုလိုမယ်မယ် ထည့်ပေးလိုက်တာ၊ ပေးရင်းနဲ့လည်း တစ်ခါတည်း စီစဉ် ပေးလိုက်သေးတယ်၊ ကြောင်စာထုပ်တွေကို ကြောင်ခြင်းနဲ့ တစ်ခါတည်း တွဲမထားဘဲ သတ်သတ်ထားပေါ့တဲ့၊ နရဏ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့တဲ့အခါ နောက်ထပ်တွေ့ဖို့ ဆန္ဒရှိသေးရင် ကြောင်စာတွေကို ဒိုင်လျှိုလေး ချန်ထားပြီး နောက်မှမေ့ ကျန်သလိုနဲ့ သွားပေးလို့ရတယ်တဲ့၊ ထပ်တွေ့ဖို့ မလိုတော့ ဘူးလို့ ယူဆရင်တော့ လေဆိပ်မှာပဲ တစ်ခါတည်းထုတ် ပေးလိုက်ပေါ့တဲ့"

"ကြည့်စမ်း ... သူတို့မိန်းမတွေ တော်တော်ဉာဏ်ပြေးကြ တယ်၊ မသိမသာလေးနဲ့ လမ်းကြောင်းရအောင် တွေးတတ် တယ်၊ ဒီတော့ မင်း အခု ကြောင်စာထုပ်တွေကို ပေးလိုက် လား"

"ဟဲ ... ဟဲ ..."

နရသူက ဆံပင်တွေ တစ်ချက် နှစ်ချက်သပ်ကာ မဖြေဘဲ ရယ်နေပါသည်။

"မပေးလိုက်ဘူးပေါ့"

"အေး"

"မင်း သူ့လိပ်စာ သိလား"

"သိတာပေါ့၊ စပယ်က လိပ်စာရော ဖုန်းနံပါတ်ရော ပေး လိုက်တယ်လေ"

"နောက်မှ မင်း ဖုန်းဆက်လိုက်မယ်ပေါ့"

"ငါ မဆက်ဘူး"

မာန်ဦးက နရသူ့ကို နားမလည်သလို ငဲ့ကြည့်လာ သည်။ နရသူက ညစ်ကျယ်ကျယ် ပြုံးရင်း ...





"ငါက သူ့ဆီ တမင်သွားရတာ မဖြစ်စေရဘူး၊ သူက ငါ့ ကို လှမ်းခေါ်တာမျိုး ဖြစ်စေရမယ်၊ ဒါပေမဲ့ ငါနေမယ့် လိပ်စာတွေ ဖုန်းနံပါတ်တွေ သူ မသိဘူးလေ၊ ဒီတော့ နှစ် ရက်လောက်နေရင် မင်း ဖုန်းဆက်ရမယ် သူ့ကို"

"ငါက ! ! ဘာလုပ်ဖို့ ! ! "

"ဟိုတစ်နေ့က မင်း လာကြိုသူဟာ ငါပဲ၊ ငါနဲ့ ငယ်သူငယ် ချင်း ဆိုတာပြောပေါ့၊ ငါ သူ့ကို ခြင်းပေးတာ တွေ့ပေမယ့် မင်းက ဒီဘက်မှာ ကိစ္စမပြတ်လို့ လာမနှုတ်ဆက်ရတာ ဘာညာပေါ့၊ မင်းနဲ့ငါ သူငယ်ချင်းဖြစ်ကြောင်း လှမ်းပြော ရုံပဲ၊ အဲဒီကျ သူ ငါ့ဖုန်းတို့ လိပ်စာတို့ တောင်းလိမ့်မယ် လို့ ငါထင်တယ်၊ မင်းက ပြောပြလိုက်၊ အဲဒီကျရင် ကြောင်ကို ကျွေးဖို့ မွေးဖို့ ဒုက္ခရောက် စိတ်ညစ်နေတဲ့ နရဏီ ဝမ်းသာအားရ ငါ့ဆီဆက်လာမှာ"

မာန်ဦးက နရသူ့ကို ပြုံးမဲ့မဲ့ကြည့်ရင်း ...

"ဟား ဟား ... လည်တယ်ကွာ၊ မင်းကတော့လေ"

"ဂျူလီ ... ဂျူလီ ... ရော့ ... ရော့"

"မီးမီ ... မီးမီ ... လာလာ ... လာလာ"

"သမီးလေးရေ ... ဂျူလီလေးရေ"



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီး၊ နရဏီနှင့် အုံးကြည်တို့ တစ်ယောက်တစ်ပေါက် ကြောင်ကို ချော့မြှူသံ ချွဲပြစ်ပြစ်တို့ဟာ တစ်အိမ်လုံး နားကလောချင်စရာ ဆူညံနေပါသည်။

"တော်ပြီ၊ ကြီးကြီးတို့ပဲ ဆက်ကြိုးစားကြပေတော့၊ သမီး ဆိုင်သွားတော့မယ်"

"ဟဲ့ ... ညည်း ဒီလို တာဝန်မဲ့ လက်လွှတ်စပယ် ထွက်သွားလို့ ဘယ်ဖြစ်ဦးမလဲ နရဏီရဲ့၊ မနေ့က တစ်နေ့လုံး ဘာမှ မစားထားတာ သင်း ဗိုက်ထဲ ဘာမှမရှိဘူး၊ တော်ကြာ သေသွားလိမ့်မယ်"

"အို ... သေဖို့တော့ အတော်လိုပါသေးတယ် ကြီးကြီးရာ၊ သူ့ပုံကြီး ကျားကိုးစီးစား မကုန်ကို၊ ကျားတောင် သူ့မြင်ရင် လန့်ပြေးရဦးမှာ"

"ထမင်းကျွေးလည်းမစား၊ နို့တိုက်လည်း မသောက်၊ ကြောင်မှန်ရင် ဘယ်လိုမဆို ကြိုက်တဲ့ ငါးကြော်ကျွေးတော့ စိတ်တိုပြီး 'ဖြီး'ခနဲတောင် မာန်ဖီလိုက်သေးတယ်၊ ဘာ သွားကျွေးရမလဲ၊ အိမ်မှာရှိသမျှတွေလည်း ဘီစကစ်ကအစ စားမလားလို့ ချချပြီး စမ်းကျွေးကြည့်တာပဲ"

နရဏီသည် ဒေါပွပွနှင့် ...

"အဲဒီ ဓမ္မုဖျယ်ဖျယ်ကလည်း ထပ်ကိုမဆက်ဘူး၊ တကယ်ဆို သူက ဝီရိယရှိရှိ ထပ်ဆက်ပါတော့လား၊ သမီးက သူ့ကို ဘယ်ဖုန်းလိုက်ဆက်ရတော့မလဲ မသိတော့တဲ့ဟာကို"





"အရင်အခန်းက ဖုန်းပဲ ခေါ်ကြည့်ရင်ကော"

"မရှိတော့ပါဘူးဆို ကြီးကြီးကလည်း၊ သမီးဆီဆက်ပြီး နောက်တစ်နေ့မှာ သူက အရင်ထွက်သွားတာ၊ လူကြုံယူလာတဲ့သူကတောင် သန်ဘက်ခါလို ရက်မှထွက်တာ၊ ကြောင်ထက် သူကအရင် စင်ကာပူကို စွန့်ခွာတာ"

နရဏီသည် ပါးစပ်ကလည်း တပေါက်ပေါက်ပြော၊ တလှုပ်လှုပ်နှင့် ဆိုင်သွားဖို့လည်း ကိုယ့်ကိုယ်ကိုယ် ပြင်ဆင်။ နားကပ်တပ်ရင်း ကြောင်ကို ငုံ့ကြည့်တဲ့ပုံကို ကြောင်က မျက်စိနောက်သလို "ဖြီး"ခနဲ ဒေါသပါပါ ရန်လုပ်သေးသည်။

"အောင်မာ ...၊ သူကပဲ 'ဖြီး'တဲ့။ ငါက ပိုတောင်မှ 'ဖြီး' လိုက်ချင်သေး၊ နင် စိတ်တိုနေတာထက် ငါက ပိုစိတ်တိုနေတယ်ဟဲ့ ဂျူလီရဲ့၊ သိထားဖို့က ဟွန်း"

အိမ်ရောက်တော့ ခြင်းရဲ့ရှေ့က တံခါးချပ်ကလေးကို ဖွင့်လိုက်ရာ တံခါးက ကဲလားတံခါးရွက်လို စပရိန်ကန်အားနှင့် အပေါ်ဘက်ကို လှန်ရက်လေး ပွင့်ဟကာ ဂူပေါက်ဝကျယ်ကျယ်လေးလို ဖြစ်သွားပါသည်။ စပရိန်မောင်းပါ၍ ပြန်ကျမလာ။ ပိတ်ချင်မှ ဆွဲပိတ် ဂျိတ်တတ်ရုံပင်။

ဂူထဲအောင်းနေသလို ရှိနေတဲ့ ဂျူလီကြီးဟာ အတော်နှင့် ထွက်မလာ။ ရေစိမ်း မြေစိမ်း အနံ့စိမ်းတွေ အလယ်မှာ အရိပ်အကဲကြည့်ကာ ခြင်းထဲပဲ နေနေသည်။ ဝိုင်းစက်နေတဲ့ သူ့မျက်ခွက်ကြီးဟာ ကြောင်နဲ့မတူ၊ ဇီးကွက်နှင့်တူသည်။ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်သား ဝိုင်းကြည့်နေကြ၍ သူကလည်း အလစ်တောင် မပေးရဲဘဲ ရှုးရှုးရဲရဲ ပြန်ကြည့်ကာ လန့်နေပုံလည်း ရပါသည်။ ဘယ်လိုခေါ်ထုတ်ထုတ် မထွက်။

"ငါတို့က သိပ်ပြီးတော့ အာရုံစိုက်ပြီး ဝိုင်းကြည့်နေလို့ သူ မထွက်ရဲတာနေမှာ၊ ရှောင်နေကြရအောင် ... လာ ... လာ"

ကြီးကြီး ပြောတာမှန်သည်။ နရဏီတို့ ရှောင်ပြီး ပုန်းကွယ်နေတော့ သူ ခြင်းထဲက ဖြည်းဖြည်းချင်း သတိဝီရိယနှင့် ထွက်လာသည်။ ခေါင်းလေး ထွက်လိုက် ပြန်ဝင်လိုက်။ ပြန်ထွက်လာလိုက်။ နောက်ဆုံးတော့ လုံးလုံးလျားလျား ထွက်လာတော့မှ အားပါးပါး လုံးလုံးကြီးနှင့် ကြောင်စင်စစ်နှင့် လုံးဝမတူ ကာတွန်းကားထဲက တမင်လုပ်ကြံထားတဲ့ ကြောင်ဝကြီးနှင့်တူသော ဂျူလီကြီးကို ရင်သပ်ရှုမော တွေ့ကြရပါသည်။ လမ်းလျှောက်တော့ ပဲနဲ့။ နဲ့နဲ့ နဲ့နဲ့။

"သူ့ကိုယ်သူ မနိုင်ဘူးဟဲ့"

ချောင်းကြည့်နေကြရင်းက ဝေဖန်ရသည်။ ကြီးကြီးက လေးထောင့်ပလတ်စတစ်ဇလုံ ခပ်တိမ်တိမ် ပြားပြား (အမှန်က ပန်းပျိုးခြံတွေမှာ ပျိုးပင်တွေ ညှပ်သိပ်အောင် ထည့်တဲ့ဟာမျိုး)မှာ အောက်ခင်းက အပေါက်ငယ် ခြောက်ပေါက်လောက်လုံအောင် ပလတ်စတစ်ပြား တစ်ထပ်ခင်းလိုက်ပြီးမှ သဲလက်သီးဆုပ်ထုလောက် ဖြည့်ထားပေးသည်။





ဟိုအနံ့ခံ ဒီအနံ့ခံနှင့် တနဲ့နဲ့ သွားနေတဲ့ ဂျူလီဟာ ဒီ သဲပုံးရောက်တော့ ဇွေ့ခနဲဝင်ထိုင်ပြီး သူဘာလုပ်ဖို့ဆိုတာ ...တပ်သိတဲ့အလား၊ ထိုအမှုကိစ္စတို့ကို ပြုပါသည်။ ဖြည်းဖြည်း ...ချင်း သူ့ခြင်းအိမ်ကြီးထဲ ပြန်ဝင်သွားမှ ပြေးကြည့်ကြတော့ ...ပ်ပြားဝိုင်းသာသာ ရှူးကွက်လေးတစ်ကွက်၊ AA ဓာတ်ခဲတောင့် ...လောက် အီးလေးတစ်တုံး။

အဲဒါလေးကိုကြည့်ပြီး စိတ်တွေတိုနေတဲ့ နရဏီပင် ...က်ဟာက်ပက်ပက် ရယ်ရပါသေးသည်။ ကြီးကြီးကလည်း ...ဘောတွေကျနေကာ ...

"ကြောင်က သန့်ကောင်းတယ်တဲ့၊ သူ့အီးက ညစ်တီးညစ်ပတ် သိပ်မရှိဘူး၊ ဒီကျမှ ဒီကကျွေးတာတွေ စားပြီး ဗိုက်ပျက်ပြီး ညစ်တီးညစ်ပတ်ပါရင်တော့ ဒုက္ခပဲ"

အဲဒီဂျူလီဟာ မနေ့က တစ်နေကုန် ဘာမှကျွေးမရ။ ...နက်လည်း ကျွေးမရ ကျွေးမရနှင့် နရဏီပါ ဆိုင်ကိုမထွက် ...သေးဘဲ ဆယ့်တစ်နာရီတောင် ထိုးလာပြီ။ ဆိုင်က သူ မလာ ...ည်း ရှစ်နာရီခွဲတွင် ကောင်မလေးတွေ သူတို့ဘာသာ ဖွင့်ထား ...ကျ။ ဒါကြောင့်သာ တော်တော့သည်။

"ကဲ ... သူ့ပဲပြုံးပြီး ကုန်းကြည့်မနေနဲ့ဦး အီကျုံးရေး ငါ့ခြင်း ကားပေါ်တင်"

"တင်ပြီးပါပြီ မမ"



www.burmeseclassic.com

www.burmeseclassic.com



“ဟဲ့ … နရဏီ၊ ညည်း တကယ်ကို သွားတော့မလို့လား
ဒီမှာ ဘာမှကျွေးလို့မရတာ ဘာလုပ်သွားမှာလဲ”

“သူမှ မစားတာ ဘာတတ်နိုင်မှာလဲ ကြီးကြီးရဲ့၊ သူ့အစား
စားမှပဲ သမီး ဆိုင်သွားဖွင့်ရမယ်ဆိုရင် ဘယ်ဖြစ်ပါ့မလဲ
ရှိတာအားလုံး တစ်မျိုးတစ်ပန်းကန် ချသာကျွေးထားလိုက်
ပေါ့၊ ဆာလွန်းမက ဆာရင်တော့ ကျီးမှုးမနေနိုင်ပါဘူး
ထွက်စားလိမ့်မယ်၊ တကတဲတော်၊ ကာယကံရှင်ကလည်း
ဖုန်းမဆက်၊ ဟိုကောင်မ နှစ်ကောင်လည်း ဘာမှကူညီဖေ
ကို မရဘူး”

နရဏီသည် ဒေါ်ပွပွနှင့် ကြည်ဖြူအောင့် ရုံးဖုန်းကို
အရင်ခေါ်လိုက်ပါသည်။ ကြည်ဖြူအောင် လာကိုင်လျှင် ဆိုင်း
ဆင့် မုံမဆင့် …

“ဟဲ့ … နင်တို့တွေလေ၊ အတော်နေနိုင်အားကြတယ်
ဟုတ်လား၊ သူငယ်ချင်းကောင်း မိတ်ဆွေကောင်းကို မငဲ့သ
ကြဘူး၊ အလကားဟာမတွေ”

“ဟဲ့ … နင် ဘာဖြစ်နေပြန်ပြီလဲ နရဏီ၊ လောကကြီး
နင် ဘယ်တော့မှ ကျေနပ်မှာလဲ”

“ဘယ်တော့မှ မကျေနပ်ဘူး၊ ငါ့ဆီ စပယ်ကြောင် ရောက်
လာပြီဆိုတာ နင်တို့ သိတယ်မို့လား”

“အေး … ခုလောက်ရှိ ရောက်လောက်ပြီလို့တော့ ထင်
သား”





“အေး … ထင်နေ၊ ထိုင်ပြီး ထင်ရုံထင်နေနော်၊ သတင်း
လေး ဘာလေးမှ မေးဖော်မရနဲ့”

“ဘာသတင်း မေးရမှာလဲ၊ နေမကောင်း ဖြစ်နေလို့လား”

“နေမကောင်းမှ သတင်းမေးရမှာလား၊ အခြေအနေ အကျိုး
အကြောင်း နည်းနည်းပါးပါး စိတ်ဝင်စားကြဦးပေါ့၊ ငါက
တာဝန်ယူထားလိုက်ရတယ် ဆိုပေမဲ့ နင်တို့လည်း မျှကူညီ
ပေါ့၊ တကယ်ဆို ဘယ်သူမှ ယူမထားချင်တဲ့ကြောင်ကို
ငါယူထားရတာ”

နရဏီရဲ့ ရှူးရှူးရှားရှား သူကောင်း သူမှန် စိတ်
လက်တစ်ဆစ်လေသံတို့ကို ရိုးနေလှတဲ့ ကြည်ဖြူအောင်က တဟင်း
ဟင်း ရယ်နေရင်း …

“အခု ဘာဖြစ်နေလို့လဲ နရဏီရဲ့”

“ဒီမှာ ဘာဆိုဘာမှ မစားဘူး၊ ဘာကျွေးကျွေးကို မစား
ဘူး၊ ငါ့မှာ ဆိုင်ကိုတောင် ခုထိမသွားရဘူး၊ ကြီးကြီးတို့
ကလည်း ကြောင်ကို အာဟာရပြတ်ပြီး သေမှာကြောက်
တော့ ငါ့ကို ဆိုင်တောင်မသွားစေချင်အောင် ဖြစ်နေတယ်၊
ဒီရောက်ပြီးကတည်းက နှစ်ဆယ့်လေးနာရီရှိနီးပါး ဘာမှမစား
ရသေးတာ”

“အဲဒီတော့ ငါ ဘာလုပ်ပေးရမှာလဲ”

“ဘာကျွေးရမလဲ၊ အကြံပေးဦး”

“နို့ရော”



www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်း စဉ်းစားရခက်တာပြော၊ ဒီလောက်တော့ သူက မစားသေး မသောက်သေး"

"ငါးကြော်ဟာယ်"

"နင့်ကို ငါ စဉ်းစားရခက်တာ ပြောလို့ ပြောနေတယ်"

"ပေါင်မုန့်"

"အမလေး စဉ်းစားရ ခက်လိုက်တာ ဒေါ်ကြောင်ဖြူအိ ရယ်၊ လက်ဖျားခါပါရဲ့၊ နင်နည်းနည်း ခပ်ဝေးဝေး အလွယ် မတွေးမိတာမျိုး မစဉ်းစားမိတော့ဘူးလား"

"ဒူးရင်းသီး"

"နင့်ဘိုးအေ၊ နင်ပဲ အလုံးလိုက် မျိုလိုက်"

"ကျွေးမကြည့်ရသေးဘူးမို့လား"

"ကျွေးစရာလားဟဲ့"

"နင် ဗဟုသုတခေါင်းပါးတိုင်း သိပ်ဆရာမလုပ်နဲ့၊ ငါတို့ အသိတစ်ယောက်ရဲ့ကြောင်က ဒူးရင်းသီး သိပ်ကြိုက်တာ၊ တစ်ခါတလေ ဒူးရင်းသီးနံ့တွေ ဘာတွေ သူကရပြီး စားချင်နေတုန်း အိမ်ကဝယ်မကျွေးရင် တခြားဟာတွေကျွေး တာ မစားတော့ဘဲ စိတ်ကောက်နေတာ၊ နှစ်ရက် နှစ်လီ သုံးရက် သုံးလီ ဘာမှမစားတာ၊ ဒူးရင်းသီးလည်း ကျွေး လိုက်ရာ စိတ်ကောက်ပြေရော"

"ကြမ်းကြား လေကြားတော်၊ ဘုရားစူးလား"

"သြော် ... ဘုရားစူးဟယ်၊ မိုးကြိုးပစ်ဟယ်"





"ဒါဖြင့် နင် ဒူးရင်းသီးတစ်လုံး ဝယ်ပြီး အိမ်လာပို့လှည့်"

"ဘာ ... ဘာ ... ဘာဆိုင်လို့လဲ"

ကြည်ဖြူအောင်က တမင်တကာ အထစ်ထစ် အတုံ့ တုံ့လုပ်ပြီး ပြောလျှင် ...

"မောင်ဆိုးကို နင် ဖုန်းဆက်လိုက်၊ မောင်ဆိုးက သူ့ကုမ္ပဏီ ကနေ ထမင်းစားချိန် နင့်ကုမ္ပဏီကို ထွက်လာမယ်မို့လား၊ ရှေ့လ လက်ဖက်ရည်ဆိုင်မှာ နင်တို့ ထမင်းအတူစားကြ မှာလေ၊ အေး ... နင့်ဆီအလာ ဒူးရင်းသီးဝင်ဝယ်၊ ငါ့အိမ် ဝင်ပို့၊ အဲဒါပြီးမှ ထမင်းစားဖို့ကြ၊ အဲဒါ နင် အခု မောင်ဆိုးဆီ ဖုန်းဆက်လိုက်"

"ဟာ ... နောက်တွေကျနေမှာပေါ့"

"ကျပစေဟာ၊ အဲသလိုသာလုပ်။ ဒါပဲ၊ စပယ့်ကြောင်ကိစ္စ မှာ နင်ရော ငါရော မိုးသဲရော မောင်ဆိုးရော တာဝန်ရှိ တယ်၊ အခု အားလုံးမယူချင်တဲ့ တာဝန်ကို ငါယူလိုက်ရ တယ်၊ နင်တို့လင်မယားဆို နှစ်ထပ်ကွမ်း ကူညီသင့်တာ ခေါင်းရှောင်တယ်၊ အခု ဒီအတိုင်း နင့်ယောကျ်ားကိုပြော ပြီး ပို့မခိုင်းရင် ညနေကျ ဒီကြောင်ကြီးကို နင်တို့အိမ် ငါ ပို့ပြီမှတ်"

"ဟဲ့ ... ဟဲ့၊ အဲလိုတော့ ပို့လို့မရဘူး၊ ငါတို့အိမ်က နေ့ လယ်ကျ လူလည်းရှိတာမဟုတ်၊ ပြီးတော့ ... ဟိုဒင်းပေါ့"

"တော်တော့၊ ဒူးရင်းသီးပဲ လာပို့"

www.burmeseclassic.com



နရဏီက ဖုန်းကိုချပစ်ကာ ချက်ချင်း မိုးသဲအိမ်ခေါ်ပြန်သည်။

"ဟဲ့ ... မိုးသဲ"

"အမလေး ... ရှူး ... တိုးတိုး၊ ငါ့သားလေး အိပ်နေတယ်၊ နင့်ဖုန်းသံကြီးက မြည်လိုက်တာ တကတဲမှပဲ"

"ငါ့ဖုန်းသံကြီးက မြည်ရအောင် ငါက ဒီဘက်က အားနဲ့ ဖိခေါ်တာ ကျနေတာပဲ၊ နင်တို့ ဖုန်းရဲ့ Ring Volumn ကို နင်တို့လျှော့ထားပေါ့ဟဲ့၊ မဆီမဆိုင်၊ ငါ ဒီဘက်က အော်ပြောတော့ရော နင့်သားက နိုးသွားမှာ မို့လို့လား"

"ဟဲ့ ... ကောက်ကာ ငင်ကာနဲ့ ဘာတွေ ဒေါသထွက်နေတာလဲ အပျိုကြီး"

"မခေါ်နဲ့၊ နင့်ကိုလည်း လုံးလုံးမကျေနပ်ဘူးဆိုတာ မှတ်ထားလိုက်၊ ကလေးငယ်ရှိလို့ အိမ်ကို ကြောင်မခေါ်ချင်တာက ထားလိုက်ပါတော့၊ အခု အဲဒီကြောင် ဘာမှမစားဘူး၊ ဘာမှ ကျွေးမရဘူး၊ ဘာကျွေးရင် ကောင်းမလဲ၊ နင် စဉ်းစားပြီး နည်းနည်းပါးပါး ပို့ပေးဦး"

မိုးသဲသည် နရဏီ ဒေါသတွေပွနေတာကို တညင်းညင်း ရယ်သံလေးနှင့် စိတ်ရှည်ရှည်လေး စောင့်နားထောင်ပြီးလျှင် ...

"ဟဲ့ ... ကြောင်ဆေးပင် ကျွေးကြည့်ပါလား နရဏီ"

"ဘာရယ်"





"ကြောင်ဆေးပင်"

"အဲဒါ ဘာလဲ"

"ကြောင်တွေစားတဲ့ ဆေးပင်ပေါ့၊ သူတို့အတွက် ဆေးဘက်ဝင်တာ သူတို့က သိတယ်ဟဲ့၊ စပယ့်ကြောင်ကြီးက ခရီးဝေး လေယာဉ်စီးလာရတော့ မူးမော်ရင်ကယ်ဖြစ်ပြီး အစာစားမဝင်တာ နေမှာပေါ့၊ ဆေးကုတဲ့အနေနဲ့ ကြောင်ဆေးပင် ကျွေးကြည့်လိုက်ပါလားလို့ ပြောပြတာ"

"ဟာ ... နေမကောင်း တကယ်ဖြစ်ရင် ဆရာဝန်ပဲသွားပြမှာပေါ့၊ ပေါက်ကရတွေ လျှောက်ကျွေးလို့ သေသွားရင် ဟိုက ဒေါ်စပယ်က ငါ့ကို အမှုလုပ်နေဦးမယ်၊ ငါပြောတာက ကြောင်စားချင်မယ့် အစားအစာလေးတွေ စဉ်းစားပေးနိုင်းတာ၊ ငါးကြော်တို့ နွားနို့တို့ လာမပြောနဲ့၊ အဲဒါတွေက တစ်တန်းဖတ်စာအုပ်ထဲကဟာတွေ"

"အဟိဟိ"

မိုးသဲက ရယ်မောနေပါသည်။

"ရယ်မနေနဲ့ ပြော"

"ဟိုလေ ... အင်း ... ဘာပြောရပါ့"

လေသံကိုက ပေါက်ကရ ပါးစပ်ထဲက ထွက်တာ ပြောတော့မှာ သိသာလွန်းတာပင်။ နရဏီသည် စိတ်တွေတိုပြီး င်း တိုရင်း ကြားက လေဆိပ်က လူကြုံ ကိုခန့်ချောကို သတိ ာပါသည်။ ခုမှ သတိရလာတာမဟုတ်။ မနေ့ကညနေ၊ မနေ့



www.burmeseclassic.com

www.burmeseclassic.com



ကညာ၊ ဒီမနက် နိုးနိုးချင်း ကြောင်ကိုသွားအကြည့်၊ ခုနလည်းတောက်လျှောက်။ ကြောင်က ကျွေးမရလေ ပိုသတိရလေပေါ့။ သူများ ဘာအကြံဉာဏ်ပေး နိုင်မလဲ။ သူက စပယ်နဲ့ခင်တော့ ဂျူလိုအကြောင်း သိရင် သိမှာပေါ့။

သူ့ကို ဖုန်းဆက်မေးလို့ရရင် ကောင်းမှာ။ ခုတော့ သူ့လိပ်စာ ဖုန်းနံပါတ်မှ သိမှမသိဘဲ။ ဘယ်လိုလုပ် လှမ်းမေးရမလဲ။ တောက် ... ဒီလူကလည်း "ဂျူလီ ဘယ်လိုနေလဲ" စသဖြင့် သတင်းမေးလေး ဘာလေး လှမ်းဆက်ဖော်မရ။ သူ့မှာ နရဏီ့ဖုန်းနံပါတ်ရှိရက်နှင့်။ တော်တော်နေနိုင်သူ။

"ကဲ ... ကဲ ... ပြောဦးမလား"

"စဉ်းစားနေတာဟ"

"ဘယ်သူမှ မပြောမယ့် ဆန်းဆန်းကိုပြော၊ ငါလည်း မစဉ်းစားမိသေးမယ့်ဟာကို ပြော"

"ဟိုလေ ... ကောက်ညှင်းကျည်တောက်"

"အေး ... နင်တော်တယ်၊ ငါ လုံးလုံးကို မစဉ်းစားမိဘူး အရူးမရဲ့"

နရဏီက ဖုန်းကို ဒေါသတကြီး ဆောင့်ချပစ်လိုက်ပါသည်။

❦ ❧ ❦





## ၄

တိုက်ခန်းတံခါးကို ခေါက်သံကြောင့် မာန်ဦး မိန်းမ ဝါဝါမင်းက ...

"ကိုမာန် တံခါးသွားဖွင့်"

"ဟာ ... ကိုယ် ရေချိုးတော့မို့ မျက်နှာသုတ်ပဝါတောင် ပတ်ပြီးနေပြီ မိန်းမရာ"

"ဘာဖြစ်ဖြစ်၊ ဒီမှာ ဝါ လက်မအားဘူး၊ ရှင့်ဖို့ ထမင်းချိုင့် မပြီးသေးဘူး၊ သွားဖွင့်ပါ ဆိုနေမှ"

"အေး ... အေးပါကွာ"

မာန်ဦးက အိမ်ရှေ့ကို ပြေးထွက်လာကာ တံခါးပေါက်မှ ချောင်းကြည့်မှန်ဘီလူးလေးကနေ ကြည့်လိုက်သည်။ ဟား ... မင်းသား။ ဘောင်းဘီဖြူဖြူတိုတို၊ စပို့ရှပ်က သစ္စားစိမ်းဖျော့နဲ့ လူပျိုကြီးလို့ မပြောရဘူး အနုဆင်လိုက်တာ ဆိုတာ။ မာန်ဦးက တံခါးကိုဖွင့်ရင်း ...



www.burmeseclassic.com

"ဟော့ကောင် ဘာရှိုးလဲကွာ၊ စောစောစီးစီး သူများတကာ ရေမချိုးရသေးဘူး၊ သူက လှပနကြော့နေပြီ"

"အပိုတွေ မပြောနဲ့ ဘာမှ ကြော့ထားတာ မဟုတ်ဘူး၊ ငါ တဲင်းနစ်စ်ရိုက်ပြီး ပြန်လာတာ၊ သူများတွေ အားကစားတွေ ကျန်းမာရေးတွေ လိုက်စားပြီးပြီ၊ မင်း ခုမှ အိပ်ရာထဲက ထွက်လာတာလား"

"မင်းဘိုးအေ၊ ကလေးတောင် ကွေကာအုပ် ကျွေးပြီးပြီ၊ ရေက မချိုးအားသေးတာ၊ ခုမှ ချိုးရမှာ။ မင်းကကွာ ကျန်းမာရေး လိုက်စားတာ ဘာညာက ပါးစပ်ပြောတွေပါ၊ ဝတ်ထားတဲ့ အရောင်လေးကိုပဲ ကြည့်ဦး၊ လူပျိုကြီးများ အရောင်နုကြိုက်တယ် ဆိုတာ အဟုတ်၊ ပျိုမျစ်နေအောင် ကို အားထုတ်နေရတာ အချိန်ပြည့်"

"ဟော့ကောင် ... ပျိုမျစ်အောင် အားထုတ်ရတယ် ဆိုတော့ ငါကပဲ အိုရှုတ်နေသလိုလို၊ မင်းတို့ ကလေးဖအေတွေဟာ မယားကတစ်ဖက် သားကတစ်ဖက် ဖြုတ်စဖျင်းတောင်းနဲ့ မီးဖိုထဲလည်းကူရ၊ ကလေးသေးနီး လဲတာလည်းကူရ၊ ကဗျစ်ကညစ်နဲ့ ဗျစ်တီးဗျစ်စုတ် ကိုယ်တိုင်ဖြစ်နေတိုင်း လူပျိုတွေ ကြော့မော့သန့်ပြန့်နေရင် မနာလိုမစ္ဆရိယတွေ က ပွားရော၊ သူများ သန့်နေတာကို စိတ်ပုပ်ပြီး မနာလို နေတာနဲ့ပဲ လူပျိုကြီးတွေ လှချင်တယ် နုချင်တယ်နဲ့ အမ နာပ လျှောက်ပြောရော ...





လူဆိုတာ အိုအိုပျိုပျို လှချင်တာချည်းပဲ၊ ဒါပေမဲ့ မင်းတို့လူအိုတွေက ကိုယ်သိပ်မလှနိုင်တော့ရင် လှနိုင်တဲ့လူ ကို နှိပ်ကွပ်ပြီး ပြောတတ်တယ်၊ သခွားရောင်အစိမ်းဖျော့ ဖျော့ ငါ ကြိုက်တယ်ကွာ၊ ကြိုက်တော့ ဘာဖြစ်လဲ၊ အနက် တို့ ချောကလက်ရောင်တို့လည်း ကြိုက်တာပဲ"

"သိပါဘူးကွာ၊ အဖျော့အနုလေးတွေမှ ရွေးကြိုက်လားလို့"

"ကဲ ... မင်းကိုငါ ဖုန်းဆက်ခိုင်းထားတာ ဆက်ပြီးပြီ လား ပြော"

"ဘာဖုန်းလဲ၊ မင်းနဲ့ ငါ ဆက်တဒေး ဆန်းဒေးမှ တွေ့ကြ မယ်လို့ ငါပြောထားတာရော၊ အဲဒီကျမှ မင်းကို ငါအဖော် ပြုပေးပါမယ်ဆို"

"ငါသိတယ်၊ ခုလည်း မင်းရုံးဖွင့်ရက်ကြီး မင်းကို ငါ လာချောဆွဲနေတာ မဟုတ်ဘူး၊ ငါ သထုံလမ်းမှာ တဲင်း နစ်စ်လာရိုက်တော့ မင်းအိမ်က ဒီလှည်းတန်းတင် နီးနေ တာနဲ့ ငါ လှည့်ဝင်လာတာ၊ ပထမတော့ ဖုန်းပဲဆက်လိုက် မလို့၊ နောက်တော့ နီးလို့ မထူးဘူးဆိုပြီး၊ ခဏာပါ၊ မင်း သာ ဆက်ပြီးပလား"

"ဘယ်ကိုလဲ"

"ကျွတ် ... နရဏီဆီလေ"

"နရဏီ ! ... ဟာ ... ဟော့ကောင်၊ ကျွတ် ... ဆောရီး ကွာ၊ ငါ မဆက်မိဘူး၊ ခေါင်းထဲတောင် မရှိဘူး"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ထင်သားပဲ၊ အမှန်ဆို မနေ့လောက်က ဆက်ဖို့ကောင်းတာ၊ ငါမနေ့ညနေက ဒီအိမ်ကို ဆက်သေးတယ်လေ၊ မင်းမိန်းမ မပြောဘူးလား"

"မပြောဘူး"

"ကိုမာန်ရေ ... ဝါမေ့သွားတာ သိလား၊ ဟိုတုန်းက ကိုနရသူ ဆက်တယ်၊ ကိုမာန် ထမင်းစားပွဲ ရှိတယ်လို့တောင် ဝါ ပြောလိုက်တယ်၊ ကိုမာန် ပြန်လာတော့ ပြန်ပြောဖို့ မေ့သွားတာ ... အဟင်းဟင်း"

ရယ်သံမောသံလေး စွက်စွက်နှင့် ဝါဝါမင်းက ကော်ဖီတစ်ခွက် ဖန်နှင့်လာချသွားပါသည်။

"ကြားတဲ့အတိုင်းပဲ"

"အေး ... ကြားတာကို ထားလိုက်တော့၊ မင်း အခုဆက်လိုက်"

"ဟာ ... ရုံးရောက်မှ ဆက်ပါရစေကွာ၊ အထွက်နောက်ကျနေဦးမယ်၊ ရေမချိုးရသေးဘူးကွ"

"ဆယ်မိနစ် ချိုးမယ့်အစား ငါးမိနစ်ပဲ ချိုးလိုက်၊ ခုလိုပြောနေတာ ပိုကြာတယ် ... ရော့"

နရသူက ဘေးစားပွဲပေါ်က ဖုန်းကို ကောက်ကိုင်ကာ မာန်ဦး လက်ထဲ လှမ်းထည့်သည်။

"နံပါတ်က (------)"





"ဟိုမှာဖြင့် သူ့ဟဲန်းဒ်ဖုန်း ပါသားနဲ့၊ သူ့ကိစ္စဆက်ရမှာကို သူ့ဖုန်း မသုံးဘူး"

"ကလေးစကားတွေ မပြောနဲ့၊ ဟိုဘက်က သူတို့ဖုန်းမှာ Caller ID ပါရင် ငါ့နံပါတ် မြင်သွားမှာပေါ့၊ အဲဒီကျ ငါနဲ့မင်း ပေါင်းဆက်တာ ပေါ်သွားမှာပေါ့၊ ဒါကိုသုံးပါ"

နရသူက နားထင်ကို လက်ညှိုးထောက်ကာထောက်ကာ ပြောလိုက်ပါသည်။

"အေး ... ဟဲဟဲ ... မင်း ... အကွက်စိတယ် ဂျက်စိတယ်၊ ဒီကိစ္စပဲ အချိန်ယူ တွေးနေပုံပေါက်တယ်၊ သူကလည်း ဆက်ချင်သေး၊ အထာကလည်း လုပ်ချင်သေး၊ မင်းဟာ မင်း ဆက်ပြီး ကြောင်အခြေအနေကောင်းလား၊ သတင်းရိုးရိုးပဲ မေးလည်းရသားနဲ့"

"သူ့စ,ဆက်ရတာကို လိုချင်တာပါဆို"

"အဲလို လိုချင်နေတာကိုက မင်း မရိုးဘူး နရသူ"

"အေးကွာ ... မရိုးတော့ကော ဘာဖြစ်လဲ"

"ဟွန်း ..."

မာန်ဦးက ထပ်နှိပ်ကွပ်စရာ စကားရှာမရသေးဘဲ ကျေမချမ်းနှင့် ဖုန်းကိုနှိပ်ရင်း ...

"ဘာပြောရမှာလဲ ငါက"

"မင်းနဲ့ငါ သူငယ်ချင်း ဆိုတာလေ"

"ဪ ... အေး၊ မှတ်မိပြီ"



www.burmeseclassic.com

www.burmeseclassic.com



မာန်ဦးက ခေါ်သံ နားထောင်နေရာမှ တစ်ဖက်က ကောက်ကိုင်လိုက်သံ ကြားလျှင် စိတ်တောင်နည်းနည်းလှုပ်ရှားသွားကာ ...

"ဟယ်လို ... နရဏီတို့ အိမ်ကလား"

"ဟုတ်ပါတယ်"

"နရဏီ ရှိလား"

"ခုပြောတာ ဘယ်သူပါလဲ"

"ဟဲ့ ... နင် နရဏီ မဟုတ်လား"

"ဘယ်သူလဲ"

"ငါပါဟ ... မာန်ဦး"

"ဩော် ... မှုံးအန်၊ ထူးထူးဆန်းဆန်း ဖုန်းတွေ ဘာတွေဆက်လို့၊ ဘာလဲ ... ပြော"

"ဩော် ... ဟိုဟာပါဟာ၊ ဟိုတစ်နေ့တုန်းကလေ ရွှေဆိပ်တုန်းကလေ"

"အေး ... ငါကလည်း ငါ့လူကြိုနဲ့ ချက်ချင်းပဲတွေ့ပြီး ပြန်သွားတာနဲ့ နင့်တောင် ပြန်မနှုတ်ဆက်လိုက်ရဘူး"

"အေး ... တွေ့တယ် တွေ့တယ်၊ ငါသိတယ်၊ အဲဒါကြောင့်ပဲ အခု နင့်ဆီ ဆက်လိုက်တာ၊ နင့်လူကြိုဆိုတာ နရသူ မဟုတ်လား"

"ဘယ်သူ"

"နရသူ"





နရဏီက နှာမည်ကို တီးတိုးလေး ရေရွတ်လိုက်ရင်း ဝမ်းသာအားရနှင့် ...

"အေး ... ဟုတ်တယ်၊ နရသူ ... ဟုတ်တယ်"

"အေး ... ငါတွေ့လိုက်တယ်၊ ဒီကောင်က ငါ့သူငယ်ချင်းပဲလေ၊ ငါက ဒီကောင့်ကို လာကြိုတာဟ၊ နင်နဲ့ငါ တစ်ယောက်တည်းကို လာစောင့်ကြိုကြတာ မသိလိုက်ကြရဘူး၊ ဒီကောင် နင့်ကို ခြင်းကြီးပေး ..."

"အေး ... အဲဒီခြင်း ... အဲဒီခြင်း၊ ပြဿနာခြင်း၊ ပြော မပြောချင်တော့ဘူး မာန်ဦးရေ"

နရဏီ့ အသံဟာ ရုတ်ခြည်း ကျယ်လောင် အားပါလာကာ ပယ်ပယ်နယ်နယ်သံ ပေါက်လာလျှင် မာန်ဦးက တအံ့တဩနှင့် ...

"ဘာဖြစ်လို့လဲ၊ လူကြိုကို ကြောင်တစ်ကောင် ထည့်ပေးလိုက်တာဆို"

"ဟုတ်ပါ့၊ အဲဒီကြောင်ပေါ့၊ ခုချိန်ထိ ဘာဆိုဘာမှ ကျွေးလို့မရဘဲ ဖြစ်နေတာ၊ ဒီမှာ ငါ ဘာလုပ်ရမှန်းကို မသိဘူး၊ အဲဒီ နင့်သူငယ်ချင်း နရသူဆီမှာ ငါ့ဖုန်းနံပါတ်ရှိတယ်၊ လိပ်စာလည်း ရှိတယ်၊ နင် သူ့ကို လှမ်းပြောလိုက်စမ်းပါ၊ ငါ့ဆီ ဖုန်းဆက်စမ်းပါလို့"

"အေး ... အေး ...၊ ဟာ ... မဟုတ်သေးဘူး"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ မဆက်အားဘူး၊ ငါ လုံးဝမအားဘူးဟ၊ အလုပ်တွေ အရမ်းအရေးကြီးနေတယ်၊ နင်ပဲဆက်လိုက်ပေါ့၊ နင်ပြောချင်တာ ဆက်ပြောလိုက်လေ"

"ဒါဖြင့် နံပါတ်ပေး"

"အေး ... နေဦး၊ ဟိုဒင်း ... စီးရိုးနိုင်း ..."

မာန်ဦးက တစ်လုံးချင်း ရေရွတ်ပြပြီးသော် ...

"ဟုတ်ပြီ ... ဟုတ်ပြီ၊ ရပြီ၊ နင်ဆက်တာ အတော်ပဲ၊ ငါက ဒီလူနဲ့ ငါ အဆက်အသွယ်လုပ်ဖို့ မလွယ်တော့ဘူး ထင်နေတာ၊ နေပါဦး၊ နင် အခု ငါ့ဆီဆက်တာ ဘာကိစ္စရှိလဲ"

"ဘာကိစ္စမှ မရှိဘူးဟ"

"ဘာကိစ္စမှ မရှိဘဲ ဘာလို့ ဆက်လဲ"

"ဩော် ... ခုနဟာပြောဖို့လေ၊ နရသူဟာ ငါ့သူငယ်ချင်း ဆိုတာ လှမ်းပြောပြတာ"

"နင် အလုပ်တွေ အရမ်းအရေးကြီးနေတယ်လည်း ဆိုသေး၊ ဒါလေးကို အေးအေးဆေးဆေး မပြောဘဲ အရေးတကြီး ကြားက ဆက်ပြောတာ ဆိုပါတော့၊ ဟုတ်လား"

"အာ ... သတိရတုန်း ကောက်ဆက်လိုက်တာဟ၊ ဒါပဲ ဒါပဲ"

"ငါ့ဖုန်းနံပါတ်ကော နင် ဘယ်ကသိလဲ"

"ဟာ ... အစကတည်းက သိတာကြာလှပြီဥစ္စာ၊ ဒါပဲ"





"အေး"

မာန်ဦးက ဖုန်းကို ခွပ်ခနဲ ချလိုက်ကာ ...

"ဗိုး ... သင်းကလည်း ဂျလယ်ကျသလား မမေးနဲ့၊ ငါ့ကို လှမ်းစစ်ဆေးလိုက်သေးတယ်၊ သူက မင်းနဲ့အသည်းအသန် ဖုန်းပြောချင်နေတာ ကိုယ့်လူ၊ ကြောင်အခြေအနေ မကောင်းဘူး ထင်တယ်"

"ဒါဖြင့် အခုတော့ သူ ဆက်မယ်တဲ့လား"

"အေး"

နရသူက လက်သီးဆုပ်ပြီး လက်မထောင်ပြလိုက်ခိုက် နရသူ့ ဟဲန်းဒ်ဖုန်းမှ ဖုန်းခေါ်သံ မြည်လာပါသည်။ ရေသွားချိုးမည့် မာန်ဦး မသွားနိုင်သေးဘဲ ...

"ဟာ ... ချက်ချင်းပါလားဟ"

နရသူက ဖုန်းကိုကြည့်ကာ တစ်ချက်ရှုံ့မဲ့ရင်း ...

"ဟယ်လို"

"လေးသူ ... ပြန်မလာသေးဘူးလား"

"လာမှာပေါ့၊ ဘာလုပ်မလို့လဲ"

"လေးသူ ... ဒီနေ့ မီးမီးနဲ့ မီးမီးသူငယ်ချင်းတွေကို ပလာဇာလိုက်ပို့ပေးပါလား၊ မီးမီး သူငယ်ချင်းတွေထဲမှာ အလှပဂေးတွေ အများကြီး ပါပါတယ် လေးသူရဲ့၊ လေးသူက အိုကေဆိုရင် အခု ဖုန်းဆက်ချိန်းလိုက်တော့မယ်"

"အာ ... ငါ ဒီနေ့ အားမယ့်ပုံ မပေါ်ဘူး၊ မချိန်းနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … လေးသူကလည်း၊ လေးသူပဲ ဟိုဟိုဒီဒီ ပို့ပေးပါမယ် ဆိုပြီးတော့"

"အဲဒါ အားတဲ့အခါလေ၊ အခုက အားမှမအားပဲ"

"ဘယ်နှနာရီလောက်မှ အားမှာလဲ"

"တစ်နေကုန် မအားဘူး၊ နက်ဖြန်လည်း အားချင်မှအားမယ်"

"ဟား … လေးသူက ရစ်ပြီ၊ မီးမီးကဖြင့် သူငယ်ချင်းတွေကို ကြွားလိုက်ရတာ၊ ငါ့ကို အလိုလိုက်မယ့် ဦးလေးလူပျိုကြီး ရောက်လာပြီ ဆိုပြီးတော့"

"ဟာကွာ … ငါ့ဟာငါ ရောက်လာတာ နင်ကြွားစရာလည်း မဟုတ်ဘူး၊ နင့်ကိုသာ တူမရင်းမို့ ငါအားနေတုန်း ဟိုဟိုဒီဒီလေး ပို့ပေးမယ် ကားမောင်းပေးမယ် ပြောတာ၊ နင့်သူငယ်ချင်းတွေကို ငါက ဘယ်မှ လိုက်ပို့ပေးမနေနိုင်ဘူး"

"အောင်မာ … လေးသူက မီးမီးသူငယ်ချင်းတွေကို ဘာမှတ်နေလဲ၊ အားလုံး ပဂေးတွေ၊ သွယ်သွယ်လှလှ ကြွယ်ကြွယ်ဝဝတွေချည်းပဲ … ဟွန်း"

"အေး … အဲဒါမျိုးတွေကိုပဲ ငါ စင်ကာပူမှာ တစ်ချိန်လုံး ဖယ်ဖယ်ချချလာတာ"

"ဟွန်း"

"ကဲ … ဒါပဲ၊ သင်းက တစ်မျိုး"





နရသူက ဖုန်းကို ပိတ်ချလိုက်သည်။

နရသူ့မှာ မိဘတွေ မရှိတော့ဘဲ ညီအစ်ကိုရင်းနှစ်ယောက်သာရှိကာ အစ်ကိုကြီးဖြစ်သူ ဦးသီဟသူက နရသူ့ထက် ဆယ့်နှစ်နှစ် အသက်ပိုကြီးလေရာ အစ်ကိုလိုထက် အဖေလို ဦးလေးလို ဖြစ်နေပါသည်။ အသက်လေးဆယ့်လေးနှစ် ရှိပြီဖြစ်တဲ့ အစ်ကိုကြီးမှာ သားသမီးက နှစ်ယောက်။ အကြီးကောင်က အသက်နှစ်ဆယ်။ ဩစတြေးလျား တက္ကသိုလ်တစ်ခုမှာ စာသင်နေသည်။ အငယ်မက ဆယ့်ရှစ်နှစ်။ ယူအက်ဖ်အယ်လ်မှာ အင်္ဂလိပ်စာ ပထမနှစ်ပဲ ရှိသေးတဲ့ မိန်းကလေး။

စင်ကာပူမှာ ဆယ်တန်း အောင်ပြီးကတည်းက ကျောင်းတက် အလုပ်လုပ်ခဲ့တဲ့ နရသူက နှစ်နှစ်ကို တစ်ကြိမ်လောက် တစ်လလောက် အလည်ပြန်မြဲဖြစ်၍ မရီး၊ တူ၊ တူမတို့နှင့် မစိမ်းပါ။ သူတို့ကလည်း လာလည်ကြတာရှိသည်။ တူမပျိုသဇ္ဇာသူဟာ နရသူ ပြန်ရောက်လာတဲ့အတွက် အတော်ပျော်နေသည်။ ချောသန့်ခန့်တဲ့ ဦးလေးလူပျိုကြီးကို ပတ်ဝန်းကျင်မှာ ကြွားလုံးထုတ်ရတာအမော။ ဦးလေးလာတိုင်း သူငယ်ချင်းတွေကြား ချပြကြွားဝါပြီး မျောက်ပြဆန်တောင်း ဆိုသလို သူ့ကို ချက်နှာလုပ်ကြ ကျွေးမွေးကြတာတွေကို ခွတုတ်မဆုံးတဲ့ တူမပါ။

"မင်းတူမလား"

"အေး … ကဂျိကဂျောင်ကွာ"

"မင်းက ဒီနေ့ မအားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်း ... နရဏီ ဆက်ရင် ဆက်မှာလေကွာ၊ သူ ဆက်ရင် သူ့ဆီသွားဖို့ ပေါ်ရင်ပေါ်လာမှာ"

မာန်ဦးက ပြုံးမဲ့မဲ့နှင့် ...

"ဟင်း ... ဟင်း၊ မြင်ယောင်နေပြီ၊ လူပျိုကြီးရော အပျို ကြီးရော ကျွတ်တန်းဝင်တော့မယ့် သဘော"

"နေစမ်းပါဦးကွ မာန်ဦးရ၊ နရဏီက တကယ်ပဲ မင်းပြော သလို ပစိပစပ်များများ နားငြီးစရာဟာမျိုးလား၊ သူဒီလောက် လှတာ ဘာဖြစ်လို့ ရည်းစားမရှိရတာလဲ"

"အဲဒီမေးခွန်းမျိုး မင်းကိုယ်မင်း ပြန်မေးလေ၊ မင်းနဲ့အတူ တူပဲ ရုပ်ကလည်း ချောသန့်၊ မိဘအသိုင်းအဝိုင်းလည်း ကောင်း၊ ဥစ္စာဓနလည်း တောင့်တင်း၊ ငွေရှာလည်းကောင်း၊ အဲဒီကြားထဲက ရည်းစားမရကြတာဟာ ကာယကံရှင် မရချင်လို့ပေါ့ကွ၊ မင်းတို့နှစ်ယောက်လုံး ဘဝင်လေးတွေ က ခပ်မြင့်မြင့်နဲ့ သူများနဲ့ ညှိရမှာ သူများအပေါ် လိုက် လျောသည်းညည်းခံရမှာ ဝါသနာမပါတဲ့ စရိုက်မျိုးတွေ ...

ကိုယ့်သဘော ကိုယ်ဆောင်၊ ကိုယ်အမှန် ကိုယ် အဟုတ်တွေလေ၊ ဒါပေမဲ့ ဒါတွေထက်ပိုပြီး အဓိကအရေး ကြီးတဲ့ အချက်ကတော့ နရဏီ အပျိုကြီးဖြစ်နေတာ သူ ကိုယ်တိုင်က ဘယ်သူ့ကိုမှ မချစ်လို့၊ မင်း လူပျိုကြီးဖြစ် နေတာ မင်းကိုယ်တိုင်က ဘယ်သူ့ကိုမှ မချစ်လို့၊ အဲဒါပဲ"

နရသူက ခေါင်းတညိတ်ညိတ် ပြုနေမိပါသည်။





"ကဲ ... ငါရေချိုးခွင့် ရပြီလား"

"ရေချိုးခွင့် ရနေတာ ကြာပြီ၊ မင်း နရဏီဆီ ဖုန်းဆက် ပြီးတာနဲ့ ငါလိုချင်တာ ကုန်ပြီပဲ၊ ရေသွားချိုးပေါ့၊ မင်း ဟာမင်း ဖုန်းဆက်တာ ဘာလဲသိချင်လို့ ရပ်စပ်စုနေသေး တာ"

"အေး ... အေး ... အဲဒီအပြော အဲဒီအချိုးလေးတွေပဲလေ၊ လိုချင်တာလည်းပြီးရော ဘတ်ဆို လွှင့်ပစ်ရော၊ မင်းတို့မျိုး ပုံစံတွေ အတူတူပဲ"

ကျမှ

"ဟား ဟား၊ နောက်တာပါ မာန်ဦးရာ၊ ကဲ ... မင်းလည်း တော့။ ရေချိုး၊ ငါလည်း ပြန်မယ်၊ နောက်မှ မင်းအကူအညီယူ သို့။ လိုတာရှိလာရင် လာမယ်"

"ဟော့ကောင် ... နရဏီဆီ ရောက်ရင် ဘယ်လိုအခြေအနေ တွေ ရှိတယ်၊ ငါ့ကို အကျိုးအကြောင်း လှမ်းပြောပြဦး နော်"

"စိတ်ချ၊ ငါ့မှာ ဒီကိစ္စ တိုင်ပင်ဖို့ မင်းပဲရှိတယ်၊ မင်းက သူနဲ့လည်း ခင်နေတော့ ပစ်ပယ်လို့လည်း မရဘူး၊ မင်း ကို လိုအပ်သေးတယ်၊ သုံးရဦးမယ်"

"ခွေးကောင်"



www.burmeseclassic.com

www.burmeseclassic.com



## ၅

နရသူသည် အိမ်ပြန်ရောက်သည်နှင့် ရေမိုးချိုးတုန်းည်၊ ဖုန်းကို ရေချိုးခန်းထဲ ယူထားသည်။ အပြန်ကားပေါ်ကဟည်းက ဖုန်းသံကို မျှော်နေတာ။ မာန်ဦးဆီက ဖုန်းနံပါတ်မေးသွားပြီးတော့ မဆက်သေးဘဲ ဘာကြောင့် အချိန်ဆွဲနေပါလိမ့်။ ဖုန်းနံပါတ် သိရပြီးမှ မဆက်တော့တာ ကို ပိုအသည်းယားတာလေ။

ကြောင်ကြီး ဂျိုလီ ကျွေးရမွေးရ ခက်မည်ကို သိပြီးသား မျှော်လင့်ပြီးသား။ ကျွေးရခကမည့စုံး၍ပင် စပယ်ကကြောင်အစာထုပ်တွေ ထည့်ပေးလိုက်တာ။ ခုလည်း တကယ်ကျွေးရခက်နေပြီဆိုတာ မာန်ဦးကိုတောင် ပြောပြီးသားပဲ။ အသည်းအသန် ဖုန်းပြောချင်နေတယ်ဆိုပြီး ...။ နရသူသည် စောင့်ရင်းစောင့်ရင်း စိတ်မရှည်ဘဲ အသည်းယားလာသည်။





ဟိုးပထမကတော့ စပယ်ပြောသလိုပဲ အစာထုပ်တွေကို လေဆိပ်မှာ တစ်ခါထည့်မပေးလိုက်ဘဲ နောက်မှ ဖုန်းဆက်လို့ဖြစ်စေ “မေ့သွားလို့”ဆိုပြီး အိမ်ကို လိုက်သွားတဲ့ ဇာတ်လမ်းလုပ်ဖို့ပါ။

နရဏီဟာ မာန်ဦး သူငယ်ချင်းမှန်း မမျှော်လင့်ဘဲ သိလိုက်ရလို့ တစ်ထိုင်တည်း အကြံရပြီး စိတ်ပြောင်းသွားတာ။

ငါမဆက်တော့ဘဲ သူကပဲ ဖုန်းဆက်ရတာမျိုးဖြစ်စေမည်လို့ တစ်ထိုင်တည်း အကြံရ ဆုံးဖြတ်လိုက်ပြီးကျမှတော့ သူစိတ်က တစ်မျိုးမို့ သူ့ဘက်က စ,ကိုမဆက်ချင်တော့။ ဒီလို ဖြစ်နေတာကိုက သူ ရိုးရိုးရှင်းရှင်းစိတ် မထားနိုင်လို့။ (ဘယ်သူသိသိ မသိသိ) သူ့ဘက်က ရိုးရိုးရှင်းရှင်းစိတ် မထားနိုင်ဘူး ဆိုကတည်းက သူ့စိတ် သူ့ခံစားချက်ထဲမှာ သူတစ်ချက်နိမ့်သွားပြီကို သူသိနေပြီလေ။

အဲဒါကိုက တစ်ဖက်ကအပေါ်စည်း၊ သူက အောက်စည်း ရောက်နေပြီဖြစ်ရာ နရသူဟာ သူ့ဟာသူ တစ်ဖက်သတ်တစ်ယောက်တည်း မခံချင် ကသိကအောက်တွေဖြစ်ကာ သူ့ဘက်က ဖုန်းစဆက်လိုက်ဖို့ ဘယ်လိုမှ လက်သင့်မခံနိုင်အောင် ဖြစ်ရပြီ။ “သူက ငါ့ဆီ လှမ်းဆက်တာ ဖြစ်စေရမယ်”လို့ ကြုံးဝါးပြီးကာမှ သူက မဆက်လို့ ကိုယ်ကပဲ ဆက်လိုက်ရတယ်ဆိုရင် ရာဇဝင် ရိုင်းသွားမှာကလည်းစိုး။



www.burmeseclassic.com

www.burmeseclassic.com



နရသူသည် ဘယ်သူကမှလဲ သူ့ကို တုတ်မိုးပြီး တားမြစ်ထားတာ မဟုတ်ပါဘဲ သူ့ဟာသူ မရိုးမရွတွေဖြစ်ကာ နေမထိ ထိုင်မသာ။

ထိုအချိန်တွင် နရဏီက တကယ့်ကို စင်ပေါ်က။ နရဏီသည် ညဦးဘက် ဆိုင်ပိတ်ပြီး ပြန်အလာ ရေမိုးချိုးပြီး ဝရန်တာကျယ်ကျယ်မှာ အေးအေးလူလူ လက်နောက်ပစ် လျှောက်နေရာမှ တစ်စုံတစ်ရာကို သေချာတွေးမိကာ အိမ်ထဲပြန်ဝင်လာသည်။

"အိကျုံး"

"ရှင် ... မမ"

"နင့်ကို ငါ ဆုချမယ်၊ နင်လိုချင်တာ ပြောစမ်း"

"အဟီးဟီး"

အုန်းကြည်က ရှက်ရှက်နှင့် သဘောတွေလည်းကျကာ လိန်ဖယ်ဖယ် ဖြစ်နေသည်။ သူ့ကို ချီးမွမ်းခံရ၍ မနေတတ် မထိုင်တတ် ဖြစ်နေပါသည်။

"နင်တော်တယ်၊ ပြော ... ဘာယူမလဲ"

"အဟီးဟီး ... ပါတိတ်ဝမ်းဆက်၊ အဟီးဟီး"

"အေး ... ရမယ်၊ ဝယ်ပေးမယ်၊ နင် ကြိုက်လိုက်ဂျိုက် ဂရုစိုက်သာ ကျွေးမွေး"

"စိတ်ချပါ မမ"





မနက်က မာန်ဦးရဲ့ဖုန်းချအသွား နရသူ့ထံ နရဏီ ဆက်တော့မည့်ဆဲဆဲ။ ဖုန်းနံပါတ်ကို ဟဲန်းဒ်ဖုန်းထဲ အရင်ဆော့ဖ် သုပ်နေခိုက် ...

"ဟယ် ... မမရေ၊ စားပြီ ... စားတယ်တော့"

"အေးတော် ... ဝမ်းသာလိုက်တာ၊ စားတယ်တော်"

မင်္ဂလာရှိသော ပျော်ရွှင်အော်ဟစ် ခုန်ပေါက်သံများက ကြီးကြီးနှင့် အုန်းကြည်ထံမှ ထွက်ပေါ်လာ၍ အလန့်တကြား ပြေးကြည့်ရလျှင် ဂျိုလီသည် သူ့အိမ်ခြင်းရှေ့ချထားသော စတီးခန်းကန်ပြားငယ်ငယ်ထဲမှ အစာတချို့ကို ပလပ် ပလပ်နှင့်လျက်ကာ လျက်ကာ ဣန္ဒြေရရ စားနေလျက်။

"အဲဒါ ဘာလဲဟင်"

"ကွေကာအုပ်"

"ဩော်"

ဤတွင် နရဏီသည် နရသူထံ အလောသုံးဆယ် ဖုန်းဆက်ဖို့ မလိုတော့လေရာ စိတ်အေးလက်အေးနှင့် ဆိုင်ကို ထွက်သွားခဲ့ပါသည်။

နေ့လယ်ကျတော့ ဆိုင်ကို ကြီးကြီးက ဖုန်းတစ်ခါ ဆက်ကာ ...

"ဘမိးရေ ... ကြည်ဖြူ ယောက်ျား မောင်မိုးဆောင်လေ၊ ဒူးရင်းသီးတစ်လုံး လာပို့သွားပြီ၊ ကြောင်ကျွေးဖို့တဲ့ ပြောတာ၊ ကြီးကြီးလည်း ခွဲပြီး နည်းနည်းကျွေးကြည့်တာ စား



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြီတော့၊ အဟင်းဟင်း … ကြောင်လည်းစား၊ ငါလည်းစား ဟန်ကိုကျလို့”

ဒီတော့ နရဏ်မှာ ပိုပြီး စိတ်အေးလက်အေး ရှိရကာ ရင်ထဲက အလုံးကြီးက အများကြီး ပေါ့ပါးသွားတာပင်။ ထိုသို့ ရင်ပေါ့သွားချိန်မှာ အခြေအနေ အရပ်ရပ်ကို အေးအေးဆေးဆေး စဉ်းစားနိုင်လာတဲ့အခါ စိတ်ထဲမှာ တစ်မျိုးဖြစ်လာသည်။

မနက်က မာန်ဦး ဖုန်းဆက်ပုံ ထူးသည်။ နရဏ်တို့ အိမ်ဖုန်းမှာ Caller ID ပါလေရာ မာန်ဦး သူ့အိမ်က ဆက်တယ်ဆိုတာ ပေါ်လွင်နေပါသည်။ သူတို့စ,လက်ထပ်ကတည်းက အိမ်ဖုန်းနံပါတ်ဟာ ဒီနံပါတ်ပဲ မပြောင်းလဲသေးတဲ့ဟာ။ ရုံးမသွားရသေးတဲ့သူက နရဏ်ဆီ အားအားလျားလျား ဖုန်းလှမ်းဆက်ပြီး သူနှင့် နရသူ သူငယ်ချင်းတွေဆိုတာ ပြောပြသတဲ့။

ရုံးမသွားခင် နံနက်ပိုင်းဆိုတာ ဘာပဲဖြစ်ဖြစ် လုပ်စရာတွေ ရှုပ်တတ်တာ။ အရေးမကြီးလှတဲ့ အာလာပသလ္လာပ ပြောဆိုဖို့ မသင့်တဲ့ အချိန်ပါ။ ကိုယ်တိုင်ပင်လျှင် အာလာပသလ္လာပ ဖုန်းပြောချင်တာရှိရင် ညဦး၊ ညနေစောင်း စသဖြင့်မှာသာ ဆက်ဖြစ်မှာ။ နေ့လယ်နေ့ခင်း အလုပ်မှာ၊ ဆိုင်မှာ သိပ်အားလပ်ပျင်းရိနေရင်လည်း နေ့လယ်ဘက် ဖုန်းဆက်မိမှာပေါ့။ မနက်စောစောမှာတော့ ဘယ်သူ့ဆီကိုမှ အရေးတကြီး အချိန်ကိုက် ပြောစရာကိစ္စမရှိဘဲ ဖုန်းမဆက်ဖြစ်ပါ။





ခုတော့ မာန်ဦးက သူပဲ အားအားလျားလျားရှိလို့ထ,ဆက်လိုက်ပြီးမှ နရသူ့ကို ဖုန်းဆက်ခိုင်းပေးပါ ဆိုတော့မှ လုံးဝမအားဘူး၊ အလုပ်တွေ အရမ်းအရေးကြီးနေတယ်တဲ့။ ကောက်ကာ ငင်ကာ အလုပ်က အရေးကြီးလာသတဲ့။ ကဲ … တကယ်ပဲ အရေးကြီးကိစ္စ ပေါ်လာတယ် ထားပါဦး “အေး … ခဏနေ ငါ အားတော့ ဆက်ပြောလိုက်မယ်”ဆိုတာမျိုးပဲ ဖြစ်သင့်တာပေါ့။

သူ့ကို ဘယ်သူကမှ ခုချက်ချင်း ဆက်ခိုင်းတာမဟုတ်။ ရုံးရောက်မှ နေ့လယ်မှ စသဖြင့် အဆင်ပြေသလို ဆက်လို့ရပါလျက် ခါးခါးသီးသီးနဲ့ မအားဘူး ငြင်းသွားတာဟာ နရသူ နရဏ်ထံ ဖုန်းဆက်ရန်ကိစ္စကို မဖြစ်မြောက်ရအောင် လှည့်ထွက်သွားတဲ့ သဘောပဲ။ နောက်တစ်ချက် ထပ်စဉ်းစားကြည့်ရအောင်။

လေဆိပ်မှာ နှစ်ယောက် ခွဲခွာခါနီး ကားနားငုံ့ပြီး သူ ပြောလိုက်တဲ့ စကား။

“ကဲ … အိုကေ၊ နောက်မှ အခြေအနေ ဖုန်းဆက်လှမ်းမေးမယ်နော်၊ တစ်ရက် နှစ်ရက်နေရင်ပေါ့”တဲ့။

တစ်ရက် နှစ်ရက်နေရင် ဖုန်းဆက်ပါမယ်လို့ သူကိုယ်တိုင် ပြောသွားရက်နဲ့ သုံးရက်ပြည့် မဆက်။ ဒီကြားထဲမှာ သူဟာ နရဏ်ကို မာန်ဦး ငယ်ချင်းမှန်း သိသွားပြီ။ မာန်ဦးက သူတို့တွေချင်း သူငယ်ချင်းပါ ဆိုတာ တကူးတက လှမ်းပြောတာဟာ သွေးရိုးသားရိုး အာလာပသလ္လာပ ဖြစ်နိုင်ရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



နရသူ့ ဖုန်းနံပါတ်ကို နရဏီ သိအောင်ပေးဖို့ တမင် ဉာဏ်နဲ့ ဆက်တာ မဖြစ်နိုင်ဘူးလား။

သိပ်ဖြစ်နိုင်တာပေါ့။

နရဏီသည် ကိုယ့်ဟာကိုယ်မေး။ ကိုယ့်ဟာကိုယ် ဖြေ၊ ပြုံးမဲ့မဲ့နှင့် အခြေအနေကို ခြုံငုံမိလာပါသည်။ ဒီလူပျိုကြီး ဆိုတဲ့ ဦးနရသူဟာ အတော်လူပါးဝတဲ့ သဘောပါလား။ သူ့ဟာသူ နရဏီ့ထံ ဖုန်းဆက်ဖို့ ဆုံးဖြတ်ပြီးပါလျက် မာန်ဦးနှင့် နရဏီ သူငယ်ချင်းမှန်းသိတော့ သူ မဆက်လည်း သူ့ဆီ နရဏီ ဆက်ရအောင် သူ့ဖုန်းနံပါတ် လှမ်းပြောစေတယ်ဆိုတာ ဒါဘာ သဘောလဲ။

ဟင်း ဟင်း ...။

တွေ့ကြသေးတာပေါ့ လူပျိုကြီး နရသူရယ်။

ထိုအချိန်တွင် တစ်ဖက်၌ နေမထိ ထိုင်မသာရှိလှတဲ့ နရသူဟာ မာန်ဦးထံ ဖုန်းခေါ်လိုက်ပါသည်။ သူ နေမထိ ထိုင်မသာ ဖြစ်ရတာဟာ (နရဏီ့ကို စိတ်ဝင်စားမှု ရှိပေမယ့်) နရဏီနှင့် ဖုန်းစကားပြောချင်လွန်းလို့ မဟုတ်။ သူစ,မဆက်ရဘဲ နရဏီ စ,ဆက်ရအောင် သူက ညစ်ကျယ်လိုက်ပါလျက် နရဏီ ဆက်မလာတဲ့အပေါ် မခံချိတာ။

ကြောင်ကို ဘာမှကျွေးမရပါဘူးလို့ သူမပဲ မာန်ဦးကို ပြောသွားခဲ့ပြီးတော့။ ဒါဟာ နရဏီ့အတွက် အရေးတကြီး ကိစ္စ ဖြစ်ကိုဖြစ်နေရမည်။ ဘာကြောင့် မဆက်သလဲ၊ ဘာကြောင့်လဲ။





"ဟယ်လို"

"ဩော် ... မဝါလား"

"ဟုတ်ပါတယ်၊ ကိုနရသူလား"

"ဟုတ်ကဲ့ ခင်ဗျ"

ဖုန်းထဲမှာ ဟိုးနောက်ဖက်က အသံတွေ ဆူညံရှုပ်ယှက်နေသည်။ "ဘူးမမှတ်နဲ့ ငါ့သားရဲ့ မာန်ဦးကို ချစ်တယ်ဆို မာန်မာန်ဦးကို ချစ်တယ်ဆို၊ ဆို ... ဆို ... ဆို"ဆိုတဲ့ အသံသေး အသံကြောင်တွင် နရသူပင် ပြုံးလာမိရသည်။ ရယ်ချင်စရာ ကြည်နူးစရာ တစ်မျိုးပါလား။

"ကြားတဲ့အတိုင်းပဲ ကိုနရသူရေ၊ သူ့သားက အာဖြဲပြီးကို ဆိုနေတာ၊ သူကလဲ မြူးရင် အဲသလို အော်ကြီးဟစ်ကျယ်နဲ့ တစ်အိမ်လုံးကို ဆူညံနေတာပဲ"

"အဟင်းဟင်း၊ ကြားတယ် ကြားတယ်၊ ကျွန်တော် ခဏနေမှ ပြန်ဆက်ရမလား"

"ရပါတယ်၊ ခေါ်လုံပေးဒယ်၊ ဝါ ကလေးယူထားလိုက်မယ်၊ ဝါနဲ့ဆို တိတ်တိတ်ဆိတ်ဆိတ်ပဲ၊ သူ့အဖေနဲ့ သူ့သားတွေ့ရင် ဝရုန်းသုန်းကားကို ဖြစ်နေတာ"

နရသူသည် သူ မပိုင်ဆိုင်ရဖူးတဲ့ တစ်မျိုးသော ရှန်းရှင်းဆန်ခတ် မနိုင်မနင်း ဘဝတစ်မျိုးမှ ရင်ခုန်မောစရာ ခံစားချက်အဆန်းရဲ့ အရသာကို စိတ်ကူးယဉ်ကြည့်မိသည်။ သူ့ဘို့ညီအစ်ကိုမှာ ငယ်ငယ်ကတည်းက မိဘတွေ ဆုံးပါးခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ မိဘကို သိပ်ကြီး တွတ်တီးတွတ်တာ မဆိုးနွဲ့ခဲ့ရ။ သူက လေး,ငါးနှစ်၊ အစ်ကိုကြီးက ဆယ့်ခုနစ်နှစ်လောက်မှာ ဆွေမျိုးတွေကောင်းလို့လည်း သူတို့ညီအစ်ကို ကစဉ့်ကရဲ မဖြစ်တာ။

မိဘအမွေအနှစ်တော့ ရှိတော့ ရှိတာပေါ့။ ဒါပေမဲ့ ကိုယ်တိုင် သေချာကိုင်တွယ် စီမံခန့်ခွဲနိုင်သေးတာ မဟုတ်။ ဆွေတွေ မျိုးတွေက ကောင်းရာကောင်းကြောင်း စီမံခန့်ခွဲပေးကြတာ။ သူ ရန်ကုန် ပြန်လာလည်တိုင်း အစ်ကိုကြီးရဲ့ မိသားစုကို ကြည့်ပြီး ကြည်နူးအားကျမိတာတော့ အမှန်ပါ။

ဒါပေမဲ့ သူ့ဘဝရဲ့ အချိန်ပိုင်း အများစုက တစ်ကိုယ်တော်နေရတဲ့ အချိန်တွေ။ ကြည်နူး အားကျရတယ်ဆိုတဲ့ အချိန်မျိုးက နှစ်နှစ်မှတစ်ခါ တစ်လလောက်။ ကိုယ့်စိတ် ကိုယ့်သဘော ကိုယ်ဟာကိုယ် တစ်ကိုယ်တော်နေရခြင်းအပေါ် အသားတကျ ကျေနပ်နေရတဲ့ အချိန်ပိုင်းက များတော့ ဒီလိုပဲ နေတတ်သလို ဖြစ်နေသည်။ သို့သော် တစ်ခါတစ်ရံတွေမှာ တစ်စုံတစ်ယောက်ကို ပြင်းပြင်းထန်ထန် လိုအပ်တောင့်တမိတာ၊ တစ်ခါတစ်ရံတွေမှာ သိပ်ပြီး အထီးကျန် ခံစားရတာတွေတော့ သူ့ကိုယ်သူသာပဲ အသိဆုံး ဖြစ်ပါသည်။

"ဟော့ကောင် ... နရသူ ပြော"

"ဘယ်လိုလဲကွာ၊ အစွမ်းအစချင်းကလည်း ကွာခြားလှပါလား၊ ကလေးကို မဝါလည်း ယူလိုက်ရော တိတ်ဆိတ်ပြီး နားကို ချမ်းသာသွားတာပဲ"





"ဟော့ကောင် ... မင်း သိထားဖို့က မအေဆိုတာ ကလေး ပါးစပ်မှာ တပ်ထားဖို့ နို့ပါတယ်ကွ၊ ဖအေဆိုတာ မပါဘူး"

မာန်ဦး စကားကို နရသူမှာ ရယ်လိုက်ရသည်မှာ ဒိုက်တွေပင် နာနေပါသည်။ သူ့ရဲ့ကသိကအောက် ခံစားချက်ပင် ခဏတဖြုတ် မေ့နေသည်။

"ပြော ... ဟော့ကောင်"

"မင်း ... နရဏီက ဖုန်းမဆက်လာဘူးကွ"

"ဟုတ်လား၊ ဒီနေ့ တစ်နေကုန် လုံးဝမဆက်ဘူးပေါ့"

"အေး"

"သိပ်ဆန်းပါလား၊ သူပဲ ကြောင်ကြီးက ဘာကျွေးကျွေး မစားလို့ ဒုက္ခရောက်နေပြီ ဆိုပြီးတော့၊ ခုချက်ချင်းပဲ မင်းနဲ့ စကားပြောဖို့ လိုအပ်နေတဲ့ ပုံမျိုးပဲ"

"အေး ... ဒါပေမဲ့ မဆက်ဘူး"

"အဲဒါ ဘာဖြစ်လို့ပါလိမ့်"

"အေး ... မင်း ဒီလို ရေရွတ်နေရုံနဲ့ သိလာမှာတော့ မဟုတ်ဘူး၊ ဖုန်းဆက်မေးကြည့်မှ သိမှာ"

"ငါက !! ဆက်ရဦးမယ် !! "

"အေး ... ဆက်ရမှာပေါ့"

"ဟာ ... ငါက ... ဟဲ့ နင် နရသူ့ဆီ ဘာဖြစ်လို့ ဖုန်းမဆက်တာလဲ မေးလိုက်ရင် သွားပြီပေါ့၊ မင်းနဲ့ငါ ချိတ်ဆက်ရှိပြီးတာ သူ ခာတ်သွားပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... မင်း ဘာကြောင့် ဒီလောက်တုံးနေတာလဲ၊ အဲဒီလို သွားမေးလို့ ဘယ်ရမလဲ၊ နင့်ကြောင်ကြီးအခြေအနေ ဘယ်လိုလဲ၊ စားပြီလား၊ နင် နရသူ့ဆီကောဖုန်းဆက်ဖြစ်သေးလားလို့ မသိချင်ယောင်ဆောင်ပြီး မေးရမှာပေါ့ကွ"

မာန်ဦးထံမှ ကျွတ်ခနဲ စုတ်သတ်သံ ထွက်ပေါ်လာပြီး ...

"ဟော့ကောင် ... မင်းက အဲဒါ ဘာဖြစ်နေတာလဲ၊ ကိုယ်ဟာကိုယ် ဆက်စရာရှိတာ ဆက်လိုက်ပါလား၊ ဘာစတန့်တွေ ထွင်နေတာလဲ၊ ငါက ကြားကနေ ရှုပ်ရှုပ်ယှက်ယှက်တစ်ဆင့် ဝင်ဆက်နေရဦးမယ်"

"မရဘူး ... ဟော့ကောင်၊ မင်း ငါ့အတွက် ဆက်ပေး၊ ဒါဲကွာ၊ အခုဆက်လိုက်၊ ခဏနေ ငါ အကျိုးအကြောင်း ပြန်ဆက်မယ်"

နရသူက ချက်ချင်း ဖုန်းချသွားပါသည်။ မာန်ဦးမှာ မကျေမချမ်း ရှုံ့မဲ့ကျန်ရစ်သည်။ အတော်ဗိုလ်ကျတဲ့ကောင်ဒါကြောင့်ကို ခုထိ မိန်းမ မရတာ။ သူ ဖြစ်ချင်တာ ဖြစ်ရမှဆိုတဲ့သူ့ရဲ့ တစ်သီးပုဂ္ဂလသဘောကို သူနဲ့ စကားပြောဆို ရင်းနှီးဖူးတဲ့မိန်းမတွေဟာ သိသိသွားကြမှာပေါ့။ ဒါကြောင့်ပဲ ရွံကြောက်ကြီးတွေဖြစ်ကာ ဒီလိုလူမျိုးနဲ့ဘဝတစ်သက်တော့ လက်တွဲမနေနိုင်ပါဘူးဆိုပြီး ဖဲကြဉ်ကုန်ကြတာ နေမှာပေါ့။





သို့သော်လည်း နရသူ့ အဖို့လည်း ဒါဟာ ဆုံးရှုံးမှုကြီး ဖြစ်နေပုံမရ။ ဘာကြောင့်လဲဆိုတော့ သူမှ ဘယ်မိန်းမကိုမှ ချစ်ဘဲ။ ဘယ်မိန်းမကိုမှ သည်းခံအလိုလိုက် အလျှော့ပေး ခွင့်လွှတ်ချင်တာမှ မဟုတ်ဘဲ။ အခုတော့ ဒီကောင် ဘာဖြစ်နေလဲ။ ကြည့်ရတာ နရဏီကို စိတ်တော့ဝင်စားပြီ။ ဒီလိုကောင်မျိုးကိုဘကယ်ဆို ကူတောင် ကူညီမနေချင်။ ကိုယ်ကူညီတွန်းပို့ပြီးဖြစ်မြောက်သွားရင် တစ်ဖက်မိန်းကလေးဟာ နရသူ့ကို အတော်ဗိုလ်ကျ အတ္တကြီးတဲ့ ကိုယ်လိုချင်တာသာ သိတဲ့ကောင်မျိုးနဲ့သေမချင်း လက်တွဲရတော့မှာမို့ ထိုမိန်းကလေးအပေါ် ကိုယ်ကဒါ တစ်တပ်တစ်အား ကူညီရက်စက်ရာကျမည်။

သို့သော်လည်း ...။

ခုဟာက တစ်မျိုး။ တစ်ဖက်မိန်းကလေးဟာ တခြားသူမဟုတ်။ နရဏီ။ နရဏီ ဆိုတဲ့ မိန်းကလေးကကော နရသူနှင့် ဘာထူးသနည်း။ ပုံစံချင်းက ကျား,မ,ကွဲလို့ ကွဲလွဲတာတချို့သာရှိမည် ခပ်ဆင်ဆင်တွေရယ်။ သူ,မသာ ကိုယ်အလောင်းဆိုဘာ သင်းတို့နှစ်ယောက်ပေါ့။ သင်းတို့နှစ်ယောက် လက်တွဲသွားသည်၊ အေးတာပဲ။

မာန်ဦးက နရဏီ့ အိမ်ဖုန်းကို ခေါ်နေပါသည်။ အင်ဂေ့ဂျ်။ အင်ဂေ့ဂျ်။ ဘယ်သူတွေနှင့်များ ဒီလောက်ပြောနေသည်သေး။ တစ်ဖက်တွင် နရဏီမှာ မိုးသဲနှင့် ဖုန်းပြောရင်း ဒေါတပွပွဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမိန်းမက ငါ့ဆီတော့ မဆက်ဘဲ နင့်ဆီကို ဘာဖြ
လို့ ဆက်ရတာလဲ၊ ပြောစမ်းပါဦး၊ သူ့ကြောင်ကြီးကို
ထားတာ ငါ့ဆီလား နင့်ဆီလား၊ အဆင်ပြေတယ် မပြေ
ဘူးက ငါ့ကိုမေးရမှာ မဟုတ်ဘူးလား၊ နင့်ကို ဘာကြော
မေးရမှာလဲ၊ နင် ဘာသိမှာလဲ၊ ကြောင်ကိုကျွေးဖို့ အကြ
ပေးတာတောင် ကောက်ညှင်းကျည်တောက်လို့ အကြ
ပေးတဲ့ မိန်းမကို သူက ဘာအထင်တကြီး ဆက်စ
အကြောင်းရှိလဲ"

"ဟဲ့ ... နရဏီရဲ့၊ ငါ ကောက်ညှင်းကျည်တောက်လို့
ပြောမိတာကို နင် စာချဲ့မနေနဲ့၊ နင့်ကိုက ဘယ်သူ့
မစဉ်းစားမယ်ဟာကို ပြောဆိုလို့ ကြောင် မစားမှန်းသိရ
နဲ့ တမင်တကာ ပြောရတာ သိရဲ့လား၊ ငါ့ကိုများ သိ
တုံးတယ် ထင်မနေနဲ့၊ ငါ့ဆီ စပယ်ဖုန်းဆက်တာကလည်
နင့်ဆီ ဆက်လို့မရလို့ ဖြစ်မှာပေါ့"

"သူက အဲလိုပြောလား"

"ပြောတော့ မပြောဘူး၊ ဒီလိုပဲ စဉ်းစားကြည့်တာပေ
နင့်ဖုန်း မအားလို့ ငါ့ဆီဆက်လိုက်တာ နေမှာပေါ့"

"လိုင်းဖုန်းလည်း အားတယ်၊ ဟန်းဒ်ဖုန်းလည်း အားတယ်
ဘယ်သူမှ ဖုန်းဆက်မနေဘူး၊ ငါ့ဖုန်းမအားလို့တော့ လုံး
မဖြစ်နိုင်ဘူး၊ ဒီတော့ နင့်ကို သူ ဘာတွေပြောလဲ၊ ငါ
ပြောပြစမ်းပါ"





"အဲ ... ဘာတဲ့၊ ဟို ... အခိက,ကတော့ နှစ်ခုဟယ်၊ တစ်ခုက သူ့ကြောင် ဘာစားနေလဲပေါ့ဟယ်၊ သူပေးလိုက်တဲ့ ကြောင်စာဘူးတွေ"

"ဘာတွေ ! "

"ဟဲ့ ... လန့်လိုက်တာ၊ ကြောင်စာဘူးတွေလေ"

နရဏီက မျက်ခုံးတစ်ဖက်ကို မြှင့်ကွေးတင်ကာ နှုတ်ခမ်းကို တစ်ဖက်တည်း ရွဲ့၍ပြုံးလိုက်ရင်း ...

"ဟုတ်ပြီ ... ဟုတ်ပြီ ... ဆက်ပြော"

"အဲဒီကြောင်စာဘူးတွေကို နရသူ လာပို့သလားတဲ့၊ ဒါမှမဟုတ်ရင် ကြောင်ယူလာကတည်းက ကြောင်စာဘူးတွေ ပါ ပါလာသလားတဲ့"

နရဏီသည် မျက်လုံးကို မှေးစင်း၍ ခေါင်းထဲ တထပ်ထပ် အသံမြည်မတတ် တွက်ချက်တွေးတော ဆင်ခြင်နေရင်း ...

"နရသူ ဆိုတဲ့လူကို နင် အစကတည်းက သိလား မိုးသဲ"

မိုးသဲက အသံခဏတိတ်သွားပြီး ...

"မသိပါဘူး"

"နင် ခုန နရသူ ဆိုတာ ထည့်ပြောလိုက်ပုံက လေသံက ခပ်ရင်းရင်းနှီးနှီး ဖြစ်နေတယ်"

"လုံးဝ တစ်ခါမှတောင် မမြင်မတွေ့ဖူးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"စင်ကာပူမှာနေတဲ့သူကို နင် မြင်ဖူးစရာလား၊ မမြင်ဖူးမှန်း ငါသိသားပဲ၊ ငါ ပြောတာက ဒီနာမည်ကိုတော့ နင် ကြားဖူးပြီးပုံ ရတယ်"

"ဒါကတော့"

"ဘယ်တုန်းကလဲ ပြော"

"ဟိုတလောကမှ … ဟိုဒင်း … စပယ့်ဆီက ကြားဖူးတာပေါ့"

"ဘာအတွက် သူက ဒီနာမည်ပြောတာလဲ၊ ဘာအကြောင်းလဲ"

"ဘာအကြောင်းရှိမလဲဟဲ့၊ ဒီနရသူဆိုတဲ့ သူနဲ့ သူ့ကြောင်ကြီးကို လူကြုံထည့်ပေးလိုက်မယ်ဆိုတာ ပြောတာပေါ့"

"အဲဒါ ငါ့ကိုပဲ ပြောရမှာ၊ နင့်ကို ဘာပြောစရာရှိလဲ"

"ဒါတော့ ဒီလိုပဲ၊ စကားကြုံရင်း ပြောမှာပေါ့၊ ဘယ်သိမလဲ"

"ကြည်ဖြူရော သိလား"

"အင်း …၊ သြော် … ဟိုဒင်း … သိရင်လည်း သိမှာပေါ့"

"မိုးသဲ"

"ဘာလဲ"

ခေါ်လိုက်တဲ့ နရဏီ အသံကြီးက အောင်ပြီး ဟိန်းနေကာ ထူးလိုက်တဲ့ မိုးသဲအသံလေးက ကြောက်ကန်ကန်လျက် မဖြစ်ညစ်ကျယ် ညောင်နာနာ။





"နင်တို့သုံးယောက် ငါ့ဆီ ကြောင်ပို့မယ့်ကိစ္စနဲ့ ပတ်သက်ပြီး ဘာတွေတိုင်ပင်ကြ ပြောကြသလဲ"

"ဘယ်သုံးယောက်လဲ"

"နင်ရယ် ကြည်ဖြူရယ် စပယ်ရယ်၊ ဟော့ … နင်ဝေ့မနေနဲ့၊ ဖြေ"

"ဘာမှ မတိုင်ပင်ပါဘူး၊ ဘာမှလဲ မပြောပါဘူး၊ နင်ကလည်း"

"နင့်လေသံကိုက မရိုးသားတဲ့အသံ။ အလိမ်ဖော်စက်နဲ့ ဖမ်းလိုက်ရင် လှိုင်းတွေ ရှုပ်ယှက်ခတ်နေမယ့် အသံမျိုးနဲ့၊ ဟွန်း"

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ငါတို့က ဘာတိုင်ပင်စရာရှိလို့လဲ"

"သိတော့ သိနေတယ်၊ နင်တို့တောင် မပြောဘဲ ငါကဘာဖြစ်လို့ ပြောရမှာလဲ၊ ကြောင်စာတွေ ပါတာလည်း ငါ့ကို စပယ်မပြောပြဘူး၊ ကြောင်စာတွေ ငါနဲ့ တစ်ခါတည်းပါလာလား၊ နရသူ လာပို့လား ဆိုတာကို ခွဲခြားပြီးတော့ မေးတာကိုက အဓိပ္ပာယ်ရှိတယ်၊ မိုးသဲ … ငါတို့မှာ မိန်းကလေး ဒီလေးယောက်လေး ရှိတာကို နင်တို့သုံးယောက်က တစ်ကျိတ်တည်း တစ်ဉာဏ်တည်း၊ ငါ့ကိုကျ လျှို့ထားကြပြီးတော့ပေါ့လေ၊ နင်လည်း ငါ့ကို သစ္စာဖောက်တယ်ပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... နင်ကလဲဟယ်၊ ဒါသစ္စာဖောက်တာမှ မဟုတ်တာ"

မိုးသဲ အသံက စိတ်တွေကျဉ်းကျပ်နေတဲ့ အသံ။

"ဒါ သစ္စာဖောက်တာ မဟုတ်ဘူး ဆိုတော့၊ 'ဒါ'ဆိုတာ ဘာလဲ၊ စပယ်ကလည်း ငါ့ကို အကောက်ကြံတယ်၊ နင်တို့ကလည်း ဖုံးဖိထားတယ်"

"နရဏီရယ် ... အကောက်ကြံတာမှ မဟုတ်တာဟယ်၊ နင်ကလည်း၊ သူလည်း ဟိုဒင်း ... အဆင်မျှား ပြေမလားလို့ စိတ်ကူးယဉ်ကြည့်ရုံလေးပါ၊ အဲဒါ နင့်မှာ ဘာများနစ်နာသွားလို့လဲ"

"တော်တော့၊ စပယ်ပြောတဲ့စကား ငါ့ကို ဖွင့်ပြောပြစမ်း"

"နင်ကလဲ ... ဘာမှ အထူးအဆန်း မပါပါဘူး"

"အဲဒီ မထူးဆန်းတာကြီးကိုပဲ ပြောပြ"

"အဲဒီ နရသူ ဆိုတာက ပိုက်ဆံလည်းရှိ၊ ရုပ်လည်းချော၊ ဟိုမှာ ဘွဲ့ရတဲ့ အင်ဂျင်နီယာတဲ့၊ မိန်းမကိစ္စလည်း အရမ်းကင်းတယ်တဲ့"

"အဲဒီတော့ ငါက ဘာလုပ်ရမှာလဲ"

"ဘာလုပ်ရမှာလဲဟဲ့၊ ကောင်းကောင်းကန်းကန်းထဲက တွေ့လို့ သူငယ်ချင်း အပျိုကြီး တစ်ကိုယ်တည်းအတွက် လျာထား စပ်ဟပ်ကြည့်တာပေါ့၊ သူ အကုန်အကြောင်းသိတဲ့သူတဲ့၊ သူ့ဘဲနဲ့ သူငယ်ချင်းတွေလေဟာယ်"





"တောက် ... အဲဒီအချက်က အဓိက နောက်တစ်ခုမဟုတ်လား၊ ဒါတွေ နင်တို့ကို အားလုံး သေချာသံတော်ဦးတင်ပြီး ငါ့ကျတော့ တစ်လုံးမှ မပြောပြတာ ဘာသဘောလဲ"

"နင်မကြိုက်မှာစိုးလို့လားမှ မသိတာ၊ နင်က နင့်ကို ဆရာလုပ်ရင် မကြိုက်ဘူးလေ၊ နင်ပဲ ဆရာမကြီးလေ"

"ငါမကြိုက်မှာစိုးရင် အစကတည်းက မလုပ်နဲ့ပေါ့၊ ခုတော့ကြည့်စမ်း၊ ဒီလူလည်း သိမှာပဲ၊ ငါတစ်ယောက်တည်း မသိဘဲ ခံနေရတယ်"

"မသိတာပဲ ရှိတာပါဟယ်၊ ဘာမှတော့ ခံမနေရပါဘူး၊ နင်ကလည်း"

"ခံရတာပေါ့ဟဲ့၊ ငါ့ကို ကြံပြောလို့ ငါကြိုသိထားရရင် ငါက အပေါ်စီး ရိုးလ်ယူထားလို့ ရတာပေါ့၊ ခုတော့ကြည့်စမ်း ... ဟိုလူကြီးလူကောင်းက သူ့ဆီ ကြောင်စာထုပ်တွေ ရှိပြီး ငါ့ကိုပေးဖို့ လိုအပ်မှန်း သိရက်နဲ့ သူကစ, ဖုန်းမဆက်ဘဲ ငါကစ,ဆက်ရအောင် အကြံအဖန်တွေ လုပ်နေတယ်၊ ငါ့ကို ကြောနေတာလေ ...

သူက ငါ့ဆီ ဖုန်းမဆက်နိုင်ဘူး၊ ငါက စ,ဆက်ရမယ်၊ ဒါ ဘာသဘောလဲ၊ အဲဒါ စပယ့်ကြောင့် ငါအောက်ရတာ၊ ငါသိက္ခာကျတာ၊ ဒီကောင်ကြီးက ငါ့ကိုမြင်ပြီး မကြိုက်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဖုန်းတောင် မဆက်နိုင်ဘူး နေမှာပေါ့၊ ငါကောင်းကောင်း အကြောခံနေရပြီ သိရဲ့လား သစ္စာမရှိတဲ့ သစ္စာဖောက်မ,တွေရဲ့”

မိုးသဲသည် ဘာပြောရမည် မသိတော့ဘဲ တိတ်သွားပါသည်။ ဟုတ်သားပဲ၊ ဟိုလူက ဘာသဘောရှဲ။ ကြောင်စာတွေလည်း မရခဲ့လို့ ကြောင်ကလည်း မစားမသောက်လို့ နရဏီ ချာလပတ်ယမ်းနေတာ မိုးသဲတို့ အသိ။ ကြောင်စာတွေ ဒီလူ့ဆီမှာပါမှန်း သိမှမသိတာ ဒီနေ့မှ စပယ် ဖုန်းဆက်မေးလို့ သိရတာ။ သူ့ဟာနဲ့သူ လာပေးရမှာ မပေးဘဲ ဘာလုပ်နေလဲ။

စပယ်က စပ်ဖို့ ဟပ်ဖို့ စီစဥ်နောက်ပြောင်လိုက်ပြီး ဒီရောက်တော့ ဒီလူက နရဏီကို မကြိုက်နိုင်လို့ ပေးကိုလာပေးရမယ့် ကြောင်စာတွေကို လာမပေးဘဲရှောင်ကာ ပတ်သက်ရမှာတောင် ကြောက်နေသလို ပုံဖမ်းနေပြီ ဆိုရင်တော့ ကိုယ့်သူငယ်ချင်း တကယ်အောက်ပြီပေါ့။

“နင်တို့ တကယ်မကောင်းဘူး၊ တစ်ယောက်မှ မကောင်းဘူး၊ ငါ့ဆီ နင်ရော ကြည်ဖြူရော လုံးဝမလာနဲ့၊ နင်တို့နဲ့ ပြတ်တယ် သိလား”

“နရဏီရယ် ... စိတ်မဆိုးပါနဲ့ဟာယ်၊ ငါတို့ကလေ ... ငါ ရှင်းပြ ...”

“ခွပ်”





နရဏီက ဆုံးအောင် နားထောင်မနေဘဲ ဖုန်းကိုချပစ်လိုက်ပါသည်။ အလကားဟာမတွေ။ သင်းတို့ကြောင့် ငါအောက်ရပြီ။ နရဏီသည် လေဆိပ်၌ တွေ့စဥ်က သူ့စိတ်ထဲနှစ်ခြိုက်မိသလိုလိုရှိတဲ့ နရသူရဲ့ ပုံစံကို ပြန်ပြီးမြင်ယောင်ကာ အံကိုဖိကြိတ်ထားမိသည်။ လူကဲခတ်ညံ့မိလေခြင်း။ သူ့ရုပ်ကိုမျက်ခွင်တတ် ခင်မင်တတ်တဲ့သူ၊ ပေါင်းရလွယ်မယ့်သူလို့ နရဏီက မှတ်ချက် ကျိတ်ချထားမိသည်။

အရေးတကြီး လိုအပ်တဲ့ ကြောင်စာကို လာပေးဖော်မရတော့ဘဲ သိသိသာသာ ရှောင်နေတဲ့အထိ သူ့စိတ်ထဲ သဘောမတွေ့ဘဲနဲ့များ လေဆိပ်မှာ ကားအနား ခါးကိုင်းငုံ့ပြီး ရယ်ရွှင်မြူးလက်တဲ့ မျက်ဝန်းရွှန်းတောက်တောက်တွေနဲ့ ဖုန်းဆက်မလေးဘာလေး ပြောသွားသေးတယ်။ စကားဝှက် မေးလိုမေး၊ ကြောင်ပါရဲ့လား မစစ်တော့ဘူးလား ပြောလိုပြောနဲ့ နောက်တီးနောက်တောက်လိုလို ခပ်ရောရောလုပ်သွားပြီးမှ ရှောင်နေတယ်။ တောက်။

အခံရခက်လိုက်တာ။ နရဏီ့ကိုမှ အထိနာလိုက်တာ။

“ကလင် ... လင် ... လင်”

ဖုန်းထမြည်လာ၍ နရဏီက ဒေါ်ပွပွနှင့် ဆတ်ခနဲကိုင်ကာ ...

“ဟဲ့ ... ဘယ်ငိုဖြစ်နေလဲ၊ နင်တို့ကို သေခန်းပြတ်ပဲ၊ နားလည်လား”

“ဟာ ... ဟယ်လို ... နရဏီ၊ ဟယ်လို ... ငါပါ”



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က အထိတ်တလန့် နိုင်လှတဲ့ ညောင်ညက်ညက် ယောက်ျားသံ တစ်သံကြောင့် ...

"ဘယ်သူလဲ"

"ငါပါဟ ... မာန်ဦးပါ"

"သြော် ... နင်ကိုး"

"နင်ကိုး ... ဆိုတော့ နင့်ဟာက တစ်ခုခုလုပ်တော့မယ့် ကြိမ်းဝါးသံကြီးနဲ့ တွေ့ကြသေးတာပေါ့ ဆိုတဲ့ အသံမျိုးကြီး၊ လန့်လိုက်တာဟာ၊ ဘာတွေ ဒေါ်ပွနေတာလဲ နရဏီရာ"

နရဏီက မာန်ဦးထံမှ သိနိုင်သလောက် သိရဖို့ နှိုက်ရှဦးမှာမို့ ဒေါသတွေကို လျှော့ချလိုက်ကာ ...

"အေး ... ပြော၊ ငါ မိုးသဲတို့ ကြည်ဖြူတို့ကို ဒေါကန်နေတာပါ"

"ဘာဖြစ်လို့လဲ"

"ငါ ဒီလောက် ချာလပတ်ယမ်းနေတာ နည်းနည်းမှမကူကြလို့ပါဟာ၊ ကဲ ... ပြော၊ နင်ကကော ဘာလဲ၊ နင်နဲ့ငါတို့နဲ့က ခင်ရုံသာ ခင်မင်ကြတာ၊ ဖုန်းတွေ ဘာတွေ ပြောလေ့ ပြောထလည်း မရှိဘဲနဲ့ နင်လည်း ခုတလော ငါ့ဆီ အတော်ဆက်နေပါလား၊ ဘာတွေဖြစ်နေလဲ"

"ဟိုလေဟာ၊ ငါလည်း ကြောင်ကြီးအကြောင်း စိတ်ဝင်စားနေလို့ပါ၊ နင့်ကြောင်ကြီး အခု ဘယ့်နှယ်လဲ၊ အိုကေလား"





"အင်း ... အိုကေပါတယ်"

"အစား စားပြီလား"

"စားတယ်"

"ဟုတ်လား၊ နင်ဘာ ကျွေးလိုက်လို့လဲ၊ နရသူ့ဆီပါတဲ့ ကြောင်စာမျိုးတွေပဲလား"

"သြော် ... အဲဒီ နရသူ့ဆီမှာ ကြောင်စာတွေ ပါတယ် ဆိုတာ နင်လည်း သိတာကိုး"

"ဟိုဟာလေ ... ကြိုတဲ့နေ့ကလေ သူနဲ့ စကားစပ်ရင်း"

"ကြောင်စာတွေ သူမေ့ပြီး မပေးမိဘဲ ကျန်နေခဲ့ရက်သားနဲ့ ငါ့ဆီဖုန်းဆက်ပြီး အကျိုးအကြောင်း ပြောပြီး သူလာပေးမယ် သို့မဟုတ် ငါလာယူပါဆိုတာမျိုး သူက ဘာကြောင့် မလုပ်တာလဲ၊ နင့်သူငယ်ချင်းက အဲသလိုပဲ စည်းမဲ့ကမ်းမဲ့ အစားထဲကလား၊ လက်လွှတ်စပယ်သမားလား ... ဘာလဲ"

"ဟာ ... နင်ကလည်း နှိပ်ကွပ်လှချည်လားဟာ"

"နှိပ်ကွပ်တယ်လေ၊ သူ့ကို ဟိုက အပ်လိုက်တာလေ၊ ဒီအစာတွေ ပါမသွားရင် တစ်ဖက်မှာ ဒုက္ခရောက်နိုင်တယ် ဆိုတာ သိရက်သားနဲ့ ဖြစ်ချင်ရာဖြစ်၊ အစားကျွေးမရဘဲ ကြောင်သေရင်လည်း သေသွားပစေ၊ စိတ်လည်းမပူဘူး၊ သတင်းလည်း မမေးဘူး၊ တော်တော်နေနိုင်တဲ့လူ၊ အလကားလူပဲလို့ ငါကပြောတယ်လို့ နင့်သူငယ်ချင်းကို ပြောဖြစ်အောင် ပြောလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"နင်ကလည်းဟာ၊ သူလည်း အကြောင်းတစ်ခုခု ရှိပါလိမ့်မယ်၊ နင်ကော သူ့ကို ဖုန်းမဆက်လိုက်ဘူးလား"

"ဟင့်အင်း"

"ဟ ... ဘာဖြစ်လို့လဲ၊ ဆက်လိုက်လေ"

"ဆက်ဖို့လိုမှပဲ ဆက်တော့မှာပေါ့ဟာ၊ ဆက်ဖို့မလိုဘူးဆိုတော့ မဆက်တော့ဘူးပေါ့"

"ဩော် ... နင်ကလည်း၊ ဘာပဲဖြစ်ဖြစ် သူ့ဆီ ဖုန်းဆက်ပြီး ကြောင်စာတွေ တောင်းရဦးမှာပေါ့"

အတင်းကို ဆက်ခိုင်းနေတဲ့ မာန်ဦးကို နရဏီက ကျိတ်မဲ့နေမိပါသည်။ နရဏီဘက်က ဖုန်းစ,ဆက်ဖြစ်အောင်ကို လုပ်နေတာ။

ဒီလိုလုပ်နေဖို့ မာန်ဦးမှာ ဘာအကြောင်းမှ မရှိ။ တစ်မြေတည်း တစ်ရေတည်း တစ်သက်လုံး ဒီတိုင်းနေလာတာ၊ နရဏီကို မာန်ဦး ကြောစရာ အကြောင်းမရှိပါ။ ဟိုလူသာ။ သင်းက သူကျတော့ ဖုန်းမဆက်ဘဲ နရဏီက သူ့ကိုဖုန်းဆက်ရအောင် လုပ်နေတာ ဘာသဘောပါလိမ့်။

"လိုမှ မလိုတော့တာဟာ၊ ကိစ္စမရှိပါဘူး၊ ဒါနဲ့ နေပါဦး၊ နင်က ငါ သူ့ဆီ ဖုန်းဆက်သေးလား မေးရအောင် နင်နဲ့ သူနဲ့ မတွေ့လို့လား"

"အေး ... မတွေ့ဘူး"





"မတွေ့ရင်လည်းပဲဟယ်၊ နင် ငါ့ဆီတောင် ဖုန်းဆက်ပြီး မေးသေးတာ၊ သူ့ဆီ ဘာဖြစ်လို့ ဖုန်းဆက် မမေးလဲ"

"အဲ ... ငါဆက်တိုင်း ဒီကောင် အိမ်မှာမရှိဘူးဟ"

"နင် ငါ့ကိုပေးတဲ့ သူ့ဖုန်းနံပါတ်က ဟန်းဒ်ဖုန်းလေ"

"အဲဒါလည်းဟာ စက်ပိတ်ထားတာနဲ့၊ ရေီယာပြင်ပရောက်နေတာနဲ့"

"ကဲ ... ထားပါတော့၊ နင်နဲ့ သူနဲ့က သိပ်ခင်လား"

"အေး... ငယ်သူငယ်ချင်းပဲဟ၊ အိမ်နီးနားချင်းလည်း ဖြစ်ခဲ့တယ်"

"ဒါဖြင့် ... သူ့အကြောင်း နင် ကောင်းကောင်းသိမှာပေါ့"

"အေးဟ ... သိတာပေါ့၊ ဒီကောင်တွေက ဆွေစဉ်မျိုးဆက် လူကြီးလူကောင်း လူချမ်းသာတွေဟ၊ အကျင့်စာရိတ္တတွေလည်းကောင်းကောင်းတွေ၊ ဒီကောင် လေး,ငါးနှစ်သားကတည်းက သူ့မိဘနှစ်ပါးက အက်ဆစ်ဒ်နဲ့ထိပ်နဲ့ ဆုံးတာ၊ ဆွေမျိုးတွေက ငွေကြေးလုပ်ငန်းတွေကို ဝိုင်းထိန်းပေး စီမံခန့်ခွဲပေးနဲ့ သူ့အစ်ကို ဘွဲ့ရတော့ အစ်ကိုကြီးကို ဝိုင်းသင်ကြား အပ်နှံပေးပေါ့ဟာ၊ သူ့အစ်ကိုက သူ့ထက်ဆယ့်နှစ်နှစ်လောက် ကြီးတယ်ဟ ...



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်က ဆယ်တန်းအောင်ကတည်းက ဟိုမှာ ကျောင်းသွားတက်၊ အလုပ်လုပ်နဲ့၊ လူတော်တစ်ယောက်ပဲ ဟ၊ တစ်ယောက်တည်း သီးသန့်လေး နေတတ်တဲ့ စရိုက် ပေါ့ဟာ၊ ကလေးဘဝကတည်းက မိဘမဲ့ခဲ့တဲ့သူကိုး၊ အရင် ကတော့ ဒီကောင် နှစ်နှစ်တစ်ခေါက်လောက် ပြန်တယ်၊ ခုတော့ ဒီကောင် ဒီမှာပဲနေဖို့ အခြေချလိုက်ပြီ၊ ငွေလည်း စုမိပြီ၊ အရင်တစ်ခေါက်ကတည်းက သူ့ကိုယ်ပိုင်ဆောက် လုပ်ရေးနဲ့ ဒက်ကိုရေးရှင်းကုမ္ပဏီထောင်ဖို့ စီစဉ်ခဲ့တာ၊ ခုတစ်ခါတော့စပြီ၊ ဒီမှာပဲ သူနေတော့မှာ၊ ဒီကောင် လူ ကောင်းဟ"

မကောင်းတာလည်း တစ်ခွန်းမှ မပါပါလား။ နရဏီ က ခပ်မဲ့မဲ့နှင့် ငြိမ်နားထောင်နေပေးလိုက်ပါသည်။ အတင်းကို ပို့ပေးတော့တာပဲ။ နရဏီသည် သူ မသိဘဲ ကျိတ်လုပ်ရက်တဲ့ စပယ့်ကိုလည်း ဒေါပွပွနှင့် အခဲမကျေသည်ရှိရာ ...

"စပယ် ပြောတော့ တစ်မျိုးပါလား"

"စပယ်ဖြူဖြူက ဘာတဲ့လဲ"

"စပယ် ပြောတော့ ဒီလူက လူရှုပ်တဲ့၊ မိန်းမပွေတယ်တဲ့ ပွေချင်လို့ ခုထိ အိမ်ထောင်မပြုဘဲ နေတာနေမှာပေါ့တဲ့"

"အာ ... မဟုတ်တာ၊ မဖြစ်နိုင်တာ၊ စပယ်က သူ့အကြောင်း သိလို့လား"





"ဪ ... သိပါသော်ကော ကိုမူးအန်ရယ်၊ စပယ်က မကြာခင် လက်ထပ်တော့မှာ၊ စပယ့်အမျိုးသားနဲ့ ဒီလူ နရသူနဲ့က ဟိုမှာ သူငယ်ချင်းတွေ၊ တစ်ချိန်လုံးတွဲတာ၊ ဒါကြောင့် စပယ်က ဒီလူကို ကောင်းကောင်းသိတယ်၊ ကဂျိုကကျောင် လူစားတဲ့၊ တစ်ကိုယ်ကောင်း အတ္တသမား တဲ့"

မာန်ဦးသည် နရသူ မိန်းမ မပွေမရှုပ်တာကိုတော့ ရဲရဲငြင်းရဲသော်လည်း နောက်ဆုံးမှတ်ချက်များကိုတော့ ရဲရဲမငြင်း ရဲဘဲ ခပ်တွန့်တွန့်နှင့် ...

"အာ ... ဟုတ်မယ် မထင်ပါဘူးဟာ၊ စပယ် လူလွဲပြော တာ နေပါလိမ့်မယ်၊ ဒါမှမဟုတ်ရင်လည်း နောက်တာများ လား"

"ငါမသိတဲ့ လူတစ်ယောက် အကြောင်းကို ငါ့ကို နောက် ပြောင် ပြောနေစရာလားဟဲ့၊ သူက ငါ့ကို သတိတောင် ထပ်ပေးသေးတယ်၊ ကြည့်ဆက်ဆံဖို့ပေါ့၊ ကြောင်အပေး အယူကိစ္စပြီးရင် တတ်နိုင်သမျှ မပတ်သက်နဲ့တဲ့၊ အဲဒါ ကြောင့် ငါကလည်း လန့်ပြီးတော့ နင့်ဆီ ဖုန်းနံပါတ်တောင်း ပြီးတော့မှ မဆက်တော့ဘဲ နေလိုက်တာပေါ့"

မာန်ဦးသည် အူကြောင်ကြောင်ဖြစ်ကာ ...

"ဟာ ... တစ်ခုခုတော့ မှားနေပြီထင်တယ်နော် နရဏီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှားနေလို့လဲ"

"ငါ မပြောတတ်ဘူး၊ စပယ်က နရသူနဲ့လည်း ခင်မင်ရက်နဲ့၊ ပြီးတော့ သူကိုယ်တိုင်ပဲ ကြောင်ကြီး လူကြုံပါးထည့်လိုက်ပြီးတော့"

"ဒါတော့ တခြားလူကြုံ မရှိလို့ နေမှာပေါ့"

"မဟုတ်သေးပါဘူး"

မာန်ဦး ခေါင်းတကုတ်ကုတ် ဖြစ်နေမိသည်။ နရသူ့စကားအရ စပယ်ဖြူဖြူဟာ သူ့သူငယ်ချင်း လုကြောင်း ချောကြောင်းတွေပြောပြီး နရသူ့ကိုမှ တမင်ရွေးကာ လူကြုံပို့ခိုင်းကြောင်း နရသူ့ကိုတော့ ပြောခဲ့ပြီး တစ်ခါ နရဏီကိုကျတော့ နရသူ မကောင်းကြောင်း အတင်းအဖျင်းတွေ လှမ်းသတင်းပို့ထားတာ ဘာသဘောမျိုးလဲ၊ စဉ်းစားလို့ကို မရ။

"အဲ ... အဲဒီတော့ နင်က နရသူ့ကို စပယ့်စကားအတိုင်း ဆက်မပတ်သက်ဘူးပေါ့"

"အေးပေါ့၊ ကြောင်လည်း ငါ့လက်ထဲ ရောက်နေမှ ပတ်သက်စရာလည်း ရှိမှ မရှိတာ"

"ကြောင်စာတွေလည်း မတောင်းတော့ဘူးပေါ့"

"ဟင့်အင်း"

"သူ လာပေးရင်ကော"

နရဏီသည် ရယ်ချင်လာသဖြင့် အောက်နှုတ်ခမ်းလေးကို ဖိကိုက်ထားလိုက်ရကာ ...





"သူကလည်း လာတော့ တကူးတက ပေးမှာမဟုတ်ပါဘူးဟယ်၊ ရှောင်တော့ ပုန်းရမှာပေါ့၊ မတော်တဆ တည့်တည့်တိုးရင်တော့ စိတ်မပါ အသက်မပါ ပြုံးပြရတော့မှာပေါ့ဟယ်"

ပြောပြီး နရဏီသည် ပါးစပ်ကို လက်ဝါးနှင့်အုပ်၍ ကျိတ်ရယ်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၆

ကန်စပ်ဆိုင်ကလေးရဲ့ ရေစပ်နှင့် ထိနေသော ဝရန်တာပြင်ကျယ်ကျယ်ကြီးပေါ်မှာ စားပွဲဝိုင်းတွေ ခပ်ကျဲကျဲရှိသည်။ နရသူသည် ထိုင်ခုံမှာ မှီထိုင်ကာ လက်ရန်းနှစ်ဖက်ပေါ် တံတောင်ဆစ်ထောက် လက်ချောင်းများကို နှစ်ဖက်ပူးဆက် ထိတွေ့ကာ နဖူးကြောကို ရှု့၍ ငြိမ်သက်အတွေးနက်ကာ နေသည်။

ခဏအကြာမှာတော့ ခေါင်းကို ဖြည်းဖြည်းသာသာ ခါယမ်းလိုက်ပြီး သက်ပြင်းတစ်ချက်နှင့် ထိုင်ရာက ထရပ်လိုက်ပါသည်။ သူတို့စားပွဲနှင့်ကပ်ရက် ဓရန်တာလက်ရန်းပေါ် ခါးကိုင်းလက်ထောက်ကာ ကန်ရေကို ငေးကာကြည့်နေရင်း ...

"ငါ လေဆိပ်မှာ သူ့ကို စမြင်မြင်ချင်းကတည်းက စိတ်ဝင်စားမှု ရှိပါတယ်"

မာန်ဦးက သီဟိုစေ့လှော်တွေကို ဝါးနေရင်း နရသူ့စကားကို အာရုံစိုက် နားထောင်နေပါသည်။ မာန်ဦး ဘီယာခွက်က လျော့နေကာ နရသူ့ ဖန်ခွက်က မလျော့သေး။





"ဒါပေမဲ့ ငါ့စိတ်က မင်းသိတဲ့အတိုင်း တစ်ခုခု Against ဝင်လာပြီဆိုရင် ပိုပြီးတော့ အရူးအမူး အသဲအမဲ ဖြစ်တတ်တယ်၊ စီးပွားရေးမှာ၊ အလုပ်ခွင်မှာ၊ ပတ်ဝန်းကျင်မှာ ဒီအတိုင်းပဲ၊ ငါ ဖြစ်ခဲ့စမြဲပဲ။ အခု ငါက ခပ်ဖြူးဖြူး ထင်ထားတဲ့ လမ်းတစ်ခုက ဘာမှန်းမသိဘဲ သိပ်နားမလည်နိုင်ဘဲ ကောက်ကွေ့လာပြီ၊ ဘာလွဲနေမှန်း မသိဘူး၊ အဲဒီတော့ ငါ့စိတ်ကို ပိုပြီးလှုပ်ရှားစေတယ်"

နရသူက တစ်လုံးချင်း ခပ်ဖြည်းဖြည်း ပြောနေပါသည်။

"အဟင်း ...၊ သူကလည်း နရဏီ၊ ငါကလည်း နရသူကွာ၊ ငါ့ကို အသက်မပါ စိတ်မပါ ပြုံးပြမယ်ဆိုတဲ့ မိန်းမကိုမှ ငါက ပိုပိုစိတ်ဝင်စားလာပြီ"

နရသူက ပြုံးပြီး လက်ထောက်မပျက် မာန်ဦးဘက်ငဲ့ကြည့်လိုက်၍ မာန်ဦးက ပခုံးတစ်ချက် တွန့်ပြလိုက်ပါသည်။

"ဘာမှတောင် မစ,ရသေးဘူး၊ ဘာအဖျက်အမှောင့်တွေ ဝင်လာတာပါလိမ့်၊ စပယ်ဖြူဖြူကကော ဘာသဘောလဲ၊ တကယ်ပဲ အဲလိုလှမ်းပြောသလား၊ ငါ့ကို ဘဝင်ခပ်မြင့်မြင့် လူတစ်ယောက်ဆိုပြီး တမင်ချွတ်မလို့ပဲ ကြံတာလား၊ သူတို့သူငယ်ချင်းတွေစုပြီး ကွယ်ရာမှာ ငါ့ကို ဟားကြမလို့လား၊ ဒါမှမဟုတ် နရဏီကပဲ လုပ်ကြံပြောတာလား၊ စဉ်းစားမရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"စပယ်ကကော ဟိုမှာ မင်းနဲ့ တော်တော်ခင်လား"

"တော်တော်ကြီးတော့ မခင်ဘူးပေါ့လေ၊ လင်းထက်အောင်နဲ့ကတော့ ငါနဲ့ အတော်ခင်တာပေါ့၊ လင်းထက်အောင်နဲ့ တစ်ဆင့်ပတ်သက်ပြီးမှ လင်းထက်အောင်ရဲ့ ကောင်မလေး အဖြစ် သူ့ကို သိရတာလေ၊ သူတို့နှစ်ယောက်နဲ့အတူ ငါ ပါ အပါအဝင် ဟိုဟိုဒီဒီ လျှောက်လည်ဖူးတယ်၊ စားသောက်ဆိုင်တွေ ဘာတွေ သွားပေါ့ကွာ၊ အတွင်းကျကျကြီးတော့ မရင်းနှီးပါဘူး၊ ကြားက လင်းထက်အောင်ကြောင့်တော့ သူ့အကြောင်း ကိုယ့်အကြောင်း သိကြတာပေါ့လေ။ ဒီလောက်ပဲပေါ့"

"စပယ်ဖြူဖြူ အနေနဲ့ မင်းကို ချောက်ချစရာ ချွတ်စရာ ဘာအကြောင်းရှိလဲ၊ မကြည်တာ ရှိနိုင်လား"

"မရှိနိုင်ဘူးလို့တော့ ထင်တယ်"

မာန်ဦးက စိတ်ရှုပ်လာသလို မျက်ခုံးကြီးတွန့်ရင်း...

"မင်းက အေးအေးဆေးဆေး ရိုးရိုးသားသားနဲ့ လေဆိပ်မှာတွေ့ပြီး နောက်တစ်ရက် ပေးစရာရှိတာ သွားပေးလိုက်တာ မဟုတ်ဘူး"

"ပေးလည်း ဘာထူးလဲ၊ စပယ်က တကယ် ငါ့ကို မကောင်းပြောတယ်ဆိုရင် ငါသွားပေးလည်း ပြောမှာပဲ၊ ငါသွားမပေးလည်း ပြောမှာပဲ"





"သူ့ကြောင်စာဖိုးတွေ မင်း မြန်မြန်သွားပို့မပေးလို့ ဒေါကန်ပြီး မကောင်းတွေ ပြောသလားမှ မသိတာ"

"သူပဲ ရှေ့ဆက်ဖို့ စိတ်ပါရင် ကြောင်စာထုပ်တွေ တစ်ခါတည်း မပေးဘဲ နောက်မှသွားပေးဖို့ သင်လွှတ်လိုက်တာပဲလေ"

"သူပြောတာက တစ်ရက်လောက်လေ၊ မင်းက သွားမပေးတာ သုံးလေးရက်။ ဒီတော့ သူ့ကြောင်ကို ငတ်အောင်လုပ်တယ်ဆိုပြီး ဒေါကန်ရင် ကန်သွားမှာပေါ့"

"ဘာတွေမှန်း မသိပါဘူးကွာ၊ ထားလိုက်ပါ၊ အရေးပါတာက အခု ငါ့ခေါင်းထဲမှာရော ငါ့ရင်ထဲမှာရော အဲဒီ နရဏီ အကြောင်းပဲ အချိန်ပြည့် ဖြစ်နေပြီ၊ အသည်းတွေယားပြီး စိတ်တွေ လှုပ်ရှားနေပြီ။ တွေ့ဖူးတာလည်း တစ်ကြိမ်တည်း။ ငါးမိနစ်လောက်ပဲ၊ ဒါပေမဲ့ သူက ငါ့ကို ဆွဲနဲ့သွားပြီကွ မာန်ဦးရ"

မာန်ဦးက သူ့သူငယ်ချင်း လူပျိုကြီး ကျွတ်တန်းခင်ချိန်တန်တာ ထင်ပါရဲ့လို့ သဘောတကျတွေးရင်း ခပ်တိုးတိုးရယ်မောနေမိပါသည်။

"သူ့ပုံစံက မခို့တရို့နဲ့ကွ၊ အကြည့်ကလည်း ခပ်ပြင်းပြင်းပဲ၊ သူစိမ်းယောကျ်ားတစ်ယောက်ကို ကြည့်ရှုပြောဆိုဆက်ဆံရာမှာလည်း တစ်ချက်ကလေး ရှိုးတိုးရှန့်တန့်မရှိ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ သိပ်သက်သောင့်သက်သာဖြစ်တယ်၊ အဲဒါက သဘောကျစရာပဲ”

“အေးပါကွာ၊ မင်း သဘောကျပြီဆိုတော့လည်း သူ့ရဲ့ဘာလေးကပဲဖြစ်ဖြစ် သဘောကျစရာချည်း ဖြစ်နေတော့မှာပေါ့ကွာ၊ တစ်ခုပဲရှိတယ်၊ မင်းအတွက် ဒီအတွေ့အကြုံဟာ အစိမ်းဖြစ်တဲ့အတွက် မင်း ကိုယ့်ကိုယ်ကိုယ်တော့ သေချာပစေ နရသူ၊ ရှေ့တိုးမိပြီးရင် နောက်ဆုတ်ဖို့ သိပ်မလွယ်အောင် ကြားလူတွေက မျက်နှာထောက်စရာတွေ ဖြစ်နေတယ်၊ မင်း မထိတထိတော့ သွားလုပ်လို့ မဖြစ်ဘူး”

နရသူက ခေါင်းကို တဆတ်ဆတ် ညိတ်နေပါသည်။

❦ ❧ ❦

တံခါးဝမှ ဘဲလ်သံကြောင့် တံခါးမကြီးကို ဖွင့်လိုက်တဲ့ ကြီးကြီးဒေါ်ဝတ်မှုန်သည် အပြင်ဘက် သံတံခါးတစ်ထပ်ရဲ့ဟိုဘက်တွင် ရပ်နေသော လူရွယ်ချောကို ကြည့်နေမိပါသည်။ အရပ်အမြင့်ကြီးမှ ထွားကျိုင်းတဲ့ ခန္ဓာကိုယ်တွင် ချပ်ရပ်သောတီရှပ်ဖြူကို ဝတ်ထားသည်။ တီရှပ်ဖြူက ကိုယ်မှာ ဘော်ဒီဖစ်ထ





ဖြစ်ကာ လည်ပင်းပေါက်ကလည်း လည်ပင်းသားမှာ ထိထိကပ်ဘပ်။ အောက်က မီးခိုးရောင်လိုလို ကာကီရောင်လိုလို ဘောင်းဘီဟာ ထူပြီးပွလျက် ကြည့်ကောင်း ပုံကျလှကာ ခါးပတ် ပတ်ဘားတာကအစ စတိုင်ကျနေပါသည်။

အိမ်က “အတတ်စိန်မ” နရတို့မှာ ဒီလို ခန့်ညားကြည့်ကောင်းတဲ့ ယောကျ်ားလေးမိတ်ဆွေ ရှိတယ်လို့ တစ်ကြိမ်မှသိခဲ့ရ။

သူနဲ့ ခင်မင်တဲ့ ယောကျ်ားလေးဆိုလို့ မောင်ဆိုးဆိုတဲ့ မိုးဆောင်တစ်ယောက်လောက်သာ ကြီးကြီးသိတာ။ အလုပ်သဘောအရ ဆက်ဆံရတဲ့ ယောကျ်ားမျိုး ရှိကောင်း ရှိနိုင်သော်သည်း အိမ်ကို ဝင်ထွက်လည်ပတ်ခွင့်ရတဲ့သူ ရှိပုံမရ။ တစ်ခါဘစ်ရဲ အလုပ်ကိစ္စဖုန်းမှာ ယောကျ်ားသံ ကြားရတတ်ပေမယ့်ရေတို့ဘက်က ပြောသံမှာ တင်းပြတ်ပြတ်နှင့် တကယ့်ကိုအလုပ်သဘော ဆန်လှသည်။

တစ်ခါတစ်ရံများ သူ့ဆိုင်ကို ကြီးကြီး အပျင်းပြေသွားဖူးပြီး သူ့ဆီလာတဲ့ ဧည့်သည် ကပ်စ်တမ်မာထဲက သူနဲ့ကြည်နည်းပါးပါး ရင်းနှီးပုံရတဲ့ ယောကျ်ားပျိုမျိုးများတွေ့ရင်ကြီးကြီးမှာ ပုံမှန်ထက် အာရုံလေးစိုက် အကဲခတ်တယ်ရှိသေး။ ရောတို့ရဲ့ မာရေပြတ်ရေ ဆက်ဆံပုံကြောင့် ကြားတည်းက အားဘွေမှာ မျက်နှာတွေ ပူရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နရဏီကို အပျိုကြီး မဖြစ်စေချင်ကြသည်မှာ အမေ ရှိကားရောက်နေတဲ့ သူ့မိဘနှစ်ပါးရော ကြီးကြီးရောပင်။ ကြီးကြီး ဟာလည်း ခုချိန်မှာ တစ်ကိုယ်တည်းပေမယ့် အပျိုကြီးတော့ မဟုတ်ပါ။ ကြီးကြီးရဲ့ ခင်ပွန်းဟာ မွေးရာပါ နှလုံးရောဂါသည် မို့ ငယ်ငယ်ရွယ်ရွယ် အသက်လေးဆယ်လောက်ကတည်းက ဆုံးပါးခဲ့ပါသည်။

သားသမီးလည်း မရှိတော့ ကြီးကြီးဟာ အဲဒီအချိန် ကတည်းက တစ်ကိုယ်တည်း အထီးကျန်ခဲ့ရတာ။ နရဏီ မိဘ တွေ အလုပ်နဲ့ နိုင်ငံရပ်ခြား သွားကြတော့မည်ဆိုတော့ တူမ နရဏီနှင့် အတူလာပေါင်းနေကာ စောင့်ရှောက်ပေးရဖို့ ဖြစ်လာ လေရာ ကြီးကြီးမှာ ဝမ်းသာအားရ ဖြစ်ရသည်။ တစ်ကိုယ်တည်း မဟုတ်တော့ဘဲ အတူနေအဖော်ကလေး ဘာလေးနှင့် အပျင်းပြေ လာရတာ။

ဘာပဲဖြစ်ဖြစ် ကိုယ့်မှာ ဒီကျွမအရင်း ရှိသေးသည်။

နရဏီသာ အပျိုကြီးဖြစ်လျှင် သူ့မှာ တူမလည်းရှိ တာမဟုတ်။ မောင်နှမရင်းချာလည်း ရှိတာမဟုတ်။ ဘယ်လောက် တောင် တစ်ကိုယ်ရည် အထီးကျန်ဆန်လိုက်မလဲ။ ထိုသို့မဖြစ်စေ လို၍ နရဏီကို ဘယ်သူကမှ အပျိုကြီးမဖြစ်စေလိုကြပါ။ လူကြီး မိဘတွေက ချစ်သူရှိလို့ ဆူပူတားမြစ်မည့် လူကြီးမိဘမျိုးတွေ မဟုတ်ကြဘဲ ချစ်သူရှိစေချင်တဲ့ လူကြီးမိဘမျိုးတွေ ဖြစ်နေကြ ပါလျက် နရဏီက ခက်နေသည်။





ကြီးကြီးသည် အတွေးတွေကို ဖြတ်ကာ သံတံခါး ပြင်က လူချောကို ဖော်ရွေစွာပင် ...

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲကွယ်"

လက်ထဲကအိတ်ကို လက်ပြောင်းကာ နမူးပြင်လေး ဟိုကုတ်ဒီကုတ်ခြစ်ရင်း နရသူက ခပ်ရှိုးတိုးရှန့်တန့်နှင့် ...

"နရဏီ ရှိပါသလား ခင်ဗျာ"

"နရဏီ ! "

ကြီးကြီးက ပြုံးကာ ရေရွတ်မိပြီးမှ ...

"မရှိဘူး သားရဲ့၊ သူ ဆိုင်ကိုသွားပါတယ်၊ သားက ဘယ် သူများလဲ၊ ဘာကိစ္စရှိလို့လဲ"

"ဩော် ... ဟို ..."

နရသူက နွံ့နွံ့ညှံ့ညှံ့ ပြုံးလိုက်ရင်း ...

"ကျွန်တော် နရသူပါ၊ စင်ကာပူက ကြောင်ကြီး ဂျိုလီ ကိစ္စပါ"

"ဩော် ...၊ ဟုတ်လား ...၊ ဩော် ..."

ကြီးကြီးက အထပ်ထပ် အံ့ဩနေပြီးမှ ...

"တံခါးဖွင့်ပေးရမလား သား၊ အထဲဝင်မလား၊ နရဏီက တော့ မမြင်ဖူးတဲ့ လူသူစိမ်းဆိုရင် သူက ဘယ်သူဘယ်ဝါ ကြီးပါပြောပြော တံခါးမဖွင့်ပေးရဘူး မှာထားပါတယ်၊ ဒါပေမဲ့ ဂျိုလီကို သိနေမှတော့ လူလိမ်မဖြစ်နိုင်ပါဘူး၊ ဟဲ့ နော် ... အိကျုံး"



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးက ဘေးက အိမ်အကူ မိန်းမငယ်လေးကို ငုံ့မေးလျှင် နရသူမှာ ရိုးသားအေးချမ်းတဲ့ အမျိုးသမီးကြီးကို ခင်မင်ရယ်ချင်မိတော့လျက် ...

"နေပါစေ အန်တီ၊ ကျွန်တော်ကလည်း နရဏီနဲ့ တွေ့ရမှ ပြီးမှာမို့ သူ မရှိရင် မဝင်တော့ပါဘူး"

"သူနဲ့ တွေ့ရမှ ပြီးမှာ !!"

"ဟုတ်ကဲ့ ခင်ဗျ၊ ကိစ္စကတော့ ဒီကြောင်စာထုပ်တွေ လာပေးတာပါ၊ ဒါပေမဲ့ သူနဲ့တွေ့မှ ကျွန်တော်က ပေးချင်တာ၊ ဒါကြောင့် ဒီမှာ ပေးမထားခဲ့တော့ဘူး"

"အေး ... အေး၊ ဆိုင်ကို လိုက်သွားပေါ့သားရဲ့၊ ဆိုင်မှာ သူရှိတယ်၊ သူ့ဆိုင်ကို သား သိသလား"

"ဟုတ်ကဲ့ ... သိပါတယ်"

"အေး ... ဒါဖြင့် အဲဒီလိုက်သွားလိုက်သား၊ လိုက်သွားလိုက်"

ကြီးကြီးပုံစံကို နရဏီသာရှိလျှင် စိတ်တိုဦးမည်ပင်။ လိုက်မသွားမှာကို စိုးနေတဲ့အလား အထပ်ထပ် မှာနေတာဖြစ်သည်။

"ဂျူလီ အဆင်ပြေပြေပဲ မဟုတ်လား အန်တီ"

"အဆင်ပြေတယ် ပြေတယ်၊ အီကျူး ... ဂျူလီခေါ်ခဲ့ပြစမ်း"





ကောင်မလေး ပြေးဝင်သွားပြီး မကြာခင် ကြောင်ကြီးကို ပွေ့ချီကာ ပြန်ထွက်လာသည်။ ဒီကလေးမလေး ချီလို့ဆောင်ရကာ ခပ်ယဉ်ယဉ် ရင်းနှီးနေပြီ အသိသာမို့ နရသူ စိတ်ချသွားရပါသည်။

"အပေါ်ထပ်က တစ်ခန်းမှာလည်း သူ့လိုကြောင်ကြီးဆန်ဆန်မျိုး ရှိတယ် သားရဲ့၊ သူတို့ကတော့ ယိုးဒယားကြောင်လို့ ပြောတယ်၊ အမွေးရှည်ပဲ၊ အဲဒီအခန်းက မိန်းကလေးနဲ့ ဒီက အီကျူးနဲ့က ဈေးသွားရင်း ပြုရင်း တွေ့နေဆုံနေကြတော့ စကားစပ်မိပြီး ဟိုကြောင်ကြီးက ကွေကာအုပ်တိုက်ရင် ကြိုက်တာ ပြောပြလိုက်တာ ...

ဒါနဲ့ အီကျူးက ကွေကာအုပ် သွားဝယ်ပြီး ဖျော်တိုက်ကြည့်တာ စားလိုက်တာဆိုတာလေ၊ အဲဒါကြောင့် အဆင်ပြေသွားတာပေါ့၊ နို့မို့ နှစ်ရက်လောက်ဟာ ဘာမှမစားဘဲ ရေလေးပဲ နည်းနည်းစွတ်ရုံသောက်တာ၊ ခုတော့ ဟန်ကိုကျလို့၊ နရဏီသာ မချစ်တတ်တာ၊ ကြီးကြီးက ကြောင်ချစ်တယ်ကွယ်၊ စပယ်က ပြန်ပို့ပါ ဆိုရင်တောင် လွမ်းရဦးမှာ"

"စပယ်က နေရဦးမှာပါ အန်တီ"

"အေး ... အေး၊ သားနာမည် ဘယ်သူ၊ နရသူနော်၊ ရှင်ဘုရင် နာမည်မျိုးပေါ့၊ နောက် နရဏီနဲ့ တွေ့ဆုံပြီးပြီဆိုရင်တော့ အိမ်လာလည်ဦးနော်၊ သိကျွမ်းပြီးသား လူဆိုရင်တော့ တံခါးဖွင့်ပေးလို့ ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ခင်ဗျ"

"သားက စင်ကာပူမှာ ဘာလုပ်တာလဲ"

"ကျွန်တော် အင်ဂျင်နီယာပါ"

"ဩော် ... ကောင်းတာပေါ့၊ ကောင်းတယ်၊ အခု ခဏ လာလည်တာလား၊ အပြီးပြန်လာတာလား သား"

"အပြီးနေတော့ဖို့ စိတ်ကူးပါတယ် အန်တီ"

"ကောင်းတယ်၊ ကောင်းတယ်၊ နောက်လည်း လာလည်ပေါ့နော် သား"

"ဟုတ်ကဲ့ပါ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး အန်တီ"

နရသူက ငယ်ထိပ်ပေါ် ထင်ထားသော နေကာမျက်မှန်ကို မျက်လုံးပေါ် ဆွဲချအုပ်ပစ်လိုက်ပါသည်။ အဲဒီဟန်ပန် ခပ်မိုက်မိုက်ကိုလည်း ကြီးကြီးက သဘောတွေ ကျနေမိလျက် ...

"အေး ... အေး၊ ဆိုင်ကို သွားလိုက်နော် သား"

"ဟုတ်ကဲ့"

နရသူက ပြုံးပြီး လှည့်ထွက်ကာ ဓာတ်လှေကားမှ မဆင်းဘဲ လှေကားထစ်များအတိုင်း နင်းကာဆင်းလာသည်။ လက်ထဲက ကြောင်စာထုပ်ကြီးကို ငဲ့ကြည့်မိသေးသည်။ ထားရစ်ခဲ့လည်း ရသားနဲ့ တွေ့ရမှ ပေးမည်ဆိုပြီး အပင်ပန်းခံ ပြန်သယ်လာခဲ့ပြီ။ ရပါတယ် ဘာဖြစ်လဲ၊ ပင်ပန်းပါစေ။ သူကလည်း ဒီလိုလုပ်တော့မယ်ဆိုရင် ဒီအတိုင်းကို လုပ်ရမှဆိုတဲ့ လူစားမျိုး မဟုတ်လား။





နရသူသည် မာန်ဦးထံက သူသိထားကဲ့ နရဏီဆိုင် တည်ရှိရာသို့ ကားကိုမောင်းလာခဲ့သည်။ ပါရမီလမ်း ဆိုင်ခန်းတွဲများမှာ ပိတ်စဆိုင်၊ ဖက်ရှင်အဝတ်အထည်ဆိုင်နှင့် ဖိနပ်ဆိုင် သုံးဆိုင်ဆက်လျက် တစ်တွဲတည်း ဖွင့်ထားသည်လို့ သိရသည်။

တစ်ကြိမ်ပဲ ခဏတဖြုတ်သာ တွေ့မြင်ဖူးလိုက်ရတဲ့ နရဏီ မျက်နှာဟာ ခုချိန်ထိ နရသူ့ အာရုံထဲက မထွက်တာ အမှန်ပါ။ စင်ရော်တောင်မျက်ခုံးလေးနှင့် မျက်နက်ရွှန်းတောက် ကလေးကို ရှုံ့ရဲရဲ ပင့်ကြည့်တဲ့ဟန်က ညှို့နိုင်စွမ်း ပြင်းထန်အား ကောင်းလှသည်။ သူ့စိတ်ကို တစ်ကြိမ်တည်း တစ်ထိုင်တည်း လှုပ်ခတ်သွားစေနိုင်ခဲ့ပါလျက် ဒီလောက်ထိ ရက်တွေအများ ကြီးခြားအောင် သူ ဘာကြောင့် နေခဲ့မိပါသနည်း။

အဓိက,ကတော့ တော်ရုံနဲ့ ငြိတွယ်မလွယ်ခဲ့တဲ့ သူ့အတ္တမာနကို သူ ကိုယ်တိုင်ပြန်ပြီး ရှက်ရွံ့သလိုလို မိန်းမ တစ်ယောက်ကို ချစ်မိတယ်ဆိုတဲ့ အဖြစ်ကို လက်မခံချင်သလိုလို တွန့်ဆုတ်နေခဲ့တာ။ ခုလို တစ်ဖက်က မိန်းမက သူ့ကို ရှောင် တဖယ်ဖယ်လို့ သိရပြန်တော့ မခံချင်စိတ်တွေက ရှန်းကြွလာပြန် တာဖြစ်သည်။

တိုက်ခန်းတံခါးဝက နရသူ ပျောက်ကွယ်သည်နှင့် နောက်ပိုင်းတွင် ဖြစ်ပျက်ကျန်ခဲ့သည်မှာ ...

"ဟဲ့ ... အီကျုံး၊ နရဏီဆီ ဖုန်းဆက်စမ်း၊ ခုဆက် ... ခုဆက်"



www.burmeseclassic.com

www.burmeseclassic.com



"ဆက်ပြီး ဘာပြောရမှာလဲ ကြီးကြီး"

"ဆက်မှာ ဆက်ပါ၊ ရရင် ငါပြောမှာပေါ့ဟဲ့"

ကြီးကြီး ဒေါ်ဝတ်မှုန်သည် သူ့တူမချော အပျိုကြီးထံသို့ လူရွယ်ချောကြီးအကြောင်း ကြိုတင်သတင်းပို့နှင့်ဖို့ရာတာဝန်ရှိသည်ဟု သူ့ကိုယ်သူ ယူဆထားပါသည်။ သူ့တူမထံ ဒီလို အထက်တန်းကျကျ သားသားနားနား အမျိုးသားမိတ်ဆွေလာလည်တဲ့ အဖြစ်ကို အူမြူးကျေနပ်နေလေရာ ဝမ်းသာအားရနှင့် ချက်ချင်း ပြန်လည်သတင်းလုပ် ပြောချင်တာက တစ်ချက်၊ တော်ကြာ ထိုအမျိုးသားမိတ်ဆွေ ရုတ်တရက် ရောက်လာနိုက်ယုံရတာ မဟုတ်တဲ့ နရဏီဟာ တော်ရိလျော်ရိ ဖိုသီဖတ်သီနေနေတာမျိုး၊ အာကျယ် အာကျယ် လုပ်နေတာမျိုးနှင့် တိုးနေမှာစိုးတာတစ်ချက်။

"ကြီးကြီး ရပါပြီ"

"အေး ... လာပြီ"

အုန်းကြည်လက်မှ ဖုန်းကို ခပ်သွက်သွက်ယူကာ...

"ဟဲ့ ... နရဏီ"

"ကြီးကြီး ... ဘာလဲ"

"ညည်း ခုဘာလုပ်နေလဲ"

"ဘာလုပ်ရမလဲ ကြီးကြီးရဲ့၊ ဆိုင်မှာ ခါတိုင်းလုပ်နေကျအလုပ်တွေပဲ လုပ်နေတာပေါ့၊ ဘာကိုမေးတာလဲ"

"ညည်း လှလှပပ သပ်သပ်ရပ်ရပ် ရှိရဲ့လား"





နရဏီက မျက်မှောင်ကုတ်ကာ အသံဆောင့်ဆောင့်နှင့် ...

"ဘာဖြစ်လို့လဲ"

"ဪ ... ညည်းဆီကို လူတစ်ယောက် လာနေတယ်၊ အခု လာနေပြီ၊ တခြားတော့ မဟုတ်ဘူးဟေ့၊ ကျုံလိုက်ခေါ်လာတဲ့သူ"

"ဘယ်သူ"

"ကြောင်သယ်လာပဲ့ လူကြီးလေ၊ နရသူတဲ့"

"ဟင်"

နရဏီ အသံက အလန့်တကြား ထွက်ပေါ်လာရသည်။

"ကြီးကြီးက ဘယ်လိုလုပ် သိလဲ"

"ခုပဲ အိမ်က ထွက်သွားတာပဲလား၊ ညည်းဆီ သွားမလို့တဲ့"

"ဟာ ... ကြီးကြီးက ဘာဖြစ်လို့ သူမီးရဲ့ဆိုင်ကို ညွှန်လိုက်ရတာလဲ"

"မညွှန်ရပေါင်တော်၊ သူ့ဟာသူ သိနှင့်ပြီးသားပါ၊ သူ့ဟာသူ သွားတာ"

"အား ... ဒုက္ခပဲ"

"ဘာဖြစ်လို့လဲ၊ ဒီသူငယ်ကို ကြည့်ရတာ မွန်မွန်ရည်ရည်ထဲကပဲ သမီးရဲ့၊ အဆင့်အတန်းရှိရှိ မိကောင်းဖခင်သားသမီးပုံကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီးကတော့ ကိုယ့်တူမအနား ဘယ်သူကပ်လာမလဲ ကပ်လာတဲ့သူတိုင်းကို ဆီးပြီးသဘောကျနေတာချည်းပဲ ရုပ်ကလေးပဲကြည့်ပြီး ကြီးကြီးက အဟုတ်မှတ်နေ၊ အဲဒီ လူက သိပ်တစ်ကိုယ်ကောင်းဆန်တဲ့ အတ္တသမား၊ အကြော ကြီးနဲ့ လူပါးဝပ်ဝဝ၊ ကောင်းတာ မဟုတ်ဘူး"

"ဟဲ့ ... ဘယ့်နှယ် ဖွတ်အတင်း အပုပ်ချနေတာလဲ၊ ညည်း ပြောသလို ဟုတ်မယ် မထင်ပါဘူး၊ အင်ဂျင်နီယာ တဲ့၊ အခု မြန်မာပြည်မှာပဲ နေတော့မှာတဲ့"

"ကဲ ... ကဲ ... သမီး ဖုန်းချတော့မယ်"

"အေး ... အေး၊ အဆင်သင့် စောင့်နေ"

ကြီးကြီးတို့မျှား တူမကိုသင်ပုံက အဆင်သင့်တောင် စောင့်နေရဦးမတဲ့။ သူ မလာခင် အဆင်သင့် သင်ရကြားရမှာရ ပြုလုပ်ရပြီးသော် နရဏီက ပစ္စည်းပို ဘူးတွေ ပုံးတွေထားတဲ့ အပေါ်ထပ်ခိုး အနိမ့်ကလေးဆီ တက်လာကာ အဆင်သင့် ပုန်း နေလိုက်ပါသည်။

အချိန်မီတယ်ဆိုရုံ အံကိုက်ပင်။ နရဏီလည်း ထပ်ခိုးပေါ်ရောက်၊ နရသူ့ကားလည်း ဆိုင်တန်းရှေ့ ရပ်တာပင်။ နရသူက "နရဏီ အထည်ဆိုင်" "နရဏီ ဖက်ရှင်စတိုး" "နရဏီ Foot wears "ဆိုတဲ့ ဆိုင်ခန်း သုံးခန်းတွဲရှေ့တွင် ကား ရပ်လိုက်ပါသည်။ ဟိုရှေ့မှာ နရဏီ့ကား။ လေဆိပ်မှာတုန်းက နံပါတ်ပါ မှတ်မိလိုက်တာ။





နရသူက ကြောင်စာထုပ်ကို မယူသေးဘဲ ဆိုင်ခန်း ဆီ ခပ်မတ်မတ် လျှောက်ခဲ့ပါသည်။ လတ်တစ်ဖက်က ဘောင်း ဘီအိတ်ကို လက်နှိုက်၍ လက်တစ်ဖက်က မှန်တံခါးချပ်ကြီး တွန်းဖွင့်ဝင်သွားလိုက်ပြီး ...

"နရဏီ ရှိလား"

ဘေးက အရောင်းမိန်းကလေးကို မေးလိုက်ပါသည်။

"မမ ဟိုဘက်ဆိုင်မှာရှင့်"

နရသူက ခေါင်းတစ်ချက်ဆတ်ကာ ဟိုဘက်ခန်းက ဖက်ရှင်စတိုးဆီ ဝင်လိုက်ပါသည်။

"နရဏီရှိလား"

မေးလိုက်တာက နီးစပ်ရာ မိန်းကလေးတစ်ယောက် ကို ဖြစ်ပေမယ့် လည်ဝယ်မျက်ချာပုံရတဲ့ မိန်းကလေးတစ်ယောက် က ထွက်လာကာ ...

"မမ ... မရှိပါဘူးရှင့်"

"ဘယ်လို မရှိတာလဲ"

"အပြင်ခဏထွက်သွားတာပါ"

နရသူက တစ်ချက်ပြုံးလိုက်ရင်း ...

"ဟိုမှာရပ်ထားတာ မင်းတို့မမကား မဟုတ်လား"

ကောင်မလေးက တစ်ချက် လှမ်းကြည့်လိုက်ရင်း မျက်နှာလေးကို ဣန္ဒြေဆည်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ မမကားပါ၊ မမကို သူ့သူငယ်ချင်းက လာခေါ်သွားတာပါ"

မင်း မဆိုးဘူး။ ဖြတ်ထိုးဉာဏ်နဲ့ လျှပ်တစ်ပြက် ဖြီးတတ်သား။

"သြော် ... ဒီလိုလား၊ ဒါဖြင့် ဘယ်တော့လောက် ပြန်ရောက်မလဲ"

"အဲဒါတော့ သမီးတို့ မသိဘူး ဦး၊ တစ်ခါတလေလည်း မမက ဆိုင်ပိတ်ခါနီးမှပဲ ပြန်လာတယ်"

"မင်းတို့မမက ဆိုင်သုံးဆိုင်စလုံးကိုတောင် ပစ်ပြီး ဒီလိုပဲ အပြင်လျှောက်ထွက်နေတာပဲလား"

"တစ်ခါတလေ ထွက်တာပါ၊ ဆိုင်မှာထိုင်နေတာတော့ များပါတယ်၊ အနုကိစ္စကလည်း အရေးကြီးလို့ လိုက်သွားတာပါ၊ အလုပ်ကိစ္စနဲ့လည်း ထွက်ရတတ်ပါတယ်၊ ဆိုင်မှာ အချိန်ပြည့် ထိုင်နေရတာ မဟုတ်ပါဘူး"

"ဒီလိုဆိုရင် သူ့ကို ခဏစောင့်မယ်နော်"

"ဟို ... ဦး ကိစ္စရှိရင် ပြောခဲ့ပါလား၊ မမက ဘယ်အချိန် ပြန်ရောက်မယ် မသေချာတော့ ဦး ထိုင်စောင့်နေရင် အလကား အကြာကြီး စောင့်နေရမှာ စိုးလို့ပါ၊ မမပြန်လာရင် ဦးမှာခဲ့တာကို ပြောပြလိုက်ပါမယ်"

"မှာခဲ့လို့ ရတဲ့ကိစ္စ မဟုတ်ဘူး"

"ရှင်"





"ရပါတယ်၊ ဒီဆိုင်ထဲမှာ ထိုင်စောင့်ရင် မင်းတို့လည်း အလုပ်ပျက် အနှောင့်အယှက် ဖြစ်နေမယ်၊ ကားပေါ်မှာပဲ စောင့်နေလိုက်မယ်"

"ဟို ... ကြာနေမှာမို့လို့ ပြောတာပါ ဦး"

"ရတယ် ... နေပစေ"

နရသူက ဆိုင်ထဲက ပြန်ထွက်လာကာ သူ့ရဲ့မာ့ဒ် ကားပေါ် ပြန်တက်ထိုင်နေလိုက်ပါသည်။ ရှေ့က နရဏီရဲ့ နောက်မြီးကို ငေးကြည့်နေမိသည်။ ကားရှိနေရက်နဲ့ သူ လာခေါ်တဲ့ကားနဲ့ ပါသွားတယ် ဆိုတာကို မယုံပါ။ သူ့ကို ...ွ့မခံတာပဲ ဖြစ်မည်ဆိုတာကို ကိုယ့်ဘာသာနိုင်လုံနေသည်။

ဘာကြောင့် သူ့အပေါ် ဒီလိုခါးခါးသီးသီး နေရတာ အဲဒါကို စိတ်ထဲ တနုံ့နုံ့ဖြစ်ကာ ကားပေါ်မှာ အဲကွန်းဖွင့် ...ဆထိုင်နေမိသည်။ တကယ်ရှောင်နေပြီဆိုရင်တော့ ညဘက် ...သွားလည်းပဲ သူ မရှိဘူးဆိုပြီး အိမ်ကလူတွေက တံခါးဖွင့်မ ...ဘဲ နေဦးမှာပင်။ ဘာမှ တတ်နိုင်တဲ့ကိစ္စ မဟုတ်။ ဒီတော့ ...အဖို့ ခွဲမလျှော့ဘဲ ဖွတ်ကို ထိုင်နေမှ။

အလွန်ဆုံး ဆိုင်ပိတ်ချိန်ပေါ့။ ဒီကားကို လာမယူဘဲ ...ဒ်လို့မဖြစ်မလား။ လာကို ယူရမှာ။ ရှောင်ပုန်းရာက ထွက် ...ာရမှာ။ စားဖို့ သောက်ဖို့ ဗိုက်ဆာမှာလည်း နရသူ ပူစရာ ... အနီးအနားမှာ Snack Bar လဲရှိ၊ Chinese restaurant ... ရှိသည်။ ဝင်စားလို့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ နရသူက သူ့ထိုင်ခုံကို အေးအေးဆေး
နောက်မှီလှန်ကာ လှဲချပြီး စောင့်နေလိုက်ပါတော့သည်။

"ဒေါက် ... ဒေါက်"

မှန်ကိုခေါက်သံကြောင့် မေးခနဲတောင် ဖြစ်သွ
သလား မသိတဲ့ နရသူက ဆတ်ခနဲနှင့် မျက်လုံးတွေဖွင့်လို
လျှင် အပြင်မှာ ဆိုင်က ကောင်မလေး။ နရသူက မှန်ကိုလျှေ
ချကာ ...

"အင်း ... ဆိုပါဦး"

"မမက ဖုန်းဆက်ပါတယ်၊ သူ နောက်ကျမယ်တဲ့၊ သူ့
စောင့်မနေပါနဲ့တော့တဲ့၊ မှာစရာရှိတာ မှာထားခဲ့ပါတဲ့"

"သူက ဘယ်ရောက်နေတယ်တဲ့လဲ"

"အသစ်ရောက်လာတဲ့ ကျွန်မတို့ရဲ့ ဖိနပ်ကွန်တိန်
သွားဖွင့်နေပါတယ်"

"အဲဒါက ဘယ်မှာလဲ"

"အဲ ... အဲဒါတော့ ကျွန်မ ပြောလို့ မဖြစ်ပါဘူး၊ မ
အဲဒီလို လူစိမ်းလိုက်လာရင် ကြိုက်မှာမဟုတ်ဘူး၊ နေ
ကို ကျွန်မ သိလည်း မသိပါဘူး"

"သူက ကြာမယ်ဆိုပေမဲ့ ညနေကိုတော့ ဒီပြန်လာပြီး
ကားသူ ယူရဦးမှာပဲလေ"

ကောင်မလေးရဲ့ မျက်နှာမှာ ရှုံ့တွတွ ဖြစ်သွား
သည်။ အတော်လည်း စိတ်ရှုပ်သွားပုံ ပေါ်ပါသည်။





"ဒါပေမဲ့ မမက စောင့်မနေပါနဲ့တော့လို့ ပြောပါတယ်"

"စောင့်တာကလည်း ကိုယ့်ကားပေါ်မှာပဲ၊ ကိုယ့်ဟာကိုယ် စောင့်နေတာပါ၊ အဲဒါ ဘာဖြစ်လို့လဲ၊ မင်းတို့ဆိုင်ထဲမှာ စောင့်နေတာ မဟုတ်တဲ့အတွက် မင်းတို့ ကန့်ကွက်ဖို့မလို ဘူးလို့ ထင်ပါတယ်၊ မင်းတို့ကို ဘာအနှောင့်အယှက်မှ ပေးနေတာမှ မဟုတ်ဘဲ၊ သူ့ကို မှာခဲ့ဖို့ဆိုတာကလည်း အဆင်မပြေပါဘူး၊ ကိုယ်က သူ့ကိုတွေ့ဖို့ကိုရှိတာ၊ မတွေ့ ရဘဲ မပြီးပါဘူး၊ မင်းတို့မမ နောက်တစ်ကြိမ်များ ဖုန်း ဆက်လာရင် အဲသလို ပြောပြလိုက်ပါ"

ကောင်မလေးက စိတ်ရှုပ် အကျပ်ရိုက်နေပုံရကာ...

"မမက မစောင့်နဲ့လို့ ပြောလို့ပါ"

"ကဲ ... အဲဒါဖြင့်ရင်လည်း မင်းတို့မမကို ပြောလိုက်၊ သူ့ ကို မစောင့်ဘူးလို့၊ ငါ့ဟာငါ သူငယ်ချင်းတစ်ယောက်ကို လှမ်းချိန်းပြီး ရေ့ကဆိုင်မှာ တစ်ခုခုစားဖို့ စောင့်လိုက်ဦး မယ်၊ ကဲ ... မင်းလည်း သွားလို့ရပြီ"

ကောင်မလေးသည် မကျေမနပ်နှင့် ဒီထက်လည်း ပြောစရာ မရှိတော့၍ မကြည်မသာ ပြန်ဝင်သွားပါသည်။

သူက ပြုံး၍ ကားပေါ်ကျန်ရစ်ခဲ့သည်။ ဒီဆိုင်ခန်းတွဲကလေး မှာ ခေါင်မိုးချွန်ချွန်ကလေးတွေအောက် ထပ်ခိုးများပါဝင်တာ တွေ့နေရသည်။ သူမှန်းဆတာ မလွဲဘူး ဆိုရင်တော့ နရထိပ



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆိုင်ခန်း သုံးခန်းအနက် တစ်ခန်းရဲ့ ပစ္စည်းပိုတွေ သိုလှော
ရာ ထပ်ခိုးကလေးမှာ ရှိနေပေလိမ့်မည်။

နရဏီသည် သူရှိရာ ထပ်ခိုးလေးမှ မှန်ချပ်
ဖောက်ထွင်းကာ မြင်နေရသော ကားရှေ့ခန်းပေါ် မှီလျော
စိမ်ပြေနပြေ စောင့်နေတဲ့ နရသူ့ကို ချောင်းကြည့်ရင်းက အ
လေး ကြိတ်နေမိပါသည်။

သူ့မျက်လုံးကြီးက တစ်ချက် တစ်ချက် ဒီထပ်
တွေဆီ ဝဲဝေ့ရောက်လာလိုက်သေးသည်မှာ ရိပ်များ ရိပ်မိနေသလား
ပင်။

နရဏီသည် ဖုန်းကိုနှိပ်လိုက်ပြီး တစ်ဖက်က
သည်နှင့် ...

"ဘာတဲ့လဲ"

သူ့ဆိုင်က ကောင်မလေး ရီရီကို ဆိုင်ပြင်က
ရနသူ မသက်မည်စိုး၍ ထပ်ခိုးကိုတောင် တက်မလာစေပါ
"မပြန်ဘူးတဲ့ မမ"

"နင်က မပြန်ခိုင်းဘူးလား"

နရဏီက စိတ်တိုတိုနှင့် အော်သည်။

"ကျွန်မပြန်ခိုင်းတာ ရမှမရတာ မမရယ်၊ မမကို စောင့်
မဟုတ်ဘူးတဲ့။ သူ့သူငယ်ချင်းတစ်ယောက်ကို လှမ်းခို
ပြီး ရှေ့နားကဆိုင်မှာ တစ်ခုခုစားဖို့ စောင့်မယ်တဲ့"





နရဏီသည် မဲ့ပြုံးလေး လုပ်မိရာက ပြုံးတုံ့တုံ့လေး
ဖြစ်လာပါသည်။ တော်တော် လူလည်ကျချင်နေပါလား ဦးနရသူ။
ဘာဖြစ်လို့ အဆောတလျင် ကမူးရှူးထိုးနဲ့ ရှင် ကျွန်မကို တွေ့
ချင်လာရပြန်တာလဲ။ ဖြစ်လိုက်ပြန်တော့လည်း အသည်းအသန်
ပါလား။

နရဏီက ဖုန်းပြန်ပိတ်ပြီး စဉ်းစားခန်း ဝင်သည်။
ကြောင်ကြီးကို လုံအောင်ပုန်းနေရတဲ့ ကြွက်ကလေးလို ရင်တောင်
တထိတ်ထိတ် ခုန်သည်။ အလယ်ခန်း ဖက်ရှင်စတိုးရဲ့ အပေါ်
ထပ်ခိုးက နာရဏီ တက်နားနေကျ နေရာမို့ ပုံးပလုံးတွေ အထုပ်
အပိုးတွေ ခပ်များများ မထားဘဲ ခပ်ရှင်းရှင်းရှိကာ အဲကွန်းလည်း
တပ်ထားပါသည်။

နရသူဟာ သူ့ဖုန်းကို လှမ်းဆက်မေးလို့ ရရက်သား
နဲ့ မဆက်ဘဲ နေသည်။ သဘောရိုးဆိုလျှင် နရဏီ အိမ်မှာလည်း
မတွေ့၊ ဆိုင်မှာလည်း မတွေ့ပါက ဖုန်းဆက်လိုက်ပြီး သူ့
ကြောင်းစာထုပ် လာပေးကြောင်း၊ ဘယ်အချိန် ဘယ်မှာရှိမလဲ
မေးဖို့သာပင်။ ခုတော့ ပေထိုင်ပြီးသာ စောင့်နေသည်။ ဖုန်းတော့
မဆက်။ လူကိုယ်တိုင်တောင် လိုက်လာပါလျက် ဘာဘတ်ဖိုး
ကတ်ဖဲ့ လုပ်နေတာလဲ။

နရဏီ ထင်တာကတော့ သူက ဖုန်းစ,မဆက်ရဘဲ
နရဏီ ဖုန်းဆက်ရအောင်ကို လုပ်နေတာ။ လူကိုယ်တိုင် လာတာ
မှ လာရစေတော့ နရဏီထံ သူ ဖုန်းစ,မဆက်ရဖို့က အချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



အခါက ဖြစ်နေပြီ ဖြစ်လိမ့်မည်။ သူဟာလည်း အလျှော့မပေးချင်တတ်တဲ့ လူစားဆိုတာ နရဏီ သိနေပြီပဲ။

ကဲ ...။

ကိုယ်တို့အဖြစ်က ရယ်စရာ။ တစ်ကြိမ်တစ်ခါစီပဲ တွေ့ဖူးကြတဲ့ သူစိမ်းသာသာ (နည်းနည်းကလေးပဲသာသာ)လူနှစ်ယောက်ဟာ တစ်ယောက်ကို တစ်ယောက် ကတ်တွက်ရင်း အလျှော့မပေးလိုရင်း၊ တိတ်တိတ်ကျိတ်ပြိုင်ကာ ကသိကအောက်နိုးလိုးခုလု ဖြစ်ရတာတွေနှင့် စိတ်တွေလှုပ်ရှား အလုပ်များရာက သူ့စိတ်ထဲကိုယ် ကိုယ့်စိတ်ထဲသူ နေရာယူကာ ဆန်းကြယ်တဲ့ အတွင်းကျိတ် အတ္တပြိုင်ပွဲကလေး တစ်ခု ဖြစ်ပွားနေခဲ့ပြီ ထင်သည်။

နရဏီက အိမ်ဖုန်းကို ဆက်လိုက်ပါသည်။

"ဟယ်လို"

"ကြီးကြီး ... သမီးပါ"

"အေး ... ဟိုလူရှယ် လာသွားပြီလား"

"ကြီးကြီးကလည်း အရင်ဆုံး တန်းမေးတာ ဒါပဲ"

"ဘယ်လိုတွေ ဘာတွေပြောကြ ဆိုကြသေးလဲ သိချင်လို့ပါ"

"ဘာမှ မပြောဘူး၊ တွေ့လည်း မတွေ့ဘူး"

"ဟင် ... ဘာဖြစ်လို့လဲ"

"သမီးက ဆိုင်မှာ မရှိဘူး"

"ဟင် ... ကျုပ် ခုနဆက်တုန်းက ဆိုင်မှာပဲဟာ"





"ကြီးကြီးနဲ့လည်း ဖုန်းပြောပြီးရော အလုပ်ကိစ္စ ပေါ်လာတာနဲ့ ကွန်တိန်နာဆီကို ထ,လိုက်သွားရတာ၊ ကားကြုံနဲ့ လိုက်သွားတော့ သမီးကားက ဆိုင်ရှေ့ကျန်ခဲ့တယ်၊ အဲဒါ ကြီးကြီးရဲ့လူက နရဏီ့ကားကိုတွေ့တော့ မရှိဘူးဆိုတာ မယုံဘူးလား မသိပါဘူး၊ မပြန်ဘဲ ခုထိ ဆိုင်ရှေ့မှာ ကားရပ်စောင့်နေတုန်း"

"ညည်းက ဘယ်လိုသိလဲ"

"ရီရီ ပြောတာပေါ့ ကြီးကြီးရဲ့"

"အဲဒီတော့ ! "

"အဲဒါ သမီးလည်း သူ့ဆီဆက်မနေချင်တော့ဘူး၊ ဖုန်းကလည်း ချာဂျင် သိပ်မရှိဘူး၊ တခြားဖုန်းဆက်စရာပေါ်လာရင် ဆက်ဖို့ချန်ထားရဦးမှာ၊ အလုပ်ကိစ္စကလည်း အရေးကြီးနေတယ်၊ ပြန်လို့ မရသေးဘူး၊ အဲဒါ ကြီးကြီးပဲ သူ့ဆီကို ဖုန်းဆက်ပြီးတော့ အကျိုးအကြောင်း ပြောပြပေးပါ၊ သူ့ဟဲန်းဒ်ဖုန်းနံပါတ်က(.........) သမီးတော်တော်နဲ့ ပြန်မလာနိုင်တဲ့အကြောင်း၊ ကြောင်စာပေးချင်ရင် အိမ်ကိုပဲ လာပြန်ပေးဖို့၊ ဒီတစ်ခါလာရင် ကြီးကြီး တံခါးဖွင့်ပေးလိုက်ပါ"

"အဲဒါတွေ အခု ကျုပ်ကို အပိုတွေ ဆက်နေမယ့်အစား သူ့ကိုပဲ တိုက်ရိုက် ဆက်ပြောလိုက်ရင် မပြီးဘူးလားအေ၊ ကျုပ်ဆီ ဆက်နေတာက တစ်မျိုးချာဂျင်ကုန်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သြော် … ကြီးကြီးကလည်း၊ ခုန … သမီး သူ့ဆီခေါ်ကြည့်တာ၊ သူက Busy ဖြစ်နေလို့ပေါ့၊ ဆက်ခေါ်နေဖို့ အချိန်မရှိတော့လို့ ကြီးကြီးကို ဆက်ခိုင်းရတာ"

"သြော် … ဒါဖြင့်လည်း ပြီးရော … ပြီးရော"

"ကြီးကြီး ခုပဲ ဆက်ပြောလိုက်နော်"

"အေးပါ … အေးပါ။ ဖုန်းနံပါတ် တစ်ချက်ပြန်ရွတ်စမ်းပါဦး"

နရဏီ ဖက်ကလေး ပုကာ ပုကာ ပြုံးစပ်စပ် ဖြစ်နေချိန်မှာ နရသူကတော့ မြည်လာတဲ့ Ring သံကြောင့် ဖုန်းကိုကြည့်လျှင် နရဏီ့အိမ်က နံပါတ်ဆိုတာ အလွတ်ရနေလေသည်။

"ဟယ်လို"

"မောင် … နရသူများလား"

"ဟုတ်ပါတယ်ခင်ဗျာ"

"သြော် … ကြီးကြီးပါ၊ ကြီးကြီးက ခုနက မင်းလာသွားတဲ့ ကွန်ဒိုအိမ်က နရဏီ့ကြီးကြီး ဒေါ်ဝတ်မှုန်လေ"

"သြော် … ဟုတ်ကဲ့ ကြီးကြီး၊ ပြောပါခင်ဗျာ"

"သားရယ်၊ နရဏီက ဖုန်းဆက်ခိုင်းလို့ပါ၊ သူ့ဆိုင်ရှေ့မှာ သား စောင့်နေရတာ အားတွေနာလို့တဲ့၊ ကြောင်စာပေးချင်ရင်လည်း ဆိုင်မှာပဲဖြစ်ဖြစ်၊ ကြီးကြီးတို့အိမ်ကိုပဲ ဖြစ်ဖြစ် လာပေးနိုင်ပါတယ်၊ ဒီတစ်ခါတော့ သားလာရင် တံခါးဖွင့်ပေးမှာပါ"





"သြော် … သူက ကြီးကြီးဆီ ဆက်တာလား ခင်ဗျာ"

"အေးကွယ်၊ သူ အခုပဲ လှမ်းဆက်တယ်၊ သူ့ဆိုင်က ကောင်မလေးက ဆိုင်ရှေ့မှာ သားစောင့်နေကြောင်း သူ့ကို လှမ်းပြောလို့ သူ သိရတာတဲ့၊ သားစောင့်နေလို့ အလကားပဲ၊ သူက ကြာမှာတဲ့ သားရဲ့ ဆိုင်မှာပဲဖြစ်ဖြစ် ပေးခဲ့ပြီး နောက်မှ ဖုန်းဆက်လိုက်ပါလား"

နရသူက နရဏီ့ ဖြေရှင်းစီစဉ်ပုံကို ပြုံးနေမိရင်း …

"သူက အဲဒါ ကျွန်တော့်ဆီ ဘာဖြစ်လို့ တိုက်ရိုက်ဆက်မပြောလဲ မသိဘူး"

"ကြီးကြီးတောင် မေးကြည့်ပါသေးတယ်၊ သူ ဆက်တယ်တဲ့၊ သားဖုန်းက Busy ဖြစ်နေတာတဲ့၊ ထပ်ဆက်နေဖို့ သူ့မှာ အချိန်မရှိလို့ ကြီးကြီးပဲ လှမ်းပြောလိုက်ပါဆိုပြီး သူက ဆက်တာ"

နရသူက နရဏီ့ ကလိမ်ဉာဏ်ကို ကျိတ်ရယ်နေမိပါတော့သည်။ သူ့ဆီ ဖုန်း Ring လည်း ဝင်မလာ။ သူ့ဘက်က ဘာဖုန်းမှလဲ ပြောမနေ။ ပြောနေရင်တောင် သူ တကယ်ခေါ်ထားရင် Miss Call ပေါ်နေရမှာပေါ့။

"သား … ကြောင်စာတွေ ဆိုင်မှာပဲ ပေးခဲ့မလား"

"ဆိုင်မှာ ပေးခဲ့လို့ မရဘူး ကြီးကြီး၊ ကျွန်တော်က အသုံးပြုပုံကို သူ့ကိုပြပြီး သေချာရှင်းပြရဦးမှာမို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



နရသူက မှင်သေသေ ပြောပါသည်။ တကယ်တော့ အသုံးပြုပုံ ဘာမှမလို။ တစ်မျိုးက အခဲတုံးလေးတွေ ဒီတိုင်းချ ထည့်ကျွေးလိုက်ရုံပင်။ နောက်တစ်မျိုးကတော့ လူတွေစားတဲ့ Corn Flake လို ပုံစံမျိုး ခပ်ကြွပ်ကြွပ် အချပ်လေးတွေကို နွားနို့နှင့် စိမ်စားရတာပင်။ စပယ့် ကြောင်ကြီးက နွားနို့ချည်းပဲဆိုရင် ဘယ်တော့မှ မသောက်။ အဲဒီထဲကို ခုနလို Corn Flake လေးတွေ ထည့်ကျွေးရင် စားသောက်သည်။ ဖလေဗာတစ်ခုခု ဥပမာ အိုဗာတင်းမှုန့် ထည့်လိုက်ရင် သောက်သည်။ ဒါကြောင့် ကွေကာ အုပ်တိုက်ကြည့်တော့ သောက်တာ။ နို့ချည်းသက်သက်မဟုတ်ဘဲ နို့ထဲမှာ တစ်စုံတစ်ရာ ပါတာကို သင်းက ကြိုက်တာ။

"ဒါဖြင့် ကြီးကြီးတို့ဆီပဲ လာပြန်ပို့ပြီး ရှင်းပြရင်ကော"

"ကျွန်တော် ထပ်လာခဲ့ပါမယ် ကြီးကြီး၊ အခုက ဒီမှာ နရဏီလည်း မရှိဘူးဆိုလို့ ကျွန်တော်က မိတ်ဆွေတစ်ယောက်နဲ့ ချိန်းလိုက်မိပြီ၊ ဒီမှာ ကားရပ်ပြီး အဲဒီမိတ်ဆွေကို စောင့်နေတာ၊ ခဏနေ သွားစရာကိစ္စ ရှိနေပြီမို့ ကြီးကြီးတို့ဆီလည်း ပြန်မလာနိုင်တော့ပါဘူး"

"ဪ ... အေးလေ၊ ဒါဆိုလည်း နောက်မှပေါ့ကွယ်"

"နရဏီ ဘယ်အချိန် အားတတ်လဲ ကြီးကြီး"

"သူ့ဆိုင်တွေက ခုနစ်နာရီမှ ပိတ်တယ်ကွယ့်၊ ခုနစ်နာရီကျော်မှ အိမ်ပြန်ရောက်တယ် သားရဲ့"

"ဆက်တာအေး၊ ဆန်းဒေးရော"





"ဆန်းဒေးတစ်ရက် ပိတ်တယ်"

"ဒီဆန်းဒေးမှာ သူ ဘာကိစ္စများ ရှိမယ်မသိဘူးနော် ကြီးကြီး"

"ဘာကိစ္စမှ မရှိဘူး၊ သေချာတယ် သား၊ နရဏီက စနေ တနင်္ဂနွေတွေ သူ သွားလာစရာ ပွဲလမ်းတို့ အကြောင်းကိစ္စတို့ရှိရင် ပိုက်ဘုတ်မှာ ရေးမှတ်ထားတယ်၊ အခုလို ဘာမှ ရေးမှတ်မထားတော့ ဒီတနင်္ဂနွေ ဘာမှမရှိသေးဘူး"

"ဒါဆိုရင် တနင်္ဂနွေနေ့ မနက်ကိုးနာရီလောက် ကျွန်တော် လာခဲ့မယ်လို့ သူ့ကိုပြောပြီး သေချာစောင့်နိုင်းထားပေးပါ ကြီးကြီး၊ ဘယ်မှ မသွားဘဲ စောင့်နေပါလို့"

"အေး ... အေး၊ စိတ်ချ ... စိတ်ချ၊ သားကကြိုပြောထားတော့ တခြားကိစ္စ ပေါ်လာရင်တောင် သူ အချိန်ရွှေ့ပေါ့ ကွယ်၊ လာခဲ့ သား ... လာခဲ့"

"ကျေးဇူးပါပဲ ကြီးကြီး"



www.burmeseclassic.com

www.burmeseclassic.com



## ၇

နရဏီ၊ ကြည်ဖြူအောင်၊ မိုးသဲတို့ သူငယ်ချင်းသုံးယောက်ဟာ တော်ရုံနှင့် အလွယ်တကူ အရင်လို မတွေ့ဖြစ်ကြတော့တဲ့အတွက် သုံးယောက်ကြားမှာ သဘောတူညီမှုလေးတစ်ခုလုပ်ထားပါသည်။ နှစ်ပတ်တစ်ခါလောက် သူ့အိမ်မှာဖြစ်ဖြစ်၊ ကိုယ့်အိမ်မှာဖြစ်ဖြစ် တစ်လှည့်စီ ချိန်းဆုံကြတာပင်။

နရဏီက အပျိုလည်းဖြစ်၊ အိမ်မှာ ချက်ပြုတ်စီစဉ်ဖို့ ဝါသနာကြီးလှတဲ့ ကြီးကြီးလည်းရှိ၍ ဟိုအရင်က နရဏီ့အိမ်မှာ လာဆုံကြတာ များသည်။ ကြီးကြီးကလည်း ဒီသူငယ်ချင်းတစ်စုလာလျှင် သူပါဝိုင်းဝန်းစကားပြောရ ရယ်မောရ၊ နှပ်ပြုအသက်ရှည်သလိုမို့ များများလာလေ ကြိုက်လေ တဖိတ်တည်း ဖိတ်ခေါ်နေတာ။

ခုနောက်ပိုင်းတော့ မိုးသဲ ကလေးမွေးကာ ကလေးကငယ်သေးတော့ ဟိုအိမ် ဒီအိမ် အလည်မခေါ်ချင်တာနှင့် မိုးသဲ





အိမ်မှာချည်း ဆက်တိုက် ဆုံဖြစ်နေကြပါသည်။ ဒီကနေ့အဖို့လည်း အားလုံး အလုပ်ပြီး အားလပ်တဲ့ ညခုနစ်နာရီမှစ,တဲ့ ဆုံတွေ့ပွဲလေးဟာ ညဥ့်သန်းခေါင် ဆယ့်နှစ်နာရီလောက်မှ လူစုခွဲကြမှာဖြစ်သည်။

မိုးသဲက အိမ်ကနေ ထမင်းနှင့် ဟင်းနှစ်မျိုးလောက် ချက်ထား၊ နရဏီနှင့် ကြည်ဖြူတို့ လင်မယားက တစ်ယောက် တစ်မျိုးစီ ဝယ်လာ။ ရောက်ရောက်ချင်းပင် အရင်ဆုံး စားသောက်ကြတဲ့အခါ မိုးသဲ ယောကျ်ား ကိုအောင်နှင့် ကြည်ဖြူ့ယောကျ်ား ကိုအောင်တို့က စစ်တုရင်ထိုးတဲ့ခုံလေး ထုတ်လာကာ ဧည့်ခန်းမှာ ခင်းပြီ။

မိုးသဲတို့အိမ်က ကောင်မလေးက ပန်းကန်တွေဆေး ကြောနေချိန် သူတို့သုံးယောက်က ထမင်းစားပွဲမှာ လက်ဖက်ပွဲ နှင့် အချိုပွဲတွေနှင့်ထိုင်ရင်း သိမ်းစရာကျန်တဲ့ နည်းနည်းပါးပါးလည်း ကူညီသိမ်းရင်း စကားတစ်ဝိုင်း။

"မိုးသဲ"

အိမ်ရှေ့က ခေါ်သံကြောင့် ...

"ဟဲ့ ... မိုးသဲ၊ နင့် အကောင်အို ခေါ်နေပြီ"

ပြောင်းပြန်နာမည်ဖျက်တတ်တဲ့ နရဏီ ပါးစပ်ထဲမှာတော့ မိုးသဲရဲ့ "အစ်ကိုအောင်" "အစ်ကိုအောင်" ခေါ်သံဟာ "အကောင်အို"ဖြစ်ရသည်။ ခုတော့ မိုးသဲက နည်းနည်းသက်သာ သက်သာပြား "အ"ဖြုတ်၍ "ကိုအောင်"လို့သာ ခေါ်တော့သည်။ ကိုအောင်လည်း ကောင်အိုပဲပေါ့။ ဘာရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ကိုအောင်"

"လက်ဖက်သုပ်နေတယ်မို့လား၊ ကိုမိုးဆောင်ဖို့လည်း ရှေ့ ကို ခွဲယူခဲ့ဦး"

"တကယ်က သူစားချင်တာ"

နရဏ်ကို စကားကြောင့် ကြည်ဖြူက ခိခနဲ ရယ်သည်။

"ဟုတ်တယ်၊ ညှော်သည်ကို ခေါင်းတပ်ပြီး သူ စားချင် တာ နေမှာပါ နင့်ယောက်ျားက"

မိုးသဲကတော့ ပစိပစပ် လုပ်တတ်တဲ့ သူတို့သူငယ် ချင်း အပျိုကြီး နရဏ်ကို အကြောင်း သိပြီးဖြစ်၍ ပြုံးစိစိနှင့်သာ ဘာမှပြန်မပြော။ လက်ဖက်တစ်ပွဲ ခွဲပို့နေလေသည်။

"သူ့ယောက်ျားစားမှာမို့ ပုစွန်ခြောက်တွေ အဲဒီပန်းကန်ထဲ တအားထည့်နေတယ် တွေ့လား"

နရဏ်က ပစိပစပ် လုပ်ပြန်လျှင် ...

"ထည့်ပါစေ၊ ထည့်ပါစေ"

ကြည်ဖြူက သူ့ယောက်ျားလည်း ပါတာမို့ နောက် တီးနောက်တောက် ဟန်လေးနှင့် ဝင်ပြောသည်။ နရဏ်က သူ တို့နှစ်ယောက်လုံးကို မျက်စောင်းတွေ ရွယ်မိရင်း ...

"နင်တို့နှစ်ယောက်ကိုလေ ခြောက်မြင်ကတ်ရုံမကဘူး၊ ခုနှစ် မြင်၊ ရှစ်မြင်ကတ်တယ်၊ သခင့်အရိပ်အကဲပဲ ကြည့်နေတဲ့ ခွေးမကြီးတွေ ကျနေတာပဲ"





"အောင်မာ၊ နင်ကျတော့လေ၊ နဂိုက မျက်လုံးပြူးရတဲ့ အထဲ လူတကာကို အဘိဓမ္မာတွေ များနေတော့ ရုပ်ကြီးက စန္ဒမုခိဘီလူးမနဲ့ တူတယ်၊ ဒူးတစ်ဖက်ထောင်ပြီး ထိုင် ဖို့ပဲ လိုတယ်"

"ရတယ် ... ပြော၊ ဘီလူးမ မကလို့ တစ္ဆေမ ပြောပြော၊ ငါ မနာဘူး၊ ငါနာတာ နင်တို့ ငါ့ဘက်မပါတာကိုပဲ၊ ကိုယ့်သူငယ်ချင်း နနထွတ်ထွတ်ကို တိတ်တဆိတ် ဝိုင်း ကြံစည်ရက်ကြတာကိုပဲ စိတ်နာတာ"

ကြည်ဖြူက မျက်နှာချိုလေးသွေးရင်း ...

"ကြံစည်တယ် ဆိုပေမယ့် အကောင်းကြံစည်တာမို့လို့ ငါတို့ကလည်း ပါတာပါဟယ်၊ ပါတယ်ဆိုတာတောင် မြှို ထားရုံလေးပါ"

"နင်တို့သာ မြှိုမထားရင် ငါ ကြိုသိနေရင် ငါက ဒီလူကို အထက်စီးကနေ အကွက်ချပြီး ကိုယ့် Roll ကို အပြတ် တင်ထားလို့ ရတယ်၊ ခုတော့ နင်တို့မြှိုထားလို့ ငါ ဘယ် လောက်အောက်ကျသလဲ၊ နင်တို့ စဉ်းစားကြည့်စမ်း၊ တကယ် ဆို သူလည်း သူ့သူငယ်ချင်းနဲ့ စပယ်ရဲ့အစီအမံထဲ ငါ့လို ပဲ ပါရတာပဲလေ၊ ဒါပေမဲ့ သူက ကြိုသိထားခွင့်ရတော့ အတွက်ကြီးကြီးနဲ့ ငါက သူ့ကို တရရ လိုက်ဆက်သွယ်ရ အောင် အကွက်ဖန်တယ်"

"ဒါပေမဲ့ ... နင်မဆက်သွယ်ဘူးမို့လား၊ ပြီးရောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မိုးသဲကလည်း အိမ်ရှေ့မှ ခပ်သုတ်သုတ် ပြန်ဝင်လာရင်း ...

"ခု ဘယ်လို ဆက်ဖြစ်နေကြလဲ ပြောပါဦး၊ သိချင်လွန်းလို့"

"ခု သူက သူ့စ,ဖုန်းမဆက်ရဘဲ ငါ့စ,ဖုန်းဆက်ရအောင် သူ လှလည်ကျတာကို ငါရိပ်မိသွားပြီဆိုတာ သူလည်းပြန်သိသွားပြီ၊ ဒီတော့ သူကော ငါကောဟာ ဖုန်းလေးတစ် Call ခေါ်လိုက်ရင် ပြီးနေတဲ့ကိစ္စကို ဘယ်သူကမှ မခေါ်ဘဲ စိတ်ထဲကကျိတ်ပြီး မသိချင်ယောင်ဆောင်ပြီး အစွမ်းချင်း ပြိုင်နေကြတာပေါ့၊ အဲဒီလို ဖုန်းလေးတစ် Call မဆက်ရဖို့အတွက် သူက ငါ့ဆီ လူကိုယ်တိုင် လိုက်ရ လိုက်ရ၊ ငါကလည်း သူနဲ့ငါ လူချင်းတွေ့လိုက်ရင် သူ ဖုန်းစ,မဆက်ဘူးဆိုတဲ့ အမိဋ္ဌာန် သူ့မှာအောင်သွားမှာစိုးလို့ ရှောင်ရ ပုန်းရ၊ အခုတော့ ငါ ဦးနှောက်နည်းနည်း ခြောက်နေတယ်၊ ဒီနေ့က စနေဆိုတော့ နက်ဖြန်ဘယ်လို လုပ်ရမယ်ဆိုတာ"

"နက်ဖြန် ဘာဖြစ်လို့လဲ"

နရဏီက သူနဲ့ နရသူ ကြားက မာန်ဦးပါ ရောပါနေတဲ့ အဖြစ်အပျက် အခြေအနေတို့ကို အစအဆုံး တစ်လုံးမကျန် မိုးသဲနှင့် ကြည်ဖြူတို့ကို ပြောပြလိုက်ပါသည်။ နောက်ဆုံးအခြေအနေအထိ။





"အဲဒီတော့ နက်ဖြန် သင်းက မနက်ကိုးနာရီမှာ အိမ်လာတော့မယ်၊ အိမ်ကို ကြောင်စာတွေ လာပို့မယ်၊ ဒီတိုင်းထားခဲ့လည်း ရတာကို ငါ ရှောင်နေမှာစိုးလို့ ကျွေးရတဲ့ နည်းစနစ် ရှိတယ်လေး ဘာလေး လျှောက်ပြောနေတာ"

"သူလာပေးတော့လည်း ယူထားလိုက်၊ ပြီးတာပဲပေါ့ဟယ်"

"ဩော် ... အဲဒီတော့ ငါ့ဆီ ဖုန်းစ,မဆက်ဘူးဆိုတဲ့ သူ့ရည်ရွယ်ချက် ပြည့်ဝသွားမှာပေါ့"

"ပြည့်ဝလည်း ဘာဖြစ်လဲ၊ နင်က သူ ဖုန်းဆက်စေချင်နေတာလား၊ သူနဲ့ ဖုန်းစကားပြောချင်လို့လား"

"ဟဲ့ ... နလပိန်းတုံးမရဲ့၊ ခုဟာက နူးညံ့သိမ်မွေ့တဲ့၊ ရှင်းပြရခက်တဲ့ အတွင်းစိတ်ရဲ့ မခံချင်စိတ်မာနနဲ့ ဆိုင်တယ်ဟဲ့၊ သူနဲ့ စကားပြောချင်စရာလား၊ ပြောချင်ရင်လည်း လူကိုယ်တိုင်တွေ့ရင် ပြောလို့ရနေတာ၊ သူက သူ ဖုန်းစမဆက်ချင်လို့ မာန်ဦးကတစ်ဆင့် သူ့ဖုန်းနံပါတ်ကို တစ်ဖက်လှည့်နဲ့ လှမ်းပေးတာလေ၊ ငါစ,ဆက်လိုက်ပေါ့ ...

ဒါ ကြောတာမဟုတ်ဘူးလား၊ မာန်ဦး ဖုန်းကို နင်သိလား၊ နင်ကော"

"မသိဘူး"

"ဟာင့်အင်း"

"နင်တို့ ဖုန်းနံပါတ်တွေရော မာန်ဦး သိလား"



www.burmeseclassic.com

www.burmeseclassic.com



"သိမယ် မထင်ပါဘူး၊ သူ့ မင်္ဂလာဆောင်ဖိတ်ကတည်းက ငါတို့နဲ့ နီးစပ်တဲ့ဆီတွေက တစ်ဆင့် တစ်ဆင့်နဲ့ လက်ဆင့်ကမ်း ရောက်လာတာလေ၊ အကြောင်းကိစ္စမရှိခဲ့တော့ ဖုန်းနံပါတ်ချင်းတွေလည်း လဲလှယ်မထားမိပါဘူး"

"အေး … ဒါပေမဲ့ အခု ငါ့ဖုန်းကို မာန်ဦးက သိနေတယ်လေ၊ ဒါ သူပြောတာပဲ၊ သူက မာန်ဦးကို ငါ့ဆီဆက်ခိုင်းပြီး ငါ့ကို သူ့ဆီဆက်ဖို့ ပြောခိုင်းတာ၊ ကဲ … မာန်ဦးကကြားက ဘာမှမသိတဲ့ ပုံမျိုးနဲ့ ဖုန်းနံပါတ်ပေးရုံပဲပေါ့ဟယ်၊ ငါက ငါ့ဆီ နရသူ့ကို ဖုန်းဆက်ဖို့ ပြောပေးပါဆိုတော့ မာန်ဦးက ဒီဖုန်းလေး သူ့သူငယ်ချင်းကို ဆက်ဖို့ကိုမအားဘူးတဲ့၊ ကြည့်စမ်း၊ ဒီနရသူကို လေဆိပ်ကနေ မာန်ဦးလာကြိုသွားတာ၊ ဒီလောက်ရင်းနှီးတာ၊ သူတို့ အဆက်အသွယ်မရှိဘဲ နေမလား …

ကဲ … အခုဆိုရင်ပဲ ရက်ပေါင်းများစွာ၊ ဒီလောက်ကြာအထိ ငါ့ဆီ ဖုန်းဆက်ကို မဆက်တာဟာ တမင်မဆက်တာ မဟုတ်ရင် ဘာလဲ၊ လူလာတာထက်စာရင် ဖုန်းဆက်တာက လွယ်တယ်လေ၊ သူက လူတော့လာမယ်၊ သူ ဖုန်းတမင်မဆက်တာကို ငါသိသွားပြီး ငါကလည်း လုံးဝဖုန်း စ,မဆက်တဲ့အတွက် သူကတော့ စ,မဆက်တော့ဘူး"

"ရှုပ်နေတာပဲဟာ"





"အေးလေ … ဖုန်းလေး စ,ဆက်မိလိုက်ရတာနဲ့များ ဘာဖြစ်သွားမှာမို့လဲ"

"အဲဒါ နင်တို့မို့ မသိတာ၊ သူနဲ့ ငါဟာ စိတ်ဓာတ်ချင်းတူတယ်၊ ခံစားတာချင်း တူတယ်၊ အခုအခြေအနေမှာ ဖုန်းစ,ဆက်လိုက်ရတဲ့သူဟာ ဒူးထောက် အညံ့ခံလိုက်ရတဲ့သူ ဖြစ်သွားပြီ"

မိုးသဲနှင့် ကြည်ဖြူက တစ်ယောက်မျက်နှာ တစ်ယောက် ရှုံ့မဲ့မဲ့ ကြည့်နေကြသည်။ ပိုကို ပိုတယ်၊ အရှုပ်မရှိ အရှုပ်ရှာတယ်လို့ သူတို့အဖို့ တွေးချင်မှာ နရဏီ သိသည်။ သို့ပေမဲ့ နရဏီ ခုလို ကတ်သီးကတ်သတ်တွက်ပြီး စဉ်းစားသလို တစ်ဖက်က နရသူ ဆိုတဲ့ လူကြီးမင်းလည်း တစ်ထပ်တည်း တွက်ချက်စဉ်းစားတာကို မြွေမြွေချင်း သိနေပါသည်။

"ကဲ … ထားပါတော့၊ ဒါဖြင့် နင် နက်ဖြန် ကြောင်စာထုပ်ကို အိမ်ကစောင့်ယူရတော့မှာပေါ့"

"အဲဒါကို ပြောတာ၊ အဲဒီ ကြောင်စာ ငါလက်ခံထားလိုက်ပြီးရင် သူ ငါ့ဆီ ဘာမှ ဖုန်းဆက်စရာ မလိုတော့ဘူး၊ ဒီ အခွင့်အရေးကို သူ ရမသွားစေချင်ဘူး၊ ဒါကြောင့် အဲဒီ ကြောင်စာထုပ်တွေကို ငါ မလိုချင်ဘူး"

ကြည်ဖြူက နရဏီကို ခပ်ငေးငေး စိုက်ကြည့်နေပြီးမှ …



www.burmeseclassic.com

www.burmeseclassic.com



"နရုဏီ ... နင့်ကို ငါ သိပ်မသင်္ကာတော့ဘူး၊ နင် စိတ်မဆိုးနဲ့"

"ဘာလဲ"

"နင် ... နင့်ကိုယ်နင် မသိဘဲ နင့်မသိစိတ်ထဲမှာ ဒီနရုသူနဲ့ အဆက်အသွယ် ပြီးပြတ်သွားမှာ ဇာတ်လမ်းဆုံးသွားမှာကို မလိုလားဘဲ ဖြစ်နေတယ် ထင်တယ်"

နရုဏီ့ မျက်နှာဟာ သွေးနှင့် ပက်လိုက်သလို နီရဲတွတ်သွားပါသည်။

"သူ့ရဲ့ နင့်အပေါ် ဂရုစိုက်မှု၊ လိုလားမှုကို နင်လိုချင်နေတာ၊ ဒါကြောင့် နင့်ကို သူ ဖုန်းမဆက်ချင်တာကို နင် နင့်နင့်နာနာ ခံစားနေရတာပေါ့၊ ရှင်းရှင်းပြောရရင် နင့်ကိုယ်နင်တောင် သိချင်မှ သိမယ်၊ ဒါပေမဲ့ နင် နရုသူကို စိတ်ဝင်စားနေပြီ၊ စွဲလမ်းနေပြီ"

"ဘာ ...၊ နင် ... နင် ... နင် ... ငါ့ကိုများ မှိုချိုး မှိုချိုးနဲ့ ကြောင်ဖြူမ အယုတ်တမာ"

နရုဏီသည် ဖြန်းဖြန်းနီတဲ့ မျက်နှာနှင့် ကတုန်ကယင်ဖြစ်ကာ ကြည်ဖြူကို ဒေါသတကြီး ထုနှက်လေသည်။

"ဟဲ့ ... စွတ်ထုမနေနဲ့၊ နင့်ဦးနှောက်နဲ့ နင်စဉ်းစားကြည့်ဦး၊ သူ နင့်ကို ဖုန်းမဆက်ချင်ဘူး၊ မဆက်ဘူး၊ အဲဒါဘာဖြစ်လဲဟယ်၊ သူ မဆက်လို့ နင်ဆက်ရမယ်လို့မှ မဟုတ်





တာ၊ နင်လည်း မဆက်နဲ့ပေါ့၊ အရှင်းကြီး အကင်းကြီးပေါ့၊ သူ လာပေးတဲ့ ကြောင်စာ ယူထားလိုက်၊ ပြီးရင် သူနဲ့ နောင်တစ်သက် တွေ့စရာလည်း မရှိတော့ဘူး၊ ဘာကိစ္စမှ မရှိတော့ဘူးလို့ သဘောထားလိုက်ပါလား ...

နင်သာ သဘောရိုးဆိုရင် အဲသလိုပဲ သဘောထားလိုက်မှာပေါ့၊ အဲလို သဘောမထားနိုင်ဘဲ ရှေ့အတွက် နောင်အတွက် နင်ထည့်စဉ်းစားနေတာဟာ ဒီလူကို နင် ရှေ့ဆက်ပတ်သက်ချင်လို့၊ ဘာမှ ရှက်ရမ်းရမ်းပြီး နင်းကန်ငြင်းမနေနဲ့၊ ဒီလူနဲ့ နင် ပတ်သက်ချင်တယ်၊ နင်စိတ်ဝင်စားတယ်ဆိုရင် ပိုတောင်ကောင်းသေးတယ်၊ စပယ်ကလူကောင်းမို့ နင်နဲ့ ကြိုစည်ရည်ရွယ်လိုက်တာ၊ နင်တို့ချင်း ဆန္ဒရှိတယ် စိတ်ဝင်စားတယ် သဘောကျတယ်ဆိုရင် အကောင်းဆုံးပဲ"

"တော်ပြီ ... ငါပြန်တော့မယ်"

နရုဏီက ထမင်းစားပွဲမှ ဆတ်ခနဲ ထ,လိုက်ရာ ကြည်ဖြူသဲက နရုဏီ့လက်ကို အတင်းဆွဲ၍ ထိုင်ချစေလိုက်ရင်း ...

"ဘာလို့ ပြန်ရမှာလဲ၊ နင် ဒီလိုသွေးဆူရင် ကြည်ဖြူက ပိုပြောမှာပေါ့၊ အေးအေးဆေးဆေးပေါ့ဟ၊ မကြိုက်ဘူးဆိုလည်း ပြီးရောပေါ့၊ ကမ္ဘာ့ရှုးထိုး ဖြစ်စရာ မလိုပါဘူး၊ ငါတို့ချင်း ဘယ်လိုနာအောင်ပြောပြော နင်ဘယ်တုန်းက



www.burmeseclassic.com

www.burmeseclassic.com



နာတတ်လို့လဲ နရဏီ၊ နင့်ဘေးဆိုင်က ဂေါ်ဖိပစ္စည်းဆိုင်ပိုင်ရှင် ကိုဗညား ဖက်တီးကြီးနဲ့ နင့်ကိုစ,တာတောင် နင်ရယ်နိုင်ခဲ့သေးတာ"

"ခုဟာက သူက စ,တာမဟုတ်ဘူး"

"စ,တာမဟုတ်ပေမဲ့ ငါထင်တာ ပြောတာပဲဟာ၊ မဟုတ်ရင် ပြီးရောပေါ့"

"သူက သူ ဖုန်းစ,မဆက်ဘူး၊ ငါ စ,ဆက်ရမယ်ဆိုတဲ့ သဘောကြီးနဲ့ ကြောပြီး ကလိန်ကကျစ် လုပ်နေတာကို ငါ မခံချင်တာ"

ကြည်ဖြူက ဘာမှဆက်မပြောတော့။ သက်ပြင်းချပြီး နရဏီကို ခပ်ပြုံးပြုံးသာ ကြည့်နေလိုက်ပါသည်။ နင်လည်း မဆက်ဘဲ နေလိုက်ရင် ပြီးတာပဲပေါ့ ... လို့ ထပ်မပြောတော့ပါ။ ပြဿနာမဟုတ်တာကို ပြဿနာလုပ်နေတာဟာ ပြဿနာကိုရှိချင်လို့။ ပြဿနာ ရှိချင်တာဟာ ပက်သက်ချင်တာ တစ်မျိုးပဲလေ။

နရဏီသည် စူပုပ်ပုပ်နှင့်ပင် ...

"ပြဿနာအားလုံး မီစပယ် စ,တာ"

"ကဲ ... ထားပါတော့၊ နက်ဖြန်ကို ဘာလုပ်မယ် စိတ်ကူးထားလဲ၊ သူက လာပေးမှတော့ ကိုယ်က မယူလို့ရောဖြစ်မလား"





"ငါမရှိရင် သူ ပေးခဲ့ချင်မှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူက ငါ့ကို လူကိုယ်တိုင် တွေ့ချင်တာ၊ ပေးခဲ့ပြီးရင် သူ လာထပ်တွေ့ဖို့ မလိုတော့ဘူး မဟုတ်လား"

"နင့်ဘက်ကို ထားလိုက်၊ သူ့ဘက်ကကော နင့်ကို စိတ်ဝင်စားနေတယ်လို့ နင်မထင်ဘူးလား"

"ဒါတော့ ဘယ်သိမလဲ"

"အဲဒီ နရသူလည်း နင့်ကို စိတ်ဝင်စားနေပြီ၊ ငါသိတယ်"

"ငါက ရှောင်လည်း ရှောင်နေချင်တယ်၊ ရှောင်နေရမှာကလည်း သူက အတိအကျ ပြောချိန်းထားရက်နဲ့ တမင်တကာကြီး ရှောင်တာ သိသာလွန်းမှာလည်း စိုးတယ်"

ကြည်ဖြူနှင့် မိုးသဲက သက်ပြင်းကြီးတွေ ပြိုင်တူချလိုက်ကြဆဲ ဖုန်းမြည်သံတစ်ခု ထွက်ပေါ်လာ၍ မိုးသဲက နေရာမှထကာ ဖုန်းသွားကိုင်သည်။

"ဟယ်လို ...၊ ဟယ် ... စပယ်တော့ စပယ်၊ ဒီမိန်းမ အသက်ရှည်ဦးမယ်၊ ဟဲ့ ... စပယ်၊ ငါတို့ ခုပဲ နင့်အကြောင်းတောင် ပြောနေကြသေးတယ်၊ ဘာတွေပြောရမလဲ၊ နင့်ကြောင်နဲ့ ဟိုလူကိစ္စပေါ့၊ နရဏီက နင့်ကို ကျိန်ဆဲနေတယ်"

မိုးသဲသည် အားရဝမ်းသာ အော်ကျယ် ဟစ်ကျယ်ပြောနေပါသည်။

"ဟဲ့ ... မိုးသဲ၊ နရဏီက ငါ့ကို ဘာတွေကျိန်ဆဲနေတာလဲ"

"အဟိဟိ ... နင့် ဟိုလူကိစ္စပေါ့၊ နရသူလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ၊ နင်တို့ နရဏီကို သွားဖွင့်ပြောလိုက်ကြသလား၊ ငါ တမင်တကာ ခွင်ဆင်လိုက်တယ်ဆိုတာ"

"အေး ... သူ သိသွားလို့ ခေါ်တွေ့ပွနေတာပေါ့ဟဲ့"

"ဟာ ... နင်တို့ကလည်း နည်းနည်းမှ နှုတ်မလုံဘူး၊ ဘာကိစ္စ သွားဖွင့်ပြောရတာလဲ၊ ငါက နင်တို့အကြမ်းဖျဉ်းသိထားအောင်သာ ဖွင့်ပြောထားတာ၊ သူ့ကို ဒီလိုကြီးဖွင့်ပြောရင် နင်တို့ နရဏီက သူ့ကို ဆရာလုပ်တယ် စိမ်ခန့်ခွဲတယ်ဆိုပြီး အခြောက်တိုက် ဆန့်ကျင်ဘက် လုပ်နေမှာ၊ ဒါကြောင့် ဘာမှ ကြိုမပြောဘဲ ကြုံကြတွေ့ကြရုံ မသိမသာ လွှတ်လိုက်တာ"

"ငါလည်း တမင်တကာတော့ မပြောပါဘူးဟယ်၊ ဒါပေမဲ့ စကားပြောရင်း ဆိုရင်း သူကလည်း လှည့်ပတ်မေးရင်းနဲ့ ပေါ်သွားတာ"

"ကျွတ် ... ပြဿနာပဲ နင်တို့ကတော့"

"ခုလည်း ဒီမှာ၊ အဲဒီနှစ်ယောက် ကြားထဲမှာ ဘယ်သူကမှ ဖုန်းစ,မဆက်တဲ့ ပြဿနာ ဖြစ်နေတယ်ဟ"

မိုးသဲက အသဲ့အုပ်အုပ် တိုးတိုး တိုးတိုးနှင့် စပယ့်ကို အခြေအနေတွေ အတိုချုံး ပြောပြနေပါသည်။ စပယ်သည် စိတ်တွေအတော်ရှုပ်ကာ ...

"ကဲ ... ကဲ ... နရဏီကို ခေါ်လိုက်စမ်းပါဟယ်၊ သူဘာပြောမလဲ နားထောင်ရအောင်"





"နရဏီ"

မိုးသဲက လှမ်းအော်ခေါ်သည်။

"စပယ်က နင်နဲ့ ပြောမယ်တဲ့ဟေ့"

"သူနဲ့ ဘာစကားမှ ပြောစရာ မရှိဘူးလို့ ပြောလိုက်"

"ကြားလား၊ ကြားတဲ့အတိုင်းပဲ"

"မကျေနပ်တာကို လာဖွင့်ပြောလို့၊ နင် ဘာဖြစ်ချင်လဲလို့ မေးလိုက်"

"နင် ဘာဖြစ်ချင်လဲတဲ့၊ မကျေနပ်တာကို လာဖွင့်ပြောတဲ့"

မိုးသဲ အော်သံကြောင့် ကိုအောင်တို့ မိုးဆောင်တို့ပင် ဒီဘက်ကို ခေါင်းငုံ့ အာရုံစိုက်လာသည်။ ဒီသူငယ်ချင်းတစ်စု မကြီးမငယ်နဲ့ ဘာတွေရန်ဖြစ်နေကြပြန်ပြီလဲလို့ တွေးမိကြပါသည်။

"ဟဲ့ ... နင်သွားပြောလိုက်လေ၊ တစ်ဆင့်ပြောနေတော့ နင်ပြောချင်တဲ့အတိုင်းလည်း သူ့ဆီရောက်မှာ မဟုတ်ဘူး၊ မကျေနပ်တာကို မကျေနပ်ကြောင်း ပြောလိုက်ပေါ့"

ကြည်ဖြူက ဘေးကတိုက်တွန်းလိုက်မှ နရဏီသည် မနက်ဖြန်အတွက်လည်း ဖြေရှင်းဖို့ အကြံတစ်ခုရကာ ထိုင်ရာက ထ,လာပါသည်။ မိုးသဲလက်က ဖုန်းကို ပြောင်းကိုင်ယူရင်း ...

"နင် အမေရိကား ရောက်ပြီးမှ ငါ့ဆီဆက်တာ တစ်ခါတောင် မရှိသေးဘူး၊ မိုးသဲတို့ ကြည်ဖြူတို့ဆီကျတော့ နင် နှစ်ခါ၊ စီလောက် ဆက်ပြီးပြီ၊ ကြောင်အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို မမေးဘဲ တခြားသူကို လှမ်းမေးတယ်၊ ကဲ ... ပြော

နင် ဘာရည်ရွယ်ချက်နဲ့ ငါ့ကို ခုလိုလူတစ်ယောက်နဲ့ ကြံစည်ရတာလဲ”

“ဘာရည်ရွယ်ချက် ရှိမလဲဟဲ့၊ နင့်ကို ယောကျ်ားရအောင်ပေါ့”

“ငါက မရနိုင်လို့လား”

“ခုကော ရလို့လား ... ကဲ”

“ငါ မလိုချင်တာ”

“မဟုတ်ဘူး၊ လိုချင်တာကို မတွေ့တာ”

“ဘာထူးလဲ၊ တူတူပဲ”

“မတူဘူး၊ ဒီမှာ နရဏီ၊ ရှက်ကန်ကန်ပြီး ကုန်းအော်မနေနဲ့၊ ငါ့မှာ အပြစ်ရှိတယ်ဆိုရင် နင့်ကို ကြိုပေးမသိတာ တစ်ခုလေးပဲ၊ စေတနာနဲ့လုပ်တာ၊ အဲဒီ နရသူဟာ အရမ်းတော်၊ အရမ်းကောင်းတဲ့လူဟဲ့၊ ငါ့ရည်းစားထက်တောင် အများကြီး ပိုက်ဆံရှိတယ်၊ ချောလည်းချောတယ်၊ လက်ပေါက်ကပ်တာလေး တစ်ခုကလွဲရင် အရည်အချင်း ပြည့်ဝလွန်းလို့ ကိုယ့်သူငယ်ချင်းဖို့ မြင်မိပြီး ကြံမိဖန်မိတာ၊ နင်မကြိုက်ရင်လည်း ပြီးတာပဲပေါ့၊ ဘယ်တတ်နိုင်မလဲ၊ ဒါဒီလောက် နာလုံးပေါက်နေစရာတောင် မလိုဘူး”

“နင့်လူက အတ္တကြီး စိတ်ပုပ် အကြောအမောကြီးနဲ့ ဘဝင်ကြီး၊ သိရဲ့လား”





“နင်က ဘယ်နှကြိမ် ဘယ်နခါ ရင်းရင်းနှီးနှီး ဆက်ဆံဖူးပြီမို့ ဒီလောက် စွပ်စွဲနေရတာလဲ”

“ငါသိတယ်ဆို ပြီးရောပေါ့ဟယ်၊ ခုထိကို ငါ့ဆီ ကြောင်စာတွေ မရောက်လာသေးဘူးဆိုတာ နင်သိလို့လား”

“ဟင်”

“အေး ... ဒါပေမဲ့ ဂျူလီကို ငါ ဂရုစိုက်ပြီး ကျွေးမွေးနေတယ်နော်၊ သူလည်း စားသောက်နေတယ်၊ နင်ပေးလိုက်တယ်ဆိုတဲ့ ကြောင်စာထုပ်တွေတော့ ခုထိ မြင်တောင်မမြင်ဖူးဘူး”

“သူက ဘာလို့ လာမပေးတာလဲ”

“အဲဒါ နင့်လူ နင်မေးပေါ့၊ ငါက သူ့ကို ခပ်ယယ သွားဆက်သွယ်ရအောင် ကြံဖန်နေတာလေ၊ သူက ငါလိုမိန်းမကို ဖုန်းမဆက်နိုင်ရအောင် ဘာမို့လဲ၊ ဟွန်း၊ အစအဆုံး ငါ ပြောပြတာကို နင် နားထောင်လိုက်ဦး”

နရဏီက အစအဆုံး ဇာတ်ကြောင်းပြန်ပြန်ပါသည်။ စပယ်သည် နားထောင်ရင်း နရသူကိုလည်း စိတ်တွေ တိုပါသည်။ သင်းကလည်းတစ်မျိုး။ အဲသလို သူ့စိတ် သူ့သဘော တစ်မျိုးကြီးသော စိတ်ဓာတ် ရှိမှန်းလည်း သိပါသည်။ ဒါပေမဲ့ ကျန်တဲ့ အချက်အလက်တွေက ပြည့်စုံကောင်းမွန်လို့ ကိုယ့်သူငယ်ချင်းနဲ့ စပ်ဟပ်မိတာသာ။

“ငါ သဘောပေါက်ပြီ”



www.burmeseclassic.com

www.burmeseclassic.com



"အေး … နှင်က အဲဒီ နရသူနဲ့ တွေ့ထိဆက်ဆံလာတော့ သူ့အကြောင်း သိနေမယ့်သူမို့ သဘောပေါက်လွယ်တာ၊ ဒီမှာ … မိုးသဲနဲ့ ကြည်ဖြူက ဘယ်လိုမှ ပြောမရဘူး၊ ငါ ကပဲ အသည်းပို အကဲဆတ်နေသလိုလို"

"ကဲ … ဒီတော့ … နှင်က ဘယ်လိုဖြစ်ချင်လဲ"

"နှင် … သူ့ဆီ ဒီညပဲ ဖုန်းဆက်လိုက်"

"ဆက်ပြီး ဘာပြောရမှာလဲ"

"နက်ဖြန်ကို ငါ့ကို ကြောင်စာတွေ လုံးဝသွားမပို့နဲ့တော့လို့"

"ငါ့ကြောင်က ကြားထဲက ဝတ်နေဦးမယ်"

"နှင် အစာထုပ်ရဲ့တံဆိပ်တွေ နာမည်တွေ ပြောပြလေ၊ ဒီက စစ်တီးမားတ်တွေမှာ ပေါလွန်းလို့ပါ စပယ်ရာ၊ နှင်က မြန်မာပြည်ကို ဘာထင်နေလဲ၊ စင်ကာပူမှာ အမေရိကားမှာ ပြင်သစ်မှာ ဒီတစ်ပတ် ဝတ်နေတဲ့အဝတ်၊ သုံးနေတဲ့ အသုံးအဆောင်၊ နောက်တစ်ပတ်ဆိုရင် မြန်မာပြည်မှာ ဝတ်နေ သုံးနေပြီ၊ အင်တာနက်တွေ စလောင်းတွေက နေ အားလုံးတွေ့နေရတယ်၊ နှင်တို့ဆီရှိတာ ငါတို့ဆီလည်း အကုန်ရှိတယ်၊ အဲဒါ သဘောပေါက်ထား"

"အေးလေ … ဒါဖြင့်လည်း တံဆိပ်ပြောမယ်၊ နှင် ရှာဝယ်ချည်ပေါ့။ သူ့ကို သွားမပို့နဲ့တော့လို့ ငါပြောလိုက်မယ်၊ ဒါပေမဲ့နော် နရဏီ၊ ငါသိတယ်၊ သူ့ကို ငါကောင်းကောင်း





သိတယ်၊ သူဟာ သူ စိတ်မဝင်စားဘဲ ဘာမှ ကတိကတောက် လိုက်လုပ်နေမယ့် လူစားမဟုတ်ဘူး၊ ဒီလူ နှင့်ကို စိတ်ကိုဝင်စားနေပြီ၊ စွဲကိုစွဲငြိနေပြီ၊ ဒါကြောင့် သူ ဒီလိုလုပ်နေတာ"

နရဏီသည် ရင်ခုန်ချင်သလိုလို ဖြစ်မိတာကို ဣန္ဒြေဆည်ရင်း …

"လေဆိပ်မှာ တစ်ကြိမ်တည်း တွေ့ဖူးကြတာပါ စပယ်ရာ"

"မဆိုင်ဘူးလေ၊ ဒီတစ်ကြိမ်နဲ့ပဲ သူ့စိတ်ကို နှင်က ဆွဲဆောင် စိုးမိုးသွားတာ ဖြစ်မယ်၊ ရှင်းရှင်းပြောမယ်ဟာ၊ သူ့ကို ငါမှာလိုက်တာ၊ တွေ့တွေ့ချင်း စိတ်မဝင်စားဘူးဆိုရင် ကြောင်စာထုပ်တွေ တစ်ခါတည်း ပေးလွှတ်လိုက်လို့၊ စိတ်ဝင်စားတယ်၊ နောက်တစ်ကြိမ်တွေ့ဖို့ စိတ်ကူးရှိတယ်ဆိုရင် အကြောင်းပြချက်ရှိအောင် ကြောင်စာတွေ ထည့်မပေးဘဲ ချန်ထားလိုက်ပြီး နောက်မှ သွားပေးလို့"

"ဩော် … ကြည့်စမ်း၊ ဓာတ်ဆရာမကြီး၊ ကဲ … နှင့် ဓာတ်ညွှန်း ကောင်းလွန်းလို့ ကိုယ်တော်မြတ်က ငါ့ဆီ ဖုန်းမဆက်ဘူးလေ"

"ဖုန်းမဆက်တာက ဒီကြားထဲ နှင်တို့နှစ်ယောက်က ယှဉ်ပြိုင်ရသလိုလေး ဖြစ်သွားတာကိုး၊ သူဆက် ကိုယ်ဆက်နဲ့ တစ်ယောက်ကို တစ်ယောက် အကြောမခံချင် ဖြစ်သွားတာကိုး၊ နှင့်ကို သူ တကယ် စိတ်ထဲမရှိရင် လူကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လာပြီး ကြောင်စာ လာပေးနေစရာကို အကြောင်း မရှိတော့ဘူး၊ ဂျူလီလည်း သူ့ဟာသူ စားသောက်ပြီး အဆင်ပြေနေတာ သူသိသားနဲ့ပဲဟာ၊ အိမ်ကို လိုက်တယ် နင်မရှိလို့ မပေးခဲ့ဘူး၊ ဆိုင်ကိုလိုက်တယ်၊ ဒါတွေအားလုံး ဟာ နင်ဟာ သူ့ရင်ထဲ ရောက်နေပြီ ဆိုတာကို ဖော်ပြတဲ့ အပြုအမူတွေပဲ"

"မသိဘူး ... သွား၊ လာမပြောနဲ့၊ နက်ဖြန် ကြောင်စာလာ မပေးနေနဲ့တော့လို့ နင် ပြောဖြစ်အောင် ပြောပေး"

"ပြောပေးရမှာပေါ့၊ ခုလိုဆိုတော့ ကိုယ့်သူငယ်ချင်း Rod ကို ကိုယ်က တင်ပေးရဦးမှာပေါ့၊ သူ ဘာဆက်လုပ်ပြီး နင့်ကို ဘယ်လိုတွေ့ခွင့်ရမယ် အကြံရကျပ်သွားအောင် လုပ်ပစ်ရမယ်၊ ဒါမှ နည်းနည်းပျာပြီး ချာလပတ်ယမ်းသွား မယ်၊ ဟင်း ဟင်း၊ သူ တွေ့ချင် စကားပြောချင်ရင် သူ့ ဟာသူ ဖန်တီးပေတော့"

နရဏီက ပြုံးတုံ့တုံ့ ဖြစ်သွားရာက ရင်ထဲမှာလည်း ကျေနပ်သွားပါသည်။

"ဒါပေမဲ့ ငါ ပြောလိုက်တယ်နော် နရဏီ၊ သူက နည်း နည်းတော့ လက်ပေါက်ကပ်တယ်၊ သိပ်လည်း မဟုတ်ပါ ဘူး၊ နင့်လောက်ပါပဲ၊ သူ့စိတ်နဲ့ သူ့ကိုယ်လည်း နည်း နည်းဆန်တယ်၊ ဒါလည်း နင့်လောက်ပါပဲ၊ နင်တို့နှစ် ယောက်ဟာ နတ်ဖက်သလိုကို ဖြစ်နေတယ်၊ အခြေအနေ





တူ ပုံစံတူတွေ၊ အဲဒါတွေကလွဲရင် နရသူဟာ အင်မတန် ကောင်းတဲ့ ယောကျ်ားတစ်ယောက်နော်၊ နင် စိတ်ကူးမလွဲ ပါနဲ့၊ ဂျစ်ကန်ကန်လုပ်ဖို့ပဲ ရှေ့တန်းတင်မနေနဲ့၊ ဒါပဲ ငါ ပြောမယ် ...

ဒီမှာ နရဏီ၊ မိန်းမတွေဟာ သူတို့စိတ်ထဲ ဘာမှ မရှိတဲ့ သူတို့ရင်ထဲ ဘယ်ချောင်မှ မကပ်တဲ့ ဘာဖိလင်မှ မပေးတဲ့ ယောကျ်ားတွေကို အဆင်ပြေပြေ ဖော်ဖော်ရွေရွေ နဲ့ အခက်အခဲမရှိ ဆက်ဆံတတ်ကြတယ်၊ သူတို့ကို တစ်စုံ တစ်ရာသော ခံစားချက်မျိုးပေးတဲ့ ယောကျ်ားတစ်ယောက် အပေါ်ကိုဆိုရင် ဘုကျလိုကျ၊ မခံချင်အောင် ပြောလိုပြော၊ ရန်လုပ်လိုလုပ်၊ လိုတာထက် ပိုအရောဝင်လိုဝင်နဲ့ ဌာန်က ရိုဏ်း မကျတော့ဘူး၊ မဆက်ဆံတတ်တော့ဘူး၊ ထူပူနေ တာပေါ့၊ သူများ မရိပ်မိအောင် တစ်မျိုးမထင်အောင် ကာကွယ်မိတာပေါ့၊ အဲဒါ ... သေချာ နင်ပြန်စဉ်းစား ကြည့်"

"နင်နော် ... ရန်စကား စ,မလာနဲ့ ... ဟင်း"

နရဏီ့ အသံက ခပ်တိမ်တိမ်လေးပင်။ ဒါဖြင့် စပယ် သူ့ထံ ဖုန်းလှမ်းဆက်တော့မှာမို့ သူ နက်ဖြန် အိမ်ကို ရောက်မလာတော့ဘူးပေါ့။ ကောင်းတယ်။ ဝမ်းသာတယ်။ သူ့ အစီအစဉ်တွေ ပျက်ပါစေလို့ ဆုတောင်းနေရင်းကပင် နရဏီသည် ဘစ်ကြိမ်တည်းကလေး မိနစ်အနည်းငယ်မျှသာ မြင်ဖူးတဲ့ သူ့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို ပြန်လည်မြင်ယောင်မိကာ အကြိမ်ကြိမ် ကြုံဆုံမြင်တွေ့ဖူးပြီးသား လူတစ်ယောက်ကို ရင်းနှီးပုံမျိုးနှင့် နရသူ့ကို ရင်ထဲ အလိုအလျောက် ရင်းနှီးနေမိတာ ကိုယ့်ကိုယ်ကိုယ် သတိပြုမိပါသည်။





၈

နရသူသည် အရုပ်ဆိုင်ထဲမှာ ဟိုဟိုဒီဒီ လျှောက်ကြည့်နေရင်း ဟန်းဒ်ဖုန်းပုံသဏ္ဍာန် အရုပ်ကလေးကို ကောက်ကိုင်ကြည့်နေမိသည်။ တယ်လီဖုန်းလေး။ တယ်လီဖုန်း။ တမင်အကာ ညစ်ကျယ်ကျယ်သဘောနဲ့ ကိုယ်ဆက်စရာရှိတဲ့ဖုန်းကိုဆက်ဘဲ ဟိုဘက်က ဆက်လာအောင် အကွက်တွေဖန်ရင်းကအပြည်းပြည်းနဲ့ သူတို့ လုံးဝဖုန်းဆက်စရာ ပတ်သက်စရာ မလိုအဲ့ဘဝကိုများ ရောက်သွားပြီလား။

ညက စပယ်ဖြူဖြူ ထံက ဖုန်းလာသည်။ ဖုန်းထဲမှာ သူနှင့် စပယ် အခြေအတင် စကားများလုနီးနီး ဖြစ်လိုက်ကြရပါသေးသည်။

"လေးသူ"

"……"

"လေးသူ"

"ဘာလဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



နရသူက တူမ သဥ္စာသူကို အတွေးပျက်သွား
စိတ်မရှည် လက်မရှည် လှည့်ထူးလိုက်ပါသည်။

"ဒီအရုပ် လှလား"

"အင်း"

"ဟင် ... ကြည့်လည်း မကြည့်ဘဲနဲ့"

နရသူက ရှုံ့မဲ့မဲ့ လှည့်ကြည့်ရင်း ...

"အင်း ... အင်း"

"ဒါဖြင့် ဒါယူလိုက်ရမလား"

နရသူက ခေါင်းအုံးကြီးအရွယ်ထက် ကြီးသေးတဲ့ ခွေးရုပ်ကြီးကိုကြည့်ကာ သိပ်မသင်္ကာလှဘဲ ...

"ဘယ်လောက်လဲ"

"နှစ်သောင်းခွဲ"

"ဘုရား ဘုရား၊ အရုပ်တစ်ရုပ်ကို နှစ်သောင်းခွဲပေးပြီး ဝယ်စရာလား၊ ဟင် ...၊ နင်တို့ ပိုက်ဆံမရှာရသေးတိုင်း လူကြီးမိဘတွေရဲ့ ပိုက်ဆံတွေကို အလကား ဖြုန်းဖို့ပဲသိတယ်"

သဥ္စာသူ့ မျက်နှာက ရှုံ့သွားပါသည်။

"အဲဒီ လေးသူက လုပ်ပြီ၊ ဗျစ်တောက် ဗျစ်တောက်နဲ့ ကပ်စေးနဲ ကော်တရာ၊ ဒါကြောင့် လူပျိုကြီး ဖြစ်နေတာ ကပ်စေးနဲတဲ့လူကို ဘယ်မိန်းမကမှ မလိုချင်ဘူး သိရဲ့လား ဒီတိုင်းဆို လေးသူကို ဘယ်မိန်းမမှ မယူမှာ သေချာနေပြီ"





"တော်စမ်းပါဟာ၊ အဲဒါက ဈေးကြီးလွန်းလို့ ပြောနေတာ"

"နက်ဖြန် မီးမီးမွေးနေ့မို့လို့ ဝယ်ပေးရတာပဲဟာ၊ အရုပ်ဝယ်ပေးဆိုတော့ လေးသူပဲ အင်း ... ဆို၊ ခုမှ ဘာလဲ"

"ငါက အင်းပဲပြောတာ၊ နှစ်သောင်းခွဲတန် အရုပ်ဝယ်ပေးမယ်လို့ တစ်ခွန်းမှ မပြောဘူး"

"ဒါ ချိုင်းနား မဟုတ်ဘူး ထိုင်းလိုင်း၊ ပစ္စည်းကောင်းလို့ ဈေးကောင်းတာ"

"ဟိုဟာလေး ယူလိုက်ပါလား"

သဥ္စာသူက နရသူ ညွှန်ပြသည့် လက်သီးဆုပ်လောက် ဝက်ဝံလေးကို ကြည့်ပြီး ဒေါတပွပွနှင့် ...

"အဲလောက် စေတနာရှိနေရင်လည်း ဝယ်ပေးမနေနဲ့တော့ ရတယ်"

"ကဲ ... ကဲ ...၊ ဒါဖြင့်လည်း တခြားတစ်ရုပ်ရှာ၊ တစ်သောင်းတန်ဆို တော်ပြီ"

"သိပ်ကပ်စေးနဲတာပဲ၊ ကိုယ့်တူမကို တစ်နှစ်တစ်ခါ မွေးနေ့လေးမှာပဲ ဝယ်ပေးရတာ၊ နှစ်တိုင်းလည်း သူပေးတာ မဟုတ်ဘဲနဲ့၊ မပေးတဲ့နှစ်တွေ ကျော်သွားတာ"

"ကဲ ... ကဲ ... မြန်မြန်လုပ်ပါဟာ နော်၊ လူတွေများတယ်၊ မြန်မြန်ထွက်ရအောင်"

သဥ္စာသူက ပြန်လှည့်သွားပြီး အရုပ်ထပ်ရွေးနေလျှင် ...သည် မိန်းမပင်လယ်ကြီးလို ဖြစ်နေတဲ့ ဆိုင်ထဲမှ ထွက်...



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ဘာမှ မထူးပါ။ ဆိုင်ပြင်ရောက်တော့လည်း မိန်း... လယ်ပင်။ ယုဇနပလာဇာ ဆိုတာကို ခုမှပဲ ရောက်ဖူး၍ မျက်... တွေ နားတွေ နောက်နေသည်။ ဒီလကုန်ရက်အထိသာ သူ ... နားနေနေ နေဖြစ်မှာဖြစ်ပြီး နောက်လဆန်း စသည်နှင့် ကို... လုပ်ငန်း စ,ပြီ။

အလုပ်မစမီ စိတ်ကို အေးချမ်းကြည်လင်စွာ ထား... ပြီး အနားယူချင်ကာမှ မနေ့ညက စပယ်နှင့် ဖုန်းပြောလိုက်ရချိန်... အတော်လေး စိတ်အနှောင့်အယှက် ဖြစ်ရပါသည်။ သူက ဒီ... မနက်မှာ နရဏီအိမ်ကိုသွားဖို့ ကြိုတင်မြူးရွှင် ရင်ခုန်နေတာ... ဒီမျက်နှာကလေးကို လေဆိပ်မှာ တစ်ခဏ မြင်လိုက်ရပြီး... နောက် လုံးဝပြန်မမြင်ရတော့ဘူးလေ။

သူ့အိမ်ကိုသွားပြီး ထပ်တွေ့ရ မြင်ရမှာ အ... လောက် စိတ်လှုပ်ရှားဖို့ ကောင်းလဲ။ သို့သော် ... ခုတော့ သူ... ဖို့မလိုတော့ပြီမို့ သူ့တူမ ချောဆွဲရာနောက်ကိုပင် ပါလာခဲ့ပြ...

ညက ဖုန်းလာပြီး "ကိုနရသူလား ... စပယ်ပြ... ပါ"ဆိုတဲ့ စကားသံ ကြားတာကိုတောင် သူ့စိတ်က လှုပ်ရှားသ... ရှိခဲ့သေးသည်။ စပယ်ဖြူဖြူဟာ သူ့ကို သူ့သူငယ်ချင်း... သဘောတူပါတယ်လို့ ကိုယ်တိုင် စကားစ,ခဲ့သူ မဟုတ်လာ...

"စပယ်လား ... ဘယ်လိုလဲ၊ ဟိုမှာ အဆင်ပြေလား"

"ပြေပါတယ်၊ ရောက်စ တစ်ပတ်အတွင်းတော့ ကယော... ကတမ်းနဲ့ပေါ့လေ၊ နောက်တော့လည်း အသားကျပါ...





နျူးယီးယားကျရင် ကိုလင်းတောင် ဒီကို ဆယ်ရက်လောက် လာလည်မယ်ပြောတယ်၊ သူ ခွင့်ယူထားတယ်"

"ပျော်စရာကြီးပေါ့"

"အဟင်း ... ကိုနရသူရော အဲဒီမှာ အလုပ်စပြီလား၊ အဆင်ပြေလား"

"ဒီလကုန် နျူးယီးယားပေါ့လေ၊ နောက်နှစ်ဆန်းမှာ အလုပ်စမယ်၊ ကုမ္ပဏီအနေနဲ့ ဖွင့်ပြီပေါ့၊ ဒီမှာ အစ်ကိုလည်း ကွန်စထရပ်ရှင်ပဲ ဆိုတော့ အလုပ်တွေကတော့ အဆက်အစပ်နဲ့ ရနေပြီ"

"ကိုနရသူကို စပယ်က ပြောစရာတစ်ခုရှိလို့"

"ဟုတ်တယ်၊ ကျွန်တော်လည်း စပယ့်ကို ပြောစရာရှိတယ်"

"ကိုနရသူက ဘာပြောမှာလဲ"

"စပယ် ပြောမှာကိုသာ အရင်ပြောပါ"

"ကိုနရသူ ကြောင်စာထုပ်တွေ သွားမပေးရသေးဘူးလို့ သိရတယ်လေ၊ အဲဒါ သွားမပေးနဲ့တော့၊ သွားပေးဖို့ မလိုတော့ဘူးလို့ ပြောတာ"

နရသူသည် စိတ်ထဲ တင်းခနဲ ဖြစ်ကာ ...

"ကျွန်တော်က မနက်ဖြန်မနက် သွားပေးမလို့ဗျ၊ မပေးဖြစ်ရသေးတဲ့ အကြောင်းရင်းကိုလည်း စပယ့်ကို ကျွန်တော် ရှင်းပြနိုင်တယ်၊ ရှင်းပြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ ရှင်းမပြပါနဲ့တော့၊ ကိစ္စမရှိပါဘူး၊ မပေးရသေးလည်း အရေးမကြီးတော့ဘူးဆိုတော့ ..."

"ဘာဖြစ်လို့လဲ"

ဖြတ်မေးလိုက်တဲ့ နရသူ့ အသံက ဆတ်သွားရပြီ။ ရှင်းပြပါမယ် ဆိုတာတောင် မရှင်းပြနဲ့ဆိုတော့ သူ့စိတ်ထဲ အောင့်သွားတာကြောင့်ပင်။

"နရဏီ့ဆီမှာလည်း အဲလိုမျိုး ကြောင်စာထုပ်တွေ ဝယ်ပြီးသား ရှိနေပြီမို့ပါ"

"မဖြစ်နိုင်ပါဘူး၊ ဟိုတစ်နေ့က ကျွန်တော့်ကို သူ့ကြီးတော်က အဲသလို မပြောပါဘူး"

"ဒီကြားထဲ ဝယ်တာလည်း ဖြစ်ရင်ဖြစ်မှာပေါ့၊ ဘာပဲဖြစ်ဖြစ် သူ့မှာ ဂျိုလို့ကို အစာကျွေးဖို့ ဒုက္ခမရောက်တော့ဘူးဆိုတော့ ဒါတွေ သွားမပေးလည်း ရပြီဆိုတဲ့ သဘောပါ"

"မပေးလည်း ရတယ်ဆိုပေမယ့် ပေးလည်း ရတယ်မဟုတ်လား"

"ခက်တာပဲ၊ ကိုနရသူက ဘာတွေ စိတ်တိုနေတာလဲ"

"ဒီကြောင်စာဆိုတာတွေက ခင်ဗျားကြောင်အတွက် ခင်ဗျားပဲ ကျွန်တော့်ကို ထည့်ပေးလိုက်တာလေ၊ သူ့မှာ တခြားဟာတွေ ဝယ်ထားပြီးလည်း ဒီဟာတွေ သွားထပ်ပေးတော့ အလကားဖြစ်တာမှ မဟုတ်တာ၊ ကျွေးလို့ရတာပဲဟာ၊ အိတ်စ်ပိုင်ယာတွေလည်း မဟုတ်ဘူး၊ အဲသလို ပေးစရာမလို





ဘူးဆိုရင် အစကတည်းက ခင်ဗျား ကျွန်တော့်ကို အလေးပင်ခံပြီး ဘာဖြစ်လို့ ထည့်ပေးလိုက်လဲ"

စိတ်ရှည်သည်းခံတတ်တဲ့ အစားထဲက မဟုတ်တဲ့ သူက ဒေါ်ပွလာလေပြီ။

"ဩော် ... ဒါက လိုလိုမယ်မယ်"

"မဟုတ်ပါဘူး၊ ခင်ဗျား လိုလိုမယ်မယ် ထည့်ပေးတာမဟုတ်ဘူး၊ ခင်ဗျားကြောင်အတွက် ကျွေးကိုကျွေးဖို့ ထည့်ပေးတာ"

"ဒါပေမဲ့ ရှင်လည်း ခုထက်ထိတောင် သွားမပေးဘူးမဟုတ်လား၊ ဟိုမှာလည်း အဆင်ပြေနေပြီမို့ မပေးလက်စနဲ့ မပေးနဲ့တော့လို့ ပြောတာ"

"ဒါကြီးတွေ လက်ထဲထားပြီး ကျွန်တော်ကကော ဘာလုပ်ရမှာလဲ၊ သွားမပေးဖို့ကို ခင်ဗျား တကူးတက ဖုန်းဆက်ပြောတာကိုက ထူးခြားနေတာ၊ အကြောင်းမရှိဘဲ ခင်ဗျား ဒီလိုဆက်မပြောပါဘူး စပယ်"

စပယ်သည် စိတ်ရှုပ်စိတ်ညစ်သံပေါက်ကာ ...

"ကျွတ် ... ရှင်ကလည်း တကယ့်ကို ကတ်သီးကတ်သတ်ပဲ၊ စိတ်ညစ်လိုက်တာ"

"မဟုတ်ဘူးဗျ၊ ခင်ဗျား သဘောထားက မရိုးသားဘူးဖြစ်နေတယ်"

"ဒုက္ခပဲ၊ ကျွန်မက ဘာတွေ မရိုးသားလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အစကတော့ ခင်ဗျားပဲ ခင်ဗျားသူငယ်ချင်း နရဏီ လှကြိုပို့ဖို့အရေး ကျွန်တော့် တစ်ယောက်ကိုပဲ စိတ်ချ တယ်လေး ဘာလေးနဲ့၊ ဘယ်လောက်ထိ အခိပ္ပာယ်ရောင် တဲ့ စကားမျိုးတွေ ပြောခဲ့လဲ ခင်ဗျားကိုယ်ခင်ဗျား အသိ ဆုံးပါ၊ ခုကျတော့ ခင်ဗျား လေသံကတစ်မျိုး၊ ခင်ဗျား ဒီကြောင်စာတွေကိုတောင် တစ်ခါတည်း မပေးလိုက်နဲ့ နောက်တစ်ကြိမ် ထပ်တွေ့ရအောင် နောက်တစ်ကြိမ် သွားပေးဖို့အထိတောင် ခင်ဗျား မပြောခဲ့ဘူးလား"

"ဒါဖြင့် အခု ရှင်က နရဏီကို မြင်မြင်ချင်း သဘောက လို့ ကြောင်စာတွေ မပေးလိုက်တာဆိုတဲ့ သဘောလား"

"ခင်ဗျား ဒီလို မေးခွန်းမကျုံနဲ့လေ၊ ခင်ဗျား ရှေ့မညီ နောက်မညီ လုပ်နေပုံနဲ့ ကျွန်တော့်ကို ဒီလို ချည်တုပ်တဲ့ မေးခွန်းမျိုး ကျူးစရာ အကြောင်းမရှိပါဘူး၊ ကြောင်စာ ထုပ်က ထည့်သွားကတည်းက လပ်ဂေ့ဂျ်ထဲမှာ ပါသွားတာ မို့ ကြောင်ခြင်းပဲ ပေးလိုက်တာ"

စပယ်သည် သက်ပြင်းကြီးချလျက် စိတ်ရှုပ်နေပုံ ရပါသည်။ သို့ပေမဲ့ နရသူက မလျှော့သေး။ စပယ့်ကိုလည်း သူ တော်တော်တင်းသွားပြီ။ ဒီအမျိုးသမီးက သူ နရဏီအိမ် သွား မည့်ကိစ္စကို ဘာကြောင့် ထ,ပြီး တားမြစ်ကန့်ကွက်ရသလဲ။

"ဒါဖြင့်ရင် ရှင်က နရဏီကို ကြောင်စာတွေ တစ်ခါတည်း မပေးလိုက်တာဟာ စိတ်ဝင်စားလို့ ထပ်တွေ့ချင်လို့ မဟုတ်





ဘူး၊ မေ့ပြီး မပေးဖြစ်လိုက်တာ ဆိုတဲ့သဘောပေါ့၊ အဲဒါ ကြောင့် ခုထိလည်း မပေးရသေးတာ၊ အဲလိုလား"

"ဘယ်လိုဆိုတာ ခင်ဗျားကို ကျွန်တော် ရှင်းပြဖို့ ဝန်ခံဖို့ လိုအပ်လား"

"ဟာ ... ရှင်က သက်သက် ဘုတောနေတာပဲ"

"ဟုတ်တယ်ဗျာ၊ ဘုတောဖို့ ဖြစ်လာပြီ၊ ကျွန်တော် ပြော စရာရှိတယ်ဆိုတဲ့ စကားကို ပထမတော့ ကျွန်တော်က အေးအေးဆေးဆေး ရယ်ကာမောကာ မေးဖို့ပဲ။ ဒါပေမဲ့ အခု ခင်ဗျားပြောတဲ့ စကားတွေက တစ်မျိုးပဲ၊ ဒီတော့ ကျွန်တော်လည်း တင်းလာပြီ"

"ရှင့်ကို ကျွန်မက ဘယ်လိုများ ပြောနေလို့လဲ ကိုနရသူရဲ့"

"ခင်ဗျားစကားတွေ အပြုအမူတွေ ရှေ့နောက်ကို မညီဘူး၊ ခင်ဗျား တမင်သက်သက် ကျွန်တော့်ကို ကြောင်ခြင်းကြီး ပေးပြီး ဟားစရာ လူပေါကြီးဖြစ်အောင် ချွန်လွှတ်လိုက် တာလား"

"ဟာ ... ရှင် ဘာတွေ ပြောနေတာလဲ"

"ခင်ဗျားက ကျွန်တော့်ကိုတော့ နရဏီနဲ့ သဘောတူတယ် ဆိုတာမျိုး ချွန်လွှတ်လိုက်ပြီး နရဏီဆီကျတော့ ကျွန်တော့် ကို ခေါက်ဖြုတ်တဲ့ မမှန်သတင်းတွေ လှမ်းပို့တာ ဘာသဘော လဲ"

"ဟင် ... ဘာသတင်းတွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ဆော်က ပွေတယ် ရှုပ်တယ်၊ တစ်ကိုယ်ကောင်းသမား အတ္တသမား၊ ကြောင်အပေးအယူကိစ္စပြီးရင် ဆက်မပတ်သက်နဲ့ဆို"

"ဟာ ... ရှင် ဘာတွေ လာပြောနေတာလဲ"

"ခင်ဗျား ပြောတာတွေပဲလေ စပယ်ရဲ့"

"ရှင့်ကို ဘယ်သူက ပြောလဲ"

"ခင်ဗျားတို့ လူသိုက်နဲ့ခင်တဲ့ မာန်ဦးကို နရဏီ ကိုယ်တိုင် ပြောတာ၊ မာန်ဦးက ကျွန်တော့် ငယ်သူငယ်ချင်း၊ ဒီတော့ ကျွန်တော့်နားထဲ ပြန်ရောက်တယ်၊ အဲဒါ ဘာသဘောတွေလဲ"

စပယ်သည် နရဏီ ကြားထဲက တမင်တကာ ခလောက်ဆန်ပြီကို သိလိုက်ပါသည်။ သူ့ကို အသိမပေးဘဲ လုပ်လို့ စပယ့်ကို ပြန်ချောက်တွန်းတာ။ နရဏီ တမင်လိမ်ပြောတာလို့လည်း မဆိုချင်။ ဘာလို့လဲဆိုတော့ စပယ်က နရဏီနှင့် နရသူကို ဖြစ်စေချင်သူလေ။ တော်ကြာ နရဏီ့ကို နရသူက စိတ်ပျက်အထင်သေးသွားမှာလည်း စိုးရိမ်သည်။ စပယ် တိတ်နေ၍ နရသူကပင် ...

"အဲဒီတော့ ခင်ဗျားရဲ့ သဘောထား အစစ်က ဘာလဲဆိုတာ ရှင်းရှင်းပြောဗျာ၊ ဒီဘက်တစ်မျိုး ဟိုဘက်တစ်မျိုး လုပ်မနေနဲ့၊ ဦးနှောက်တွေ ခြောက်တယ်"





"ကျွန်မသဘောထားကတော့ ရှင်နဲ့ နရဏီကို ဘုနဲ့ငွလို့ပဲ သဘောထားတယ်ရှင်၊ အဲဒါပဲ၊ ဒါပေမဲ့ နက်ဖြန်တော့ ရှင် ကြောင်စာတွေ သွားမပေးနဲ့တော့၊ သွားပေးလည်း သူ ရှိမှာမဟုတ်ဘူး၊ ရှင်တို့ဟာက ဘာမဟုတ်တာလေးနဲ့ ပတ်ရှုပ်နေပြီ၊ ကိုယ့်ဟာကိုယ် ဆက်ပြီး ကြိုက်သလိုလုပ်ကြပေတော့၊ ကျွန်မ ဘာမှ မပြောလိုတော့ဘူး"

ဤသို့ဆိုကာ စပယ်က ဖုန်းချသွားခဲ့၍ နရသူမှာ အောင့်သက်သက် ကျန်ရစ်ခဲ့ရပါသည်။ မိန်းမတွေများ ရှုပ်ကိုရှုပ်တာ။ အမြင်ကို ကတ်တယ်။ စိတ်ထဲ အတော်အောင့်နေကာ ဒီနေ့မနက်မှာလည်း နရဏီ့အိမ်ကို သူ မသွားဖြစ်တော့ပါ။ ဒီလောက် စပယ်ဖြူဖြူနှင့် ခပ်တင်းတင်း ပြောထားကြပြီးမှ သူက နရဏီ့အိမ် သွားသေးတာပဲဆိုရင် သူ အောက်ပြီ။

သူကပဲ နရဏီ့ကို မပတ်သက်ရ မနေနိုင်လောက်အောင် ဖြစ်နေပြီလို့ လူတွေ ထင်ကုန်မည်။ ထို့ကြောင့် လုံးဝ မသွားတော့ပေ။ သို့သော် လူသာမသွားတယ်၊ စိတ်က လူးလာခေါက်တုံ့။ မသွားရတာကိုက တနုံ့နုံ့ပိုပြီးဖြစ်စေကာ ဖြစ်ချင်ရာဖြစ် ခုပဲ ကောက်ထသွားလိုက်ချင်သလိုလို။ မိနစ်နဲ့အမျှ ဒီကိစ္စပဲ တနုံ့နုံ့ ခေါင်းထဲတွေးနေကာ သူ့အတွေးထဲကနေ နရဏီ့ကို ဘယ်လိုမှ ထုတ်မရတော့ဘဲ ဖြစ်နေပါသည်။

"လေးသူ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ၊ နင် ခုထိမပြီးသေးဘူးလား"

"ပြီးတော့မယ်၊ ဒါယူရမလား"

သဇ္ဇာသူက ဆိုင်ထဲကနေ ဝက်ဝံရုပ်တစ်ရုပ်ကို လှမ်းပြနေသည်။ သူ့ ဆယ့်ရှစ်နှစ်ပြည့်မှာက ရှေ့အပတ်ထဲကျမှပါ။ ဒီနေ့ နရသူလည်း ဘယ်မှမသွားဖြစ်ဘဲ အားနေတာမို့ ကြိုဝယ်ပေးရတာ။

"ဘယ်လောက်လဲ"

"တစ်သောင်းခွဲတည်းရယ်"

"ယူဟာ ... ယူ ... ယူ"

နရသူက ဆောင်းဘီနောက်ဘက် အိတ်ထဲက ပိုက်ဆံအိတ်ခေါက် ခပ်ထူထူကို ဆွဲထုတ်ကာ ထောင်တန်ဆယ့်ငါးရွက် ရေတွက်ပြီး လှမ်းပေးလိုက်သည်။

"ဟွန်း ... မွေးနေ့လက်ဆောင်ပေးရတာကို ဆောင့်ကြီး အောင့်ကြီးနဲ့၊ ဒေါ်ရုပ်ဆိုးနဲ့ ညားပါစေ"

တူမငယ်ရဲ့ ကျိန်ဆဲသံကို ရယ်ချင်သွားကာ နရသူက ပြုံးလဲ့လဲ့နှင့် ဆိုင်ပြင်ဘက် ပြန်ထွက်လိုက်ပါသည်။

"ဟင်"

"ဟောတော်"

ခပ်နီးနီးကပ်ကပ် ဖြစ်သွားတဲ့ အမျိုးသမီးတစ်ယောက်ကို ခြေလှမ်းယို့ရှောင်လိုက်ရင်းပင် နရသူ့နှုတ်က "ဟင်" ခနဲ မြည်သလို၊ တစ်ဖက်ကလည်း "ဟောတော်"တဲ့။ ထို့နောက်





ဟိုတစ်ဖက်က ဝိုင်းစက်ရွှန်းတောက်သော မျက်ဝန်းကျယ်ကြီးများအောက်က ပါးပြင်မို့ကလေးသည် အကြောင်းမဲ့ နီထွေးသွေးလျှမ်းသွားပါသည်။

ဒီလောက်ကြီး မျက်နှာချင်းဆိုင်ကြီး။ ဘာကြောင့် မခေါ်ရမှာလဲ။

နရသူက နားထင်ကို လက်ညှိုးလေးနှင့်ကုတ်ကာ ပြုံးမဲ့မဲ့နှင့် ...

"မှတ်မိပါတယ်နော်"

နရဏီက ဣန္ဒြေဆည်ရင်း ...

"အင်း ... မှတ်မိပါတယ်၊ ကိုနရသူ မဟုတ်လား"

"ဟုတ်ပါ့ဗျာ"

"ဈေးလာဝယ်လား"

နရဏီက နရသူ့ မျက်နှာကို စေ့စေ့မကြည့်ဘဲ ခပ်ဆာဆာ ခပ်လျှမ်းလျှမ်းကြည့်ရင်း အကြောင်းမဲ့ ရှက်ရိပ်ယောင်သွားပြေးနေပါသည်။ ဒါကို ပြုံးပြီး ဣန္ဒြေဆည်နေတဲ့ ရုပ်ကလေးက ဘယ်လိုလေးရယ် မသိ။ နရသူ့ ရင်ထဲတွင် (အံ့သြဖွယ်ရာကောင်းလွန်းစွာ) မီးရထားအစင်းပေါင်းများစွာ လိုက်ခေါင်းထဲငြိုင်တူမောင်းနေသလို တုန်ဟည်းဆူညံနေပါသည်။

သူ့တစ်သက်မှာ တစ်ကြိမ်တစ်ခါမှ ဒီလိုခံစားဖူးတာမရှိခဲ့။

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



လည်ချောင်းမှာ အသံက ကပ်သွား၍ နရသူ့ လည်ချောင်းတစ်ချက် ရှင်းလိုက်ရင်း ...

"ညကတောင် စပယ် ဆက်သေးတယ်"

"ဟုတ်လား"

"ခင်ဗျားဆီရော ဆက်လား"

နရဏီက ခဏတုံ့နှေးနေပြီးမှ မထူးပါဘူးဆိုတဲ့ နှင့် ...

"အင်း ... ဆက်တယ်"

"ခင်ဗျားတို့ အမျိုးသမီးတွေမှာ ပြဿနာမဟုတ်တာတွေ ပြဿနာရှုပ်နေကြတာပဲနော်"

"အမယ် ... ရှင် ဒီလိုပြောနိုင်အောင် ကျွန်မတို့က ဘာ တွေ ရှုပ်မိပါလိမ့်"

"ခင်ဗျားတို့ အသိဆုံးပေါ့၊ ကျွန်တော့်ကို စပယ်ဖြူဖြူက ကြောင်စာထုပ်တွေ ဒီမနက်သွားပို့မိနေနဲ့တော့လို့ ပြော တယ်"

"မလိုအပ်တော့လို့ပါ"

"ခင်ဗျား ဝယ်လိုက်ပြီမို့ မလိုတော့ရင်တောင် ထပ်ရလို့ လည်း အပိုတော့ မဖြစ်နိုင်ပါဘူး"

"ဟိုလေ ... ရှင့်အတွက် တကူးတက လာပို့နေရတာမျိုး ဖြစ်နေမှာစိုးလို့ပါ၊ အရေးတကြီး မဟုတ်တော့ဘူးလေ"





"ဒါဖြင့် အရေးမကြီးဘဲ အေးအေးဆေးဆေး လာပေးရင် ကော"

နရဏီက လှစ်ခနဲ ပြုံးလိုက်မိပြီး မျက်စောင်းတစ် ချွယ်နှင့်

"ပေးရင်လည်း ပေးပေါ့၊ ဒါတွေက ဘယ်သူ့ကို ပေးခဲ့ ပေးခဲ့ ရတာပဲ၊ ကျွေးဖို့ နည်းစနစ် ရှင် ရှင်းပြဖို့မလိုပါ ဘူး၊ အိကျုံးတောင် ကျွေးတတ်ပါတယ်"

"အိကျုံးဆိုတာ !! "

"အုန်းကြည်လေ"

နရသူသည် နရဏီ့ ဟန်ပန်ကလေးကို ကြည့်ကာ အုမြူးရွှင်ပျလာပြီး တဟက်ဟက် ရယ်မောလိုက်မိပါသည်။ အတော်မြူးသွက်တဲ့ မိန်းမပဲ။ သူ့နံဘေး ခန်းကျင်ကို အကြည် ခာတ် ကူးစက်စေတဲ့ မိန်းမမျိုး ဖြစ်သည်။

"အုန်းကြည် ဆိုတာ !! ၊ အိကျုံးပဲလား"

"အဟင်း ... ကျွန်မအိမ်က ခုလောလောဆယ် Kitty Sitter ပါ"

"Kitty Sitter ! အဟင်းဟင်း"

နရသူ ခေါင်းမော့လှန်ကာ ရယ်မောလိုက်၍ နရဏီ က တစ်ချက် ခိုးကြည့်လိုက်သည်။ ဘုရားရေ ... အင်မတန်ချော သန့်တဲ့လူပဲ။ လှုပုံနဲ့ မျက်ဝန်းကြည်က နည်းနည်းညစ်တတ်မယ့် ပုံ ပေါ်နေတာကိုက အသည်းယားစရာ။



www.burmeseclassic.com

www.burmeseclassic.com



"ဂျိုလီ အိုကေပဲ မဟုတ်လား"

"အင်း ... အိုကေပါ၊ ဒါပေမဲ့ ဘာရက်ပစ်နဲ့ တွေ့လုလုဖြစ်နေလို့ မနည်းအုပ်ထိန်းထားရတယ်ရှင့်"

နရသူက မျက်ခုံးပင့်သွားမိပြီး နရဏီ မချိုမချဉ်ရုပ်လေးကို စိတ်တွေ လှုပ်ရှားစွာ စိုက်ကြည့်ကာ အားရပါးရရယ်မောမိလေသည်။ အံ့သြစရာ။ ဒီမိန်းမနဲ့ မတွေ့ခင်က ရင်ထဲက အဖုအထစ် အစိုင်အခဲ မှန်သမျှတို့ဟာ တွေ့လိုက်ချိန်မှာ လုံးဝ ကျေပျက်ဖြိုးဖြောင့် ချောမွေ့သွားပါလား။

"ဘာရက်ပစ် ! သြော် ... ကြီးကြီးပြောတဲ့ အပေါ်ထပ်က ယိုးဒယားကြောင်ကြီးထင်တယ်"

"ဟုတ်ပရှင်၊ ကျွန်မက သံယောဇဉ်တွေ အတွယ်အတာတွေ မုန်းတဲ့သူမျိုးပါဆိုမှ အိမ်မှာ ကိုယ်က ယာယီအုပ်ထိန်းထားရတဲ့ ကြောင်မကို လာငြိချင်တဲ့ ကြောင်ထီးက ရှိနေသေးပြန်တယ်၊ ကျွန်မပဲ မယ်ယက္ခ မယ်ဂုမ္ဘာန်ပေါ့ရှင်"

"သြော် ... သူ့နာမည်ကိုက ဘာရက်ပစ်တဲ့လား"

"ဘယ်ဟုတ်မလဲရှင့်၊ ကျွန်မ မှည့်ထားတာပေါ့၊ သူ့နာမည်က ဖန်ခွမ်စီ ဆိုလား ဒုံခွမ်စီ ဆိုလား ယိုးဒယားနာမည်တဲ့၊ မခေါ်တတ်ပါဘူး"

"စပယ်ကတော့ သူ့ကြောင်မကို နှလုံးသားကိစ္စ သဘောတူဦးမယ် မထင်ဘူး"





"အမယ် ... ကျွန်မလည်း သဘောမတူနိုင်ပါဘူး၊ ဘယ်အနီးစပ် ခံပါ့မလဲရှင်"

နရသူက နရဏီကို သဘောတကျ ပြုံးစိုက်ကြည့်နေမိသည်။ ဒုတိယအကြိမ် အတွေ့မှာ သူ့ဘက်ကလည်း တရင်းတနီး၊ ကိုယ့်ဘက်ကလည်း တရင်းတနီး၊ မိတ်ဟောင်းဆွေဟောင်းမှာ စကားပြောလို့ အဆင်ပြေနေသည်မှာ ဒီကြားထဲ ရက်တွေက သူတို့နှစ်ဦးအကြားက သူတို့နှစ်ဦးသာသိတဲ့ အတွင်းကျိတ်ခံစားချက်တွေ၊ အပြိုင်အဆိုင်စိတ်တွေ၊ ကိုယ့်အနေအထားအတွက် ဆွေးနေရတာတွေ၊ ဒီလိုမျိုးတွေက လူချင်း အဆက်ပြတ်သော်လည်း စိတ်ချင်း အဆက်မပြတ်စေခဲ့တာကြောင့်ပင် ဖြစ်မှာ။

စကားစ,ပြတ်သွားသလိုရှိ၍ ,နရဏီက နှုတ်ဆက်တော့မည် အပြင်တွင် ...

"ဟိုတစ်နေ့က ခင်ဗျားဆိုင်ရှေ့မှာ အတော်ကြာကြာ စောင့်နေတယ်"

"ဟုတ်ကဲ့ ... သိပါတယ်"

"သိရုံပဲလား၊ မြင်ရော မြင်နေမလားလို့"

"အမယ် ... ဘာလဲ၊ ရှင်ဆိုလိုပုံက ကျွန်မကပဲ ပုန်းနေသလိုလို"

"မသိဘူးလေ၊ ကားကလည်း ရပ်ထားတော"

"သူများကားနဲ့ သွားပါတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ပြန်လာမှ ဆိုင်က ကောင်မလေးက စုံစုံစေ့စေ့ ပြန်ပြောပြတယ်ပေါ့"

"ဒါပေါ့ရှင့်၊ ကျွန်မကိုယ်တိုင် မြင်ရတဲ့အလား ကွင်းကွင်း ကွက်ကွက် အားလုံး ပြောပြလို့ အားလုံးသိပါတယ်၊ ရှင့် မိတ်ဆွေနဲ့ ချိန်းထားလို့ဆိုပြီး ချိန်းလည်းမထားဘဲနဲ့"

"ခင်ဗျားဆိုင်ရှေ့မှာ တကူးတက လာထိုင်စောင့်နေတဲ့ လူတစ်ယောက်ကို နောက်ကျမယ် ကြာမယ်မို့ ပြန်လိုက်ပါ ဆိုတာ ကိုယ်တိုင် ဖုန်းလေးတစ်ချက် ဆက်ပြောဖို့ကောင်း ပါတယ်"

"အို ... ဒါကတော့ ရှင်က ဖုန်းဆက်ပြီး ကြာမှာလား၊ စောင့်ရမှာလား၊ ပြန်ရမလား မေးလိုက်ရင် ပိုအဆင်ပြေ တာပါ"

ထို့နောက် သူတို့နှစ်ယောက်ဟာ တစ်ယောက်ကို တစ်ယောက် အပြိုင်အဆိုင် စူးစူးရဲရဲ စိုက်ကြည့်နေလိုက်မိကြပါ သည်။ မင်းလည်း မဆက်ဘူး၊ ငါလည်း မဆက်ဘူးလေ၊ အဲဒါ ဘာဖြစ်လဲ ဆိုတဲ့ အရိပ်အယောင်တွေဟာ မျက်ဝန်းကိုယ်စီမှာ။ တစ်ယောက်ကို တစ်ယောက် မကျေမချမ်း အသည်းတယား ယား။

"ထားပါတော့လေ၊ ဒါပေမဲ့ ကျွန်တော်က ခင်ဗျားနဲ့ဆုံ ချင်ပါသေးတယ် နရဏီ"





"ဘာကိစ္စများ ရှိသေးလို့ပါလိမ့်"

"ဘာကိစ္စမှ မရှိဘဲနဲ့ပါ၊ ဟိုမှာနေကတည်းက စပယ်က သေသေချာချာ လေးလေးနက်နက်ကြီးကို မိတ်ဆက်ပေး လိုက်တဲ့ မိန်းကလေးရယ်လို့ ဒီတစ်ယောက်ပဲ ရှိတာဆို တော့၊ အမှန်အတိုင်း ပြောရရင် ကျွန်တော်ကလည်း မိန်း ကလေးမိတ်ဆွေဆိုတာ မရှိသလောက်နီးပါး ရှားတဲ့သူပါ၊ ဒီတော့ ..."

"မရှိသလောက်နီးပါးရှားတယ် ဆိုတာက မရှိဘူး ဆိုတာ ထက်တော့ တစ်ယောက် နှစ်ယောက် ပိုမှာပေါ့နော်၊ ဒါဆို သိပ်မဆိုးပါဘူး"

နရဏီက ပြုံးစိစိလေး မေးပါသည်။ နရသူက ဖြေ ရှင်းမနေတော့ဘဲ ...

"ဒီမှာ လောလောဆယ် အမြဲတွေ့ဖြစ်တဲ့ အပေါင်းအသင်း မိတ်ဆွေဆိုလို့ မာန်ဦး တစ်ယောက်တည်း ရှိတာဗျ၊ ခင်ဗျားတွေ့ချင်ရင် အိမ်လာလည်ခွင့် ရှိလား၊ ဆိုင်လာ လည်ခွင့် ရှိလား"

နရဏီက ပြုံးတုံ့တုံ့လေး မျက်လွှာစိုက်ချထားရင်း ...

"အိမ်ဖြစ်ဖြစ် ဆိုင်ဖြစ်ဖြစ် လာလည်တာပဲ ရပါတယ်၊ ဒါပေမဲ့ မလာခင်တော့ ဖုန်းတစ်ချက်တော့ ထောက်ကြည့် လိုက်ပေါ့၊ ရှိ၊မရှိလေ"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်ဖို့ကကို မပြောင်းလဲဘဲ တိုက်တွန်းပြောဆို နေတာမို့ နရဏီ အတွင်းစိတ်ထဲမှာလည်း ဖုန်းစ,မဆက်တာကို အထာသိနေတယ် ဆိုတာ ပိုသေချာပါသည်။ ထိုစဉ် ...

"ပြီးပြီ ... သွားလို့ရပြီ"

အသံစာစာနှင့်အတူ နရသူ့ နံဘေး ဝုန်းခနဲရောက် လာကာ နရသူ့ လက်တစ်ဖက်ကို ဖက်ပိုက်ချိတ်တွဲလိုက်သူက သဥ္ဇာသူပင်။ နရဏီသည် လန့်သွားကာ ထိုသူငယ်မကို မျက်ခုံး ပင့် မျက်လုံးပြူးကြီးနှင့် အလန့်တကြား တအံ့တဩ ကြည့်နေမိ ပါသည်။

တကယ့် နုနုနယ်နယ် ခေတ်ရဲ့သမီးပျို ငယ်ငယ်က လေးပါလား။ နရသူနှင့် ရုပ်ချင်းကတော့ ဘယ်လိုမှ မနီးစပ်ပါ။ ကောင်မလေး မျက်နှာက ကုလားဆင်ကလေး ဖြစ်သည်။ အသားကတော့ ဖြူသည်။ ဘိုကုလားရုပ်လေး။

သဥ္ဇာသူကလည်း သူ့ကို မျက်လုံးပြူးပြူးပြဲပြဲ စိုက်ကြည့် နေတဲ့ ဆရာမကြီးရုပ်နှင့် နရဏီကို အကြီးအကျယ် အကဲခတ် လိုက်ပါသည်။ ခုမှ နိုင်ငံခြားက ပြန်လာတဲ့ ဆောက်လုပ်ရေး ကုမ္ပဏီ ကိုယ်ပိုင်ခွဲထောင်မယ့် ချမ်းချမ်းသာသာ ဦးလေးလူပျို ကြီးကို ခပ်တိုတိုမို့ မျက်နှာချိုသွေးသွေး အောက်ကျို့ကျို့ပုံစံလေး လုံးဝမဟုတ်တဲ့ နရဏီကို သိပ်စေတနာမပေါက်လေရာ ...

"သွားမယ်လေလို့၊ လာ ..."





ဦးလေးလက်ကို အတင်းချိတ်ဆွဲပြီး ဖွတ်ထွက်ခွာ သလော နရသူမှာ နရဏီကို ဘာမှမပြောရှင်းနိုင်မိ တတန်းတန်း ကြီး ပါသွားရပါတော့သည်။

❦ ❧ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၉

နရဏီသည် ဆိုင်ထဲဝင်လာတဲ့ သွယ်လျလျ ဆယ်ကျော်သက်မလေးများ အုပ်စုကို ကြည့်ကာ တစ်ယောက်ကို ဟိုတစ်နေ့က နရသူ လက်ချိတ်လိုက်တဲ့ ဟာကလေးများလားလို့ ထင်လိုက်မိပါသေးသည်။ မဟုတ်လောက်ပါဘူး။ ဒါလေးက ဆံပင်ဖြောင့်၊ ဟိုတစ်ယောက်က ဆံပင်ကောက်ခွေလေးတွေနဲ့။

ဂျင်းဘောင်းဘီကွာတားလေးကို တိတိကျပ်ကျပ်ဝတ်ထားပုံကပဲတူတာ။ အပေါ်က နှစ်ထပ် သုံးထပ် ကျောပေါ်ကြိုးရှုပ် အင်္ကျီဒီဇိုင်းဆန်းတွေနှင့်။ ခုခေတ် ကောင်မလေးတွေအားလုံးရဲ့ လောလောဆယ် ပုံစံတွေပဲ။ ဂျင်းဘောင်းဘီအတွင်းက ပိန်လှစ်သွယ်လျတဲ့ ခြေတံကလေးတွေများ အသည်းယားစရာ။

ဟိုတစ်နေ့က ကောင်မလေးဟာလည်း ဒီပုံပဲ။





ဂျင်းဘောင်းဘီ တိုကျပ်စက လေးနဲ့။ အပေါ်က ပန်းဆီနှင့် အဖြူစပ် နှစ်ထပ်ကျောပေါ်အင်္ကျီနဲ့ ဆံပင်က ရွှေညိုရောင်ဆိုးပြီး လိပ်ခွေခွေ။ မျက်ခုံးညို ခုံးခုံးလေးနဲ့ မျက်နှာပြင်လေးက ဖြူဝင်းတင်းပြောင်နေပြီး နှုတ်ခမ်းနီက အရောင်မပါတဲ့ ကြည်လက်လက်။ အောက်ကပဲ်ဆယ်ဟီးလ်ရဲ့ ကြိုးမျှင်လေးတွေက ခြေသလုံးကို ပတ်လို့။

ငယ်ငယ်နုနုလေး၊ သွယ်သွယ်လျလျလေး။ နရဏီက ကိုယ့်ကိုယ်ကိုယ် အမှတ်မထင် ငုံ့ကြည့်လိုက်မိပါသည်။ အသက်က သုံးဆယ်တောင်ရှိလာပြီ ဘယ်လိုလုပ် ဝါးလုံးချောင်းလေးလိုသွယ်လျတော့မှာလဲ။ လက်ပြတ်ဝတ်ရင် လက်မောင်းသားက ပြည့်ဖြိုးပြီး ပေါ်လွင်နေပြီ။ ဗိုက်ကလည်း (အစားသောင်းကျန်းလွန်းတော့) ပူချင်ချင်။ မနည်းကို ဗိုက်ချပ်ဘော်လီ၊ ဗိုက်ချပ်ဘောင်းဘီတွေနှင့် ကျပ်အောင် ချုပ်ထားရပြီ။

ဘော်လီတို့ ဘရာတို့ စည်းနှောင်တဲ့ အထက်ပိုင်းလက်ပြင်သား ဖုဖုအိအိနှင့် တစ်ရစ်ထွက်ချင်ပြီ။ လည်ရေးအရစ်တောင် ရှိချင်ပြီ။ ဒါတောင် မိုးသဲနှင့် ကြည်ဖြူတို့နှင့် စာလျှင် နရဏီက ပိုပြီး ကိုယ်ရည်စစ်ပါသေးသည်။ မသိမသာကလေးသာ အဆီတင်းလာတာ။ ဘာအဆီမှ မရှိတဲ့ သွယ်လျ ချပ်ရပ်လှတဲ့ ဆယ့်ရှစ် ဆယ့်ကိုးလေးတွေနဲ့တော့ ဘယ်လိုလုပ် ယှဉ်လို့ရတော့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့မတော့ ဘာဝတ်ဝတ်လည်းလှ။ ခုန်ပေါက်ထွက်လာလည်း ဣန္ဒြေမမဲ့လှ။ လက်မောင်းကြီးကို အတင်းထိုးဖက် ချိတ်လိုက်တော့လည်း သက်သောင့်သက်သာ။ ကိုယ်များဖြင့် သူ့လက်မောင်းကြီးကို ဒီလောက် အလွယ်တကူ မချိတ်ရဲပါဘူး။ အတွေးနှင့် နရဏီ မျက်နှာရဲသွားရပါသေးသည်။ ချိတ်ဖို့လည်း မလိုပါဘူး၊ ဘာကြောင့် ချိတ်ရမှာလဲ။ မချိတ်ဝံ့ပါဘူးဆိုတာ မတော်တဆ ချိတ်ဖို့လိုလာရင် ပြောပါတယ်။

အို ... ရှက်စရာကြီး။ စိတ်ညစ်တယ်။

ဟိုလူကလည်းပဲ လက်သွက်လိုက်တာ။ တော်လိုက်တာ။ ရန်ကုန်ပြန်ရောက်လာတာဖြင့် ဘယ်နှပတ်ရှိသေးလို့လဲ။ ဒီအရွယ် အတွဲကလေးတောင် ရနေပြီ။ ခုခေတ် ဒီအရွယ်လေးတွေကလည်း ရဲတာကိုး။ ငါတို့လို ဣန္ဒြေနဲ့ သိက္ခာနဲ့ ကိုယ့်ဟာကိုယ် ခပ်တင်းတင်းမှ မနေဘဲ။ သူတို့ဘက်ကတောင်စ,ကာ နှောက်လိုက် ပြောင်လိုက် ဖက်လိုက် ဆွဲလိုက်။

ဖုန်းတွေလည်း အကြိမ်ကြိမ် ခေါ်မှာပေါ့။ ရုပ်ကိုက ဖုန်းပြောသန်မယ့် ရုပ်ပါ။ ကိုယ့်လို ဖုန်းစဆက်ဖို့ကလေး လက်ပေါက်ကတ်နေတဲ့ သူကတော့ ဘယ်ယှဉ်လို့ ရတော့မလဲ။ ဆယ့်ရှစ်နှစ်သမီးလောက်ကို တွဲလာပြီးမှများ လူကို တွေ့ချင်သလေး၊ ဘာချင်သလေး လာလုပ်နေသေးတယ်။ ရွံဖို့ကောင်းလိုက်တာ။

"မမ ... ဒါ ဘယ်လောက်လဲ"

"ဆယ့်ရှစ် ... အဲလေ ... ဟုတ်ပါဘူး"





"ထောင့်ရှစ်ရာလား"

"မဟုတ်ဘူး ... မဟုတ်ဘူး၊ မှားလို့ မေဖော်ရယ်၊ တစ်ကိုက် ငါးထောင့်နှစ်ရာပါ ညီမလေးရယ်"

"အင်းလေ ... ပေါ်လှချည်လားလို့ လန့်သွားတာပဲ၊ အလိပ်လိုက် ယူသွားလိုက်မှာ"

"အေးကွယ် ... အဲလိုပဲ၊ အသက်က ကြီးလာတော့ ပါးစပ်က ပြောတာက တခြား၊ ထွက်တာက တခြား၊ တလွဲတွေ"

"အမယ်လေး မမကလည်း၊ ဘယ်က အသက်ကြီးရမှာလဲ၊ အပိုတွေ"

"ကြီးပါပြီကွယ်"

"ဘယ်လောက်လဲ"

"သာတိ"

"သုံးဆယ်"လို့ ပြောရတာထက် "သာတိ"လို့ပြောရတာက နည်းနည်းပိုငယ်သလို ခံစားရစေသည်။

"ဟယ် ... အစိတ်ပဲ ထင်ရတယ်"

"မထူးပါဘူးကွယ်၊ အစိတ်ပြီးရင် သုံးဆယ်ပဲဟာ"

"အို ... မမကလည်း၊ နှစ်ဆယ့်ခြောက် နှစ်ဆယ့်ခုနစ်တွေ ရှိသေးတာပဲဟာ၊ မမလို ချောလည်းချော၊ စီးပွားလည်း ကျုံးရှာတဲ့ မမ တစ်ယောက်လောက်ကို ယောက်မတော်



www.burmeseclassic.com

www.burmeseclassic.com



ရရင် အပိပဲ၊ တစ်ကိုက် ငါးထောင့်နှစ်ရာလည်း မပေးရတော့ဘူး ဟား ဟား၊ အလကား လျှောက်ဖြတ်ပြီး ဝတ်ဖို့ပဲ"

"အမလေး ... ကြောက်စရာကြီး"

"အောင်မယ် ... ကိုကိုက တိရစ္ဆာန်ဆေးကုဆရာဝန်နော်၊ ကိုကို့ ဆေးခန်းက နာမည်ကြီး"

"ဒါဖြင့် အတော်ပဲ အိမ်မှာလည်း ကြောင်တစ်ကောင်ရှိတာနဲ့"

"ကြောင်က ဘာဖြစ်နေလို့လဲ မမရဲ့"

"မလှုပ်လို့ဟော့၊ အဆီပဲ ပိတ်နေတာလား၊ ကြောင်ပျင်းမို့လို့လား၊ ဘာလဲမသိလို့၊ နောက်ပြီး ဟိုဟာလေ၊ တားဆေးလည်း ထိုးချင်တယ်၊ ကြောင်လူပျိုတစ်ကောင် လာလှည့်နေလို့ တစ်ရက်မှ ရတက်မအေးရဘူး၊ တံခါးပေါက်ဝမှာဆိုရင် ကြိမ်လုံးတစ်လုံး ထောင်ထားရတယ်၊ ဟိုကြောင်ထီး လူပျိုလာလှည့်ရင် ပြေးပြီး ရိုက်ထုတ်နေရတယ်၊ လူကြီးတွေ လစ်တုန်း အဖြေပေးလိုက်မှာစိုးလို့ မျက်စိဒေါက်ထောက် ကြည့်နေရတာ၊ အိမ်ကကြီးတော်ဆိုရင် နေ့လယ်နေ့ခင်း တစ်ရေးလေး မမှေးရဘူး ဖြစ်နေလို့"

"ဆေးထိုးလို့ ရတယ်လေ မမရဲ့၊ နည်းနည်းတော့ ဝလာမယ်"





"ဘုရားရေ၊ ခုတောင် ကြောင်မက ပုတ်ပြဲနေတာ".

"ပိုဝလာမှာ"

"အင်းလေ ... ဝဝ,ပေါ့၊ ထိုးရတော့မှာပဲ၊ ဆေးခန်းက ဘယ်အချိန်လဲ ညီမလေး"

"တစ်နေ့ကုန်ဆေးခန်းက အိမ်မှာဖွင့်တာ၊ ခြံဝနားမှာပေါ့၊ ညခုနစ်နာရီနောက်ပိုင်းဆိုရင် Home လိုက်တာ၊ မမအိမ်ကို လာထိုးပေးလည်း ရတယ်၊ ဖုန်းတစ်ချက်သာဆက်လိုက်"

"ဟယ် ... အဲဒါဆို ကောင်းတာပေါ့၊ အောင်မယ် ... ကြည့်ရတာ ဒီကောင်မလေး အကွက်တွေထွင်တယ်ထင်တယ်၊ ကဲပါဟယ် ငါးထောင့်နှစ်ရာ မလုပ်ဘဲ ငါးထောင်နဲ့ပဲ ယူလိုက်ပါ၊ နော် ...၊ အလကားဖြတ်ဖို့တော့ မကြံနဲ့ပေါ့အေ"

နရကျိ အပြောကြောင့် ကောင်မလေးတွေ ရယ်မောမဆုံး ဖြစ်နေကြပါသည်။

ပါးစပ်ကသာ အလိုက်သင့် ပေါက်တတ်ကရတွေ တရင်းတနှီး ပြောဆိုရယ်မောနေပေမယ့် စိတ်ထဲကတော့ တနုံ့နုံ့နှင့် သွယ်လျလျလေး လက်ချိတ်တွဲ ခေါ်ရာနောက်ကို ခပ်ကော့ကော့ တောင့်တောင့်ကြီး ပါသွားတဲ့ သူ့ပုံစံကိုသာ တွေးတည်းတွေး၊ တမြင်တည်း မြင်နေပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သဘောကျမိတာကလေ သူ့ကိုယ်က သန့်ပြန့်သင်းကြည်တဲ့ ရနံ့လေးတစ်မျိုး ရနေတာကြောင့်လည်း ပါတာပေါ့။ အပျိုကြီးလုပ်တာလည်း မပြောနဲ့လေ။ ယောကျ်ား အတော်များများက ချဉ်စုတ်စုတ်အနံ့ ထွက်နေတတ်ကြတာ၊ လမ်းသွားရင်း ပလက်ဖောင်းပေါ် ယှဉ်လျှောက်မိတုန်းတို့။ ဆေးခန်းမှာ၊ ဘဏ်မှာ၊ စသဖြင့် တစ်နေရာရာမှာ ယှဉ်ရပ်မိတုန်းတို့၊ ဘယ်လိုမှန်းမသိ ချဉ်စုတ်တာလိုလို၊ ညှီစို့တာလိုလို ရနံ့မျိုးကြီးတွေ ရနေတဲ့ ယောကျ်ားမျိုးတွေ လောကမှာ အတော်များတာလေ၊

သူကတော့ ဒီလိုမဟုတ်ပေဘူး။ စိုလက်ရွှဲပြောင်တဲ့ ဆံပင်တိုထောင်ထောင်လေးတွေက ဂျဲလ်နံ့ပဲလား။ အနက်စက်ကလေးတွေ အပြောက်ပြောက်ထ,အောင် ရိတ်သင်ထားတဲ့ စိမ်းစိုသော မေးရိုးပါးမှန်းက After shave ရနံ့ပဲလား။ ရေချိုးကြာလို့ ဆပ်ပြာနံ့စွဲလာတာပဲလား။ ဘော်ဒီစပရေး ပါဖျူးမ်တစ်ခုခုရဲ့ ရနံ့ပဲလား။

သင်းကြည်ကြည်ကလေးပါရှင်။ အို ... စဉ်းစားရတာ ရှက်စရာ ကောင်းပါတယ်။ ဒီကတော့ သူ့အကြောင်း စဉ်းစားအမှတ်ရလို့။ သူကတော့ သွယ်လျလျနဲ့တွဲရင်း နရဏီဆိုတာကို သတိရမယ် မထင်ပေါင်။ လူကဖြင့် အသက်ကမနည်းလှပါဘူး။ တွဲတော့ နုနုငယ်ငယ်ကလေးကိုမှ တွဲချင်တာ။ နွားအိုမြက်နုကြိုက်ဆိုတာ သိပ်မှန်တာပဲ။





နရဏီသည် တမင်တကာ နှစ်နှစ်နှာနှာတွေ လျှောက်တွေးနေပါသည်။ ထိုစဉ် ဖုန်းမြည်လာ၍ ဆိုင်ကကောင်မလေးက ထူးလိုက်ပြီးလျှင် ...

"မမ ... မမမိုးသဲ ဆက်ပါတယ်၊ ဟိုတစ်နေ့က ကျောက်တွေပါတဲ့ဖိနပ်တွေ ရောက်မယ်ဆိုတာ ရောက်ပြီလားတဲ့"

"ရောက်ပြီလို့ ပြောလိုက်၊ အဲဒီပုံးကို မဖွင့်သေးဘူး ထားထားတယ်လို့"

ကောင်မလေးက တစ်ဖက်ကို လှမ်းပြောနေပါသည်။

"ဘာလဲ ... သူက လာမလို့တဲ့လား"

"ဟုတ်ကဲ့ ... မမမိုးသဲအမေ ကလေးခဏခေါ်သွားလို့ အားတုန်း လာမယ်တဲ့၊ မမကြည်ဖြူကိုပါ ဝင်ခေါ်ခဲ့မယ်တဲ့"

"အေး ... လာခိုင်းလိုက်"

အတော်ပဲ။ ဒီဟာမ နှစ်ယောက်ကို ပြောပြရဦးမည်။ နွားအိုမြက်နုကြိုက်ကြောင်းကိုလေ။ နရဏီသည် မခံချင်သလိုလို၊ ဝမ်းနည်းသလိုလိုနှင့် ဒါကိုပဲ တွေးနေမိတော့တာပင်။ အထည်ဆိုင်ဘက်ကူးလိုက်၊ အကျီဆိုင်ဘက်ကူးလိုက်၊ ဖိနပ်ဆိုင်ဘက်ကူးလိုက်နှင့် မျက်မှန်းတန်းတဲ့ ဖောက်သည်ရှိတဲ့ အခန်းဆီ ကူးနေဆဲ အကျီဆိုင်က ကောင်မလေးက အလန့်တကြားနှင့် ...

"မမ ... ဟိုဟာ ... ဟိုမှာ ... ဟိုလူကြီး"

အပြင်ဘက် မှန်ချပ်နားကပ်နေတဲ့ နရဏီသည် ကောင်မလေး စကားကြောင့် အလန့်တကြားနှင့် လမ်းမဘက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိလျှင် မှာခ်တူးတစ်စင်းပေါ်က ဆင်းလာတဲ့ နရသူကို လှမ်းတွေ့လိုက်ပါသည်။ သူက လမ်းကိုကြည့်မလျှောက်။ လှမ်းတွေ့နေရတဲ့ နရဏီကို ပြေးမပုန်းနိုင်အောင် မျက်ခြည်မပြတ် လှမ်းကြည့်ရင်း လျှောက်လာသည်။

ဟင် ...။ ကြည့်စမ်း။

ဟိုသွယ်လျလျလည်း ပါတယ်။ ဒါဘာသဘောလဲ။ ကြောတာ။ နရဏီသည် နားထင် နားရင်းတွေ ပူထူကာ အတော် ဒေါထသွားပါသည်။ ဟိုတစ်နေ့က မြင်လိုက်ပြီးပါလျက် တမင်တကာ လာထပ်ပြတာ။

သူ့မှာ ရှိတယ်ပေါ့။ ကြည့်စမ်း ... ဘယ် လောက် စော်ကားလဲ။

"မမ ... တွေ့မှာလား"

"ဟဲ့ ... ဒီလောက် ပေါ်တင်ကြီး မိနေပြီ၊ မတွေ့လို့ဘယ် ရတော့မလဲ"

နရဏီသည် စူပုပ်တဲ့ရုပ်ကို ပြင်ဆင်လိုက်ပါသည်။ သူ ကောင်မလေးတစ်ယောက်နဲ့ တွဲလာလို့ ကိုယ်က မျက်နှာပျက်မိရင် ကိုယ်ပဲရှက်ဖို့ကောင်းတာ။ အင်းလေ။ တကယ်တော့လည်း ကြောတယ်တွေ ဘာတွေ မဆိုနိုင်ပါဘူး။ သူ့မှာ ကောင်မလေး တစ်ယောက်ရှိရင် ဒီ[illegible]င်မလေးနဲ့တွဲပြီး ဘယ်ပဲသွားသွား (သဘောရိုးနဲ့လည်း) လျှောက်သွားနေနိုင်တာပဲ။ သူ့ဟာသူ ရှိတာ ကိုယ့်ကို စော်ကားတာလို့လည်း ဘယ်ယူဆလို့ ဖြစ်ပါ့မလဲ။





အကျီဆိုင်ခန်းထဲ မှန်တံခါး တွန်းဝင်လာတဲ့ နရသူက "မင်းဘယ်ပြေးမလဲ မိချည်သဲ"ဆိုတဲ့ အပြုံးမျိုးကြီးနှင့် ...

"ဒီနေ့တော့ ဆိုက်ဆိုက်မြိုက်မြိုက်ပဲ ... အဟင်း"

သူ့နေကာမျက်မှန်ကို နဖူးပေါ်စပ်သို့ ပင့်တင်လိုက်တာကို ကြည့်ရင်း ...

"ဘယ်က လှည့်လာလဲရှင့်"

မျက်နှာမပျက်စေဘဲ မျက်ခုံးလေးကို ပင့်ချီကာ မေးလိုက်ပါသည်။ မှန်တံခါးမှ ဝင်လာပြီး နရသူ့နောက်၌ မကွယ့်တကွယ် ရပ်လိုက်တဲ့ သွယ်သွယ်ကလေးကို မကြည့်ဘူး မကြည့်ဘူးလို့ စိတ်တင်းနေတဲ့ကြားက ဖြတ်ခနဲ ကြည့်မိသွားရာ ထိုကောင်မလေးက နရဏီကို မချိုမချဉ်လေး စိုက်ကြည့်နေတာနှင့် ကြုံရသည်။

"ဒီပဲ လာတာလေ"

ဩော် ...။ ဟိုတစ်နေ့က အရုပ်လိုက်ဝယ်ပေးသလို ဒီကနေ့တော့ အကျီလိုက်ဝယ်ပေးတယ်ပေါ့။ လုံးဝကို ဈေးမလျှော့ဘဲ ရောင်းပစ်ဦးမယ်။ ဝယ်စရာရှားလို့ သူ့ကောင်မလေးကို ငါ့ဆိုင်ခေါ်လာတယ်။

"ဒီမှာလေ ... ဒီတူမကို အသိအကျီဆိုင် ရှိတယ်ဆိုပြီး ခေါ်လာတာ၊ လိုက်ခဲ့ရင် လိုချင်တာ ဝယ်ပေးမယ်ဆိုပြီး"

"တူမ !! "

တူမဆိုသူလေးက နရသူ့ထံ နှုတ်ခမ်းရွဲ့ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"အမယ် … လိုချင်တာ ဝယ်ပေးမယ်လို့ လုံးဝမပြောဘူး ကြိုက်တဲ့ တစ်သောင်းခွဲတန် တစ်ထည် ဝယ်ပေးမယ် ပြောတာ"

"အဟိ"

နရဏီသည် မရည်ရွယ်ဘဲ အူမြူးသလိုဖြစ်ကာ ရယ်သံတောင် ထွက်လိုက်မိပါသည်။ ကလေးကလား ဖြစ်သွားမလားလို့ မြန်မြန်လေး ဣန္ဒြေဆည်ရင်း …

"ဟိုဘက်တန်းက ပြီးခဲ့တဲ့အပတ်ကမှ ရောက်တဲ့ အသစ်တွေ သမီး"

ပ,ထုတ်တာတော့ မဟုတ်ပေမယ့် ကောင်မလေးက အဲဒီဘက်ကို လျှောက်သွားသည်။

"ရှင့်တူမ … ဟုတ်လား"

"ဟုတ်ကဲ့"

"ရှင်မှာ တူမ ဒီအရွယ် ရှိတယ် ! "

"ကျွန်တော့်အစ်ကို ဦးသီဟသူ ဆိုတာက ကျွန်တော့်ထက် ဆယ့်နှစ်နှစ် ကြီးတယ်ဗျ။ သူ့ထက်ကြီးတဲ့ တူတောင်ရှိတယ်၊ တူက နှစ်ဆယ် ရှိပြီ၊ သူက ဆယ့်ရှစ်နှစ်"

နရဏီသည် ဘာကိုမှန်းမသိ စိတ်ချမ်းသာ လက်ချမ်းသာ ဘဝင်ကျသွားကာ ထိုရုပ်ကြီး ပေါ်မလာအောင် ခပ်တည်တည်လေး ခေါင်းညိတ်လိုက်ရပါသည်။

"ရှင်က ရှင့်တူမကို ချစ်တယ်ပေါ့နော်"





"ဘာဖြစ်လို့လဲ၊ အော့ကြောလန်ပါဗျာ"

"ချစ်ပုံရတယ်လေ၊ အရုပ်လိုက်ဝယ်ပေး၊ ခုလည်း အင်္ကျီလိုက်ဝယ်ပေး"

"အာ … အရုပ်က သူ့မွေးနေ့အတွက် မွေးနေ့လက်ဆောင်အဖြစ် ဝယ်ပေးရတာ၊ ဒီနေ့ကကျတော့ သူ့ကို ကျွန်တော်က ဒီဆိုင်လိုက်ခဲ့ဖို့ ခေါ်တာ၊ သူက မလိုက်ဘူး ဘာဘူး အိုက်တင်ခံနေတာနဲ့ အင်္ကျီတစ်ထည် ဝယ်ပေးမယ်လို့ ဆွယ်ပြီး ခေါ်လာရတာ"

"သူ မလိုက်ချင်တာကို ရှင်က ဘာဖြစ်လို့ အတင်းခေါ်လာရတာလဲ"

"ဩော် … ဟိုတစ်နေ့က ယုဇနပလာဇာမှာ တွေ့ပေမယ့် ရုတ်တရက်မို့ မိတ်ဆက်မပေးလိုက်မိဘူး မဟုတ်လား"

နရဏီက ရယ်ချင်မိကာ …

"ရှင့်တူမနဲ့ ကျွန်မ မိတ်ဆက်ရမယ်ပေါ့၊ ဟုတ်လား"

"အင်းပေါ့"

"လိုလို့လား"

နရဏီက တမင် သူ့အဖြေရကျပ်အောင်မေးပြီး စတီးတန်းက အင်္ကျီချိတ်တချို့ကို ဟိုရွှေ့ချိတ် ဒီရွှေ့ချိတ် အလုပ်မရှိ အလုပ်ရှာ လုပ်နေသည်။ နရဏီ တစ်မျိုးမထင်အောင် တော်စပ်ပတ်သက်မှုကို လိုက်ရှင်းပြတာဆိုတာ သိနေ၍ ရှက်



www.burmeseclassic.com

www.burmeseclassic.com



သလိုလို သဘောကျသလိုလို ဖြစ်နေပါသည်။ ဒီလိုလာရှင်းပြတယ် ဆိုတာ အထင်မှား အထင်လွဲ မခံနိုင်တာလေ။

စောစောက နှစ်နှစ်နှာနှာ တွေးထားမိတာတွေ ဘွာတေးပေါ့လေ။ လွတ်စေ ... လွတ်စေ။ တူမနဲ့တွဲပြီး အထင်လွဲမိတာ ငရဲများကြီးတတ်မလား။ မကြီးဘူး ထင်ပါရဲ့။ မသိလို့ပဲဟာ။ ဆယ့်ရှစ်နှစ်အရွယ်ကလည်း အပျိုဖားဖားလောက်လောက်လားလားကြီးပဲကိုး။

"လူတစ်ယောက် ထပ်သိရတာ ဘာမှအပန်းကြီးစရာ မရှိဘူး ထင်ပါတယ်ဗျာ"

"ဟုတ်ပါတယ်၊ ဆောရီးပါ၊ ကျွန်မက ဘာသဘောနဲ့မှ မဟုတ်ပါဘူး၊ ကလေး စိတ်မပါဘဲ လိုက်လာရတာမျိုး မဖြစ်စေချင်လို့ပါ"

"ဒါကြီးလား ကလေး၊ သူကပဲချည်း ကျွန်တော့်ကို ချောဆွဲနေတာ၊ ကျွန်တော်က တစ်လှည့် ပြန်ချောဆွဲတယ်လည်း ရှိရဦးမှာပေါ့"

"လေးသူ"

နောက်က သူ့တူမ ခေါ်သံကြောင့် လှည့်ကြည့်လိုက်တဲ့ နရသူ့ရုပ်က ခုနလို ပြုံးဖျဖျမဟုတ်ဘဲ "နောင့်ယှက်ရန်ကော" ဆိုသည့် စိတ်မရှည် လက်မရှည် မျက်ခုံးတွန့်ကြီးနှင့် ...

"ဘာလဲ"





"ကြိုက်တဲ့အင်္ကျီတော့ တွေ့တယ်၊ ဒါပေမဲ့ နှစ်သောင်းရှစ်ထောင်"

ကောင်မလေး ရုပ်က မချိုမချဉ်။ ကပ်စေးနဲ့တဲ့ ဦးလေးကို အခွင့်အရေးရတုန်း ဖွဲ့ပစ်မည့် ညစ်ကျယ်ကျယ်ရုပ်။ အင်္ကျီကို တစ်ခါတည်း ကိုင်ပြနေသည်။

"အာ ... ဈေးလည်းကြီးတယ်၊ နင်နဲ့လည်း ဒီအပွင့်ကြီးမျိုး မလိုက်ဘူး၊ သွားထပ်ရှာချည်၊ အဲဒါမယူနဲ့၊ တစ်သောင်းခွဲတန် မတွေ့ရင် တစ်သောင်းတန်ယူ"

သူရစ်နေတဲ့ အမျိုးသမီးရှေ့မို့ ကပ်စေးနည်းရမှာ ရှက်လိမ့်မလားထင်ပြီး အပိုင်ကြံလာတဲ့ သဉ္ဇာသူက ဦးလေးဖြစ်သူကို ရှုံ့မဲ့မျက်စောင်းထိုးကာ ပြန်ထွက်သွားပါသည်။ ကပ်စေးနည်းရမှာ မရှက်တဲ့ ဦးလေး။ မိန်းမတစ်ယောက်ရဲ့ သဘောကျနှစ်ခြိုက်မှုထက် သူ ပိုက်ဆံမကုန်ဖို့က ပိုပြီးအရေးကြီးပုံရသည်။

"ခုခေတ်မှာ ပိုက်ဆံတစ်သောင်းနဲ့ ရယ်ဒီမိတ်အင်္ကျီကောင်းကောင်း မရတော့ဘူး ဦးနရသူ၊ ရှင့်ဟာက မဝယ်ရင်လည်း မဝယ်ပေးနဲ့၊ ဝယ်ပေးရင်လည်း ရှင့်သတ်မှတ်ငွေကို နည်းနည်းတိုးဦး"

"တစ်သောင်းခွဲလို့ ပြောတာလေ၊ မိန်းကလေးတွေများ တစ်သောင်းခွဲ သတ်မှတ်ပေးတာကို နှစ်သောင်းရှစ်ထောင်တန် ရှာတွေ့လာတယ် တွေ့လား၊ ပိုပြီးသတ်မှတ်ပေးထားရင် ဒီထက်ဆိုးမှာပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ကပ်စေးနှည်းတတ်သူပေါ့"

"မဖြုန်းသင့်တာ မဖြုန်းတတ်တဲ့သူပါ"

"ရှင်ဝတ်ထားတဲ့ အဲရိုးစတိုင်ပဲင်က သိန်းနားကပ်တဲ့ တန်ဖိုးရှိတယ်လေ၊ ကိုယ့်ဖို့ကလွဲရင် သူများဖို့ မဖြုန်းဘူးဆိုတဲ့ သဘောပေါ့နော်"

နရသူသည် သူ့ကို ကပ်စေးနှည်းသူ သူများအတွက် တွန့်တိုသူလို့ နရဏီ ယူဆသွားမှာကိုတော့ မခံချင်ပေ။ မျက်နှာနီမြန်းမြန်းနှင့် ...

"ကျွန်တော်က ကပ်စေးမနှည်းတတ်ပါဘူးဗျ၊ ဒီတူမတစ်ယောက်ကတော့ ပူဆာလွန်းလို့၊ စင်ကာပူက ပြန်ရောက်လာကတည်းက သူ့ဖို့ ဝယ်ခြမ်းပေးကမ်းရတာတင် သုံးသိန်းဖိုးလောက် ရှိနေပြီဗျ၊ ခင်ဗျားမှာ အဲလိုတူမျိုး မရှိရင် ဘယ်ကိုယ်ချင်းစာတတ်ပါ့မလဲ"

နရသူ့ပုံစံကို နရဏီက ဟက်ဟက်ပက်ပက်ရယ်မောမိပါတော့သည်။ သူကျွဲမြီးတိုလာရင် သူ့ပုံစံက သိပ် Mature (ရင့်ကျက်သော) မဖြစ်တဲ့ ပုံစံကြီး။ ရယ်ချင်စရာ။ နရဏီက ပြုံးတုံ့တုံ့နှင့်ပင်။

"ရှင့်ဟာရှင် ကပ်စေးနှည်းနှည်း မနှည်းနှည်း ကျွန်မက အပြစ်မပြောပါဘူး၊ ကျွန်မနဲ့လည်း မဆိုင်ပါဘူး၊ စကားလမ်းသင့်လို့ စပ်စုကြည့်တာပါရှင့်"





နရသူက နရဏီ့ မျက်နှာပြုံးပြုံးကလေးကို စေ့စေ့စိုက်ကြည့်ရင်း ...

"ထမင်းစားဖိတ်လို့ ရမလား မသိဘူး"

"ရှင်"

မထင်မှတ်တဲ့ စကားမို့ နရဏီက ကြောင်သွားရတာပင်။ နရသူရဲ့ မျက်နှာဟာ ထိုအချိန်မှာ နူးနူးညံ့ညံ့နှင့် ဣန္ဒြေဆည်ထားတဲ့ကြားက စိတ်လှုပ်ရှားခြင်း တစ်စွန်းတစ်စ ပေါ်လွင်နေပါသည်။

"တစ်ညနေလောက် နရဏီ့ကို ဒင်နာကျွေးပါရစေ၊ ဖြစ်နိုင်တယ် မဟုတ်လား"

"ဟို ... ကျွန်မလည်း ဆိုင်တစ်ဖက်နဲ့ဆိုတော့"

ဘာပြန်ပြောရမည် မသိ၍ ပါးစပ်မှ ထွက်မိထွက်ရာ ထွက်မိသည်။

"အဲဒါကြောင့် ဒင်နာလို့ ဖိတ်တာပေါ့"

"တစ်နေ့နေ့တော့ အဆင်ပြေပါလိမ့်မယ်၊ ဒါပေမဲ့ နေ့လယ်စာဆို ပိုကောင်းပါတယ် ကိုနရသူ"

"ရပါတယ်၊ နရဏီ အဆင်ပြေတဲ့နေ့ အဆင်ပြေတဲ့အချိန်ပေါ့"

"ရှင် ဖုန်းထပ်ဆက်ပြီး ကွန်ဖမ်းမ်လုပ်လေ"

နရသူက မျက်ခုံးကိုပင့်၍ ပြုံးလိုက်မိပါသည်။ ဒီအမျိုးသမီးဟာ သူ့ကို ဖုန်းမဆက်တဲ့အတွက် ကြောင်စာကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မယူတော့ဘူးတဲ့။ ခုလည်း ဖုန်းမဆက်ရင် လိုက်မစားဘူးလုပ်ဦးမလား။ နရသူ သူ့ကို ဖုန်းမဆက်ခြင်းဟာ သူ့အတွက် အတော်စိတ်အနှောင့်အယှက် ဖြစ်စရာ ဖြစ်ပုံပေါ်သည်။ နရသူကလည်း နရသူပင်။

အဲလို ပြောနေလေ ကိုယ်က ဒူးထောက်အရှုံးပေးသလို ဖုန်းဆက်လိုက်ရမှာကို ပို၍ဝန်လေးလေ။ မြန်မာပြည်ကို ပြန်ရောက်ရောက်ချင်းတုန်းကတော့ ကိုယ်ပဲ ဖုန်းဆက်လိုက်မယ်လို့ စိတ်စဉ်ထားစဉ်ကတော့ ဖုန်းလေး လှမ်းဆက်လိုက်ဖို့ဟာ ဘာမှဝန်လေးစရာ မဟုတ်ခဲ့။ တမင်ညစ်ပြီး နရဏီ ဆက်ရအောင် မလိမ့်တပတ် ကျီစယ်လိုက်တဲ့အခါ အဲဒါကို နရဏီကလည်း ရိပ်မိသွားပြီး သူ့ဘက်က လုံးဝဖုန်းမဆက်တော့တဲ့အခါ။ အဲဒီအခါကျမှ ဖုန်းလေးတစ်ချက် စ,ဆက်လိုက်ဖို့ဟာ အသီးသီးအတွက် ဝန်လေးစရာ ဖြစ်သွားတာ။

တကယ်တော့ ကိုယ် သူ့ကို စိတ်ဝင်စားနေပြီပဲ။ သူနဲ့ပတ်သက်ပြီး စိတ်လှုပ်ရှားနေပြီပဲ။ ဖုန်းဆက်ဖို့ကလေးဟာ ဘာဝန်လေးစရာလဲလို့ စဉ်းစားလိုက်ရင်တော့ ဘာမဟုတ်တာလေးကို ကတ်သီးကတ်သတ် လုပ်နေမိတဲ့ အရာကို ရောက်နေသည်။ သို့သော် ဒါလေးက ခုချိန်မှာ သူနဲ့ကိုယ့်ကြားမှာ ဘာမဟုတ်တာလေး မဟုတ်တော့။ ကိုယ်က အလျှော့ပေးလိုက်ရခြင်း ဖြစ်နေပြီ။

"ရှင် ဘာဖြင့်လို့ တိတ်သွားတာလဲဟင်"





"ဩော် ... ဘာမှမဖြစ်ပါဘူး၊ ထွက်ဖြစ်မယ့် တစ်ရက်ရက်ကို နရဏီ အခုမပြောနိုင်ဘူးလားလို့ တွေးနေမိတာပါ"

"အခု မပြောနိုင်ဘူးရှင့်၊ ကျွန်မ အလုပ်ချောင်တဲ့ နေ့လယ်ခင်း တစ်ခင်းကို ကျွန်မရဲ့ရှဂျူးလ် ပြန်ကြည့်ပြီး ရွေးရဦးမှာ"

"ကျွန်တော် ဒီဆိုင်ကို ရောက်နေဦးမှာပါ"

နရဏီ့ မျက်ဝန်းက နရသူ့ကို စူးတောက်တောက် ကြည့်နေပါသည်။

"အိမ်ကိုလည်း တစ်ခါတစ်ရံ လာလည်ပါရစေ၊ ကွန်ဖမ်းမ်လည်း လုပ်ရင်း၊ နောက် ... ကျွန်တော် နရဏီနဲ့ တွေ့ချင်လို့ပါ"

နရဏီက မျက်နှာလေးလွှဲပြီး အကျီလေးတွေတချို့ကို ဟိုရွှေ့ဒီပြောင်း လုပ်နေပါသည်။ သူ့ကို အချိန်တိုတိုလေးနဲ့ နှစ်လိုမိပါလျက် စိတ်ထဲ အဖုအထစ်လည်း တစ်ပြိုင်နက်ဖြစ်နေသည်။

ဆိုင်ခန်းမှန်တံခါးကို တွန်းဖွင့်ဝင်လာတဲ့ လူရိပ်တချို့ကြောင့် နရဏီက လှည့်ကြည့်လိုက်လျှင် မိုးသဲနှင့် ကြည်ဖြူကို တွေ့လိုက်ရ၍ မျက်နှာကလေးဟာ ပြုံးတော့မလို ရှက်ကိုးရှက်ကန်းလိုလို သွေးရောင်လေးလျှမ်းကာ နရသူ့ထံကိုလည်း မလုံမလဲ တစ်ချက် ဖျတ်ခနဲ ကြည့်မိသေးသည်။ သူက ကိုယ်နဲ့ခပ်နီးနီးမှာ ကိုယ့်ဘက်လှည့်ပြီး ရပ်ကြည့်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



မိုးသဲနှင့် ကြည်ဖြူအောင်ကလည်း ဆိုင်ခန်းထဲ မဝင်လာမီကတည်းကပင် မှန်ချပ်တွေကို ဖောက်မြင်ပြီးသား။ ထောင်ထောင်မောင်းမောင်းနဲ့ ရှင်းသန့်လှတဲ့ လူတစ်ယောက်နဲ့ နရဏီ စကားပြောနေတာကို တွေ့သည်။ ရိုးရိုးဈေးဝယ်သူ၊ ရိုးရိုး မိတ်ဆွေတို့နဲ့ ရိုးရိုးစကားပြောနေတဲ့ မျက်နှာထားမျိုးနဲ့ မတူ။ နရဏီ့ မျက်နှာလေးက တစ်မျိုးကလေး လှသွေးရှက်သွေး စိုစွတ်နေပုံကြောင့် သူတို့နှစ်ယောက်သားကလည်း အကဲခတ်ရင်း ကမန်းကတန်း ဝင်လာကြတာပင်။

"ဟဲ့ … နင်တို့ ရောက်လာပြီလား"

ဒီစကားက အပို။ လုပ်ပြောကြီး။ ရောက်လာလို့ တွေ့ရတာပေါ့။ မရောက်ရင် တွေ့မလား။ ပြောမိပြောရာတွေ ပြောနေတဲ့ နရဏီ့ကိုတစ်လှည့် ဘေးက လူသန့်ချောကို တစ်လှည့် ကြည့်ရင်း ဒါဟာ နရသူပဲ ဖြစ်ရမယ်ဆိုတာကို ဒက်ခနဲ မှန်းဆနိုင်ပါသည်။ ကြည့်လိုက်တာနှင့် နိုင်ငံရပ်ခြားမှာ ကျင်လည်ကြီးပြင်းခဲ့တဲ့ စတိုင်ဖြစ်နေတာ။ ပြီးတော့ သူတို့သူငယ်ချင်း ဒေါ်နရဏီမှာ ဒီလို ရှက်သွေးကြွယ်ကြွယ် ပုံစံလေးနှင့် ဆက်ဆံစရာယောကျ်ားမျိုးမှ တစ်ယောက်မှ မရှိဘဲ။

နရသူ ဆိုရင်ရော ဒီမိန်းမက ဘာတွေ ဘာကြောင့် ရှက်သွေးကြွယ်နေရတာလဲ။ သူ့ပဲ သူ့ဘက်က အောက်သလေး ဟိုဘက်က ကြောသလေးနဲ့။ ဒီနရသူဟာ အတ္တကြီးတယ်၊ စိတ်ပုပ်တယ်၊ အကြောကြီး အမောကြီးနဲ့ ဘဝင်ကြီးဆိုပြီး လူမှုတ်





မာလောက်နီးနီး ဝေဖန်ပုတ်ခတ် ပြောဆိုခဲ့တာ သူ မဟုတ်သလိုပင်။

ဒါကြောင့် မိုးသဲကို ကြည်ဖြူက ကျိတ်ပြောတာ။ နရဏီ့ ကြည့်ရတာ ဒီလူကို စိတ်မဝင်စားစဖူး ဝင်စားပုံရတယ်တဲ့။ အဲသလိုပြောတော့ နရဏီက စိတ်တွေဆိုးတဲ့အတွက် ထပ်တော့ ဖွင့်မပြောရဲတော့ဘူးတဲ့။ ကဲ … ခုတော့ ဟုတ်နေပါပေါ့လား။

မိန်းမတစ်ယောက်ရဲ့ မျက်နှာဟာ သိပ်သိသာပါသည်။ ကိုယ့်ရင်ထဲက မကျေနပ်တဲ့သူ၊ မေတ္တာမရှိတဲ့သူကို ဆက်ဆံတဲ့ရုပ်၊ စကားပြောတဲ့လေနဲ့ ကိုယ့်ရင်ထဲက ချစ်ခင်နှစ်သက်သူကို ဆက်ဆံတဲ့ရုပ် စကားပြောတဲ့လေ လုံးလုံးမတူပါ။ ခုကိုပဲ ဒီမိန်းမမျက်နှာက ချိုမလို ချဥ်မလို ပြုံးဖြဲဖြဲနေရမှာလည်း ရှက်၊ ခပ်ပုပ်ပုပ် ထားရမှာလည်း ဟိုလူရှိနေတော့ခက်။ ပြောစရာမလိုတဲ့ စကားတွေ ပြောလိုပြော။

စပယ့်အစီအစဉ်တွေ အောင်မြင်မည် ထင်ပါရဲ့။ စပယ့် အပြောအရ မပြောပလောက်သော ယောကျ်ားတစ်ယောက်ရဲ့ အားနည်းချက်မျိုးလေးတွေကလွဲရင် အဘက်ဘက်က အလွန်ကောင်း ဗဲရီးဂွတ်ဆိုပဲ။ နင်တို့ယောကျ်ားတွေဖြစ်တဲ့ မိုးဆောင်တို့ ကိုအောင်တို့ထက်တောင် ကောင်းဆိုပါလား။ မနာလိုစရာပဲ ကောင်းရတော့မလိုလို။

ဘာပဲဖြစ်ဖြစ် တစ်ယောက်တည်း အဖော်မဲ့ပြီး ခုကကျ၊ အိမ်ထောင်သည်ဖြစ်တဲ့ မိုးသဲနဲ့ ကြည်ဖြူကို အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မရှိ အကြောင်းရှာ ကဲ့ရဲ့ဝေဖန်၊ သူ့လောက် မအားလပ်နိုင်ရင်ပဲ နှိပ်ဖိပြောပြီး ရစ်ချင်တိုင်းရစ် ဖြစ်နေတဲ့ ဒီအပျိုကြီးမ ခပ်ကောင်းကောင်းတစ်ယောက်နဲ့ စွန်သွားရင် ကမ္ဘာလောကမှာ သူတို့လည်း အနေအထိုင် ချောင်ချိသွားဦးမည်။

ဒီအကြံမျိုးဆင်တူကို နှစ်ဦးလုံး တစ်ထေရာတည်း တွေးမိပြီးသကာလ တစ်ယောက်ကို တစ်ယောက် မျက်စပစ်ကာ နရသူ့ကို မိတ်ဖွဲ့တဲ့ မျက်နှာခပ်ပြုံးပြုံးတို့နှင့် ကန့်ကွက်ဖွယ်မရှိကြောင်း ကြိုတင်ပြသထားလိုက်ကြပါသည်။

မိုးသဲနှင့် ကြည်ဖြူ ပုံစံကြောင့် နရသူက အလိုက်သင့် ခပ်ပြုံးပြုံးနှင့် ခေါင်းညိတ်ပြလိုက်ပါသည်။ သူလည်း မှန်းနိုင်သည်။

ဒါဟာ မိုးသဲနှင့် ကြည်ဖြူအောင် ဆိုတဲ့ အိမ်ထောင်ရှိတဲ့ စပယ့် သူငယ်ချင်းမ နှစ်ယောက်ပဲ ဖြစ်မည်။

နရဏီကတော့ မိုးသဲနှင့် ကြည်ဖြူကြောင့် အံ့အားတသင့်နှင့် ရှေ့ကိုတိုးလာပြီးလျှင် နရသူ မကြားအောင် သွားကိုစေ့၍ သွားကြားလေထွက်သံမျိုးနှင့် ...

"နင်တို့က ဘယ်လိုဖြစ်တာလဲ"

"ဘယ်လို ဖြစ်လို့လဲ"

"ရုပ်ကြီးတွေက ပြီတီတီနဲ့ ဘာဖြစ်ကြတာလဲ"

"ဖော်ရွေပြုံး ပြုံးတာဟဲ့။ ပြီတီတီ မဟုတ်ဘူး၊ ဒါတောင် မခွဲတတ်ဘူး"





"ငါမခွဲတတ်တာ မဟုတ်ဘူး၊ နင်တို့ လုပ်တာကိုက ညံ့တာ။ ဖော်ရွေပုံမရဘဲ ပြီတီတီကြီးတွေပဲ ဖြစ်နေတယ်"

"ဖြစ်ဖြစ်ဟယ်၊ ဟိုမှာ ကြည့်နေပြီ၊ စကားကို ဒီလိုတိုးတိုး ကျိတ်ကျိတ် ပြောနေတာ ရိုင်းရာကျတာပေါ့၊ မိတ်ဆက်ရင်လည်း ဆက်ပေးလေ"

ဒီတော့မှပင် နရဏီက နရသူဘက်လှည့်ကာ ...

"ကိုနရသူ ... ဒါ ကျွန်မသူငယ်ချင်းတွေပေါ့၊ ဒါက မိုးသဲတဲ့၊ ဒါက ကြည်ဖြူအောင်တဲ့၊ စပယ်ရယ် ကျွန်မတို့လေးယောက်က အချစ်ဆုံး သူငယ်ချင်းတွေပဲ"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်၊ မမိုးသဲတို့ မကြည်ဖြူတို့ အကြောင်းတွေလည်း စပယ့်ဆီက ကြားဖူးနေကျပါ"

"ဒါက ကိုနရသူတဲ့၊ သိတဲ့အတိုင်း ဂျူလိုကို ကယ်ရီလုပ်လာတဲ့သူပေါ့"

"တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်မတို့လည်းပဲ ကိုနရသူ့နာမည် ကြားဖူးပြီးသားပါ"

"ဟုတ်လား၊ စပယ့်ဆီကပဲပေါ့"

"မဟုတ်ဘူးရှင့်၊ သူ့ဆီက"

ကြည်ဖြူက နရဏီကို လက်ညှိုးညွှန်ကာ ပြောလိုက်၍ နရဏီက မျက်လုံးပြူးသွားကာ ကြည်ဖြူ့ကို ဆတ်ခနဲလှည့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ပါသည်။ နင် ဘယ်လိုပြောလိုက်တာလဲ ဆိုတဲ့ရုပ်နှင့် စိတ်တိုသွားဟန်ရှိတဲ့ နရဏီကို နရသူလည်း အကဲခတ်နိုင်သည်။

"ဂျူလီနဲ့ ပတ်သက်ပြီး သူ နှစ်ရက်လောက် အခက်အခဲတွေ အကျပ်ရိုက်လိုက်ရသေးတယ်လေ၊ ကျွန်မတို့ကိုလည်း ဖုန်းတွေဆက်ဆက်ပြီး ရစ်တာ၊ အဲဒီမှာ အတော်လေး နားပူလိုက်ရတော့ ရှင့်ကိုလည်း ကျွန်မတို့ သိသွားကြတော့တာပဲ"

"သူက ခွေးတွေ ကြောင်တွေကို မချစ်တတ်တဲ့အပြင် အမြင်တောင်မှ ကတ်သေးတာ၊ သူ့ဆီကိုမှ စပယ်ကလည်း သူ့ကြောင်ကို ခဏထိန်းသိမ်းဖို့ ပို့မိလျက်သား။ သူ စိတ်တွေတိုပြီး အားလုံးကို ပတ်ရစ်နေတာလေ။ ကျွန်မက အိမ်မှာ ကလေးငယ် လသားရှိလို့ပါ၊ ကြည်ဖြူ ကျတော့လည်း သူတို့လင်မယားက အိမ်ပိတ်ပြီး နှစ်ယောက်လုံး ထွက်ရတာ၊ ဒါကြောင့်ပါ"

"ဒါပေမဲ့လေ နရဏီမှာ သိပ်ဝန်ပိလာပြီ ဆိုရင်တော့ ကိုယ်လည်း တစ်လှည့်ကူတဲ့ အနေနဲ့ ဂျူလီကို တစ်လှည့် ခေါ်ရင် ခေါ်ထားပါလို့ ကျွန်မ အမျိုးသားက ပြောပါတယ် အိမ်မှာထားလို့ရအောင် အိမ်အတွက် အိမ်အကူလည်းခေါ် ပြီး သူနဲ့ ထားခဲ့လို့ ရတာပဲတဲ့"





"အမယ် ... ခုမှလာပြီး ကူမယ်တွေ ဘာတွေ လုပ်မနေနဲ့၊ အစကတည်းကတော့ ဒီစကားမျိုး မပြောဘဲနဲ့"

နရဏီက ကန့်ကွက်စကား ဆိုပါသည်။

"အင်းပါ၊ လုယူမလို့လည်း မဟုတ်ပါဘူး၊ နင့်မှာ သိပ်ဝန် လေးရင်သာ ..."

"လုပ်မနေနဲ့"

နရဏီသည် ခုမှတော့ ဂျူလီကို ကြည်ဖြူတို့ လင်မယားလက်သို့ မပြောင်းလိုတော့ပါ။ အကြောင်းကြောင်းပေါ့လေ။ အိမ်မှာ ဂျူလီတစ်ကောင်ရှိတာ အပျင်းနလေးပြေပြီး ကိုယ့်အတွက် အရုပ်ရသလို ဖြစ်နေတာလည်း ပါသည်။ ဂျူလီက နရဏီမုန်းတဲ့ ကြောင်တွေလို ဟိုပေါ်ခုန်တက်၊ ဒီပေါ်ခုန်တက်၊ ဟင်းအိုးရှိရာနား အနံ့ခံသွား၊ ဟိုဟာ ဒီဟာ လှန်စား၊ ကြွက်တွေ ပိုးဟပ်တွေနောက် ပြေးလိုက်လို့ ဂလုံဂလွမ်တွေမြည်ကာ ထိမိကွဲရှ ဆိုတဲ့ ကြောင်စားမျိုးမှ မဟုတ်ဘဲ။ သူ့ကိုယ်တောင်သူ မနည်းသယ်ရသည့် ကြောင်ဘုတ်ထိုင်းဖြစ်၍ တစ်နေရာတည်းပဲ ဝပ်နေအိပ်နေတာ။ ပေါင်ပေါ်တင်ထားလည်း ငြိမ်နေတာ။ ကိုယ်ချပေးမှ ဆင်းနိုင်တာ။ ဟင်းခိုးစားဖို့ ကြောင်ခုတ်ဖို့ပေးလို့ သူ့ခြင်းအိမ်ထဲက လေးငါးလှမ်းထွက်ပြီး အစားစားဖို့အရေး အိပ့် အိပ့် သွားရတာ။

နောက်တစ်ချက်က ...။ အင်း ... နောက်တစ်ချက်က ...။ ဒီကြောင် လာပေးထားခြင်းအားဖြင့် နရသူနှင့် နရဏီဆိုတဲ့ လူသားနှစ်ဦး ဆက်စပ်ပတ်သက်ဖို့ ဖြစ်လာတာ။ ဒီကြောင်ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



လို့ နရသူက နရဏီကို ဆက်သွယ်စရာ အကြောင်းပြချက်ရှိတာ။ နောက်ပိုင်းမှာ သူ့ဟာသူ ထမင်းစားဖိတ်တာ ဘာညာဟာ နောက်မှ ဖြစ်လာတာ။ အခြေခံအကြောင်းရင်းက ဂျိုလီ။

ဒီတော့ အဲဒီ ဂျိုလီ ကြည်ဖြူ့အိမ် ရောက်သွားလို့ ရှိရင် သူတို့နှစ်ယောက်ကြားမှာ အကြောင်းပြစရာ အချက်တွေ ပျောက်ဆုံးသွားမှာ။ ဒီလိုတွေးရတာ မိန်းမတစ်ယောက်အနေနဲ့ ရက်ဖို့ကောင်းသလိုဖြစ်သည် မှန်သော်လည်း အတွေးပဲဟာ လူမြင်တာမှ မဟုတ်တာဘဲ။ ဒီအချိန်မှာ ဒီစကားမျိုး လာပြောနေတဲ့ ကြည်ဖြူ့ကိုသာ ထုထုပစ်ချင်အောင် အမြင်ကကတ်သည်။

"သြော် ... ဒါနဲ့၊ စပယ်က ပြောတယ်၊ ကိုနရသူက ဒီမှာ ကွန်စထရပ်ရှင်လုပ်ငန်း လုပ်မှာတဲ့"

"ဟုတ်ကဲ့ခင်ဗျ"

"အလုပ်စ,နေပြီလားရှင့်"

နရဏီသည် နရသူကို တစ်ထိုင်တည်းအတွေ့နှင့် စကားတွေ အလျှင်မပြတ် အလုအယက် ပြောနေကြတဲ့ မိုးသဲနှင့် ကြည်ဖြူကို သိပ်ကြည့်မရချင်တော့။

"ဘာလဲ ... နင်က အိမ်ဆောက်တော့မလို့လား"

"အခုမဆောက်သေးလဲ သိထားရတာပေါ့၊ ဥပမာ လုံးချင်းတွေ ဆောက်မှာလား၊ အထပ်မြင့်တွေ ကွန်ဒိုတွေဆောက်မှာလား၊ ကိုယ့်လူသိထဲက ဆောက်လုပ်ရေးလုပ်ငန်းရှင်ရှိတာ လိုအပ်ရင် အကူညီ ရတာပေါ့"





မိုးသဲက နရဏီ ကဖျက်ယဖျက် ဝင်ပြောမှန်းသိပေမယ့် ခပ်အေးအေး ဟန်မပျက် ဖြေသည်။

"လောလောဆယ်တော့ လုံးချင်းတွေ ဆောက်မယ်၊ အထပ်မြင့်ဆိုလည်း နှစ်ခန်းတွဲ ခြောက်ထပ် ခုနစ်ထပ်တွေလောက်ပဲ စ,ဦးမယ်၊ နာမည်ယူပြီးတော့မှ လုပ်ငန်းကြီးတွေ ကွန်ဒိုတွေလိုမျိုး ကျွန်တော် ချဲ့ထွင်မယ်ခင်ဗျ၊ မမိုးသဲတို့လိုအပ်တာပြောပါ၊ ကွန်ဒိုတွေ ဘာတွေ ဝယ်ချင်ရင်လည်း ကျွန်တော့် အစ်ကိုကြီး ဆောက်နေတာထဲမှာ ရှိပါတယ် ...

နောက်လဆန်းမှာ ကျွန်တော့်ကုမ္ပဏီ ဖွင့်မယ်၊ ဗစ်ဇစ်တင်းကတ်တော့ ရိုက်ပြီးနေပြီ ဆိုတော့ ယူထားပါဦး"

နရသူက သူ့ဘောင်းဘီ နောက်အိတ်ထဲမှ ပိုက်ဆံအိတ်ခေါက်လေး ထုတ်ယူဖွင့်ကာ ဗစ်ဇစ်တင်းကတ်လေးတွေ ထုတ်ယူသည်။ မိုးသဲကိုတစ်ကတ် လှမ်းပေးလိုက်ခွဲ့တဲ့အခါ ကြည်ဖြူကလည်း လက်ကမ်းကာ ဖြန့်လိုက်၍ ကြည်ဖြူ့ကိုလည်း သူက တစ်ကတ် ပေးလိုက်သည်။ နရဏီကတော့ သူတို့သုံးယောက်ကို လက်ပိုက်ရပ်ကြည့်နေတာ ဖြစ်တဲ့အတွက် လက်မကမ်းမိသလို သူကလည်းမပေး။

နရသူကတော့ သူက လှမ်းပေးလိုက်ခဲ့ရင် "ရပါဘယ်၊ ကျွန်မဆီမှာ ရှင့်ဖုန်းနံပါတ် ရှိပါတယ်"စသဖြင့်ပြောပြီး မယူလိုက်ဘဲ နေခဲ့သည်ရှိသော် သူ အလကား လက်ရှက်ရှာစိုး



www.burmeseclassic.com

www.burmeseclassic.com



၍ ပေးမနေတော့တာပင်။ နရဏီကတော့ ကိုယ်ကမတောင်းယူမိတာကို ကိုယ့်ဟာကိုယ်မမြင်၊ ကိုယ့်ကိုတော့ မပေးပါလားလို့သာ အောင့်သက်သက် ဖြစ်ကာနေပါသည်။

သူငယ်ချင်းနှစ်ယောက် အပေါ်သာ အပြစ်ပုံချ၍ ငြိုငြင်တွေးနေမိသည်။ အလကားဟာမ နှစ်ကောင် ဂြိုဟ်မတွေ။ သူတို့မလာခင်က ကိုယ်တို့နှစ်ယောက်သားဟာ လေပေးလေယူ ဖြောင့်ဖြူးလို့ နေရာမှ သူတို့လည်း ရောက်လာရော ပွဲကပျက်ရော။ ခုမှ မြင်ဖူးပြီး လူရင်းကြီးတွေ လုပ်နေလိုက်ကြတာ သူတို့ကိုယ်စီမှာသာ ယောက်ျားတွေမရှိရင် နရဏီက အထင်တောင်လွဲကောင်း လွဲမိဦးတော့မှာ ဖြစ်သည်။ ကတ်တွေယူပြီးကြလည်း စကားစ,မပြတ်ကြသေး။

တစ်မျိုးမဟုတ် တစ်မျိုး အကြောင်းရှာကာ နရသူ့ကို စိတ်ဝင်တစားနဲ့ကို စကားတွေ အပြိုင်ပြောနေကြတာ။ သူတို့ဖုန်းနံပါတ်တွေလည်း ပေး။ အမလေး ကွဲကွာသွားကြတာ ကြာတဲ့ ဆွေမျိုးရင်းချာတွေ ပြန်ဆုံနေကြတဲ့ အတိုင်းပါပင်။ နရဏီသည် ကျွဲမြီးတိုပြီးရင်း တိုလာကာ သင်းတို့သုံးယောက်ကို ထားရစ်၍ သဥ္ဇာသူ့အနား ထွက်လာခဲ့သည်။

ကောင်မလေးကို စကားရော ဖွဲ့ရောလုပ်၊ အကျိတွေ ကူပြီးပြ၊ စကားလက်ဆုံတွေ အဖွဲ့ကျ။ သဥ္ဇာသူသည် အလွန်လုပတဲ့ ဒီလိုအစ်မကြီးတစ်ယောက်နဲ့ သူ့ဦးလေး အစွံထွက်သွားမှာကို အတော်လိုလား သဘောကျမိသည်။ ဟိုတစ်နေ့က ပလာဇာမှာ





တွေ့တုန်းကရော၊ ဒီနေ့ ဆိုင်ထဲဝင်ဝင်ချင်းရော ဒီအစ်မကြီးမျက်နှာကိုကြည့်ကာ မာနကြီး၍ အပေါင်းရခက်မည် ထင်ထားရာက ခုလို ဖော်ရွေစွာ အဖွဲ့လာကျတဲ့ အခါမှာတော့ အံ့အံ့သြသြနှင့်ပင် လိုက်လိုက်လှဲလှဲ တုံ့ပြန်ရလေသည်။

❣ ❧ ❣

www.burmeseclassic.com

www.burmeseclassic.com



## ၁၀

"အိကျုံး ... ဆေးခန်းထဲမှာ လူများလား သွားကြည့်စမ်း၊ ကားပေါ်ထိုင်ရတာ ပျင်းလိုက်တာ၊ လူသိပ်မရှိရင် ဆေးခန်းထဲ သွားထိုင်မယ်၊ ချွေးကြီးတွေ ရှိရင်တော့ မထိုင်ဘူး"

"ဟုတ်ကဲ့"

အိကျုံး ကားပေါ်က ဆင်းသွားလျှင် နရဏီက လက်ပတ်နာရီလေးကို ငုံ့ကြည့်သည်။ ခြောက်နာရီ။ တောက်။ တိုးတိုးကလေး တောက်ခေါက်လိုက်မိပါသည်။ ဆိုင်ကိုပဲ သွားနေပြန်ပြီလား မသိ။ မနက်ဖြန်ဟာ နရဏီ့ ဆိုင်ပိတ်ရက် ဖြစ်ပါ၍ နံနက်စာ လိုက်စားပါဆိုတဲ့အကြောင်း မနက်က ဆိုင်ကို နရသူ လာရောက် ခွင့်တောင်းပါသည်။

တစ်ကြိမ်လာ တစ်ခါပိုရင်းနှီးလေ သူ့ဆီမှာ ကိုယ်နှစ်ခြိုက်လေးစား အထင်ကြီးနိုင်တဲ့ အမှတ်တမဲ့ အချက်ကလေးတွေ တိုးလေ။ ရင်ထဲကို တိုးတိုးဝင်မနေပြီ ဖြစ်ပါလျက်။ နရဏီ





ကလည်း နရဏီ။ "နက်ဖြန် အားပါတယ် လိုက်ခဲ့ပါမယ်"လို့ ရိုးရိုးလေး အဖြေပေးလိုက်လည်း ရပါလျက်နှင့် ...

"ကိုနရသူ ... ညနေ ငါးနာရီခွဲလောက်မှ တစ်ချက်လောက် ဖုန်းထပ်ဆက်လိုက်ပါ၊ တစ်ယောက်နဲ့ အလုပ်ကိစ္စ ပြောထားတာလေးလည်း ရှိတော့ ညနေလေးနာရီ ငါးနာရီလောက်ကျမှ ကွန်ဖမ်းမ်ဖြစ်မယ်၊ ငါးနာရီဆိုရင်တော့ ကျွန်မ သေချာဖြေနိုင်ပါပြီ"

နရသူက သူ့ကို သက်ပြင်းတစ်ရှိုက်နှင့် စိုက်ကြည့်နေခဲ့သည်။ ပြီးမှ ...

"ငါးနာရီကျ တကယ်ပြောနိုင်ပြီလား"

"ဟုတ်ကဲ့ ... ဖုန်းဆက်လိုက်လေ"

နရသူက ခေါင်းတညိတ်ညိတ် လုပ်နေပြီးမှ နှုတ်ဆက်ပြန်သွားခဲ့သည်။ သင်းကြီးဟာ ငါးနာရီကျ ဆိုင်ကိုနောက်တစ်ခေါက် ဝင်လာဦးမှာပဲလားလို့ တွေးရင်း နရဏီ အသည်းတယားယား။ ငါးနာရီအထိ ဖုန်းသံမလာ။ ငါးနာရီတိတိမှာ ဖုန်းသံမြည်လာတာက အိမ်က။

"မမ ဂျူလီ အန်လို့ မမ"

"ဟင် ... ဘာစားလို့လဲ"

"ဘာမှစားတာ မတွေ့ပါဘူး၊ ပုံမှန်ဟာတွေပဲ စားတာပဲ၊ ကြီးကြီးလည်း စိတ်တွေတအားပူနေတယ်၊ ဘာလုပ်ရမှန်း မသိလို့ မမဆီ ဆက်ခိုင်းတာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး … ငါ အခုလာခေါ်မယ်၊ ဆေးခန်းပြမယ်၊ နင်နဲ့ ဂျူလီ အသင့်လုပ်ထား"

ထို့နောက်တော့ နရဏီက ဆိုင်ရဲ့တာဝန်ခံတွေကို ဆိုင်ပိတ်ဖို့ သော့အပ်ဖို့ ကိစ္စတွေ အသေအချာ မှာပြီးသည်နှင့် အိမ်ကိုသွား၊ အိကျူးနှင့် ဂျူလီ့ကို တင်ခေါ်လာ၊ အခုဆေးခန်းရှေ့ ရောက်နေတာ နာရီဝက်ရှိပြီ။ ဟိုဖောက်သည်ကောင်မလေး မဖော်ရဲ့အစ်ကို တိရစ္ဆာန်ဆေးကုဆရာဝန် ဒေါက်တာအောင်ဇော်ဦးရဲ့ ဆေးခန်း။

လိပ်စာမေးထားတာမို့ ဒီကိုပဲ လာလိုက်သည်။ ခုနစ်နာရီကျော်ရင် အိမ်လိုက်ကြည့်ပေးတယ် ဆိုပေမဲ့ အိမ်မခေါ်ချင်ပါဘူး။ ဒီကောင်မလေးက သူ့အစ်ကိုနှင့် ခပ်လှော်လှော်ရယ်။ တော်ကြာ ဇာတ်လမ်းတွေ ဖြစ်ပေါ်နေဦးမည်။ (အမယ် … ကိုယ့်ကိုယ်ကိုယ် အထင်က ကြီးရသေး) တကယ်ပါ။ ကြီးကြီးကျယ်ကျယ်တွေ ပြောလို့၍ မဟုတ်။ နရဏီ အတွေးတွေထဲမှာ ဟိုလူကြီးမင်းက အတော့်ကို ခိုင်ခိုင်မာမာ နေရာယူနေပြီမို့ပါ။

ကိုယ်ကတော့ အဲသလောက် …။ သူကတော့ ခုထိ ဖုန်းတစ်ချက်ဆက်ဖို့ကို ဝန်လေးဆဲ။ စိတ်နာဖို့ ကောင်းလိုက်တာ။ နရဏီသည် ကိုယ့်ဖုန်းလေး ကိုယ်ထုတ်ကာ Ring အသံကိုပိတ်များထားမိသလား စစ်ရတာအမော။ နှိပ်နှိပ်ကြည့်ပြီး အကျယ်ဆုံးမှာ ထားရတာလည်း ထပ်ခါ ထပ်ခါပင်။





အလကား ကုပေးနေတာလား ထင်ရလောက်အောင် နာမကျန်း ခွေး ကြောင် ပိုင်ရှင်တွေ တန်းစီနေရတဲ့ ကားတန်းကြီးက မနည်းတဲ့အတွက် ကားပေါ်မှာ အားအားယားယားကြီး ထိုင်စောင့်နေရလေရာ ဟိုတွေး ဒီတွေးနှင့် နရဏီသည် ဒေါကလေး ပွလိုက်၊ ဝမ်းကလေး နည်းလိုက်ပင်။

မဂ္ဂဇင်းတွေထဲက အမေးအဖြေကဏ္ဍတွေကို ဆယ်ကျော်သက်ကလေးတွေလို စာရေးပို့ပြီး …

"အန်တီရယ် …

လူကို ဖုန်းလေးတစ်ချက် ဆက်ဖို့ကိုတောင် မာနတင်းခံနေတဲ့ ယောကျ်ားတစ်ယောက်ကို အိမ်ထောင်ဖက်အဖြစ် စဉ်းစားသင့်ပါသလားဟင်။ လာမည့်အပတ်မှာ အမြန်ဆုံး ဆက်ဆက်ဖြေပေးပါ။ မျှော်နေပါမည်ရှင်"

အဲသလိုတောင် မေးကြည့်ချင်သည်။ တကယ်ကို တွေးမရလို့ပါ။ ဘာမဟုတ်တာလေး တစ်ချက်ကို တင်းခံနေတဲ့သူ။ အဲဒီအတွက် ကိုယ်က "မအားဘူး၊ ထမင်းလိုက်မစားနိုင်ဘူး" လို့ တင်းတင်းငြင်းပစ်ရအောင်လား ဆိုတော့လည်း မငြင်းချင် မငြင်းရက်ပြန်။ ကိုယ်ကလည်း သူ့လိုပဲ ကျွမ်းဝင်ဖို့ ဆန္ဒရှိတာပဲ။ ကဲ … ဘယ်လိုလုပ်ကြမလဲ။

ခုချိန်မှာ သင်းဟာ ဆိုင်ကိုသွားနေရင် သွားနေမည်။ ဆိုင်ကို ကြောင်ဆေးခန်းပြဖို့ဆိုတာ မပြောခဲ့၍ မမ အိမ်ပြန်သွားပြီလို့ သူ သတင်းရမှာ။ အဲဒီကျရင် အိမ်ကိုလိုက်မည်။ ကြီးကြီး

www.burmeseclassic.com

www.burmeseclassic.com



ကတော့ ကျောင်းဆေးခန်းသွားပြတာ ပြောပြမှာ။ သို့သော် ဘယ်ဆေးခန်းဆိုတာ ကြီးကြီးမှ မသိတာ။

နရဏီက အိမ်ကို ဖုန်းလှမ်းခေါ်လိုက်ပါသည်။

"ကြီးကြီးလား၊ အိမ်ကို ဖုန်းတွေ ဘာတွေ ညှိသည်တွေ လာသေးလား"

"မလာပါဘူး၊ သမီး ချိန်းထားတာ ရှိလို့လား"

"မရှိပါဘူး၊ ဒီမှာစောင့်ရင်း ပျင်းလို့ ဆက်ကြည့်တာပါ၊ သမီးတို့က အခု ဆရာစံလမ်းရဲ့ လမ်းသွယ်ထဲမှာရှိတဲ့ ခြံတစ်ခြံက "ဒေါက်တာအောင်ဇော်ဦး တိမ္ပေးကု"ဆိုတဲ့ ဆေးခန်းမှာ ရောက်နေတာ သိလား ကြီးကြီး"

"ဪ ... အေး ... အေး"

"ဒါပဲနော်"

ကြီးကြီးကို ကိုယ်ရှိတဲ့နေရာသိအောင် ပြောပြီး ဖုန်းကို ပြန်ပိတ်လိုက်ပါသည်။ ဒါမှ အကြောင်းကိစ္စရှိရင် (ဥပမာ သင်းလာရင်) နေရာပေးသိနိုင်အောင်။ ဒီလိုဆိုတော့ သူ့ကိုဖုန်းမဆက်ဘဲ လူကိုယ်တိုင်ပဲလာဖို့ ကိုယ်က သဘောတူလိုလားတာမျိုးလား။ အဲလိုလည်း မဟုတ်ပါ။ မပြောတတ်တော့ပါ။ မဟုတ်တာတွေသာ လျှောက်တွေးနေမိသည်။

ငါက အသက်ကြီးကြီး မိန်းမတစ်ယောက် ဖြစ်နေလို့လား။ ငယ်ငယ်ရွယ်ရွယ် ဆယ်ကျော်သက် ကောင်မလေးတစ်ယောက်က "ဟင့်အင်း ... မရဘူး၊ ဖုန်းဆက်ရမှာပဲ"ဆိုရင်တော့





အဲဒီအချွဲအနွဲ့လေးကို မခံနိုင်ဘဲ သူ ဖုန်းဆက်မှာလား။ ရွယ်တူချင်းမို့ စိတ်ချင်းပြိုင်တာလား။ ငယ်သူကိုဆိုရင်တော့ သူ အလျှော့ပေးလေမလား။ ကိုယ့်ရဲ့သုံးဆယ်ထဲ ရောက်နေတဲ့ အသက်အရွယ်ဟာ ယောကျ်ားတစ်ယောက်ကို ဒူးညွှတ်ကျလာလောက်အောင် ခပ်ပိုင်ပိုင် မဆွဲဆောင်နိုင်တော့ဘူးလား။

ဘယ်လိုပဲဖြစ်ဖြစ်ပါလေ။ သူဟာ ကိုယ့်ကိုစိတ်တော့ ဝင်စားသားနဲ့။

ထိုအချိန်မှာ နရသူသည် ကားကို နရဏီ ဆိုင်တန်းရှေ့ ရပ်ထားရာ အပေါ်တွင်ထိုင်ရင်း စဉ်းစားနေပါသည်။ ထင်တဲ့အတိုင်းပဲ။ ရောင်နေပြီ။ နရသူ လူပါရောက်လာပြီး ကွန်ဖမ်းမ်လုပ်မှာကို မလိုချင်လို့ ရောင်ထွက်သွားပြီပေါ့။ ဆိုင်ပိတ်ချိန်လည်း မဟုတ်သေးပါဘဲနဲ့ မမ အိမ်ပြန်သွားပါပြီတဲ့။

တကယ်ပဲ အိမ်ပြန်သွားတာ ဟုတ်ချင်မှ ဟုတ်မှာ။ ဒီရှေ့နားမှာ ကားမတွေ့ရပေမယ့် ဒီနားတစ်ဝိုက်မှာပဲ ရှိရင်ရှိနေမှာကိုလည်း တွေးရသည်။ ဆိုင်ထဲမှာပဲလည်း ပုန်းရင်ပုန်းနေမှာ။ အိမ်ပြန်သွားတယ် ဆိုတာကို မယုံကြည်တဲ့အတွက် အိမ်ကိုလိုက်သွားဖို့လည်း နရသူ မစဉ်းစားတော့ပါ။

သူ့ကို နရဏီက ပညာပြတာယ်ပဲ ထားပါ။ ကိုယ်ကတော့ ဘာကြောင့် ဒီဖုန်းလေးတစ်ချက် ဆက်ဖို့ကို ဒီလောက်တွန့်ဆုတ်ရလဲ။ သူ့ရဲ့စိတ်ထဲမှာ ဒီဖုန်းလေးတစ်ချက် ခေါ်လိုက်ရင်ကို နရဏီကို ဒူးထောက်အရှုံးပေးလိုက်ရပြီလို့ ထင်နေမိတာ။



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ကြောင်ဆေးခန်းသွားပြတာ ပြောပြမှာ။ သို့သော် ဘယ်ဆေးခန်းဆိုတာ ကြီးကြီးမှ မသိတာ။

နရကီက အိမ်ကို ဖုန်းလှမ်းခေါ်လိုက်ပါသည်။

"ကြီးကြီးလား၊ အိမ်ကို ဖုန်းတွေ ဘာတွေ ညှော်သည်တွေ လာသေးလား"

"မလာပါဘူး၊ သမီး ချိန်းထားတာ ရှိလို့လား"

"မရှိပါဘူး၊ ဒီမှာစောင့်ရင်း ပျင်းလို့ ဆက်ကြည့်တာပါ၊ သမီးတို့က အခု ဆရာစံလမ်းရဲ့ လမ်းသွယ်ထဲမှာရှိတဲ့ ခြံတစ်ခြံက "ဒေါက်တာအောင်ဇော်ဦး တိရစ္ဆာနကု"ဆိုတဲ့ ဆေးခန်းမှာ ရောက်နေတာ သိလား ကြီးကြီး"

"ဩော် ... အေး ... အေး"

"ဒါပဲနော်"

ကြီးကြီးကို ကိုယ်ရှိတဲ့နေရာသိအောင် ပြောပြီး ဖုန်းကို ပြန်ပိတ်လိုက်ပါသည်။ ဒါမှ အကြောင်းကိစ္စရှိရင် (ဥပမာ သင်းလာရင်) နေရာပေးသိနိုင်အောင်။ ဒီလိုဆိုတော့ သူ့ကိုဖုန်းမဆက်ဘဲ လူကိုယ်တိုင်ပဲလာဖို့ ကိုယ်က သဘောတူလိုလားတာမျိုးလား။ အဲလိုလည်း မဟုတ်ပါ။ မပြောတတ်တော့ပါ။ မဟုတ်တာတွေသာ လျှောက်တွေးနေမိသည်။

ငါက အသက်ကြီးကြီး မိန်းမတစ်ယောက် ဖြစ်နေလို့လား။ ငယ်ငယ်ရွယ်ရွယ် ဆယ်ကျော်သက် ကောင်မလေးတစ်ယောက်က "ဟင့်အင်း ... မရဘူး၊ ဖုန်းဆက်ရမှာပဲ"ဆိုရင်တော့





အဲဒီအချွဲအနွဲ့လေးကို မခံနိုင်ဘဲ သူ ဖုန်းဆက်မှာလား။ ရွယ်တူချင်းမို့ စိတ်ချင်းပြိုင်တာလား။ ငယ်သူကိုဆိုရင်တော့ သူ အလျှော့ပေးလေမလား။ ကိုယ့်ရဲ့သုံးဆယ်ထဲ ရောက်နေတဲ့ အသက်အရွယ်ဟာ ယောကျ်ားတစ်ယောက်ကို ဒူးညွှတ်ကျလာလောက်အောင် ခပ်ပိုင်ပိုင် မဆွဲဆောင်နိုင်တော့ဘူးလား။

ဘယ်လိုပဲဖြစ်ဖြစ်ပါလေ။ သူဟာ ကိုယ့်ကိုစိတ်တော့ ဝင်စားသားနဲ့။

ထိုအချိန်မှာ နရသူသည် ကားကို နရကီ့ ဆိုင်တန်းရှေ့ ရပ်ထားရာ အပေါ်တွင်ထိုင်ရင်း စဉ်းစားနေပါသည်။ ထင်တဲ့အတိုင်းပဲ။ ရှောင်နေပြီ။ နရသူ လူပါရောက်လာပြီး ကွန်ဖမ်းမ်လုပ်မှာကို မလိုချင်လို့ ရှောင်ထွက်သွားပြီပေါ့။ ဆိုင်ပိတ်ချိန်လည်း မဟုတ်သေးပါဘဲနဲ့ မမ အိမ်ပြန်သွားပါပြီတဲ့။

တကယ်ပဲ အိမ်ပြန်သွားတာ ဟုတ်ချင်မှ ဟုတ်မှာ။ ဒီရှေ့နားမှာ ကားမတွေ့ရပေမယ့် ဒီနားတစ်ဝိုက်မှာပဲ ရှိရင်ရှိနေမှာကိုလည်း တွေးရသည်။ ဆိုင်ထဲမှာပဲလည်း ပုန်းရင်ပုန်းနေမှာ။ အိမ်ပြန်သွားတယ် ဆိုတာကို မယုံကြည်တဲ့အတွက် အိမ်ကိုလိုက်သွားဖို့လည်း နရသူ မစဉ်းစားတော့ပါ။

သူ့ကို နရကီက ပညာပြတယ်ပဲ ထားပါ။ ကိုယ်ကကော ဘာကြောင့် ဒီဖုန်းလေးတစ်ချက် ဆက်ဖို့ကို ဒီလောက်တွန့်ဆုတ်ရလဲ။ သူ့ရဲ့စိတ်ထဲမှာ ဒီဖုန်းလေးတစ်ချက် ခေါ်လိုက်ခြင်းကို နရကီ့ကို ဒူးထောက်အရှုံးပေးလိုက်ရပြီလို့ ထင်နေမိတာ။



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ကျောင်းဆေးခန်းသွားပြတာ ပြောပြမှာ။ သို့သော် ဘယ်ဆေးခန်းဆိုတာ ကြီးကြီးမှ မသိတာ။

နရဏီက အိမ်ကို ဖုန်းလှမ်းခေါ်လိုက်ပါသည်။

"ကြီးကြီးလား၊ အိမ်ကို ဖုန်းတွေ ဘာတွေ ညှိသည်တွေ လာသေးလား"

"မလာပါဘူး၊ သမီး ချိန်းထားတာ ရှိလို့လား"

"မရှိပါဘူး၊ ဒီမှာစောင့်ရင်း ပျင်းလို့ ဆက်ကြည့်တာပါ၊ သမီးတို့က အခု ဆရာစံလမ်းရဲ့ လမ်းသွယ်ထဲမှာရှိတဲ့ ခြံတစ်ခြံက "ဒေါက်တာအောင်ဇော်ဦး တိမ္မေးကု"ဆိုတဲ့ ဆေးခန်းမှာ ရောက်နေတာ သိလား ကြီးကြီး"

"ဩော် ... အေး ... အေး"

"ဒါပဲနော်"

ကြီးကြီးကို ကိုယ်ရှိတဲ့နေရာသိအောင် ပြောပြီး ဖုန်းကို ပြန်ပိတ်လိုက်ပါသည်။ ဒါမှ အကြောင်းကိစ္စရှိရင် (ဥပမာ သင်းလာရင်) နေရာပေးသိနိုင်အောင်။ ဒီလိုဆိုတော့ သူ့ကိုဖုန်းမဆက်ဘဲ လူကိုယ်တိုင်ပဲလာဖို့ ကိုယ်က သဘောတူလိုလားတာမျိုးလား။ အဲလိုလည်း မဟုတ်ပါ။ မပြောတတ်တော့ပါ။ မဟုတ်တာတွေသာ လျှောက်တွေးနေမိသည်။

ငါက အသက်ကြီးကြီး မိန်းမတစ်ယောက် ဖြစ်နေလို့လား။ ငယ်ငယ်ရွယ်ရွယ် ဆယ်ကျော်သက် ကောင်မလေးတစ်ယောက်က "ဟင့်အင်း ... မရဘူး၊ ဖုန်းဆက်ရမှာပဲ"ဆိုရင်တော့





အဲဒီအချွဲအနွဲ့လေးကို မခံနိုင်ဘဲ သူ ဖုန်းဆက်မှာလား။ ရွယ်တူချင်းမို့ စိတ်ချင်းပြိုင်တာလား။ ငယ်သူကိုဆိုရင်တော့ သူ အလျှော့ပေးလေမလား။ ကိုယ့်ရဲ့သုံးဆယ်ထဲ ရောက်နေတဲ့ အသက်အရွယ်ဟာ ယောကျ်ားတစ်ယောက်ကို ဒူးညွတ်ကျလာလောက်အောင် ခပ်ပိုင်ပိုင် မဆွဲဆောင်နိုင်တော့ဘူးလား။

ဘယ်လိုပဲဖြစ်ဖြစ်ပါလေ။ သူဟာ ကိုယ့်ကိုစိတ်တော့ ဝင်စားသားနဲ့။

ထိုအချိန်မှာ နရသူသည် ကားကို နရဏီ့ ဆိုင်တန်းရှေ့ ရပ်ထားရာ အပေါ်တွင်ထိုင်ရင်း စဉ်းစားနေပါသည်။ ထင်တဲ့အတိုင်းပဲ။ ရှောင်နေပြီ။ နရသူ လူပါရောက်လာပြီး ကွန်ဖမ်းမ်လုပ်မှာကို မလိုချင်လို့ ရှောင်ထွက်သွားပြီပေါ့။ ဆိုင်ပိတ်ချိန်လည်း မဟုတ်သေးပါဘဲနဲ့ မမ အိမ်ပြန်သွားပါပြီတဲ့။

တကယ်ပဲ အိမ်ပြန်သွားတာ ဟုတ်ချင်မှ ဟုတ်မှာ။ ဒီရှေ့နားမှာ ကားမတွေ့ရပေမယ့် ဒီနားတစ်ဝိုက်မှာပဲ ရှိရင်ရှိနေမှာကိုလည်း တွေးရသည်။ ဆိုင်ထဲမှာပဲလည်း ပုန်းရင်ပုန်းနေမှာ။ အိမ်ပြန်သွားတယ် ဆိုတာကို မယုံကြည်တဲ့အတွက် အိမ်ကိုလိုက်သွားဖို့လည်း နရသူ မစဉ်းစားတော့ပါ။

သူ့ကို နရဏီက ပညာပြတယ်ပဲ ထားပါ။ ကိုယ်ကတော့ ဘာကြောင့် ဒီဖုန်းလေးတစ်ချက် ဆက်ဖို့ကို ဒီလောက်တွန့်ဆုတ်ရလဲ။ သူ့ရဲ့စိတ်ထဲမှာ ဒီဖုန်းလေးတစ်ချက် ခေါ်လိုက်ခြင်းကို နရဏီ့ကို ဒူးထောက်အရှုံးပေးလိုက်ရပြီလို့ ထင်နေမိတာ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် သူ့ကို ရည်ရွယ်တာက ခဏတဖြုတ် အပျော်သဘောတွဲတာ မျိုးလောက်မှ မဟုတ်တာ။

တစ်သက်လုံးဖို့ ရည်ရွယ်တာ။ ရည်ကိုရည်ရွယ်ထား မိပြီးပြီ။ တစ်သက်လုံးအတွက်မို့ သူပေးလိုက်ရတဲ့ အရှုံးကြီးဟာ နောင်တစ်သက်လုံးအတွက် တခြားကိစ္စတွေ အတွက်ပါ အကျုံး ဝင် အကျုံ့ပါသွားရမှာကိုလည်း စိုးတာ။ ခုနေ အရှုံးပေးလိုက် ရင် နောင်တစ်သက်လုံး နရဏီဟာ သူရချင်တာ မရမချင်း နရသူ့ကို ပညာလှည့်ပတ်ပေးထားတဲ့နည်းကို ကျင့်သုံးသွားတော့ မှာပဲ။

အဲသလိုတွေ အမျိုးမျိုး အဖုံဖုံ အလေးအနက်ကြီး တွေ လျှောက်တွေးရင်း တွေးရင်း ဖုန်းဆက်ဖို့ကို ဆက်ကိုမဆက် ချင်တော့တာ ဖြစ်သည်။ သူ့ဘက်က ချဉ်းကပ်ဖို့ ကြိုးစားနေတာ အထင်ရှား အသိသာကြီး ဖြစ်ပါလျက် နရဏီကို သူစွဲလမ်းစိတ် ဝင်စားပါတယ် ဆိုတာကို ပြသထားပြီး ဖြစ်ပါလျက် ဒီဖုန်းလေး ဆက်တာလေး တစ်ခုကိုပဲ ခွင့်မလွှတ်နိုင်ဘူးလား။

နရသူသည် သူ့ဖုန်းထဲက ဖုန်းဘွတ်ခ်ကို နှိပ်ကာ ရှာ့ကာ နရဏီ အမည် မှတ်ထားရာဆီသို့ သွားနေပါသည်။ နံပါတ်ကို အလွတ်ရပါသည်။ ဒါပေမဲ့ အချိန်ဖြုန်းနေတာ။ နှိပ် လိုက်ရမလား နှိပ်လိုက်ရမလားနှင့် စိတ်ထဲက ရေရွတ်ရင်း နာမည်တွေ တစ်ခုပြီးတစ်ခု ရှာ့နေရာက "K"နဲ့စတဲ့ ကြည်ဖြူ အောင် ဆိုတဲ့ အမည်ဆီ အရင်ရောက်လာသည်။





ဟော ...။

နရသူက ထိုနံပါတ်ကို နှိပ်ချလိုက်ပါသည်။

"ဟယ်လို"

"မကြည်ဖြူအောင်လား ခင်ဗျ"

"ဟုတ်ပါတယ်၊ ဘယ်သူပါလဲ"

"ဟိုဟာပါ၊ ဟိုလေ ... အဟင်းဟင်း"

"ဟယ်လို ... ဘယ်သူလဲ"

သူ့ဘက်က ထစ်တုံ့ရယ်သွမ်းသွေးနေမှုကြောင့် ကြည်ဖြူအောင့် အသံက ခပ်ဆတ်ဆတ် ဖြစ်လာသည်။

"မကြည်ဖြူအောင် ... ကျွန်တော် နရသူပါ"

"ဟင် ... ကိုနရသူ၊ ဘာကိစ္စရှိလို့လဲ"

"အဲ ... ဟိုဟာပါ၊ အဲဒီကို နရဏီများ ရောက်နေမလားလို့"

"ရှင် ...၊ မရောက်ပါဘူး၊ သူ လာဖို့မရှိပါဘူး၊ ဘာလဲ ကျွန်မဆီ သွားမယ် ပြောလို့လား"

"ဟင့်အင်း ... မပြောပါဘူး"

"အဲဒါ သူ့ဖုန်းကို တိုက်ရိုက်ဆက်မေးလိုက်ပါလားရှင့်၊ ခင်ဗျား ဘယ်ရောက်နေသလဲလို့၊ ရှင်က သူ့ဆီ ဘာကြောင့် မဆက်တာလဲ"

"သြော် ... အဲဒါက ဘာမှမဟုတ်ပါဘူးဗျာ၊ ဖုန်းထဲမှာ နာမည်တွေ ရှာ့ကြည့်ရင်း မကြည်ဖြူအောင် နာမည် အရင်ပေါ်လာလို့ အရင်ဆက်လိုက်တာပါ ... အဟင်း"



www.burmeseclassic.com

www.burmeseclassic.com



ကြည်ဖြူသည် ဒီမကြီးမငယ် နှစ်ယောက်ကြားက အလျှော့မပေးချင်တဲ့ အတ္တစိတ်အကြောင်း သိရှိနားလည်သူ ဖြစ်လေရာ ပြုံးမဲ့မဲ့ကလေးနှင့် ...

“ဒါဖြင့် ရှင် ပြီးရင် မိုးသဲဆီ ဆက်မှာပေါ့လေ၊ မိုးသဲက ‘M’နဲ့စတယ် မဟုတ်လား၊ နရဏီက ‘N’နဲ့စတော့ နောက်မှ တွေ့မယ်လေ”

“အဟင်းဟင်း ... ဟုတ်တယ်ဗျ၊ ဒါပါပဲဗျာ၊ နှောင့်ယှက်ရတာ ဆောရီးပါ၊ ဆွေးနွေးပေးတဲ့အတွက် သင့်ခ်ယူးပါ”

နရသူက ခပ်ပြုံးပြုံးနှင့်ပင် မိုးသဲလို့ ရေးထားတဲ့ အမည်က ဖုန်းနံပါတ်ကို နှိပ်လိုက်ပြန်ပါသည်။

“ဟဲလို”

“မမိုးသဲလား”

“ဟုတ်ကဲ့ ... ဘယ်သူပါလဲ”

“ကျွန်တော် နရသူပါ”

“ဟင် ... ကိုနရသူ၊ ပြောလေ၊ ဘာကိစ္စရှိလို့လဲ”

“ဘာကိစ္စမှတော့ မရှိပါဘူး၊ ဒီလိုပါ၊ မမိုးသဲအိမ်ကို နရဏီများ ရောက်နေလား”

“မရောက်ဘူး၊ ဘာဖြစ်လို့လဲ”

“ဘာမှမဖြစ်ပါဘူး”

“ဘာလဲ ... နရဏီ ပျောက်နေလို့လား”

“မပျောက်ပါဘူး၊ ဆိုင်မှာ မရှိတာပါ”





“သူ့ဟန်းဒ်ဖုန်း ဆက်လိုက်လေ”

“......”

“ရှင်က ဘာဖြစ်လို့ သူ့ဆီ ဖုန်းမဆက်ချင်ရတာလဲ”

“မဆက်ချင်တာ မဟုတ်ဘူးဗျ”

“ဒါဖြင့် ဘာလဲ”

အင်း ... ဒီတစ်ယောက်က သိပ်မလွယ်ပါလား။ ဒီကိစ္စကိုလည်း သိထားပြီး မေးမြန်းစပ်စုဖို့ကိုလည်း အားမနာလျှာမကျိုး ရှိမည့်ပုံပဲ။

“ရှင်တို့ ဒီလောက် အကြဲမကြီးမ် တွေ့ခဲ့ ဆုံခဲ့ဖူးပြီ၊ ရှေ့လျှောက်ကိုလည်း တွေ့စရာ ဆုံစရာတွေ ရှိနေသေးတာပဲ မဟုတ်လား၊ အရေးအကြောင်းရှိရင် နရဏီဆီ မဆက်ဘဲ ရှင် ကျန်တဲ့ပတ်ဝန်းကျင်က လူတွေဆီ လိုက်ပတ်ဆက်နေလို့ကတော့ လိုရင်းမရောက်ဘူး၊ အဟင်းဟင်း ... ရှင်တို့က ကလေးကြီးတွေ ကျနေ-ာပဲ၊ ရှင့်အသက်က နရဏီထက်တောင် ကြီးမယ်၊ သာတီတူးလောက် ရှိမယ်လို့ စပယ်ပြောပြတယ်၊ အဟားဟား၊ Child play တွေ လုပ်မနေပါနဲ့”

“အဟင်း ... ဒါပဲဗျာ၊ အကြံဉာဏ်အတွက် သင့်ခ်ယူးပဲ”

“ဟုတ်ကဲ့ပါရှင်”

နရသူက ဖုန်းပိတ်လိုက်ချိန်မှာ ဆေးခန်းရှေ့က နရဏီသည် ဖုန်းမြည်လာသံကို ဖွင့်ပြီးကာစ စကားပြောနေချိန်။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းသံကြောင့် ရင်တွေတောင် တုန်သွားတဲ့ နရဏီက ပေါ်နေတဲ့ နံပါတ်ဟာ ကြည်ဖြူ့အိမ်ကမှန်း သိလျှင် ...

"အေး ... ကြည်ဖြူ၊ ပြော"

"ဟဲ့ ... နရဏီ၊ နင့်လူကြီး ငါ့ဆီ ဖုန်းဆက်တယ်"

"ဘယ်သူလဲ ... နရသူလား"

"အမလေး ... နင့်လူကြီး ဆိုတာနဲ့ တန်းသိတာပဲပေါ့လေ၊ နင့်လူပေါ့ ... ဟုတ်လား၊ ဒါကြီးက"

"ဘာတဲ့လဲ"

နရဏီက လိုရင်းကို တန်းမေးသည်။

"နင် ငါ့ဆီရှိလားတဲ့"

"တောက် ... ငါ သူ့ကို သတ်ချင်တယ်"

"သတ်လည်း သတ်ချင်သင့်တယ်"

"ဆိုင်ကို သူ ရောက်ပြီးပြီပေါ့၊ ဆိုင်ကလူတွေက အိမ်ပြန်သွားတယ် ပြောမှာပဲ၊ သူ မယုံလို့ပဲလား၊ ဒါမှမဟုတ် အိမ်ကိုဆက်ရင် ငါနဲ့တန်းတိုးနေရင် ငါ့ဆီ သူ ဖုန်းဆက်ရတယ် ဖြစ်သွားမှာ စိုးလို့ပဲလား"

"ဒီလူကလည်း ဘယ်လိုလဲဟယ်၊ ဟိုတစ်နေ့က ငါတို့ အကဲကောင်းကောင်း ခတ်နိုင်တာပဲ၊ နင့်ကို သူ ကြိုက်ကိုကြိုက်နေပြီ၊ လုံးဝငြိနေပြီ၊ အသိသာကြီးကို ပေါ်လွင်နေတာ"





"တော်ပါပြီဟာ၊ ပြောမနေနဲ့၊ ဒီလောက် ကတ်ယတ်တဲ့ လူမျိုးကို အမြင်ကတ်တယ်"

"သြော် ... နင်ကလည်း၊ နင့်ဆီဆက်ရင် ဆက်လာဦးမှာပါ။ ဒါပဲ ငါ ဖုန်းချလိုက်တော့မယ်၊ သူ ဆက်နေရင် ဖုန်းမအားဘဲ နေလိမ့်မယ်"

ကြည်ဖြူက ဖုန်းကိုချသွားလျှင် နရဏီသည် ရင်ထဲတွင် အောင့်သက်သက် နာကျင်ကျင်နှင့် ကျန်ခဲ့သည်။ ကြည်ဖြူ့ဆီတောင် လှမ်းဆက်တယ်။ ဘယ်သူ့ကိုမဆို သူ ဖုန်းဆက်နိုင်ပါလျက် နရဏီ့ကိုမှ သူ့မှာ မဆက်နိုင် ဖြစ်နေတာ။

"တူ တူ တူ ... တူ တူ တူ"

ဖုန်းမြည်လာပြန်၍ နရဏီက နံပါတ်ကိုကြည့်လိုက်လျှင် မိုးသဲ။

"ပြော"

"ဟဲ့ ... နရဏီ"

"နင့်ဆီ နရသူ ဆက်တယ်မို့လား"

"ဟင် ... နင် ဘယ်လိုလုပ် သိလဲ"

"ခုပဲ ကြည်ဖြူ ဖုန်းချသွားတယ်၊ နင့်ဆီ မဆက်ခင် ကြည်ဖြူ့ဆီ အရင်ဆက်တာ"

"ဘာဖြစ်နေတာလဲ သူက"

"စိတ်မနှံ့တာ နေမှာပေါ့"

နရဏီက အောင့်သက်သက် ပြောမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့ သူ့ကြားမှာ ဘာကိစ္စ ရှိနေတာလဲ"

"ထုံးစံအတိုင်းပေါ့၊ ငါ့ဆီ ဖုန်းမဆက်တဲ့ကိစ္စ ရှိနေတာ၊ ငါ့ကို သူက နက်ဖြန် ထမင်းစား ဖိတ်ထားတယ်၊ အဲဒါကို ငါက အား၊မအား ညနေမှ ဖုန်းဆက်ပြီး ကွန်ဖမ်းမ် လုပ်ခိုင်းတာ"

"အဲဒါကို နင့်ဆီမဆက်ဘဲ တခြားတွေ ပတ်ဆက်နေတယ်ပေါ့၊ မဆက်ရင် နင်လိုက်မစားနဲ့၊ မလျှော့နဲ့ ကြားလား"

"ဝေးပါသေးတယ်တော်"

"ငါတောင် နည်းနည်း ဆုံးမဩဝါဒ ပေးလိုက်သေးတယ်၊ နင့်ဆီများ ဆက်နေမလား မသိဘူး၊ ဖုန်းချလိုက်မယ်၊ ထူးရင် ပြန်ပြောနော်"

"အေးပါဟာ"

နရဏီသည် ဝမ်းနည်းသလိုလို ဖြစ်လာပါသည်။ ဝမ်းနည်းလာမိကာမှပဲ သူ့ကို ပိုလို့တောင် စိတ်တွေညွှတ်ကျလာပြန်သည်။ သူ့ကို ထုထုပြီးတော့ ငိုပစ်လိုက်ချင်စိတ် ပေါက်သည်။ ရှင် အဲဒီလောက် နေနိုင်စရာလားလို့ နာနာကြည်းကြည်း မေးချင်သည်။

"ဒေါက် ... ဒေါက်"

"မမ"

မှန်တံခါး လာခေါက်သံကြောင့် မျက်စိလေး မှေးစင်းကာ မှိန်နေမိသော နရဏီက အလန့်တကြား ဖြစ်သွားရပါသည်။





"လန့်လိုက်တာ အိကျုံးရယ်၊ အခြေအနေ သွားကြည့်ခိုင်းတာ ပေါ်မလာဘူး၊ ငါ နင့်ကို မေ့တောင်မေ့နေတယ် ... အဟုတ်"

"နေရာရမလားလို့ ရှာနေတာ မမရဲ့၊ နောက်တော့ ဟိုမှာ ပြနေတဲ့ ခွေးရှင် ကြော်ငြာတွေကို ကြည့်ရင်းနဲ့မှ စာအုပ်လေးတွေနဲ့တွေ့လို့ မေးကြည့်တော့ ဆေးခန်းစာအုပ်လုပ်ရတယ်၊ ရှေ့က ဘာဖြစ်ဖူးသလဲသိအောင် နောင်လည်း ပြတိုင်းယူခဲ့ရမှာတဲ့၊ အဲဒီစာအုပ်တွေကို ထပ်ထားတာ ဟောဒီလောက်လောက် မြင့်တယ်၊ အဲဒါနဲ့ ကျွန်မလည်း စာအုပ်ကမန်းကတန်း လုပ်ဖို့ပြင်ရတာ၊ ဟိုမှာရေးနေပြီ၊ နာမည်ကို ဂျိုလီလို့ ပေးပြီးပြီ၊ အသက်က ဘယ်လောက်လဲ"

"ငါလည်း ဘယ်သိပါ့မလဲ"

"အဲဒါ အခု မမ စာအုပ်ဖိုး နှစ်ရာပေး"

"အေး ... အေး၊ ရော့ ...၊ နင် တော်တယ် အိကျုံး"

"အခု စာအုပ်ထပ်လိုက်ရင်တောင် ရှေ့မှာ လူနှစ်ဆယ် အစိတ် စောင့်ရမယ်"

"ဟယ် ... သေလိုက်ပါတော့"

"ခုန ခွေးကြီးတစ်ကောင်ဆို လက်ကိုက်ကျိုးလို့ ကျောက်ပတ်တီးစည်းရတာ၊ အကြာကြီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မဖြစ်သေးပါဘူး၊ ဒီတိုင်းဆို ညကိုးနာရီထိုးသွားတာတောင် ပြီးပါ့မလား၊ ကဲ ... နင်စာအုပ်သွားထပ်၊ ငါ နည်းနည်းကြိုးစားလိုက်ဦးမယ်"

နရဏီက မတတ်နိုင်တဲ့အဆုံး မေဇော် ပေးခဲ့တဲ့ အိမ်ဖုန်းနံပါတ်ကို နှိပ်ရပါတော့သည်။ ဗိုက်ကလည်း ဆာနေပြီ။ အခုစောင့်နေတာတောင် မိနစ်လေးဆယ်ထက်မနည်း ရှိပြီ။ နောက်ထပ် အကောင်အစိတ်သုံးဆယ် စောင့်ရရင် မလွယ်။ မေဇော်ကို ကြားလေးဘာလေး ထိုးပေးခိုင်းရရင် အဆင်ပြေမည်။ ကောင်မလေးက နရဏီကို ဖွတ်ရွတ်ခင်ကာ ဆိုင်ကိုလည်း မကြာမကြာလာ၊ သူ့အစ်ကိုနဲ့လည်း အသေအအောင်သွယ်။ မတွေ့ဖူးတဲ့လူနဲ့ ကိုယ့်မှာ အောင်သွယ်ခံနေရသည်။

အဲဒါကြောင့် မသိမသာလေး ကိုယ်ဘာသာ ခပ်လျှိုလျှို လာပြလိုက်ပြီး ပြန်မလို့ဟာ။ ခုတော့ လှမ်းအသိပေးရပေတော့မည်။ နရဏီက ကားထဲကထွက်ကာ မအားသေးတဲ့ဖုန်းကို စိတ်လက်ရှည်ရှည် စောင့်ခေါ်ရသည်။ ခဏနေမှ လိုင်းအားသွားကာ ...

"ဟယ်လို ... အမိန့်ရှိပါရှင်"

"မေဇော်နဲ့ စကားပြောချင်လို့ပါ"

"မေဇော်ပါ"

"ညီမလေး ... မမပါ၊ နရဏီ"





"ဩော် ... မမပြော၊ ဘာလဲ၊ ကြောင်လာကြည့်ဖို့ ဘွတ်ကင်လုပ်တာလား၊ ဒီညနေတောင် ကိုကိုက Home တွေ လိုက်ကြည့်နိုင်ပါ့မလား မသိဘူး၊ ရာသီဥတုက အေး... တော့ ခွေးကြောင်တွေ နေထိုင်မကောင်း ဖြစ်ကြတယ် ထင်တယ်၊ ဒီနေ့ တိရစ္ဆာန်နာတွေ အများကြီးပဲ"

"တိရစ္ဆာန်နာ ! ဟား ဟား။ မေဇော်က ပြောတတ်တယ်၊ မမက Home ပင့်မလို့ မဟုတ်ပါဘူး၊ ဆေးခန်းရှေ့ရောက်နေပြီ ညီမရဲ့၊ ဂျိုလီက အန်လို့ ချက်ချင်းလာလိုက်တာ ညီမရဲ့"

"ဟင် ... ခြံရှေ့မှာလား"

"ကားတန်းကြီးကရှည်တော့ ခြံရှေ့နဲ့ ခပ်ဝေးဝေးမှာ၊ စာအုပ်တော့ လုပ်ထားပြီ၊ ရောက်တာ ကြာပြီ၊ စာအုပ်လုပ်ရမှန်း မသိတော့ ဒီတိုင်း အချိန်တွေပုပ်နေတာ၊ ခုမှစာအုပ်ထပ်ရတော့ ရှေ့မှာတစ်ပုံကြီးတဲ့၊ အဲဒါ ... အဲဒါ ..."

"မေဇော် ထွက်ခဲ့မယ်လေ"

"အဲ ... အဲဒါ"

နရဏီသည် ဘာစကားမှ မဆက်နိုင်တော့ဘဲ နှုတ်ဆုံ့လေးကာ နောက်ဆုံးပြောမိတဲ့ စကားလုံးကိုပဲ အထပ်ထပ် ရွတ်ယောင်ယမ်းလျက် ရှိတော့သည်မှာ ရှေ့ကလာနေတဲ့ ကားပေါ်မှာ နရသူဟာ ဖုန်းကိုနားမှာကပ်ရင်း မောင်းလာလို့တည်း။



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း ချက်ချင်းပဲ နရဏီကိုမြင်ကာ ဖုန်းကို နားမှခွာလိုက်ပြီး ကားကို လမ်းရဲ့ဟိုတစ်ဖက် ဘေးဆွဲချကာ ချက်ချင်းရပ်လိုက်သည်။

ကားထဲက ဆင်းလာကာ ခပ်မတ်မတ် လျှောက်လာတဲ့သူ့ကို ကြည့်၍ နရဏီ ရင်ထဲမှာ နှလုံးသားတစ်စုံလုံးဟာ ဟိုဘက်ပြေးရိုက် ဒီဘက်ပြေးရိုက်နှင့် အလုံပိတ်တစ်ခုထဲ ဘောင်ဘင်ရိုက်ခတ်နေပုံမျိုး ခပ်ကြမ်းကြမ်း ခုန်ပေါက်လျက်။

"အဲ ... အဲဒါ ... အဲဒါ"

"အာ ... မမ ဘာဖြစ်နေတာလဲ၊ ကဲ ... လာပြီ၊ ထွက်လာပြီ၊ ဒါပဲနော်"

"အင်း"

နရဏီက ဖုန်းကိုအပိတ်၊ သူက အနားသို့အနီးဆုံးရောက်ပြီ။

"ဘယ်သူ့ဆီ ဖုန်းဆက်နေတာလဲ"

"ရှင့်ဆီ မဟုတ်ပါဘူး"

"အဲဒါတော့ သိပါတယ်၊ ကျွန်တော့်ဆီ မဆက်ဘူးဆိုတာ သူများတွေဆီပဲ ဆက်မယ်ဆိုတာ"

"ရှင်လည်း သူများတွေဆီပဲ ဆက်တတ်တယ် မဟုတ်လား ကိုနရသူ၊ ဥပမာ ကြည်ဖြူတို့ မိုးသဲတို့ပေါ့"

"အဟား"





နရသူက ခေါင်းတစ်ချက်မော့ကာ ရယ်လိုက်သည်။ မျှော်လင့်ဘဲ နရဏီနှင့် တည့်တည့်တိုးကာ လာဆုံနေ၍ ရုတ်တရက် ကြည်နူးမြူးထူးသွားတဲ့စိတ်က ရင်ထဲစိမ့်၍ ပျံ့၍ ခံစားလို့ကောင်းလှသည်။ ခါးတစ်ဖက်ထောက်ကာ ဖုန်းပြောနေတဲ့ စတိုင်က နှစ်ယောက်ဆင်တူနိုင်တာ မရှိနိုင်။ ခပ်မိုက်မိုက်နှင့် ပုံစံဝင်နေသည်။

"ခုနလည်း ရှင် ဖုန်းပြောရင်း ကားမောင်းလာတာပဲ"

"ဖုန်းပြောရင်း မောင်းလာတာ မဟုတ်ဘူးဗျ၊ ဖုန်းခေါ်ရင်း မောင်းလာတာ၊ ခေါ်နေတာ၊ ဘယ်ကိုလဲ သိလား"

"ဟင့်အင်း ဘယ်သိမှာလဲ"

"ခင်ဗျားဆီကို နရဏီ"

နရဏီ မျက်နှာက ဖြန်းခနဲ သွေးရောင်လွှမ်းကာ ...

"မယုံဘူး"

"မယုံလည်း မတတ်နိုင်ဘူး"

"လုံးဝမယုံဘူး"

"လုံးဝမတတ်နိုင်ဘူး"

"တော်စမ်းပါရှင်၊ ကျွန်မဖုန်းပြောနေလို့ ဖုန်းမအားတာ မြင်မှ ရှင် ကောက်ထွင်လိုက်တဲ့ ဓာတ်လမ်း ဓာတ်ကွက်ပါ"

နရသူက ခပ်မဲ့မဲ့ ခါးထောက်ကာ နရဏီကို ငုံ့မိုးကြည့်နေပါသည်။ စိတ်တိုတိုနှင့် ဖျစ်ညှစ်ပစ်ရရင်တော့ကွာ ...



www.burmeseclassic.com

www.burmeseclassic.com



တောက်။ တကယ် ဆက်နေပါတယ်ဆိုမှ။ နောက်ဆုံးတော့ ကိုယ်က စွဲလမ်းချစ်ခင် နှောင်ကြိုးငင်ရတဲ့သူပဲလေ ... ရယ်လို့ စိတ်ကိုဖြေလျှော့ကာ ဖုန်းခေါ်ဖို့ သူ ဆုံးဖြတ်တာ။ သူ့သူငယ်ချင်း နှစ်ယောက်ကိုတောင် လှမ်းဆက်ပြီးမှ သူ့ကိုတော့ မဆက်ဘူးဆိုတာက ပိုဆိုးမည်လေ။ သူ့သူငယ်ချင်းတွေဆီကလည်း ချက်ချင်း သတင်းပို့လိမ့်မယ်လို့ ထင်ပြီးသား။

ဒါကြောင့် တကယ့်ကို ဒီလမ်းထိပ်ရောက်မှ ဖုန်းနံပါတ်ကို ကောက်ကာငင်ကာ နှိပ်လိုက်တာ။ ဒီလမ်းတွင်းက ဂျီအက်စ်အမ်မ် လိုင်းမကြည်တဲ့ ဧရိယာဖြစ်သည်။ ထို့ကြောင့် သူ့ကို ဖုန်းထဲကနေ ...

"လူကြီးမင်း ခေါ်ဆိုသော ဂျီအက်စ်အမ်မ် တယ်လီဖုန်းမှာ ဆက်သွယ်မှုဧရိယာ ပြင်ပသို့ ရောက်ရှိနေပါ၍ ခေါ်ဆိုလို့ မရနိုင်ပါရှင်"

လို့သာ အကြောင်းပြန်နေတာ ဆက်တိုက်။ တကယ်က သူက ဒီဘက်မှာ ဖုန်းပြောနေတာ။ အဖြေမှားကြီးကို ဖုန်းက ဖြေနေသည်။ သူကတော့ နရဏီ ဘယ်များသွားနေသလဲပေါ့။ တကယ်က နရဏီရှေ့က ကားကဖြတ်နေတာ။ အဖြေက"ဆက်သွယ်မှု ဧရိယာပြင်ပ"တဲ့။ လိုင်းမအားဘူးလို့ မဖြေ။ ဒါတွေရှင်းပြမနေတော့ပါဘူး။

"ခင်ဗျားဆီကို ကဲဆိုးလို့ ကျွန်တော့် call မဝင်သွားတော့လည်း ဒီလိုပဲ မယုံမကြည် ပြောခံရတော့မှာပေါ့လေ။





ကိစ္စမရှိပါဘူး၊ ထားလိုက်ပါ၊ ဒါပေမဲ့ မမျှော်လင့်ဘဲ ခင်ဗျားနဲ့ ခုလို လမ်းမှာလာဆုံရတာကတော့ ကျွန်တော့်ကို နှုတ်ကောင်း နှုတ်မြတ်တွေက မ,စ,တာဗျ၊ မနက်ဖြန်အတွက် အဖြေကို ကျွန်တော် သိရမယ့်အချိန်မှာ ခင်ဗျားကို ကျွန်တော့်ရှေ့မှောက်ရောက်အောင် ပို့လိုက်ကြတယ်ဆိုတော့ ..."

"အောင်မယ် ... ရှင့်ရှေ့ကိုပဲ ကျွန်မက အပို့ခံရဦးမယ်၊ ကျွန်မရှေ့ကို ရှင်ကို ပို့တာလို့ ပြောလည်း ဖြစ်တာပဲ"

နရသူသည် ကတ်သတ်ချင်လှတဲ့ နရဏီကို တစိမ့်စိမ့် ရယ်မိရင်း ...

"ခင်ဗျားကို ကျွန်တော့်ရှေ့ ပို့တယ်ဆိုတာက ကျွန်တော်က ခင်ဗျားကို အလိုရှိနေချိန်မို့ ဒီလိုသုံးနှုန်းရတာလေ၊ ဘာလဲ ခင်ဗျားကကော ကျွန်တော့်ကို အလိုရှိနေလို့လား"

"အောင်မာ"

"အဲဒါကို ပြောတာလေ"

နရဏီသည် နရသူ့ ပြုံးစိစိတွင် ရှက်ကိုးရှက်ကန်းဖြစ်နေပြီး ...

"တော်ပါ ... ရှင်က ဘယ်ကိုလာတာလဲ"

"အိမ်ပြန်လာတာလေဗျာ"

"ဟင် ... ရှင့်အိမ်က ! "

"ဒီခြံပဲ"



www.burmeseclassic.com

www.burmeseclassic.com



နရဏီသည် နရသူ ညွှန်ပြတဲ့ နီးကပ်နေပြီဖြစ်သော ခြံတံခါးတစ်ခုကို အံ့သြသြလေး ကြည့်နေမိသည်။ တိရစ္ဆာန်ဆေးကုခန်းရှိတဲ့ ခြံနှင့် သုံးလေးခြံ ခြားပေမည်။ သူတို့နှစ်ယောက်ကို ကံကြမ္မာက ဆုံစည်းစေလိုတာကိုတော့ အသိအမှတ် ပြုရမလိုပဲ။

"ခြံက အကျယ်ကြီးပဲ"

"မခွဲစိတ်သားလို့ပါ၊ အလယ်က စည်းရိုးမခတ်သေးဘူးလေ၊ ဟိုဘက်တိုက်က အစ်ကိုကြီးတို့ တိုက်ပေါ့။ ဒီဘက်တိုက်မှာ ကျွန်တော်တစ်ယောက်တည်းပဲ နေတာပေါ့၊ စားချိန်တန်ရင် ဟိုဘက်တိုက်ကိုကူးပြီး စားလိုက်တာ။ လဆန်းမှာ ကုမ္ပဏီစ,ဖွင့်ပြီးရင်တော့ အိမ်မှာ တပည့်တစ်ယောက် ခေါ်ထားမယ်လေ"

နရဏီက ခေါင်းလေးတညိတ်ညိတ် လုပ်နေမိသည်။

"အိမ်ထဲလိုက်လည်ပါဦးလား၊ နီးနေပြီပဲ"

"တော်ပါပြီရှင်၊ သူ့အိမ်မှာဖြင့် မိတ်ဖွဲ့စရာ ဘယ်သူမှလဲ မရှိဘဲနဲ့"

"ဒီအချိန် မရီး ရှိတယ်လေ၊ မရီးနဲ့ မိတ်ဖွဲ့ပေးရမှာပေါ့၊ ဟိုကောင်မလေး မီးမီးလည်းရှိမှာ၊ မီးမီးကတော့ တဖွဖွပဲပြောနေတယ်"

"ဘာတဲ့လဲဟင်"





"အဟင်း ... ခင်ဗျားကို အရမ်းချောလွန်းအားကြီးလို့တဲ့၊ ဒီတော့ သူ့အမေကတောင် စိတ်ဝင်စားနေတာ၊ သူတို့သွားအမိ ခင်ဗျားဆိုင်ကို လာကြဦးမယ်လို့တောင် ပြောနေတယ်"

နရဏီက ရှက်ပြုံးလေးနှင့် ...

"မီးမီးကတောင် ဒီလိုပြောတယ်ဆိုရင် ဂုဏ်ယူရမှာပေါ့နော်"

"ကဲ ... နက်ဖြန် လိုက်နိုင် မလိုက်နိုင် ဖြေနိုင်ပါပြီလား ခင်ဗျာ"

နရဏီက နရသူ့ရဲ့ ရွှန်းရွှန်းစားစား အကြည့်တွင် င့ဖယ်ဖယ် ‌ဣန္ဒြေဆည်နေဆဲ ...

"မမ"

"အမလေး"

"ဘယ်မှာလဲ ဂျူလီ"

မဖော်သည် နရဏီ့ကို တရင်းတနှီး ဖက်လိုက်ပြီး ...တ်က ကြောင်ကို မေးပေမယ့် မျက်လုံးကတော့ နရသူ့ကို အကဲခတ်နေသည်။ အိမ်နီးချင်းတွေမို့ သဒ္ဓာသူနှင့် ခင်ပါသည်။ ဒီလူကြီးဟာ ဟိုတလောကမှ ရောက်လာတဲ့ သဒ္ဓာသူ့ဦးလေး ...လူပျိုကြီးဆိုတာပဲ။ ဒီလူပျိုကြီးက အပျိုကြီးမမနှင့် ဘယ်တုန်းက ...င်သွားတာလဲ။ လက်မြန်လိုက်တာ။

"မမကလည်း၊ ကိုကိုက အိမ်လာခဲ့ပါမယ် ဆိုတာကို ဒီကို လာနေရသေးတယ်၊ ဘာမှန်းမသိဘူး၊ ဒီမှာဆို ဒီလို ရပ်စောင့်နေရမှာစိုးလို့ဟာကို"



www.burmeseclassic.com

www.burmeseclassic.com



တရင်းတနှီး ခပ်ပိုင်ပိုင်နိုင်နိုင် ပြောပစ်လိုက်ကာ နရသူ့ကို မသိမသာ အကဲခတ်ရသည်။ ငုပ်သွားပြီလားလို့။

"ဂျူလီ့ကို ဆေးခန်းလာပြတာလား၊ ဟုတ်ပါရဲ့။ ဒီရှေ့မှာ ကားရပ်တန်းစီနေတာ မြင်ရက်နဲ့ ကျွန်တော် မတွေးမိဘူး"

အောင်မယ်။ လူကြီးက ငုပ်လည်းမသွား။ မေဇော် စကားကိုလည်း သိပ်ဂရုမစိုက်။ အရေးပါတယ် ထင်ပုံမရ။

"ဂျူလီ ဘာဖြစ်လို့လဲ"

"အန့်တယ် ဆိုလို့ပါ"

"နရဏီ တစ်ယောက်တည်း လာတာလား၊ နိုင်လို့လား"

"ဟို ... အိကျူး"

မေဇော်က စကားကို အတင်းလိုဖြတ်ကာ ...

"လာလေ မမ၊ မေဇော် နိုင်တယ်၊ ကိုကို့ကို ပြောပြီးပြ ကိုကိုက ခေါ်ခဲ့တဲ့ ပြောနေတယ်၊ ဟိုမှာ ကိုကိုစောင့်နေ ပြီ မမရဲ့"

မေဇော်က ကားကို နောက်ခန်းဖွင့်ကာ ခြင်းကြီးပေါ် ဆွဲမ,နေပါသည်။ ဒီတော့မှ နရသူက မေဇော့်ကို သတိပြုမိသည် အောင်ဇော်ဦးရဲ့ညီမထွေးကလေးပဲ။ အောင်ဇော်ဦးနဲ့တော့ အိမ်နီး ချင်းမို့ ငယ်ကတည်းက သိနေသော်လည်း ဒီကောင်မလေးကိုတော့ ဟိုတလောက သဒ္ဓါသူနဲ့ နှုတ်ဆက်တာတွေ့မှ သိရတာ။





ကိုကိုစောင့်နေပြီ၊ ကိုကို့ကို ပြောပြီးပြီ၊ ကိုကိုက အိမ်လာခဲ့ပါမယ်ဆိုမှ ... စတဲ့ စကားတွေကို ခုမှပြန်ကြားယောင် သတိပြုမိကာ တွေးစရာ ဖြစ်သွားရသည်။ အောင်ဇော်ဦးနဲ့ နရဏီ ဘယ်တုန်းကတည်းက ရင်းနှီးသိကျွမ်းထားကြပါလိမ့်။

"ကြောင်ပါ တစ်ခါတည်း ခေါ်သွားပြီး ကြားဖြတ်ဝင်လို့ ကောင်းပါ့မလားဟင်"

"အိုး ... မမကလည်း၊ မမကိုတော့ ဦးစားပေးရမှာပေါ့၊ ဘယ်သူ့ဘာပြောပြောပေါ့၊ ဦးစားမပေးလို့ရမလား၊ လာပါဆို၊ ကိုကို စောင့်နေလိမ့်မယ်"

ကောင်မလေးရဲ့ အသည်းအသန် ဖြစ်နေပုံကို နရသူက မသိမသာ ပခုံးကျုံ့လို့သာ ခပ်ရို့ရို့နေပေးလိုက်ပါသည်။ မှန်းဆလို့ ရပါသည်။ ကောင်မလေးဟာ နရသူ့ကို နရဏီ့အနားမှ ကြက်ကလေး ငှက်ကလေး ခြောက်လှန့်သလို တရွှေးရွှေး အော်မထုတ်ရုံ တမယ်ပင်။

"အိုကေလေ ... နက်ဖြန် ဘယ်လိုလဲ၊ ပြောနိုင်ပြီ ထင်ပါတယ်နော်"

နရသူက နရဏီ့ကိုသာ ခပ်တိုးတိုး မေးလိုက်သည်။ ခြင်းကြီးတစ်ဖက် နရဏီ့လက်ကို တစ်ဖက်ဆွဲကာ ဦးဆောင်ခြေလှမ်းနေပြီဖြစ်တဲ့ မေဇော့်ဘက်ယိုင်ရင်းကပင် ကားကို ရီမုတ်နှင့် သော့လှမ်းပိတ်လျက် ...

"ဟုတ်ကဲ့ ... ဆယ့်တစ်နာရီလောက်"



www.burmeseclassic.com

www.burmeseclassic.com



ချိုကြည်ဝင်းနှစ်သွားအောင် ပြုံးသွားတဲ့ မျက်နှာကို တအံ့တသြ မြင်ဖူးလိုက်ရပြီးတဲ့နောက် ရင်တဒုတ်ဒုတ်ခုန်လို့ မဆုံးခင်မှာ ဘေးက ဒေါ်မေဇော်ကလေးကလည်း တစ်မှောင့်။

"အဲဒါ ဦးနရသူ ဆိုတဲ့ သဒ္ဓာသူ့ဦးလေး လူပျိုကြီးမှလား၊ မမနဲ့ ဘယ်တုန်းက ရင်းနှီးနေတာလဲ၊ မဖြစ်ဘူး၊ ဒါမေဇော့် ယောက်မလောင်းလို့ သိအောင် ကြေညာမှပဲ"

"ဟဲ့ ... လျှောက်ပြောမနေနဲ့"

နရဏ့်မှာ ရယ်သလို မောသလိုနှင့် အတည်ဟန့်ရကာ မေဇော် ဇွတ်ဆွဲဝင်သွား၍ အားလုံးကို ကြားဖြတ်ကျော်တက်ကာ ဆေးခန်းထဲရောက်၊ ဒေါက်တာအောင်ဇော်ဦး ဆိုတဲ့ အသားမည်းမည်း ဝပြဲပြဲ ဆရာဝန်ကို အလန့်တကြား ရင်ဆိုင်လိုက်ရပါသည်။

❣ ❣





၁၁

နှစ်ဦးသားသည် သူတို့ရဲ့ နေ့လယ်စာထမင်းပွဲက လေးကို နှစ်သက်ကြည်နူးနေမိကြပါသည်။ ဆိုင်ရွေးချယ်တော့ သူတို့နှစ်ဦး အကြိုက်တူနေကာ ချဉ်ငန်ပူစပ်တွေ ကောင်းတဲ့ ယိုးဒယားဆိုင် တစ်ဆိုင်ကို စိတ်တူကိုယ်တူ ရွေးချယ်လိုက်ကြပါသည်။

လူကြီးရက်တော့ရယ် ဆိုတာလို စကားထဲမှာ ဘာမှလဲ ရယ်စရာ မယ်မယ်ရရ ပါတာမဟုတ်ဘဲနှင့် ဘာမဟုတ်တာကို အူရွှင်ရယ်မောနေမိကြကာ အလကားနေရင်း စိတ်လက်ပေါ့ပါး မြူးသွက်နေကြပါသည်။ ခဏတွင်းချင်းမှာ တစ်ယောက်ကို တစ်ယောက် လိုလားနှစ်ခြိုက်မှု အပြန်အလှန် တူညီကာ နှစ်နှစ်ချီ ရင်းနှီးခဲ့ပြီးသူတွေလို နွေးထွေးအပေးအယူတည့်နေပါသည်။

အဲဒါကိုက အံ့သြစရာ နှစ်သက်စရာ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နဲ့ စိတ်ချင်း သဘောချင်း ညီတဲ့သူဆိုတာ အတော်အတန် ရှားပါးပြီဖြစ်တဲ့ သူတို့နှစ်ဦးဟာ တစ်ယောက်ကို တစ်ယောက် စိတ်ချင်းနီးစပ်တယ်ရယ်လို့ အံ့သြဝမ်းသာရသည်။ ကိုယ့်အကြိုက် ကိုယ့်သဘောမှလို့ ခံယူတစ်ဖက်စွန်း ရောက်ကြပေမယ့် ကိုယ့်အကြိုက်နဲ့ သူ့အကြိုက်က တူနေတဲ့အခါ ငြင်းခုန်စရာ မမြင်တော့ဘဲ သူက ကိုယ့်ကို လိုက်လျောရတာလည်းမဟုတ်၊ ကိုယ်က သူ့ကို လိုက်လျောရတာလည်း မဟုတ်တဲ့ နှစ်ဦးသဘော တူ လိုက်လျောစိတ်တူခြင်း၌ အဆင်တပြေ ရှိနေကြပါသည်။

ကြိုက်တဲ့စာအုပ်တွေ သီချင်းတွေ နီးစပ်တူညီသည်။ ကိုယ့်တစ်ကိုယ်ရည်အတွက် ကိုယ်နှစ်သက်တဲ့ သတ်မှတ်ချက်တွေ တူသည်။ ဘယ်လိုစရိုက်လက္ခဏာ အမူအကျင့် ရှိသူကို မနှစ်သက် မလေးစား အထင်မကြီးဘူးလဲ ဆိုတဲ့ နေရာမှာလည်း တူသည်။ အိမ်မွေးတိရစ္ဆာန်တွေ အပေါ်ထားတဲ့ သဘောထား၊ ကိုယ်ပေါင်းသင်းမယ့် မိတ်ဆွေအပေါ်ထားတဲ့ သဘောထား၊ ကျူးကျော်စွက်ဖက်လာရင် မကြိုက်တတ်တဲ့ ကိုယ့်စည်းကမ်းတွေ။

အတော်များများ၌ သဘောထား ကိုက်ညီနေခြင်းမှာ ဘုရားပေးသောဆုပင် မဟုတ်လား။ နှစ်ဦးသားဟာ ပူကာစပ်ကာ ရှူးရှဲမြည်ကာ စားလို့ကောင်းနေဆဲ ...

"တူ တူ တူ ... တူ တူ တူ"

နရဏီ့ ဖုန်းက မြည်လာ၍ နရဏီက ကောက်ကြည့်လိုက်ပါသည်။ ကျွတ် ...။ မိုးသဲ ဆက်နေတာ။ နရဏီက





ပထမ ပိတ်ပစ်ဖို့တောင် စိတ်ကူးပြီးမှ ဒီမိန်းမတွေကို ဖုန်းပိတ်ပစ်လို့ မဖြစ်တာ နားလည်ကာ ဖုန်းကိုဖွင့်လိုက်ပါသည်။

"အေး ... ပြော"

"အောင်မယ်၊ အသံက ခပ်တည်တည်နဲ့၊ နင် ဘယ်မှာလဲ၊ အိမ်မှာပဲလား"

တော်ပါသေးရဲ့။ အိမ်ဖုန်းကို အရင်မဆက်ပေလို့။ အိမ်ဖုန်းဆက်လိုက်မိရင် တူမချော အပျိုကြီး လူကြီးလူကောင်းတစ်ယောက်နှင့် ထမင်းထွက်စားကြမယ် ဆိုပြီး တစ်မနက်ခင်းလုံး ပါးစပ်မစေ့နိုင်အောင် ပျော်မြူးဂုဏ်ယူနေတဲ့ ကြီးကြီးက ပါးစပ်တစ်ခုလုံး အမြုပ်ပြည့်အောင် ကြွားပြလိုက်ပါလိမ့်မည်။

"အပြင်မှာဟဲ့"

"ဟင် ... ဆိုင်ပိတ်တာကို"

"တခြားကိစ္စနဲ့ပါ၊ နင်ဘာလဲ ... ပြောလေ"

"နင် ပြောရမှာလေ၊ မနေ့က ဇာတ်လမ်းကို နင်ပြန်ဆက်ပြောမလားလို့ ငါ့မှာ တစ်ညလုံး စောင့်နေတာ၊ ဒီမနက်လည်း ကလေးကိစ္စ ရှုပ်နေသေးလို့သာ ခုမှ ဆက်ရတာ၊ နင့်ဆီ သူ ဖုန်းပြန်ဆက်သေးလား"

"ဟင့်အင်း"

နရသူရဲ့ ဟင်းလှမ်းခပ်လိုက်တဲ့ ကြွေဇွန်းသံ တစ်ချက် နှစ်ချက် ထွက်လာ၍ နရဏီက ကိုယ်ကိုတောင် အသံမဝင်အောင် စောင်းလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နင် မပွင့်တပွင့်နဲ့ နင့်အားမှာ ဘယ်သူရှိလဲ"

"မရှိပါဘူး"

"ခွန်းသံ ပန်းကန်သံတွေ ကြားနေရသလိုပဲ၊ ဟယ် ... နင် နရသူနဲ့လား၊ သူနဲ့ ထွက်စားနေတာပေါ့ ဟုတ်လား"

"ဟင့်အင်း ... မဟုတ်ပါဘူးဟ"

"မယုံဘူး၊ နင့်အသံကြီးက တစ်မျိုးကြီး၊ နင်အခု နရသူနဲ့ ဆိုင်တစ်ဆိုင် ရောက်နေတယ် မဟုတ်လား၊ ငါတို့ကို ညာတယ်ဆိုရင် နင် အဓိပ္ပာယ်မရှိဘူးနော်"

"ကျွတ် ... နင်ဟာ လူတစ်ဖက်သားကို တယ်ပြီးသံသယ ဝင်တတ်ပါလား ဒေါ်မဲသိုးရဲ့၊ ခုဆိုရင် နင့်မျက်နှာကြီး မည်းပြီး ပုပ်သိုးနေမှာ မြင်ယောင်သေးတယ်"

"နင် အပိုတွေ လှည့်ပတ် အချိန်ဆွဲ ပြောမနေနဲ့၊ နင် အခု ဘယ်သူနဲ့လဲ"

ထိုစဉ်တွင် တရှုံးရှုံးစပ်နေတဲ့ နရသူက ဖြတ်သွားတဲ့ ဝိတ်တာလေး တစ်ယောက်ကို လှမ်းခေါ်လိုက်ကာ ...

"ညီလေးရေ ... ကိုယ့်ကို အောရင့်ချ်ဂျူ့စ်လေး ပေးပါကွာ၊ နရဏီရော ... ဂျူ့စ်ယူမယ်မို့လား၊ ဘာဂျူ့စ်ယူမလဲ လိုင်းမ်စ်လား အောရင့်ချ်လား"

သူ့ဖို့ ဖျော်ရည်အေးမှာရင်း နရဏီကိုပါ နာမည်ပါ ထည့်၍လှမ်းမေးလိုက်သံကြောင့် ဘယ်လိုမှ လိမ်ညာလှည့်ဖြား၍ မရနိုင်တော့တဲ့ နရဏီမှာ မျက်နှာလေး ရှုံ့မဲ့သွားရကာ ...





"အောရင့်ချ်ပဲ"

ခပ်တိုးတိုး လှမ်းဖြေလိုက်ရပါသည်။

"နရဏီ"

"......"

"နင် ညာပြောတယ် ကြည့်စမ်း၊ နင့်အားမှာ နရသူကြီး ပါလား၊ နင်တို့ချင်းက အဲသလောက်ကြီးတွေတောင် ရင်းနှီး ပတ်သက်နေပြီလား ဟုတ်လား"

"အာ ... လုံးဝမဟုတ်ဘူးဟာ"

"ဟဲ့ ... ဖြစ်ရင်တားဖို့မေးနေတာ မဟုတ်ဘူး မမရေ ... နော်၊ ဘူးချည်းငြင်းချမနေနဲ့။ ငါတို့က ဖြစ်စေချင်တဲ့ဘက် က၊ ဒါပေမယ့် ဟိုလူ ဖုန်းဆက်ဖို့လေးကို တွက်ကပ် ကတ်သတ်နေတာကိုသာ အသည်းယားလို့ သူ ဖုန်းမဆက် ရင် ထွက်မစားနဲ့လို့ မနေ့က ပြောမိတာ၊ ဝေးပါသေးတယ် ဆို၊ ခုတော့ နီးနေပါရောလား ... မိန်းမ ဟွန်း"

"မဟုတ်ပါဘူးဟယ်၊ ဒီလိုပါပဲ၊ ကဲ ... ငါနောက်မှ ပြန် ဆက်မယ်လေဟာ"

"အင်းပေါ့ ... ခုတော့ မျက်နှာချင်းဆိုင် လက်ဆုံစားနေ ရလို့ ငါတို့ကိုတောင် စကားဖြတ်မပြောနိုင်ဘူးပေါ့နော်၊ ခုနေ ဖြစ်နေမယ့် နင့်မျက်နှာကြီးကို မြင်စမ်းချင်တယ်၊ အပြောတခြား အလုပ်တခြား ရုပ်ကြီးပေါ့၊ မချိုမချဉ်နဲ့ ကိုယ့်ဟာကိုယ်လည်း Guilty ဖြစ်နေမယ့် ရုပ်ကြီးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောချင်သလို ပြောတော့ဟေ့၊ ဒီဖုန်းချပြီးတာနဲ့လည်း ကြည်ဖြူဆီ ချက်ချင်းဆက်ပြောဦးနော်၊ မမေ့စေနဲ့"

"မေ့စရာလား၊ ဖုန်းနှစ်လုံးရှိရင် တစ်ပြိုင်နက်တောင်ဆက်မှာ၊ ဒီဖုန်းမချခင်ကို ဆက်မှာ"

"အဟားဟား"

"ဘုရား ... ဘုရား၊ အူမြူးနေလိုက်တာ၊ ကဲ ... ကဲ ... ဒါပါပဲဟယ်၊ ညကျဆက်မှာလား"

"အင်း"

"ပြီးရော ... ဒါပဲ"

နရဏီ ဖုန်းပိတ်လိုက်တာကို ကြည့်ရင်း နရသူက ပြုံးပြုံးနှင့် ...

"နရဏီ့ သူငယ်ချင်းတွေကလည်း တော်တော်ခင်မင်စရာကောင်းတယ်နော်၊ သူတို့သူငယ်ချင်းဘက်က ပါသလား မမေးနဲ့၊ ခု ဘယ်လိုလဲ၊ ကျွန်တော်နဲ့ ထွက်စားနေတယ်ဆိုတော့ အရမ်းအံ့အားသင့်နေကြတာလား"

"နောက်နေတာပါ"

"သူတို့က နရဏီ့ကို အိမ်ထောင်ပြုစေချင်ကြတဲ့သဘောရှိတယ်နော်၊ စပယ့်လိုပဲ၊ တစ်သဘောတည်းပေါ့"

နရဏီက မျက်နှာလေးရဲကာ ...

"အားအားလျားလျားနဲ့လေ၊ အလုပ်မရှိအကိုင်မရှိ၊ ကိုယ့်ဟာကိုယ်နေတဲ့သူကို သူတို့ ထမ်းထားရတာကျလို့ ... ဟွန်း"





"ခုဆို မကြာခင် စပယ်လည်း အိမ်ထောင်ပြုတော့မှာဆိုတော့ နရဏီ တစ်ယောက်တည်း ဘက်ပဲ့ပြီး ကျန်ရစ်ခဲ့မှာ စိုးကြလို့နဲ့ တူပါတယ်"

"ပဲ့ပဲ့ပေါ့၊ ကိုယ့်ဟာကိုယ် နေတတ်ရင် ပြီးတာပဲ"

"ကျွန်တော်လည်း ကိုယ့်ဟာကိုယ် နေဆတ်တယ်ပဲထင်တာ၊ ဒါပေမဲ့ ... ဒါပေမဲ့ အခုတော့ တစ်မျိုးမြင်လာတယ်ဗျ၊ စိတ်တူ သဘောတူတဲ့ အဖော်နဲ့ ဘဝချင်း လဲထပ်ပြီး တစ်သက်လုံး အတူနေသွားရမယ့် ဘဝမျိုးက ပိုပြီးပြည့်စုံပြည့်ဝသလားလို့ပါ"

နရဏီက ခေါင်းလေးငုံ့ကာ အစားကိုပဲ မဲစားနေသည်။

"နရဏီ ကျွန်တော် ပြောတဲ့စကားကို ဘယ်လိုယူဆလဲ"

"ဘယ်သိပါ့မလဲရှင်၊ ကျွန်မ အဲဒါတွေ နားမလည်ဘူး"

"ငယ်သေးတယ်၊ မေမေ ဆူလိမ့်မယ်ပေါ့နော်"

"ရှင်က ရွဲ့မပြောပါနဲ့၊ လှောင်တဲ့ သဘောလား"

"မဟုတ်ရပါဘူးဗျာ၊ ခင်ဗျားမိဘတွေကကော ကိုယ့်ရဲ့ တစ်ဦးတည်းသော သမီးကို သူတို့မရှိတော့တဲ့အခါ တစ်ကိုယ်တည်း ကျန်ခဲ့စေချင်ပါ့မလား"

"ဘယ်ကျန်ခဲ့စေချင်မလဲရှင့်၊ ကျွန်မ အသက်အစိတ်ပြည့်ကတည်းက တစ်ယောက်ပြီး တစ်ယောက် ပြဖို့ စပ်ဟပ်ဖို့ ကြိုးစားတာပဲ၊ ဒါပေမဲ့ ကျွန်မမှ မနှစ်သက်တာ၊ မိဘပေး



www.burmeseclassic.com

www.burmeseclassic.com



စားတာမို့ ရယ်လို့လည်း မဟုတ်ပါဘူး၊ စိတ်ကို မလျှော့ ရှားတာ၊ ဘယ်တတ်နိုင်မလဲ၊ အိမ်က ကြီးကြီးက ပိုဆိုး တယ်၊ ဒါပေမဲ့ ဒီကိစ္စက ကိုယ်က တမင်လုပ်လို့လည်း မရဘူး၊ ကိုယ်က တမင်မလုပ်လို့လည်း မရပါဘူး၊ သူ့ အလိုအလျှောက် ဖြစ်လာတဲ့ အခါမှာလည်း ဘယ်လိုမှ တားဆီးမရဘူး ထင်ပါရဲ့"

"ခင်ဗျားကို ကျွန်တော် သိပ်ချစ်နေမိပြီ နရဏီ"

နရသူ့ စကားသံက ခပ်တိုးတိုးပေမယ့် ရုတ်တရက် ဆိုင်းစုံမဆင့်မို့ နရဏီသည် မျက်လုံးဝိုင်းအောင်ကို အလန့်တကြား ဖြစ်သွားရကာ ညည်းညူသံလေးနှင့် ...

"ရှင်ကလည်း၊ အလစ်မှာ"

"အလစ်မှာ ဘာလုပ်မိလို့လဲဗျာ"

အမေးဆုံးလျှင် နရသူမှာ သဘောတကျ ကျိတ်ရယ် လို့မဆုံး ရှိချေသည်။

"အဟင်းဟင်း ... အလစ်မှာ ကျွန်တော် ဘာမှမလုပ်ရ ပါလားဗျာ"

"ကဲ ... ရယ်လို့ ပြီးဦးမှာလား၊ အလစ်မှာ ရှင် ဖြတ်ခနဲ ပြောချလိုက်တာလေ"

"ခင်ဗျားလည်း ကျွန်တော့်ကို အလစ်မှာ အဖြေလေးပေး လိုက်ပါလား"

"စဉ်းစားပါဦးနော်၊ ရှင် နစ်နာနေပါဦးမယ်"





မျက်လုံးလေးတွေ ထောင့်ကပ်ကာ မျက်စောင်းရိပ် ရိပ်နှင့်ပြောသော နရဏီကို နရသူက ရွှန်းရွှန်းစားစား စိုက်ကြည့် နေမိကာ ...

"ခင်ဗျားကို မြင်မြင်ချင်းပဲ ကျွန်တော် သဘောကျမိတာ ခင်ဗျား သိမှာမဟုတ်ဘူးနော်၊ တနေ့နေ့ ချစ်မိလိမ့်မယ်လို့ လည်း မြင်မြင်ချင်းပဲ ထင်ခဲ့မိတာ"

နရဏီ ရင်တွေသည် ထူပူနွေးထွေးစွာ လှုပ်ရှားမဆုံး ရှိချေသည်။

❦ ❦ ❦

"လေးသူနော် ... မပြောမရှိနဲ့၊ မေဓော် တစ်ယောက် မမ နရဏီဆီ အဝင်အထွက် သိပ်စိပ် သိပ်ကြမ်းနေတယ် နော်"

ရုံးခန်းစဖွင့်ကာ ကုမ္ပဏီဖွင့်ပွဲလည်းလုပ်အပြီး သူ့ အလုပ်တွေ စ,နေပြီဖြစ်သည့် နရသူဟာ ညနေဆို ပုံမှန်ခြောက် ရိခွဲ ခုနစ်နာရီမှ အိမ်ပြန်ရောက်တော့သည်။ တစ်ရက် အိမ် အပြန် ထမင်းဝိုင်းမှာ သဉ္ဇာသူက သတင်းပေးလိုက်တာ ဖြစ် သည်။

"ဘယ်လို အဝင်အထွက် သိပ်စိပ် သိပ်ကြမ်းနေတာ…



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... လေးသူကလည်းနော်၊ တအားဝင်ထွက်နေတာကို ပြောနေတာပေါ့၊ မမဆီ နေ့တိုင်းနီးပါး ရောက်တယ်၊ မီးမီးနဲ့ တစ်ခါကြုံလို့ မသက်သာလို့ ဒီနေ့ နေ့လယ်ပိုင်း မီးမီးနဲ့ မေမေ နှစ်ယောက် မမဆိုင် ထပ်သွားသေးတယ်။ သူ ရှိနေပြန်ရော"

"ဘာသွားလုပ်နေတာလဲ"

"တွေ့လား မေမေ၊ အဲဒီ လေးသူက သိပ်ဒုံးဝေးတာပဲ၊ လူပျိုကြီး ဖြစ်နေတာလည်း မပြောနဲ့"

"ဟော့ ...၊ လူပျိုကြီး ဖြစ်နေတာက ဘာနဲ့မှ မဆိုင်ဘူး၊ ငါ့ဟာငါ မယူချင်လို့ မယူခဲ့တာ၊ စကားထဲ ထည့်မပြောနဲ့"

"ခုတော့ ယူချင်ပြီ မဟုတ်လား"

"အဲဒါ နင့်ကိစ္စလား"

"အင်းပေါ့။ ကိုယ့်ဦးလေးကိစ္စ ကိုယ်လည်းဆိုင်တာပဲ၊ မေဖော်တို့မျိုးဆို ခြေသွက်လက်သွက်၊ သူ့အစ်ကိုအတွက် လှုပ်ရှားလိုက်ရတာ မောနေတာပဲ၊ သူ့အစ်ကို ကျွဲကြီးကို မမနုရဏီနဲ့ ရာရာစစ သဘောတူနေတယ်လေ"

သဉ္ဇာ့သူ့အမေက ရယ်မောကာ ...

"ဟဲ့ ... သမီး၊ သူတစ်ပါးကို ဒီလိုတော့ နှိမ်မပြောပါနဲ့ကွယ်"





"မတူလို့လား မေမေရဲ့၊ မည်းမည်းနဲ့ပြဲပြဲ၊ အဲဒါ မမနုရဏီကို မှန်းစရာလား"

"သူ ဘာပုံရှိရှိ သူ့ဟာသူ မှန်းချင်တဲ့သူ လွတ်လွတ်လပ်လပ် မှန်းမှာပေါ့ဟယ်၊ သူလည်း လူပျိုပဲ၊ အခွင့်အရေးရှိတာပဲ"

"ခုတလော လေးသူ မမဆီ မရောက်ဘူးမို့လား"

"ငါ့ကုမ္ပဏီ စ,ဖွင့်စ,ကိုး၊ သုံးရက်တစ်ခါလောက်တော့ အိမ်ဖြစ်ဖြစ် ဆိုင်ဖြစ်ဖြစ် ခဏတဖြုတ် ရောက်ပါတယ်"

"မေဖော်တို့က တစ်ရက်ကို နှစ်ခါ၊ လေးသူထက် ဝီရိယ ခြောက်ဆပိုနေပြီ၊ သိရဲ့လား"

"တစ်ရက်နှစ်ခါ ဘာသွားလုပ်နေတာလဲ"

"နေ့လယ်ကျ မေဖော်က ဆိုင်ကိုသွားတယ်၊ အကြာကြီးနေတယ်၊ ကြုံတဲ့လူတိုင်းကို နောက်သလို ပြောင်သလို အတည်လိုလိုနဲ့ ဒါ ငါ့ရဲ့မမရွှေယောက်မ ဆိုပြီး ဗွတ်ကြီးပြောနေတာ၊ ညဘက်ကျ အိမ်ကို မောင်နှမနှစ်ယောက်ပူးသွားတယ်"

"ဘာသွားလုပ်တာလဲ"

"ကြောင်ကို ဘနိုးပြပြီးတော့ပေါ့၊ ကြောင်ကို ကျန်းမာရေးစစ်တယ် စစ်တယ်နဲ့"

"ကြောင်က ဘာမှမှ မဖြစ်တာ၊ နေကောင်းနေသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"လေးသူကလည်း ရိုးရိုးကြီး လာတွေးနေပြန်ပြီ၊ အခု အဲဒီ ဒေါက်တာအောင်ဇော်ဦးက ဆွယ်ထားလို့ မမနုရဏီက ကိုးလိုက်ကို ပြိုင်ပွဲဝင်မှာ၊ ခွေးပြိုင်ပွဲ ကြောင်ပြိုင်ပွဲ ရှိတယ်၊ ကြောင်က နေမကောင်း ဖြစ်မနေပေမယ့် ပြိုင်ပွဲဝင်ဖို့ အားဆေးတွေကျွေး၊ လန်းဆေးတွေကျွေး၊ ဟိုဟာသင် ဒီဟာသင် လှအောင်သ,ရင်း ညတိုင်း တိုင်တိုင်ပင်ပင်တွေ့နေကြတာ"

"ဟုတ်လား"

သဉ္ဇာသူက ဦးလေးကို မျက်စောင်းရွယ်သည်။ သူက ခုမှ ဟုတ်လားတဲ့။ ဟိုကဖြင့် ခြေသွက်လက်သွက်တွေနှင့် မေဇော်က အရောလည်း ကောင်းရာ မမနုရဏီနှင့် အရမ်းကို ရင်းနှီးနေပြီ။ သဉ္ဇာသူကတော့ မမကို ခင်ပေမယ့်လည်း အဲသလောက် အရှက်မရှိကြီးလည်း မရောစာတ်။ မေမေကလည်း ဒီနေ့မှ စံ,မြင်ဖူးတဲ့ နုရဏီကို သဘောကျပေမယ့် ဣန္ဒြေရရသာ ပေါ့။ ကိုယ့်ဂုဏ်သိက္ခာနဲ့ကိုယ် အတင်းကြီး ရောရောဝင်ဝင်ကြီးတော့ ဘယ်လိုက်လုပ်ပါ့မလဲ။

"အဲဒါ ညည်းက ငါ့ကို ဘာလို့ ခုမှပြောတာလဲ"

"ဟာ ... ခုမှပြောဆို ဒီနေ့မှသိတာ၊ ခုလည်း လေးသူ ပြန်ရောက်ရောက်ချင်း ရေချိုးပြီးတာနဲ့ ပြောတာပဲလေ၊ သိသိချင်း ဒခသိပေးတာပဲ"

"ဘာလို့ ခုမှသိရတာလဲ"





"ဟာ"

လူပျိုကြီးတွေများ အဲဒါတွေ မှန်းစရာကောင်းတာ နေမှာ။ သူများမကောင်းတာချည်းသာ။ သူ့အပြစ်မပါ။

"လေးသူတောင် သိလို့လား၊ မီးမီးက တစ်ခါတလေမှ ပိတ်စဝယ် အကျီဝယ် သွားရတာလေ၊ လေးသူက ကိုယ့်ဝီရိယနဲ့ကိုယ် သွားပါလား ခဏ ခဏ၊ စုံစမ်းစနည်းနာ နေပေါ့၊ ကိုယ့်အမျိုးသမီးကို ဘယ်သူဖြတ်ခုတ်ဖို့ ရှိသလဲ ဆိုတာ"

"အောင်ဇော်ဦး ပုံကို နုရဏီက ကြိုက်မလား၊ နင် စဉ်းစား စမ်း မီးမီး"

"ဒီတိုင်းကြီး ထိုင်နေဟာ တွေ့ရရင်တော့ ဘယ်ကြိုက်မလဲ၊ ဒါပေမဲ့ ပြောရင်း ဆိုရင်း ခင်မင်ရင်းနှီးလာတဲ့အခါ ဘယ် ပြောနိုင်မလဲ၊ ကြိုက်ရင်လည်း ကြိုက်သွားမှာပေါ့၊ ကိုအောင်ဇော်ဦးကြီးက ဒီလောက်သဘောကောင်း ဖော်ရွေတာ၊ စိတ်ကောင်းလည်းရှိ သူများကိုလည်း ကူညီတတ်၊ သူတကာကို သူ့ဘက်က အလျှော့ပေးပြီး အမြဲလိုက်လျောဆက်ဆံ တတ်တာ၊ ရုပ်ကြီးတစ်ခုကလွဲရင် အကောင်းချည်းပဲ၊ အဲဒီတော့ ဒီရုပ်ကြီးအားကိုးနဲ့ လေးသူ စိတ်အေးနေရင်တော့ ပါသွားမှ နောင်တမရနဲ့"

သူပြောမှပဲ နုရသူမှာ အတော်စိတ်ပူရမလို ဖြစ်လာ ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နရဏီကလည်းကွာ၊ ရှုပ်ရှုပ်ယှက်ယှက်ကွာ၊ ပြိုင်ပွဲက ဝင်ဦးမယ်၊ ဘာလုပ်ဖို့လဲ၊ သူများကြောင်ကို ခဏထိန်းသိမ်းပေးထားရတုန်းများ အလုပ်ရှုပ်ခံပြီး ဝင်ပြိုင်ဦးမယ်"

"အဲဒါ မီးမီးကို ပြောနေလို့ အပိုပဲလေ"

သဥ္ဇာသူက သူ့တာဝန်ကုန်ပြီဆိုတဲ့ ဟန်ပန်နှင့်။ ထမင်းပွဲမှာ နရသူ့ကို လိုတာဖြည့်ပေးနေတဲ့ မရီးဖြစ်သူက ...

"ဟုတ်တယ် နရသူရေ၊ မဇော်ကတော့ အတော်သိသိသာသာ လုံးနေတာပဲကွယ့်၊ နရဏီကတော့ ပုံမှန်ပါပဲ၊ သူကလည်း လှထားလိုက်တာ ရှပ်ရှင်မင်းသမီး ကျနေတာကိုး၊ လှပုံကလည်း မျက်လုံးချင်း ဆိုင်ကြည့်ဖို့တောင် မရဲအောင် ရဲရဲဝံ့ဝံ့ ရူးရူးရှရှ လှပုံမျိုး၊ ထက်တော့ အတော်ထက်မယ့် အမျိုးသမီးပဲ၊ တို့တော့ သဘောကျတယ်၊ မင်းကို အသက်ငယ်ငယ် နားမလည် ပါးမလည် ဟိုမရောက် ဒီမရောက် ဖွန်းခြစ်မ,တွေနဲ့ နီးစပ်သွားမှာ စိုးရိမ်တာ ...

ခုခေတ်မိန်းကလေးတွေက ထိန်းရခက်တယ်၊ ကိုယ့်ထက် အတော်ငယ်ရင် အတော်ပိုထိန်းရမယ်၊ ရွယ်တူတန်းတူ တည်ငြိမ် ရင့်ကျက်ပြီးသားထဲက နရဏီလို မိန်းကလေးမျိုးကတော့ အဘက်ဘက်က ပြည့်ဝပြီး ဘာမှပြောစရာ မရှိတော့ဘူး၊ မင်း တကယ်ကံကောင်းတယ် နရသူရေ၊ အဟုတ်ပြောတာ"





ဒီလိုစကားတွေ ကြားရလေ၊ လက်လွှတ်ရမှာ စိုးလေလေ ဖြစ်ရတော့တာပေါ့။ နရဏီကို စ,တွေ့တွေ့ချင်း လေ့လာအကဲခတ်စဉ်ကတော့ ဦးနှောက်ထည့်သုံးခဲ့တာ မှန်ပေမယ့် ခုတော့ နှလုံးသားကကို အချစ်ကြီး ချစ်နေပြီ၊ လက်လွှတ်မခံနိုင်တော့ပါ။

"ဒီည အခု ရောက်နေပြီလား၊ မရောက်ဘူးလား၊ လေးသူ မယုံရင် ဖုန်းဆက်မေးကြည့်လိုက်ပေါ့"

"ဖုန်းတော့ မဆက်တော့ပါဘူး"

"ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ ညည်း မသိပါဘူး၊ လူကိုယ်တိုင်ပဲ သွားလိုက်တာ ကောင်းတယ်"

နရသူက ထမင်းကို ကမန်းကတန်း စားရပါတော့သည်။ ပြီးတာနဲ့ အိမ်မှာ ပေါ့ပေါ့ပါးပါး ဝတ်ထားတဲ့ တီရှပ်ဖြူလက်တို ချည်ပုဆိုးကွက်စိပ် မည်းမည်းကလေးနဲ့ပဲ ကားသော့ယူပြီး နရဏီတို့ ကွန်ဒိုတွေဘက် ထွက်ခဲ့ပါသည်။ အဆောက်အအုံကြီးရဲ့အောက် ကားပါကင်တွင် သေချာတာပေါ့၊ ဒါ ... အောင်ဇော်ဦး ကားပဲ။

သွားဆုံနေရမှာ တစ်မျိုးကြီးများ ဖြစ်မလား။ နရသူက အနည်းငယ် တုံ့နှေးနေပြီးမှ စိတ်ခိုင်းခိုင်းချ၍ တက်လာခဲ့ပါသည်။ နိုင်ငံရပ်ခြားမှာ အနေကြာလာသူဖြစ်၍ သူတစ်ပါးအခြားတွင် ရှုပ်သလို ဝင်ပါမိတာမျိုးကို ကိုယ်တိုင် မနှစ်မြို့ကျင့်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ခုတော့လည်း သိပ်မတတ်နိုင်ဘူးပေါ့။ အိမ်ကသားအမိက ခြောက်လှန့်လိုက်ပြီကိုး။

အိမ်တံခါးဝမှ ဘဲလ်ကို တီးလိုက်လျှင် ခဏအကြာ တံခါးပွင့်လာပြီး ...

"ဩော် ... သားလား၊ လာ ... လာဝင်"

ကြီးကြီးက ဖော်ဖော်ရွေရွေ ကြိုကာ တံခါးဖွင့်သည်။ အိမ်ကို နှစ်ကြိမ်ဝင်ထိုင်ဖူးပြီးဖြစ်တဲ့ နရသူက ရဲရဲတင်းတင်းပဲ ဝင်လိုက်ပါသည်။ ဧည့်ခန်းဆက်တီတွေမှာ ဘယ်သူမှ မရှိ၍ ဟိုဒီကြည့်လိုက်မှ ထမင်းစားခန်းနှင့် အစပ်မှ ကြမ်းပြင်ပေါ်မှာ ဂျူလိုကို အလယ်ချကာ ဝိုင်းထိုင်နေကြတာပင်။

"ဟိုမှာလေ သားရေ၊ မိဂျူလိုကြီး ပြိုင်ပွဲဝင်တဲ့အခါ ဘယ်လိုဆင်ယင် ခြယ်သရမယ် ဆိုတာတွေ ဆရာတို့မောင်နှမက အစမ်းလာလေ့ကျင့်နေကြတာ"

ကြီးကြီးကတော့ အမြဲ စိတ်ပျော်ရွှင်နေတဲ့သူပင်။

နရဏီက ပြုံးရွှင်စွာ လှည့်ကြည့်ကာ ...

"လာလေ ကိုနရသူ၊ အဟက်ဟက် ... ဒီမှာ ကြည့်ပါဦး ဂျူလိုကို"

ဂျူလိုရဲ့ မီးခိုးနှင့် အဖြူရောင် ရောနှောစပ်နေတဲ့ အမွေးရှည်တို့ကို နားရွက်နှစ်ဖက်ရဲ့ အရင်းနား အပေါ်နားမှာ ပုလဲသားရောင်ကြိုးလေးတွေနှင့် ပတ်ပြီး ကြက်တောင်စည်းလေးနှစ်ဖက် စည်းထားကာ လည်ပင်းမှာ မှန်စာနိုင်လွန် လည်ပတ်ကြိုး





ကို အပွင့်ကြီးဖော်လျက် စည်းနှောင်ပြီး ပုလဲလုံးလေးတချို့ တို့လို့တန်းလန်း ကျနေတဲ့ပုံမှာ ကာတွန်းကားထဲက ကြောင်အလှ ဘုရင်မနှင့် တူနေပါသည်။ အမယ် လက်ကောက်ဝတ်မှာတောင် ပုလဲလုံးလက်ပတ်လေးနှင့်။

ချစ်စရာကြီး ဖြစ်နေရတာ အမှန်ပင်။

"ဟာ ... နရသူ၊ မင်းနဲ့လည်း မိတ်ဆွေတွေလား"

ဒေါက်တာအောင်ဇော်ဦးက အံ့အံ့ဩဩ မေးသည်။ သူ့ညီမက ပြောထားပုံမရ။

"အေးကွ၊ မင်းနဲ့ပဲ ဂျူလိုကို ပြနေတာတော့ ငါသိပါတယ်"

"ဟုတ်တယ် ... ဟုတ်တယ်၊ ငါလည်း ဒီကြောင်ကြီးမျိုး ဒီတစ်ခါပဲ တွေ့ဖူးတာကွ၊ ယိုးဒယားကြောင်တွေတော့ ရှိတယ်လေ၊ ဆေးခန်းလာနေကျရှိတယ်၊ ဒီကောင်ကြီးက တကယ်ချစ်ဖို့ကောင်းတဲ့ဟာကြီးကွ"

ဒီကောင်ကြီးရဲ့ သခင်မကြီးကကော !! ။

နရသူက စိတ်ထဲကပဲ အသံမထွက်ဘဲ ကျိတ်မေးလိုက်ပါသည်။ အောင်ဇော်ဦးရဲ့ညီမ မေဇော်ကတော့ နရသူ ရောက်လာတာ မြင်သည်နှင့် မျက်နှာက ပုပ်သိုးတင်းမာသွားကာ ဘုကြည့်သာ ကြည့်နေတော့သည်။ အတော်အားကိုးရတဲ့ ညီမ။ မိသဉ္ဇာတို့နှင့်များ တခြားစီပဲ။

"ပြိုင်ပွဲဝင်မလို့ ဟုတ်လား နရဏီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ဒေါက်တာကလည်း ပြောပြတာနဲ့ စိတ်ဝင်စားပြီးတော့လေ၊ ပြိုင်ကြည့်မလားလို့ ပျော်စရာကြီး၊ ကိုယ့်မှာ မွေးတွေ ကြောင်တွေ မရှိတော့ တစ်ခါမှလည်း မပြိုင်ဖူးဘူးပေါ့၊ ဒေါက်တာကပြောတော့ ဂျူလိပဲ ပထမရမှာတဲ့၊ ပြိုင်ပွဲဝင်မယ့် ခွေးတွေရော ကြောင်တွေရော ဒေါက်တာဆီ ပြနေကျတွေ အများကြီး ပါတယ်လေ၊ ကြောင်ကတော့ ဂျူလိုလောက်လှတာ ချစ်စရာကောင်းတာ ရှိကိုမရှိတာတဲ့၊ ပြိုင်ရင် ဆုသေချာတယ်တဲ့"

"ဒီကောင်က သန့်လည်းသန့်၊ ကျန်းလည်း ကျန်းမာတယ်ကွ၊ သေချာပေါက် ဆုရမှာ"

"ဟုတ်တော့ ဟုတ်တာပေါ့လေ၊ ဒါပေမဲ့ ဟို ... စပယ်က ဘာပြောမလဲ မသိဘူးနော်"

နရသူ့ စကားကြောင့် နရဏီက ကြောင်တက်တက်ကလေး ဖြစ်သွားရပါသည်။

"စပယ် သဘောကျပါ့မလား"

"ဘာဖြစ်လို့လဲ၊ စပယ် ဘာမှပြောမယ်တော့ မထင်ပါဘူး"

"သူက သူ့ကြောင်ကို တစ်ခုခုဖြစ်မှာ အန္တရာယ်တစ်ခုခုကြုံမှာ သိပ်စိုးရိမ်တာ မဟုတ်လား၊ ဟိုမှာ ခွေးတွေရော ကြောင်တွေရော တွေ့ပြီး မတော်တဆ လန့်ပြီးလွတ်သွားရင် ရန်ဖြစ်ရတာတို့ ဘာတို့နဲ့ မမျှော်လင့်ဘဲ အန္တရာယ်ရှိနေ ကြုံနေမှာစိုးလို့"





"ဟိုမှာ အဲသလို အန္တရာယ် မရှိပါဘူးကွ နရသူရ၊ သခင်တွေကလည်း ကိုယ့်တိရစ္ဆာန်ကိုယ် နိုင်ပါတယ်၊ ကိုယ်က ချီထားမှာပဲ၊ ရန်လာရှာလို့လည်း မရပါဘူး၊ အခုလည်း နာမည်ခေါ်ရင် ညောင်လို့ ထူးတတ်အောင် သင်နေတာ၊ လမ်းလျှောက်ခိုင်းတာကျတော့ အိပ့်ပုံနဲ့ နှစ်လှမ်း သုံးလှမ်း လျှောက်ပြီး ရောက်ရာနေရာမှာ လှဲချပစ်လိုက်တယ်"

အောင်ဇော်ဦးက ရယ်မောနေသည်။ နရဏီ့ကို သက်သက် လူပျိုလာလှည့်နေပုံ မဟုတ်ဘဲ ကြောင်ကိုလည်း တကယ်ကို စိတ်ဝင်တစား ရှိနေတာ ဖြစ်သည်။

"စာရင်းတောင် သွင်းပြီးပြီ၊ နော် ... ကိုကို"

မေဇော်က ခပ်တည်တည်နှင့်ပင်။ နရသူက မေဇော်ကို လှည့်ကိုမကြည့်ဘဲ နရဏီ့ကိုသာ လှမ်းကြည့်နေလိုက်သည်။ သူ့စကားကြောင့် နရဏီက ခပ်တွေတွေကလေး ဖြစ်နေသည်။ နရသူ ပြောလိုက်မှ ပြိုင်ပွဲဝင်ရင်း ဂျူလိကြီး တစ်ခုခုဖြစ်မှာ စိုးရိမ်သွားပုံ ရပါသည်။

"နရသူ လာလေကွာ၊ ထိုင်လေကွာ၊ မတ်တတ်ကြီး"

နရသူသည် တမင်တကာပင် နရဏီ ဘေးဘက်နောက်ကျကျ နေရာမှာ ဝင်ထိုင်လိုက်ပါသည်။ နရဏီက လှည့်ကြည့်ရင်း ...

"အဲဒီတော့ ဝင်ပြိုင်ရင် ကောင်းမလား၊ မပြိုင်ရင်ကောင်းမလားဟင် ! ကိုနရသူ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဦးစားပေး ဆန္ဒခံယူပုံလေးကို နရသူက အလွန်ဝင် ချစ်သွားမိသဖြင့် ...

"နရဏီ သဘောပါပဲ၊ ပြိုင်ရင်လည်း သွားပြိုင်လေ၊ ကိုယ်ပါ လိုက်မယ်၊ ဘယ်နေ့လဲ"

"လာမယ့် စနေ တနင်္ဂနွေ နှစ်ရက်တဲ့"

"ပြိုင်ချင်ရင်လည်း ပြိုင်လေ၊ အောင်ဇော်ဦးကတော့ ဘာမှ စိုးရိမ်စရာ မရှိပါဘူး ပြောတာပဲဟာ"

"မရှိပါဘူး၊ ဘာစိုးရိမ်စရာရှိလဲ၊ ဂျူလီက ဖတ်ခနဲ ခုန်ချထွက်ပြေးမယ့် ကြောင်မျိုးလည်း မဟုတ်ဘူး၊ ချိထားပိုက်ထားရင် ပြီးတာပဲဟာ"

"သူငယ်ချင်းက နိုင်ငံခြားကနေ တကူးတက လှမ်းပို့အပ်ထားတဲ့ ကြောင်ဖြစ်နေလို့ပါ ဒေါက်တာရယ်၊ နို့မို့ရင် ကိုယ့်ကြောင်ကိုယ်သာဆို ဒီလိုမစိုးရိမ်ပါဘူး၊ ကျွန်မကြောင်မှမချစ်တာ၊ သူကတော့ သူငယ်ချင်းရဲ့ အသည်းနှလုံးဖြစ်နေလို့ ဒေါက်တာရေ"

အောင်ဇော်ဦးကို နရဏီက ဒေါက်တာလို့သာ ခေါ်ဝေါ်သုံးနှုန်းတာ။ အခြေအနေကို ကြည့်ရတာ အောင်ဇော်ဦးညီမ မေဇော် တစ်ယောက်ကလွဲရင် ဘယ်သူမှ စိုးရိမ်လောက်စရာ အခြေအနေမှာ မရှိပါ။

မေဇော်ကတော့ နရဏီရဲ့ ဟိုဘက် မှာထိုင်ပြီး လက်တစ်ဖက်ကို အလကားနေရင်း ချိတ်ကိုထားတာ ဖြစ်သည်။





အောင်ဇော်ဦးက နရဏီနှင့် နရသူတို့ရဲ့ ပြောပုံဆိုပုံ ရင်နှီးမှုအတိုင်းအတာတို့ကိုတော့ အကဲခတ်ရှာပါသည်။

နရသူကတော့ အောင်ဇော်ဦးကို အားနာသော်လည်း မကျော်တိုင် ခပ်တက်တက်လေးပင်။

"အေးလေ ... ဒါဆိုလည်း ပြိုင်လိုက်တာပေါ့ အောင်ဇော်ဦးရာ၊ မင်းပဲ စာရင်းသွင်းပေးထားတာလား၊ ဟုတ်လား"

"အေး ... အဲဒီနေ့တွေလည်း ငါက ဟိုမှာရှိနေမှာပါ၊ ပျော်စရာကောင်းတယ်ကွ၊ ခွေးတွေဆို မင်း တကယ့်ကို ဆန်းဆန်းပြားပြား လှလှပပတွေ တွေ့ရမယ်၊ တကယ်ချစ်ဖို့ ကောင်းတာတွေ"

"ငါရော နရဏီရောက အိမ်မွေးတိရစ္ဆာန် မချစ်တတ်ကြတဲ့ သူတွေကွ၊ ဒီ ဂျူလို့ကျခါမှ ကိုယ်နဲ့လည်း မကင်းရာမကင်းကြောင်း ပတ်သက်နေတာနဲ့ပဲ စိတ်ဝင်တစား ရှိကြရတော့တာ"

မေဇော်က နရဏီ့လက်ကို လှုပ်ရင်း တိုးတိုးကပ်မေးသည်။

"သူနဲ့က ဘယ်လိုဆိုင်တာလဲ"

နရဏီကလည်း ခပ်တိုးတိုးကပ်ပြီး ...

"စင်ကာပူက မမသူငယ်ချင်းက သူနဲ့ လူကြုံထည့်ပေးလိုက်တာလေ၊ သူ ဒီကိုအပြန်မှာ သူက သယ်လာပြီး မမကို ပေးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါများ ... မမနဲ့ကကျတော့ အရင်ကတည်းက ရင်းနှီးပြီးသားလား"

"အင်း ... ရင်းနှီးပြီးသားပါ"

နရဏီက ညာပြောလိုက်ပါသည်။ တော်ကြာ ကိုယ်တို့ရဲ့ နှီးစပ်နှောင်တွယ်မှုက အချိန်တိုနှင့် ကဲ့ရဲ့စရာ ဖြစ်နေပါဦးမည်။ မေဇော်က ...

"မှန်မှန်ပြော၊ မမ ဘဲလား"

"ဟဲ့ ... ဩော်၊ ဒီကောင်မလေးဟာ"

မဟုတ်ပါဘူး မငြင်းလိုက်တဲ့အတွက် ပြေပုံကို မေဇော်က တစ်မျိုးအဓိပ္ပာယ်ပေါက်ကာ မျက်နှာလေးက မျှော်လင့်ချက် ပျက်ပျက်နှင့် ငိုင်သွားရပါသည်။





၁၂

နရသူက ကားမောင်းလာကာ နရဏီကတော့ ဘေးကထိုင်ကာ စကားတွေ ဖောင်ဖောင်ကြဲအောင် ရွှင်မြူးစွာ ပြောလာပါသည်။ တစ်နေကုန် အတွေ့အကြုံတွေ ပြန်ပြောရယ်မောနေကြရတာ ဖြစ်သည်။ ဂျူလီသည် ဒေါက်တာအောင်ဇော်ဦးယောကိန်းထုတ်ထားတဲ့ အတိုင်းပင် ကြောင်အလှပြိုင်ပွဲမှာ ပထမဆုဆွတ်ခူးလာပါသည်။

"ဒေါက်တာလည်း အစအဆုံး စိတ်ပါလက်ပါ လိုက်ကူညီတာပဲနော်၊ ဆုရတော့ သူပါ ပျော်နေတာ"

"အောင်ဇော်ဦးက သိပ်သဘောကောင်းတာ၊ စိတ်ကောင်းရှိတယ်၊ လူကောင်း၊ ပုံလေးနည်းနည်း ဖျက်နေလို့သာ ဂေါ်မစွံ ဖြစ်နေရှာတာ"

"အမယ် ... သူနဲ့ရွယ်တူ သူငယ်ချင်းပဲဟာ၊ သူကကော ဖွံတာကျလို့"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း … ဟုတ်ပါတယ်၊ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ်မို့ ကြွားတာ မဟုတ်ရပါဘူးဗျာ၊ ကျွန်တော်က မလိုချင်တာပါ၊ လိုချင်ရင်တော့ ရကိုရရမယ်လို့ ယုံကြည်သတ်မှတ်ထားတယ်"

နရဏီက ကိုယ်နှင့် ပတ်သက်နေ၍ ပြုံးမဲ့ကလေး လုပ်နေပါသည်။

"အောင်ဇော်ဦးကိုလည်း အားတော့ နာပါရဲ့"

"ဘာဖြစ်လို့လဲဟင်"

"သူက မေးတယ်လေ၊ အခု ပြန်ခါနီးမှ သူ မအောင့်နိုင်လွန်းလို့ မရဲတရဲ ကပ်မေးတာပါ၊ မင်းနဲ့ နရဏီက တော်တော်လေး ရင်းနှီးတယ်နော်တဲ့၊ တစ်ခုခု ပတ်သက်မှုရှိလားတဲ့"

နရဏီက မျက်ခုံးလေးတစ်ဖက်ပင့်၍ …

"ဒီတော့ ! ရှင်က ! "

"ပတ်သက်မှု ရှိတယ်လို့၊ နရဏီက ငါချစ်သူ၊ ငါလက်ထပ်မယ့် မိန်းမပဲလို့ ကျွန်တော် ဖြေလိုက်တယ်"

"ဟာ … ရှင် ဘာဖြစ်လို့ အဲလို အပိုင်ဖြေရတာလဲ"

"ကျွန်တော် မှန်တာပြောတာပဲလေ၊ နရဏီက ကျွန်တော်ချစ်တဲ့ ချစ်သူပဲ၊ ပြီးတော့ လက်ထပ်မယ့်သူလည်း ဟုတ်တာပဲ"

"ရှင့်ကို ဘယ်သူက အဖြေပေးသေးလို့လဲ"





"ကျွန်တော်က နရဏီ ဘယ်လို အဖြေပဲပေးပေး၊ နရဏီ မဟုတ်ရင် တခြားမိန်းမတစ်ယောက်ယောက်ကို လက်ထပ်မှာမှ မဟုတ်တာ"

"ဒါ ရှင့်ဘက်လေ"

နရဏီသည် မကျေနပ်တာ မဟုတ်သော်လည်း အပိုင် လုလည်ကျလှသည့် နရသူ့ကို အမြင်ကတ်ကတ်နှင့် အနိုင်မခံ ခပ်တင်းတင်းပဲ ပြန်ပြောလိုက်ပါသည်။ ဒေါက်တာ အောင်ဇော်ဦးကို ကြိုက်စရာ အကြောင်းမရှိသော်လည်း မဟုတ်သေးဘဲ အပိုင်ပြောနေတာကိုတော့ အမြင်ကတ်ပါသေးသည်။

"နရဏီ"

"……"

"ခင်ဗျားက ကျွန်တော့်ကို ငြင်းပယ်ဖို့များ စိတ်ကူးရှိသလားဟင်"

ကားမောင်းနေတဲ့ နရသူဟာ အနည်းအကျဉ်း စိတ်မကောင်း ဖြစ်သွားပုံ ပေါ်ပါသည်။

"ဒါမှမဟုတ် အောင်ဇော်ဦးကိုလည်း ရွေးချယ်ဖို့ စဉ်းစားတဲ့ စာရင်းထဲ ထည့်ထားတာမို့လို့လား"

အောင်မယ်။ ဒီလေသံကျတော့ နည်းနည်းတောင် ဆတ်လာသေး။

"ကျွန်မ ရွေးချယ်ချင်တဲ့သူကို ကျွန်မ ရွေးချယ်ပြီး ကျွန်မ ငြင်းပယ်ချင်တဲ့သူကို ကျွန်မ ငြင်းပယ်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း ဘာကြောင့် လျှော့ပေးရမှာလဲ။ နရဏီကလည်း ခပ်တင်းတင်းလေးသာဖြေရာ စကားကောင်း ပြောနေကြရာမှ သူတို့အကြားမှာ ရုတ်တရက် ထ,ပြီး အငြင်းအခုန် ဖြစ်လာတာပင်။

"ရပါတယ်၊ ဒါဖြင့်ရှင်လည်း အောင်ဇော်ဦးကို ကျွန်တော်ခုပဲ ဖုန်းဆက်လိုက်ပါ့မယ်၊ ခုနက ကျွန်တော် ဖြေလိုက်တဲ့ အဖြေက ကိုယ့်ဘက် ကိုယ်ယက်ပြီး အပိုင်တွက်ဖြေလိုက်တာပါလို့၊ နရဏီက ကျွန်တော့်ကိုလည်း ငြင်းရင်ငြင်းမှာမို့ ကိုယ့်ကိစ္စကိုယ် ရှေ့ဆက်ရင်လည်း ဆက်ပါလို့"

နရသူက ဖုန်းကို ခါးကြားမှ ထုတ်ဟန်ပြုလိုက်လျှင် နရဏီသည် စိတ်တိုကာ ...

"ရှင် ဘယ်လိုဖြစ်နေလဲ၊ ရှင် လူကြီးတစ်ယောက် မဟုတ်ဘူးလား၊ ကလေးကလားနဲ့ ဒါ လူကြီးတစ်ယောက် လုပ်စရာ ပြောစရာလား"

"မဟုတ်ဘူးလေ၊ သူလည်း သူ့အခွင့်အရေး ရှိသေးတာ သူသိအောင်"

နရသူက ဖုန်းကို ဖွတ်ပင် နှိပ်လေသည်။

"ရှင် အဲဒီလို သွားပြောရအောင် ဒေါက်တာက ကျွန်မကို ဘာမှပြောထားတာမှ မဟုတ်တာ၊ ကောက်ကာငင်ကာနဲ့ သူ့ဆီ ဒီလို ရုတ်တရက် ဖုန်းဆက်မေးတော့ ဒေါက်တာက ဘယ်လိုထင်သွားမလဲရှင့်၊ ရှင်နဲ့ ကျွန်မကြားမှာ သူ့ဇ





ဘယ်လိုညပ်ပါလာသလဲဆိုပြီး နောက်ဆုံး ကျွန်မကို အထင်သေးစရာ ဖြစ်မှာပေါ့"

နရသူက ခေါင်းတညိတ်ညိတ်နှင့် ...

"အင်း ... ဟုတ်သားပဲ၊ ဒါဖြင့် မဆက်တော့ပါဘူး၊ ထားလိုက်ပါတော့"

တကယ်တော့ နရသူက မခံချင် အောင့်သက်သက်စိတ်နှင့် တမင်တကာ စ,တာပင်။ သူ အောင်ဇော်ဦးရဲ့ ဖုန်းနံပါတ်လည်း မသိပါ။ ထင်ရာမြင်ရာ ဂဏန်းတွေ လျှောက်နှိပ်ပြနေတာဖြစ်သည်။ တကယ်ရော ဆက်စရာလား။ နရဏီ ရှုံ့ရှုံ့ဖြစ်နေဟန်လေးကို ကျိတ်ပြုံးကာ သဘောတွေ ကျနေပါသည်။ တိုက်အောက်ရောက်လျှင် နရဏီက ရှေ့ကနေ ဒီတိုင်းဆင်းလာခဲ့သည်။ နောက်ခန်းထဲက ကြောင်ခြင်းကို နရသူက သယ်ကာ ကမန်းကတန်းလိုက်တက်လာခဲ့ပါသည်။

"ခုနပဲ စပယ်တောင် ဖုန်းဆက်သွားတယ်"

"ဘာတဲ့လဲ ကြီးကြီး"

"ဘာမှတော့ မပြောဘူး၊ သူ ဆက်တော့ သမီးက ဟိုကနေ ကြီးကြီးဆီ လှမ်းဆက်ပြီးကာစ,ပဲ၊ သမီးက အခုထွက်လာကြပြီ ပြောထားတော့ ကြီးကြီးက စပယ့်ကို နောက်နာရီဝက်လောက်နေရင် ရောက်လိမ့်မယ် ပြောထားတယ်၊ ညည်းဟဲန်းဒ်ဖုန်းလည်း ပိတ်ထားလို့ မိနစ်လေးဆယ်လောက်နေမှ ပြန်ဆက်မယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဆုရတာကို လှမ်းအကြောင်းကြားထား၍ ကြီးကြီး တို့သိပြီးသား။ ကြီးကြီးက နရသူ့ထံမှ ကတ်ပြား၊ ဆုတံဆိပ်၊ ငွေသားဆုတို့ကို ယူကာကြည့်နေပါသည်။ နရသူက ကြီးကြီးကို အတွေ့အကြုံတွေ ထိုင်ကာရှင်းလင်း ပြောပြနေဆဲပင်။ နရဏီက အကျီဝင်လဲနေရာမှ ထွက်မလာ။ ဆယ်မိနစ်လောက်နေလျှင် ကြီးကြီးက ...

"သမီးရေ ... ဟောဒီမှာ မောင်နရသူ ပြန်တော့မယ်တဲ့ဟေ့"

ထိုအခါ နရဏီ ကြိုမှာထားပြီး၍ အန်းကြည်က ထွက်လာကာ ...

"မမ အိပ်ပျော်နေပြီ ကြီးကြီး"

"ဟင် ... အံ့သြစရာ၊ ဒီအချိန်ကြီး ညနေစောင်း အိပ်စရာ လား"

"သူလည်း နှစ်ရက်ဆက်တိုက် နှစ်နေ့ကုန်ဆိုတော့ ပင်ပန်း ပြီး ဖလက်ပြသွားတာ ထင်တယ် ကြီးကြီး၊ ရပါတယ် ... ကျွန်တော် ပြန်လိုက်တော့မယ်"

နရဏီသည် သူ့အသံလာရာဖက်ကို မှန်းပြီး မျက်စောင်းထိုးမိပါသည်။ အတော်လက်ပေါက်ကတ်တဲ့သူ။ ကြီးကြီး မားမား မဟုတ်သော်လည်း အဲသလို ချဉ်စရာ အမြင်ကတ်စရာ အမူအကျင့်တွေ သူ့မှာ ဘယ်လောက်တောင်များ ရှိနေမှာပါလိမ့်။ စိတ်သဘောချင်း အကြိုက်ချင်း တူလှပြီး ကိုယ့်ရင်ကိုပါ ခုန်စေနိုင်စွမ်း၍ ပစ်ရမှာကလည်း အဆီနှင့် တဝင်းဝင်း။





ကတ်သီးကတ်သတ် ရှိသဲ့သဲ့ အလျှော့မပေးတဲ့ (ကိုယ်နဲ့တူတဲ့) အမူအကျင့်မျိုးတွေကလည်း အသေးအဖွဲတွေပဲ ရယ်လို့ မျက်ကွယ်ပြု မရနိုင်၍ စားရမှာလည်း သဲနဲ့ တရှပ်ရှပ်။

"မမ ... မစပယ် ဖုန်းလာနေပါပြီ"

နရဏီ ဖုန်းပြေးကိုင်လိုက်ပါသည်။

"မိန်းမ ... အိမ်ပြန်ရောက်ပလား"

"အေး ... ရောက်ပြီ"

"ဟဲန်းဒ်ဖုန်းကလည်း အရေးထဲ ပိတ်ထားသေးတယ်"

"ချာဂျင်လည်း ကုန်ခါနီးနေတာနဲ့ ကြီးကြီးဆီကို ပြန်လာနေပြီဆိုတာ လှမ်းဆက်ပြီးတော့ ဖုန်းပိတ်ထားလိုက်တာဟဲ့"

"ကဲ ... ပြောစမ်းပါဦး၊ နင်တို့ ငါ့ ဂျူလီနဲ့ လုပ်စားနေကြတယ်ပေါ့လေ"

"အဟင်းဟင်း၊ ပထမဆုရခဲ့တယ်လေ၊ ဆုငွေက သိန်းချီ နေတာ သိရဲ့လား၊ နင့်သမီးက မဆိုးဘူး၊ လူကြီးကိုပြန် လုပ်ကျွေးနိုင်တယ်ဟဲ့"

"အေးအေးဆေးဆေးပဲ မဟုတ်လား"

"အင်း ... အေးဆေးပဲလေ၊ ငါတောင် ဘာပဲဖြစ်ဖြစ် နည်း နည်းတောင် ချစ်စပြုလာပြီ ... အဟဲဟဲ"

"ငါ့ကြောင်ကို ချစ်စပြုတာ ဟုတ်ရဲ့လားဟယ်၊ ကြောင်ကို ကြောင်ကိုနဲ့ နင်တို့နှစ်ယောက် တကယ့်ကို ကြောင်ရေးတဲ့ ပွဲစား ဖြစ်နေပြီပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ပါဘူး၊ ဖြစ်စရာလား"

"နင်မရှိးနဲ့၊ ခုလည်း ဒီကြောင်ပြိုင်ပွဲကိစ္စနဲ့ မိုးလင်းမိုးချုပ် နှစ်ရက်တောင် တူတူထွက်နေရတာဆို ကြီးကြီး ပြောတယ်"

"နှစ်ရက် ပြိုင်ရတာကိုးဟဲ့"

"ငါ့ကို မိုးသဲတို့ ကြည်ဖြူတို့ ပြောကြတာတွေလည်း ကြားပြီးပြီ၊ နင်တို့နှစ်ယောက် အပြင်ကိုလည်း အတူထွက်တာ၊ စားတာမျိုး ရှိတယ်ဆို၊ နင့်အိမ်ကိုလည်း လာလည်နေကျ ဖြစ်နေပြီဆို"

"ဟဲ့ ... အဲသလိုတွေဖြစ်အောင် နင် ရည်ရွယ်လွှတ်လိုက်တာပဲ မဟုတ်လား"

"ဟုတ်ပါတယ် မစွာပါနဲ့၊ ကောင်းတာတွေတော့ ကိုယ့်သူငယ်ချင်းအိတ်ထဲ ပိတ်စေချင်သလို မကောင်းတာတွေတော့လည်း မဖိတ်စေချင်ပြန်ဘူးဟ"

နရဏီက သက်ပြင်းတစ်ချက်ချ၍ ...

"ကဲ, အခု ဘာဖြစ်ပြန်လို့လဲ ပြောသာပြော၊ သိပ်စိတ်ပူမနေနဲ့၊ ဒီညနေတောင် အပြန်လမ်းမှာ ပြောပုံဆိုပုံကို မကြိုက်လို့ နည်းနည်း တင်းလာသေးတယ်"

"ဟုတ်လား"

"သူက သူ့ကို ခပ်တင်းတင်း လုပ်မိရင် ပြန်ရွဲ့တတ်တယ်"

"အဲဒါ သူ့စရိုက်ပဲ"

"အခု ဘာမကောင်းတာ ပေါ်လာပြီလဲ"





"အကျင့်စာရိတ္တ အနေနဲ့တော့ လုံးဝလူကောင်းဟ နရဏီရ၊ တော်တယ်၊ ကြိုးစားတယ်၊ ဦးဆောင်နိုင်တယ်၊ အရည်အချင်းရှိတယ်"

"ကဲပါ၊ ကောင်းတာတွေ တော်ပါတော့၊ မကောင်းတာသိချင်လှပြီ"

"ငါ့ဆီ ဈူးယီးယား ခွင့်ရတုန်းက ကိုလင်း လာလည်သွားတယ်လေ"

"အင်း ... သိတယ်လေ"

"ကိုလင်းနဲ့ သူ ... သူ ပြန်သွားပြီးတဲ့နောက် တစ်ခေါက်ဖုန်းပြောဖြစ်ကြတယ်"

"အင်း"

"နင့်ကို ဖုန်းဆက်ဖို့အရေးကို အထာတွေလုပ်ပြီး နင်ကစ,ဆက်ရအောင် အကြံအဖန်လုပ်တယ်ဆိုတာ နင် ပြောတုန်းက ငါက မခံချင်တော့ ဖြစ်တယ်၊ ဒါပေမဲ့ သဘောလောက်ပါပဲ၊ သူ့ အမူအကျင့်ကို သိပြီးသားကိုး၊ ဒါပေမဲ့ ခုတော့ဟယ် ကိုလင်းနဲ့ ဖုန်းဆက်ကြတုန်း ဒါကို ထပ်ပြီးထည့်ပြောတယ်ဆိုတော့ ငါက တင်းလာတယ်"

"ဘယ်လိုပြောလဲ"

"သူက ဖုန်းစ,မဆက်ဘဲနဲ့၊ နင်က သူ့ကို စ,ဆက်ရင်းကကို နင်နဲ့သူ ကြည်သွားစေရမယ်ပေါ့၊ စောင့်ကြည့်ပေါ့"

"တောက်"



www.burmeseclassic.com

www.burmeseclassic.com



"အေး … ကိုလင်းကတော့ ဒီစကားဟာ ဒီလောက်ကြီး ငါတို့ဘက်က အရေးယူချင်စရာ ဖြစ်မယ်လို့ ထင်ပုံမရဘူး၊ ဒီတော့ ရယ်ရင်း မောရင်း ပြန်ပြောပြတာ၊ နရသူတို့က တော့ သူ့ဘက်က အကြောင်နဲ့တဲ့၊ နည်းနည်းမှ မလျှော့ ဘူးတဲ့။ ရယ်ပြီး ပြောနေတာ၊ သူ ပြောနေတဲ့သူက ဟိုဘက်က မိန်းကလေးရဲ့ သူငယ်ချင်းဆိုတာတောင် မေ့ နေပုံရတယ်"

နရဏီသည် မဲ့မဲ့ကလေး ငြိမ်နေမိသည်။ ဒီဖုန်းဆက်တဲ့ ကိစ္စကလေးဟာ သူတို့နှစ်ဦးကြားမှာ တစ်နေ့တခြား ဘာကြောင့် ရေးကြီးခွယ်ကျယ် ပိုဖြစ်လာတာလဲ။ ဘာမှအရေးမပါတဲ့ ဒီကိစ္စလေးဟာလေ။ သူများ ချစ်သူစုံတွဲတွေကြားမှာ သူကတော့ ဖုန်းဘယ်နှခါ ဆက်ရပြီး ငါကတော့ ဖုန်းဘယ်နှခါ ဆက်ရတယ် ဆိုတာ ဘယ်သူမှတောင် အရေးလုပ် မှတ်မိနေမှာ မဟုတ်။

ဖုန်းစ,ဆက်ဖို့ ဆိုတာကတော့ ရိုးစင်းတဲ့ ယေဘုယျ အခြေအနေတိုင်းလိုလိုမှာ ယောကျ်ားလေးဘက်ကသာ စ,ဆက်ကြရတာပဲ မဟုတ်ဘူးလား။

"သူနဲ့ နင်နဲ့ ကြည်သွားကြပြီ၊ နင်က သူ့ကို လက်ခံလိုက်ပြီလို့များ သတင်းစကားကြားရင် စပယ်ကို လှမ်းစုံစမ်းလိုက်ပါတဲ့၊ နရသူက ဖုန်းစ,ဆက်လိုက်ရသလား၊ နရဏီက ဖုန်းစ,ဆက်လိုက်ရသလားဆိုတာကိုတဲ့"





"ဒီကိစ္စက သူ့အတွက် ဒီလောက်တောင် အရေးပါနေသတဲ့ လား"

နရဏီ အသံက နာကြည်းသံရော ဝမ်းနည်းသံပါ ရောနေသည်။

"ဒီနေ့ထိ သူ နင့်ကို ဖုန်းဆက်ပြီးပြီလား"

"လုံးဝပါပဲ"

"နင်ကော ဆက်မိပြီလား"

"ဆက်စရာလား မဆက်ပါဘူး၊ တကယ်တော့ ငါသူ့ကို ဖုန်းဆက်တော့မလို့ပါ၊ မာန်ဦးဆီက သူ့ဖုန်းနံပါတ်တောင် တောင်းလိုက်ပြီးပြီ၊ ဂျူလိုက ကွေကာအုပ်စားလိုက်တော့ အရေးတကြီးဆက်ဖို့ မလိုတော့လို့ မဆက်ဖြစ်လိုက်ရာက မာန်ဦး ပြောပုံဆိုပုံတွေ သူ့ဆီ အစာထုပ်တွေ ရှိနေရက်နဲ့ ငါ့ကို ပြောကိုပြောရမယ့်ကိစ္စကို ဖုန်းမဆက်ဘဲ လုပ်နေ သလို ဖြစ်တာကို စိတ်ထဲက doubt ဖြစ်လာတာ …

နောက်တော့ ထင်ရှားလာတာပဲလေ၊ ဒီနေ့ထိ သူဟာ ချိန်းစရာရှိရင် လူကိုယ်တိုင် အပင်ပန်းခံ လာတွေ့ပြီး ချိန်းတယ်၊ လုံးဝဖုန်းမဆက်ဘူး၊ ငါ့ကို သူ Propose လည်း လုပ်ပြီးနေပြီ၊ အဖြေတောင်းထားပြီ၊ သို့သော် ခုထိ ဖုန်းတစ် Call မှ မဆက်ဖူးသေးဘူး စပယ်"

"ကျွတ်"

စပယ်က စိတ်ပျက်သံကြီးနှင့် စုတ်သတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဆီ ဖုန်းဆက်လိုက်ရလို့ သူ့မှာ ဘယ်လောက် ဂုဏ်သိက္ခာ ထိခိုက်သွားရမှာမို့လဲ"

"တော်တော်ခက်တဲ့လူပဲ၊ ဖုန်းမဆက်ဘဲနဲ့ ဒီလိုနဲ့ပဲ နင့်အချစ်ကို ရသွားတယ်ပဲ ထားပါဦး၊ ဂုဏ်ယူစရာ ဘာရှိလို့လဲ"

"အဲဒါ ဘာလဲဆိုတော့ ကိုယ်ဆုပ်ကိုင်ထားတာ တစ်ခုကို လွယ်လွယ်နဲ့ လက်မလွှတ်တာပါ၊ လွယ်လွယ်နဲ့ လျှော့မပေးတာ၊ ခေါင်းကြောမာတာ သက်သက်ပဲ၊ ငါနားလည်တယ်၊ ငါ့မှာလည်း တစ်ခါတစ်ရံ ဒီစရိုက်ရှိတယ်၊ ဒါပေမဲ့ ခုလိုကိစ္စမျိုးမှာ ငါ့ရဲ့ favour ကို သူ မရ,ရအောင်ယူရမယ့် အချိန်မှာတောင် သူ ဒီလိုတင်းဝံ့တယ်"

"အဲဒါကို ငါပြောချင်တာ၊ သူ တောင်းခံနေရတဲ့ အချိန်မှာတောင် လျှော့မပေးတဲ့သူကို တစ်သက်လုံး ပေါင်းသွားဖို့အတွက် ဆိုရင်တော့ သူ့မျက်နှာပဲ မော့ကြည့်နေရတော့မယ့် သဘောပဲ"

"နရဏီ ဆိုတဲ့ ငါကလည်း ချစ်လွန်းတဲ့စိတ်နဲ့သာ မျက်တောင် မခတ်စတမ်း မော့ကြည့်ပြီး ငေးရင်ငေးနေမယ်၊ သူ့အရိပ်အကဲကြည့်ပြီး နေဖို့တော့ ဆောရီးပဲ၊ ချစ်လွန်းလို့ ပြုစုယုယချင်လွန်းလို့ သူ့ခြေထောက်ကို သုတ်ရင်တောင် သုတ်ပေးလိုက်မယ်၊ ကြောတဲ့သဘောမျိုးနဲ့တော့ ဒူးတောင် လာမကိုင်ခိုင်းနဲ့"





"သူက သူငယ်ချင်းဆီကိုပါ ရေခြားမြေခြား လှမ်းကြွားထားတာတော့ ငါ အတော်စိတ်ခုသွားလို့ နင့်ကို ပြောပြတာပဲ နရဏီ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး သူ့ဘက်ကမလျှော့ဘဲနဲ့ နင်က သွားမလျှော့နဲ့"

"မလျှော့ပါဘူး၊ လျှော့စရာလား၊ စိတ်ချထား စပယ်၊ ငါ့ဘက်က သူ့ကို ဖုန်းစဆက်တယ်လည်း လုံးဝမရှိစေရဘူး၊ သူ ဖုန်းစ,ဆက်မလာဘဲနဲ့လည်း ငါ့ခေါင်းညိတ်လက်ခံမှုကို လုံးဝမရစေရဘူး၊ တကယ်တော့ နင့်ကို ဝန်ခံရရင် ငါ့ရင်ထဲမှာ သူ ရှိနေပါပြီ စပယ်၊ ဒါပေမဲ့ သူ့ကံကောင်းကံဆိုးကို သူပဲ ဖန်တီးမှာလေ၊ ရှိပါစေတော့"

နရဏီက စိတ်ကိုတင်းကာ အံကလေးကို ခပ်ဖိဖိ ကိုက်ထားလိုက်မိသည်။ လမ်းမှာ ဒေါက်တာအောင်ဇော်ဦးထံ အတင်းဖုန်းဆက်ဖို့ ပြင်တာကို ကြည့်ပါလား။ သူ့စိတ်နဲ့ အခန့်မသင့်ရင် ဖွတ်ရမ်းမယ်ဆိုတဲ့ သဘောအပြင် နရဏီ့ကို မငဲ့ညှာတာ ဖြစ်သည်။ ချစ်ပါတယ်ဆိုတဲ့ မိန်းမတစ်ယောက်ကိုမှ မညှာတာချင် မလိုက်လျောချင်တဲ့အပြင် ခပ်ကြောကြောကလေး သူ့ဘက်က သာချင်နေသေးရင် အဲဒီမိန်းမကို ချစ်မနေပါနဲ့တော့ ဦးနရသူရေ။



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

"သမီးရေ ... ဖုန်းကွယ့်"

"ဘယ်သူလဲ ကြီးကြီး"

"မသိဘူး၊ မမေးမိဘူး၊ ကြီးကြီးလည်း ပုတီးစိပ်ခါနီး ခပ်လောလောနဲ့၊ ယောကျ်ားသံပဲကွယ်"

ကြီးကြီးက ပြောပြောဆိုဆို ဘုရားခန်းဘက်သွားပြီ။ ရင်တော့ ခပ်တုန်တုန်ရယ်ပင်။ ဆိုင်ကို နရသူ လာတတ်တဲ့ အချိန်ပိုင်းတွေ ရှောင်နေခဲ့တာ ရက်တွေဆက်လာပြီ။ သူ ရက်ခြား သုံးကြိမ် ရောက်လာပြီး သုံးကြိမ်လုံး လူရောကားပါ မရှိတဲ့အခါ မနေ့ညက အိမ်ကို လိုက်လာသည်။ ကြီးကြီး ဘုရားရှိခိုးနေချိန် ဖြစ်တာကို အခွင့်ကောင်းယူပြီး အုံးကြည်ကို သင်လွှတ်ကာ ...

"ကြီးကြီးရော မမရော မိတ်ဆွေတစ်ယောက် နာရေးသွားကြတယ်ရှင့်၊ နောက်ကျမယ်တဲ့၊ ကျွန်မကို ဘယ်သူမှ တံခါးမဖွင့်ရဘူးလို့ မှာသွားပါတယ် ဦး"



တကယ်ဆို မနေ့ညလောက်ကဆို ဖုန်းဆက်ဖို့ သင့်နေပါပြီ။ သူ မဆက်ဘူးလေ။ နေပေါ့။ ယောကျ်ားသံဆို၍ ရင်တွေ တုန်ယင်ချင်သော်လည်း ဆိုင်ကိစ္စ အလုပ်ကိစ္စနှင့် စကားပြောရ ဆက်သွယ်ရတဲ့ အမျိုးသားမိတ်ဆွေ စီးပွားဖက်တို့လည်း ရှိတာပဲလေ။

"ဟယ်လို"

"နရဏီ ... ငါပါဟ"

နရဏီသည် ဒေါ်တွေ တအားပွသွားမိပြီး ...

"နင် ဘာကိစ္စ ဆက်တာလဲ"

ခပ်ရိုင်းရိုင်းပဲ အော်ဟစ်လိုက်မိသည်။

"ဟာ ... နင်ကလည်း၊ ဒီလောက်တောင် အော်စရာလားဟာ၊ ရက်စက်လိုက်တာ"

တခြားဘယ်သူဆက်ဆက် အရေးမကြီး။ မာန်ဦး ဖြစ်နေတာကြောင့် ပိုအထိနာသွားတာ။ မာန်ဦး ဆက်တယ်ဆို ကတည်းက သင်းပဲ ဆက်ခိုင်းတာ။

"အေးလေ ... နင်လည်း နင့်အကြောင်း နင့်အသိဆုံးပေါ့"

"ဘာလဲဟ၊ ငါ ဘာလုပ်လို့လဲ"

"နင်လုပ်တာ နင်အသိဆုံး၊ လာမမေးနဲ့"

"ဟာ ... ငါမှ ဘာမှမလုပ်ဘဲ"

"အေး ... အဲဒါဆို နင်ဘာလို့ဆက်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုဟာပါဟာ၊ ငါ့မိန်းမ ဝါဝါက နင့်ဖိနပ်ဆိုင်ကြော်ငြာ၊ ဟိုမဂ္ဂဇင်းထဲတွေ့ပြီး ငါ့ကို နေရာမေးနေလို့၊ နင့်ဆိုင်က ဖိနပ်တွေက သိပ် ..."

"အပိုတွေ လာမပြောနဲ့၊ မဂ္ဂဇင်းထဲ တကယ်တွေ့ရင် အဲဒီကြော်ငြာ စာမျက်နှာမှာ လိပ်စာပါတယ်"

"စာအုပ်က ပြန်အပ်လိုက်ပြီဟ၊ လိပ်စာမမှတ်လိုက်မိလို့ ပေါ့ဟာ ... နင်ကလည်း"

"ဆိုင်အမှတ်(...) ပါရမီလမ်း၊ ဒါပဲ ... ဖုန်းချလိုက်တော့"

"ဟာ ... ဟိတ် ... ဟိတ် ... ဟိတ် ... နေဦးလေ၊ ဩော် ဒေါ်နချည်းပဲ၊ စပယ်က စင်ကာပူရောက်နေလို့ပေါ့နော်၊ သပြေလေးရော မပါဘူးလား"

"ပေါ့မနေနဲ့ မာန်ဦး၊ နင်က ဘာလဲ၊ နင့်ဆရာကြီးရဲ့ တပည့်လား၊ ပီအေလား၊ ထီးကိုင် ဖိနပ်ကိုင်လား၊ အော် ပရေတာလား"

"နင် ဘာတွေပြောနေတာလဲ၊ ဘယ်ဆရာကြီးလဲ"

"နင့်မှာ ဆရာကြီး သူ တစ်ယောက်ပဲ ရှိတာပဲ၊ မေးနေရာလား၊ သူက ဟော့ကောင် ... ဖုန်းဆက်လိုက်စမ်းဆိုရင် ကုပ်ကုပ်လေး ဆက်ရတဲ့ နင့်ဘဝက နိမ့်ကျလှချည်လားဟင်၊ ပြောလိုက် နင့်ဆရာကို၊ နင်နဲ့တစ်ဆင့် ဘာသတင်းစကားမှ နှိုက်ဖို့မကြိုနဲ့လို့"



"ငါက ဘာသတင်းနှိုက်နေလို့လဲဟာ၊ ဆိုင်လိပ်စာသိပြီးရင် အာလာပသလ္လာပလေး ပြောပြီး ဖုန်းချရုံလေးပါ"

"အေး ...၊ ဖုန်းဆက်ရုံ ဆက်ကြည့်ပြီး ငါခုအချိန် အိမ်မှာရှိနေသလား လှမ်းချက်ကလုပ်တာဆိုရင် ပြောလိုက်မယ်၊ အခုရှိတယ်၊ တော်ကြာ မရှိတော့ဘူး၊ ငါ့ဆိုင်တာဝန်ခံ ကောင်မလေးတစ်ယောက်အိမ်မှာ မနက်ဖြန် အလှူရှိတာ ငါသွားအိပ်ပြီး ကူညီမလို့၊ မနက်အရုဏ် တရားနာမီအောင် ဟိုမှာအိပ်မှာ၊ ရှင်းတယ်နော်၊ အေး ... ဒါပဲလား"

"နင် ဘာတွေ ပြောနေတာလဲ၊ ဟင် ... ဩော် ... ငါရိပ်မိပြီ၊ နင်က ငါ့ကို နရသူ ဆက်ခိုင်းတယ် ထင်နေတာလား ... ဟုတ်လား"

"ဟား ဟား ဟား ... မာန်ဦးရယ်၊ နင်ဟာ ကလေးတစ်ယောက်အဖေ ဖြစ်နေတာတောင်မှ ကလေးစကားတွေ ပြောတုန်း၊ ငါ တစ်ခွန်းပဲ ပြောမယ် မာန်ဦး၊ နင် ဘာမှ အကုန်မသိဘဲနဲ့ ယောကျ်ားချင်းဘက်က ပါမနေနဲ့၊ နင်နဲ့ သူ သူငယ်ချင်းဖြစ်သလို နင်နဲ့ငါလည်း သူငယ်ချင်းဖြစ်ခဲ့တာပါပဲ၊ နင် ဝင်မပါရင် နင့်မျှတရာ ကျတယ်ဟာ၊ ခုလို သူ့အတွက် ငါ့ဆီ ဆက်ပေးတာကကျတော့ ငါ့ကို နင်ပါရောနှိပ်ကွပ်ရာ ကျတယ်"

မာန်ဦးက ခဏတိတ်နေပြီးမှ ...

www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ ဘာတွေ ဖြစ်နေကြတာလဲဟာ၊ အဆင်ပြေမလိုလို လေး သတင်းကြားရပြီးမှ"

"နင် ရိုးရိုးလေးပဲ စဉ်းစားလေ မာန်ဦး၊ ဒီစကားတွေကို သူက ကိုယ်တိုင် ဆက်မပြောနိုင်ဘဲ နင့်ကိုပဲ ငါ့ဆီဖုန်း ခေါ်ခိုင်းရတာက ဘာသဘောလဲ၊ ငါကပဲ သူကိုယ်တိုင် ဖုန်းဆက်ဖို့ မတန်တဲ့ မိန်းမမို့လား"

"ဟာ ... အဲဒီလိုတော့ မဟုတ်ဘူးဟာ၊ ငါ ဒီကောင့်အကြောင်း သိတယ်၊ ငါလုံးဝ သူ့ဘက်ပါပြီး ညာမပြောဘူး၊ သူတစ်ခါမှ ဘယ်မိန်းကလေးမှ စိတ်မဝင်စားဖူးဘူး၊ သူ နင့်ကို တကယ်ကို တော်တော်ချစ်တာဟ၊ ဒါ လုံးဝသေချာတယ်"

"ဒါ နင်ပြောပေးရမယ့်စကား မဟုတ်ပါဘူး၊ သူကိုယ်တိုင် ဖုန်းဆက်ပြောရမယ့် စကားပါ၊ နင့်ဆီးမှာ သူရှိနေရင် သူ ဘယ်လိုနေစိမ့်လို့ ကိုယ်တိုင် မပြောဘဲ နေနိုင်လည်း ဆိုတာ မေးလိုက်စမ်းပါ"

နရဏ့် အသံလေးက တုန်ခတ်သွားပါသည်။

"သူ တကယ် မရှိဘူးဟ"

"......"

"တကယ်ပါဟာ၊ သူ ငါ့ကို ဖုန်းလှမ်းဆက်ပြီး နင် အိမ် မှာ ရှိမရှိ လှမ်းချက်ကိခိုင်းတာ ဟုတ်ပါတယ်"

"သူ့အပြုအမူက မှန်ကန်တယ်ထင်လို့ နင်က ဆက်ပေး တာလား"





"နရဏီ ... ဒီကောင်က စိတ်ကတစ်မျိုးဟ၊ ဘာမဟုတ် တာလေးကို မလျှော့တာ၊ ဒါ သူ့အကျင့်ပဲဟာ၊ ဒါလေး တစ်ခုတည်းဟာကို မျက်ကွယ်ပြုလိုက်စမ်းပါ၊ သူ နင့်ကို သိပ်ချစ်တာရယ် တခြား သူကောင်းတာတွေရယ်နဲ့ ထေ လိုက်စမ်းပါ၊ နင်တို့ချင်း ချစ်ကြ ကြိုက်ကြ၊ ယူသွားကြတဲ့ နောက်တွေကျတော့လည်း တစ်ယောက်နဲ့ တစ်ယောက် ဖုန်းမဆက်ဘဲ နေလို့မရလား၊ သူ့အလိုလို ပြီးသွားမယ့် ကိစ္စပါ"

"ဟင့်အင်း ... မရဘူး၊ ငါတို့နှစ်ယောက်ကြားမှာ ငါက စ,ဖုန်းဆက်ရမယ်ဆိုတဲ့ ကြုံးဝါးမှုကို နင်ကိုယ်တိုင်လည်း ကြားပြီးမှာပါ၊ နိုင်ငံခြားက သူငယ်ချင်းကိုတောင် လှမ်း ကြိမ်းဝါးပြီးပြီ၊ သူက စိန်ခေါ်မှုတစ်ခုလို လုပ်နေတာ၊ လုံးဝလျစ်လျူရှုထားလို့ မရတဲ့ကိစ္စ၊ ကဲ ... မာန်ဦး ... နင် ပင်ပန်းပါတယ်၊ နင်ဖြေရှင်းပေးလို့ မရဘူးလို့ သဘော ပေါက်လိုက်စမ်းပါဟာ၊ ငါ ဖုန်းချလိုက်ပြီ ... ဒါပဲ"

"တွေ့လား၊ ငါ့ကိုသာ စိန်ခေါ်မှုလို့ သူက မှတ်ချက်ချပြီး သူက ပြန်စိန်ခေါ်နေတာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



နရသူ့ အသံက ဒေါသနှင့် ပေါက်ကွဲကျယ်လောင်နေသည်။

"ဟား ... မင်းတို့နှစ်ယောက်လုံးက တစ်ယူသန်နေတာပဲ၊ ဘာမဟုတ်တာကိုကွာ၊ အာရုံနောက်လိုက်တာ"

"ဟုတ်တယ်၊ ငါလုပ်တုန်းက ဘာမဟုတ်တာပဲကွ၊ သူက လိုက်ချဲ့နေလို့ အဲဒါကြီးက 'ဘာဟုတ်တာ'ကြီး ဖြစ်လာပြီ"

"မင်းကလည်း ဆက်လိုက်ရင် ပြီးရော၊ လွယ်လွယ်လေးကို ရှုပ်နေတာ"

"ဟ ... ငါ မဆက်ဘူးလို့ မင်းကို ဘယ်သူပြောလဲ"

"သူ ပြောတယ်လေ"

"ဆက်တယ်ကွ ... ဆက်တယ်"

"ဘယ်တုန်းကလဲ၊ အိပ်မက် မက်တုန်းကလား"

"အာ ... မင်းမရိုနဲ့ကွာ ... ကျွတ်၊ ငါ သူ့ကို ဆက်နေတာ၊ လုံးဝဆက်မရလို့၊ သူ့ဆီ ဝင်မသွားတာ တစ်ခါရှိတယ်"

"သူ့ဆီမဝင်တဲ့ဟာကို ဆက်တယ်ဆိုတဲ့ စာရင်းထဲ ထည့်ပြောမနေနဲ့တော့လေ"

"ဆက်တာပဲလေ၊ အဲဒီနေ့က ဝင်သွားခဲ့ရင် ခုလို ဒီပြဿနာတွေ ဆက်ဖြစ်မနေဘူး"

"အဲဒါကို ဒေါ်တွေကန်၊ အသည်းတွေယား ဖြစ်နေမယ့်အစား ခုတစ်ခါ ထပ်ဆက်လိုက်ပါလား"





"သူက ဒါလေးကို ဒီလောက် ပုံကြီးချဲ့လာတာ၊ ငါလည်း ရွတ်ချင်လာပြီကွ"

"မင်းက ရွှတ်ပဲလေ၊ နိုင်ငံခြားကိုတောင် ဖုန်းလှမ်းဆက်ပြီး မင်းတို့နှစ်ယောက်ထဲမှာ နရဏီကသာ ဖုန်းအရင်စ၊ ဆက်ရမယ်၊ စောင့်ကြည့်ဆိုတာမျိုး မင်းမို့သွားပြောသေးတယ်၊ အတော်အာချောင်တဲ့ကောင်ပဲ၊ အဲဒါ ဘာကိစ္စပြောရတာလဲ"

"ဟာ ... အဲဒါ ဘယ်သူပြောတာလဲ"

"နရဏီပဲလေ"

"အား ... ကြည့်စမ်း၊ ခွေးကောင် လင်းထက်အောင်၊ သစ္စာဖောက်ပြီပေါ့၊ သူ့ရည်းစား စပယ်ကို သွားသံတော်ဦး တင်လိုက်ပြီ၊ သွားပြီ"

"မင်းကကော ဘာဖြစ်လို့ ဒီစကားမျိုး လှမ်းပြီးအကြောကြီးနဲ့ ပြောသေးလဲ"

"ဒီလိုပဲ အူမြူးပြီး ပြောမိတာ သက်သက်ကွာ၊ 'မင်းတို့ စောင့်ကြည့်ကြ၊ ဒီကောင်မလေး ငါ့ဆီ ကိုကိုရေဆိုပြီး မကြာခင် ဒူးထောက် လာစေရမယ်' ဆိုတဲ့ စကားမျိုး ယောက်ျားလေးတွေကြားမှာ မကြာမကြာ ကြားဖူးနေကျပဲ၊ အခုလည်း ဒီအဓိပ္ပာယ်ပဲလေ၊ သူက စ,ဆက်စေရမယ်လို့ ငါပြောမိတယ်၊ ဘာဖြစ်လဲ အဲဒါ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်း အပြင်မှာ ပြေလည်ခါနီးမှ ပြဿနာရှာတဲ့ စကား သွားကျွံတာကိုး"

"ဒီစကားက ပြောမိတာ ကြာလှပြီ၊ ပြန်ရောက်ကာစက တည်းက၊ မင်းကို လေဆိပ်ကအပြန် ပြောသလိုပေါ့၊ လင့်ထက်အောင်ဆီ ဖုန်းဆက်တာလည်း သိပ်မကြာတဲ့ တစ်ရက်မှာပဲ၊ ဒါပေမဲ့ ဒီကောင်က သူ့ရည်းစား စပယ့်ဆီ ချူးယီးယားမှ လာတော့ အဲဒီတော့မှ ပြောမှာပေါ့၊ ငါပြော မိတာကဖြင့် ကြာလှပြီ ...

ဒီကြားထဲမှာ တကယ်ပါ၊ ငါ့စိတ်ကို ဒုံးဒုံးချပြီး သူ့ဆီ တစ်ခါ လှမ်းဆက်ဖူးပါတယ်၊ ရေီယာပြင်ပရောက် နေတယ်ဆိုပြီး မဝင်တာ"

"အဲဒီတစ်ခါ ဆက်ပြီးမှပဲကွာ၊ နောက်လည်း ထပ်ဆက် ပေါ့"

"သူက ငါဆက်ပါတယ် ဆိုတာကို လုံးဝမယုံဘူးတဲ့၊ မယုံရင် နေပေါ့ဆိုပြီး ငါလည်း စိတ်ပေါက်ပေါက် ရှိတာ နဲ့ မဆက်တော့ဘူး"

"မိန်းကလေးတစ်ယောက်ဆီက ချစ်ခွင့်တောင်းရမယ့် ကိစ္စ မှာ မင်းဘိုးအေ စိတ်ပေါက်ပေါက်ရှိနေလို့ ရမလားကွ"

မာန်ဦးလည်း စိတ်ရှုပ်လာကာ မြည်တွန်မိပါတော့ သည်။





"သူက လုံးဝစာတ်တယ်၊ ငါ ညာပြောလို့ မရဘူး၊ မင်း ကိုပြောလိုက်တဲ့၊ သူ အိမ်မှာရှိမရှိ ချက်ကလုပ်တာဆိုရင် အခုရှိပေမယ့် တော်ကြာမရှိတော့ဘူးတဲ့၊ သူ့ဆိုင်တာဝန်ခံ မိန်းကလေး အိမ်မှာ မနက်အရေးအလျှမှာ ကူလုပ်ရ၊ တရားနာရအောင် ညသွားအိပ်မှာတဲ့"

"တောက်"

"မင်း နရဏီကို န,တီးန,တထင်ပြီး သွားမလုပ်နဲ့၊ သူ့ကို ရိုးရိုးနဲ့ မှန်မှန် ဆက်ဆံချည်၊ မင်း သူ့ကို တစ်သက်လုံး ရည်ရွယ်တာ မဟုတ်ဘူးလား နရသူ၊ အဲသလို မိန်းက လေးမျိုးကို ရှင်းရှင်း ဖြောင့်ဖြောင့် ဖြူဖြူစင်စင် ဆက်ဆံ ပါ"

"ဆက်ဆံတာပဲ၊ ငါ ဘာမရိုးမသား လုပ်နေလို့လဲ"

"ငါ့ကိုလည်း နောင်ကို ထပ်ပြီး ဖုန်းဆက်မခိုင်းနဲ့တော့"

"အေးကွာ ... မခိုင်းဘူးကွာ"

"မခိုင်းနဲ့ဆိုတာ မင်းဟာမင်း ဆက်ဖို့ပြောတာ"

"ဟေ့ကောင် ... ဒါပဲကွာ"

နရသူသည် ဖုန်းကို စိတ်ညစ်ညစ်နှင့် ပိတ်ပစ်လိုက် ပြီး ခုတင်ပေါ်မှာ ရောက်ရာပစ်ပေါက်လိုက်မိလျက် ခေါင်းအုံးကြီး မှာ မျက်နှာအပ်ကာ မှောက်လျှားကြီး ငြိမ်သက်နေပါသည်။ ရင် ထဲက အချစ်စစ်တွေကိုတော့ အာရုံစိုက်မကြည့်ဘူး။ မရှိရှိအ အပြစ်သေးသေးလေး တစ်ခုကို ပုံကြီးချဲ့ ယှဉ်ပြိုင်စိန်ခေါ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ။ မင်း ဒီလောက်ဖြစ်မနေရင်တောင် အစောကြီးကတည်းက ငါ ဆက်ပြီးနေလောက်ပြီ။ မင်း အကဲပိုဖြစ်တက်နေလို့လည်း ငါက ပိုပေကတ်နေမိတာ။





## ၁၄

နရဏီသည် သူတို့ ကွန်ဒိုအဆောက်အအုံကြီးရဲ့ မြေညီထပ် ကားပါကင်နေရာမှာ တိုင်လုံးလေးထောင့်ကြီးတွေ အနက် တစ်ခုနောက်မှ ဘွားခနဲ ထွက်လာတဲ့ သူတစ်ယောက်ကြောင့် လန့်ဖျပ်ကာ တုံ့ခနဲ ရပ်သွားပြီးလျှင် လက်ထဲက ကိုယ့်ကားသော့ပင် လွတ်ကျသွားရပါသေးသည်။

နရသူက အလန့်တကြားမှ ခပ်တည်တည်ပုံစံသို့ ပြောင်းသွားတဲ့ နရဏီ့ကို ကြည့်နေရာက ကားသော့ကို ငုံ့ကောက်လိုက်ရင်း ...

"ညက အလုပ်အိမ်မှာ အိပ်မယ်ဆို"

"မအိပ်ဖြစ်ဘူး၊ ပြန်လာခဲ့တယ်"

"အင်း ... အဲလို မအိပ်ဖြစ်ဘူးဆိုတာ ကျွန်တော် ကြိုသိပါတယ်၊ အဲဒါကြောင့် ဒီမနက် ဒီမှာပဲ လာစောင့်နေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စအထူး ရှိလို့လား ကိုနရသူ"

နရသူက နရဏီ့ထံ ကားသော့ ကမ်းပေးလိုက်ပါသည်။

"ကျွန်တော့်ကို နရဏီ ဘာဖြစ်လို့ ရှောင်နေတာလဲ"

"မရှောင်ပါဘူး၊ ကျွန်မ အလုပ်နည်းနည်း များနေတာပဲ ရှိပါတယ်"

"ကျွန်တော့်စိတ်ထင်တော့ ရှောင်နေတာလို့ပဲ ယူဆနေမိတယ်"

"ရှင် အထင်လွဲတာပါ"

"ဒီနေ့ နေ့လယ် ဆိုင်ကိုလာရင် နရဏီ ဆိုင်မှာရှိမလား"

"အတိအကျ မပြောနိုင်ဘူးရှင့်၊ ကိစ္စတွေတော့ ရှိတယ်၊ ကျွန်မ အလုပ်တွေ ရှုပ်ကို ရှုပ်နေတာ ကိုနရသူ၊ ဒီရက်တွေ ဆက်တိုက်ပဲ"

နရသူက နရဏီ့ကို စူးငေးငေး စိုက်ကြည့်နေရင်း ...

"နရဏီ ကျွန်တော့်ကို ဘာစိတ်ဆိုးသွားတာလဲ"

"ဟင့်အင်း ... ထူးထူးခြားခြား စိတ်ဆိုးစရာ မရှိပါဘူး"

"ကြောင်ပြိုင်ပွဲမှာ ဂျူလီဆုရတဲ့နေ့က ဘာအမှား လုပ်မိတာများလဲလို့ တွေးမိတယ်၊ ပြန်တဲ့အထိ နရဏီ ပြုံးပြုံးရယ်ရယ် ရှိသေးတော့ အပြန်လမ်းမှာပဲဖြစ်မယ်၊ စဉ်းစားလို့ရသလောက်တော့ အောင်ဇော်ဦးကို နရဏီဟာ ကျွန်တော်





လက်ထပ်မဲ့ ချစ်သူလို့ စကားကျွံလိုက်မိတာကြောင့်များလား"

"ရှင် စကားကို လက်လွှတ်စပယ် ပြောရာကျတာလည်း မှန်တယ်၊ ပြီးတော့ ရှင် ဒေါက်တာ့ဆီ ချက်ချင်းပဲ စိတ်လိုက်မာန်ပါ ဖုန်းခေါ်မယ် လုပ်တာကိုလည်း ကျွန်မ မနှစ်မြို့ဘူး၊ မှန်တယ်၊ ဒါပေမဲ့ အဓိကကတော့ ကျွန်မ ရှောင်နေတာ မဟုတ်ဘူး ကိုနရသူ၊ ကျွန်မ စဉ်းစားနေတာ"

"ဘာကို စဉ်းစားနေတာလဲ"

"ကိုယ့်ကို ချစ်ခွင့်ပန်ထားတဲ့ လူတစ်ယောက်အပေါ် ဘာမှတ်ချက်မှ ရေရေရာရာ မချနိုင်သေးဘဲနဲ့ သိပ်ကြီးတရင်းတနှီး အရောမဝင်ထိုက်သေးဘူးလို့ ဆင်ခြင်လာမိတာမျိုးပါ"

နရသူက မဲ့ပြုံးယဲ့ယဲ့နှင့် ပခုံးကို တစ်ချက်တွန့်လိုက်ပါသည်။

"ကျွန်တော့်အပေါ် ဘယ်လိုမှတ်ချက်မျိုးတွေများ ချဖို့ရှိသလဲ နရဏီ"

"ကျွန်မ ရှင့်ကို ပြောဖို့စောသေးတယ်"

နရသူက ခေါင်းတစ်ချက် ယမ်းရင်း ...

"ကျွန်တော်တို့ နှစ်ယောက်ကြားထဲမှာ အချိန်ကာလက ဘာမှ မရှိသေးတာ အမှန်ပဲ၊ ဒါပေမဲ့ ကျွန်တော့် ရင်ထဲမှာ ခင်ဗျားရင်ထဲမှာ ဖြစ်ပေါ်လာတဲ့ ခံစားချက်တွေဟာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ရင်ထဲက ခံစားချက်ကို ထည့်မပြောပါနဲ့ ကိုနရသူ၊ ကျွန်မအကြောင်း ရှင်က ဘာကိုအပိုင်သိနိုင်မှာမို့လဲ၊ ရှင့်ဘက်ကို ရှင်ပြောပေါ့"

"ဖြစ်လာတဲ့ ခံစားချက်တွေက နှစ်ယောက်လုံးအတွက် အချိန်ကာလနဲ့ မဆိုင်ဘဲ စောတယ် နောက်ကျတယ် မရှိဘဲ ခုလောက်ထိ ရင့်သန်ခိုင်မြဲလာတာ စွဲနှစ်များပြားလာတာကို ခင်ဗျားဘက်က ခင်ဗျား ငြင်းမလို့လား"

နရဏ် မျက်နှာကလေးက ဒေါသသွေးနှင့် နီမြန်းလာကာ ...

"ကျွန်မဘက်ကို ရှင်ပြောဖို့ မလိုဘူးလို့ ရှင့်ကို ပြောတယ် မဟုတ်လား၊ ရှင် လုပ်ရမှာက ရှင့်ဘက်က ဖြစ်နေတာ ရှိနေတာတွေ ရှင်ပြောခွင့် ရှိတယ်၊ ဒါပဲ၊ ဒါကိုတောင်မှ ငါတစ်ယောက်တည်း မဟုတ်ဘူး၊ မင်းလည်းပါတယ်လို့ ကျွန်မကိုပါ ဆွဲထည့်ပြီး သေဖော်ညှိပြီး ပြောတာ၊ ရှင့်အတော်ကို ယောကျ်ားမဆန်တာ၊ ဟုတ်တယ်၊ ဒါတွေကြောင့် ကျွန်မ ရှင့်ကို အများကြီး ပြန်စဉ်းစားရဖို့ ဖြစ်လာတယ်၊ ဒါကြောင့် ရှောင်တယ်၊ ဘာဖြစ်လဲ"

နရသူ့ မျက်နှာက အောင့်သက်သက်နှင့် နာကျင်နေပါသည်။ သူ့ဘက်က ချစ်တာတွေ ခံစားရတာတွေ သူ ဝန်ခံနိုင်တယ်လေ၊ ပြောလည်း ပြောနေခဲ့တာပဲ။ Propose လုပ်ထားပြီးသားပဲ။ နရဏ်ဘက်က ဘာခံစားချက်မှ မရှိခဲ့ဘူးလို့လို ငြင်း





တာကို မခံချိတာ။ သူလည်းပါတယ်။ သူလည်းအချိန်တိုအတွင်း ကျဆုံးပျော်ဝင်လာခဲ့တယ်။ ခုမှ မကျေနပ်တာ တစ်ခုအတွက်နဲ့ ဘယ်တုန်းကမှ ဘာခံစားချက်မှ မရှိခဲ့သလိုလို တစ်ဖက်သတ် ရှန်းထွက်ငြင်းဆိုတာကို အောင့်သက်သက် ဖြစ်ရတာ။

"ကျွန်တော့်ကို ရှင်းရှင်းပြောပါ နရဏ်၊ ခင်ဗျား မကျေနပ်ချက်က ဘာလဲ၊ အဲဒါကို ကျွန်တော် လိုက်လျောပြုပြင်မယ်"

ဒီစကားကြားရတော့ ကျေနပ်ရစတမ်းလား။ မကျေနပ်ချက်ဟာ (ဘာမဟုတ်တဲ့) ဒီဖုန်းစ,ဆက်မလာတာလေးပေါ်သာ အခြေခံနေတာ။ ဒါကို သူလည်း မသိဘဲနေမှာ မဟုတ်တာပါ။ ဒါပေမဲ့ နရဏ်ဘက်က နှုတ်ကထုတ်ပြီး ...

"ရှင် ဖုန်းဆက်ပါ"လို့ ပြောမှ လိုက်လျောပြီး သူက ဖုန်းဆက်မယ့်ပုံမျိုး။ ပိုတောင် ဒေါသဖြစ်လာရပြန်ပြီ။ တောင်းဆိုရင်တော့ ဆောင်ရွက်ပေးမယ်ဆိုတဲ့ အချိုး။ ဒါသက်သက် တင်စီးပြန်တာပေါ့။

နရဏ် ရင်ထဲတွင် တလိပ်လိပ်နှင့် မကျေနိုင်မချမ်းနိုင်ဖြစ်ရင်း တစ်ပြိုင်နက် အတော်လည်းဝမ်းနည်းပါသည်။ ကိုယ့်ပထမဆုံး စိတ်လှုပ်ရှား ရင်ခုန်မိ (ချစ်မိတယ်လို့ပဲ ဝန်ခံပါရစေတော့)တဲ့ ယောကျ်ားဟာ ကိုယ့်ကို အဆုံးစွန် အလျှော့မပေးနိုင် မလိုက်လျောနိုင်တဲ့လူစား။ တောင်းခံရတဲ့ အချိန်မှာတောင် မာနမချတဲ့လူစား။



www.burmeseclassic.com

www.burmeseclassic.com



သူ့အချစ် သူ့ခံစားချက်ကို ပြောတာမှာတောင် "မင်းလည်း ငါ့လိုပဲ ခံစားရပါတယ် ... မညာပါနဲ့"ဆိုတဲ့ အချိုးမျိုးနဲ့ အပိုင်ကြီး ကြေညာချင်သူ။ နောက်ဆုံး သူ့ဘက်က အလျှော့ပေးဖို့ စိတ်ကူးတာတောင် ဒီလိုအလျှော့ပေးဖို့ကို နရဏီဘက်က ဖွင့်ပြောတောင်းဆိုရဦးမည်။ အဟားဟား အတော်အတ္တကြီးပါလားနော်။

ဘာမဟုတ်တာကလေးတွေဟာ စိတ်ကို ကသိကအောက် အနှောင့်အယှက်ပြုလွန်းရာက တစ်ခုနှင့်တစ်ခု ထပ်ဆင့်တော့ သည်းမခံနိုင်အောင် ကြီးကျယ်လာသလို ဖြစ်လာတာ။

"ကျွန်မ သွားတော့မယ် ကိုနရသူ၊ ရှင် လမ်းဖယ်ပါ"

"ကျွန်တော့်ကို ဒီလိုနည်းနဲ့ မရှောင်ပါနဲ့ နရဏီ၊ ခင်ဗျားကို ကျွန်တော် ချစ်တယ်ဆိုတာ သိပြီးတော့ ဒီလိုအနိုင်မယူပါနဲ့"

နရသူ အသံကလည်း အကြီးအကျယ် ခံစားရသလို အက်ကွဲနေသည်။ သူ့မှာ အလေးအနက် ဖြစ်နေတာ တစ်ခါမှ မကြုံစဖူး ခံစားနေတာကို နားလည်ယုံကြည်ပါသည်။

"ရှင့်ကို ကျွန်မက ဘယ်မှာ အနိုင်ရနေလို့လဲ"

"ကျွန်တော် ကလေကချေ တစ်ယောက်လည်း မဟုတ်ပါဘူး နရဏီ၊ လူကြီးလူကောင်းဆန်အောင်နေတဲ့ ယောကျ်ားတစ်ယောက်ပါ၊ ခင်ဗျား ကျွန်တော့်ကို မမြင်ချင်အောင် ရွံမုန်းစရာ ဖြစ်နေတယ်ဆိုရင် ကျွန်တော် လုံးဝမလာတော့





ပါဘူး၊ ကျွန်တော် ရက်တတ်ပါတယ်၊ ခင်ဗျား ကျွန်တော့်ကို ဒီလိုရှောင်ဖယ်နေပုံက ကျွန်တော့်သိက္ခာကို ကျဆင်းစေပါတယ်"

"ကျွန်မ သွားတော့မယ်"

ထိုစဉ်မှာပင် သူတို့နှစ်ဦးအလယ်၌ ဖုန်းမြည်သံတစ်ခု ပေါ်ပေါက်လာခဲ့ပါသည်။ တီးလုံးက ကိုယ့်တီးလုံး မဟုတ်၍ နရဏီက လှုပ်ရှားဖို့ မလို။ နရသူသာ ဘောင်းဘီနောက်ဘက်က ဖုန်းကို ဆွဲထုတ်လိုက်ပြီး စိတ်မရှည် လက်မရှည်သံနှင့် ...

"ဟယ်လို"

"... ..."

"အေး ... လာမယ်၊ လာမှာပေါ့၊ ဘယ်လိုဖြစ်နေလဲ"

"... ..."

"ကြည့်လုပ်ထားလိုက်ပေါ့ကွာ၊ မင်းတို့မှာ ဉာဏ်မရှိတော့ဘူးလား"

သူ့စိတ်ချည်းပဲ။ ဖုန်းကို ပိတ်ချလိုက်ချိန်မှာ နရဏီက သူ့ကိုကျော်ပြီး ရှေ့ကို ကျော်တက်ပါသည်။ သူက ဘေးကယှဉ်ကပ်ပါလာရင်း ...

"ဒီကို လာစောင့်နေတာကိုက ခင်ဗျားဆီ ဖုန်းဆက်ဖို့ပါ နရဏီ၊ ဒီဖုန်းမဆက်တဲ့ ကိစ္စသေးသေးလေးကို ခင်ဗျား ဒီလောက် အရေးယူတာလား"

"ဖယ်ပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ခင်ဗျားဆီ ဖုန်း Call လုပ်ဖူးပြီးသားပါ၊ အဲဒီတုန်းက မဝင်ခဲ့တာလေ"

"ကျွန်မဘက်မှာ လုံးဝ Missed call မပေါ်ဘူး"

"မခေါ်ဘဲ ကျွန်တော်က ခေါ်တယ်လို့ ညာတာပေါ့ ဟုတ်လား၊ ကျွန်တော့် သိက္ခာကို ဘာကြောင့် ခင်ဗျား မယုံတာလဲ၊ အဲဒီတုန်းက ခင်ဗျားဖုန်းကို ဧရိယာပြင်ပရောက်နေတယ်လို့ ပြနေတာ၊ ဧရိယာပြင်ပရောက်နေတဲ့ လိုင်းမကြည်တဲ့ နေရာမှာ လိုင်းမဝင်ဘဲ ဖြစ်နေတဲ့ ဖုန်းပေါ်မှာ Missed call မပေါ်ဘူးဗျ"

"ဟုတ်လား၊ ကဲ ... ဒါဆိုလည်း ပြီးတာပဲရှင်၊ ရှင် ကျွန်မကို ခေါ်ခဲ့တယ်၊ ပြီးရော၊ ကျွန်မ ယုံကြည်လိုက်မယ်၊ အဲဒါ ဘယ်နှပတ်လောက် ရှိသွားပြီလဲ၊ တော်ပါပြီရှင်၊ ဘာမှ မပြောချင်ဘူး"

"ကျွန်တော် ခင်ဗျားဆီ ဖုန်းဆက်လိုက်မယ် ဆိုပြီး ဒီကို လာစောင့်နေတာ၊ ခင်ဗျား ယုံချင်မှ ယုံပေါ့လေ"

"ဆက်ကော ဆက်လိုက်သေးလား"

နရဏီက ခနဲ့တဲ့တဲ့ကလေး မေးလိုက်ပါသည်။

"ဟဲန်းဖုန်းကို ဆက်နေတာ၊ နှစ်ခါရှိပြီ၊ စက်ပိတ်ထားတုန်းပဲ၊ အိမ်ဖုန်းကိုတော့ ကြီးကြီးတို့ အီကျူးတို့ လာကိုင်ပြီး တစ်ဆင့် ခေါ်ပေးရမှာ မလိုချင်လို့ မဆက်ဘူး"





ဖြစ်နိုင်သည်။ နရဏီက တစ်ခါတလေ နိုးနိုးချင်း ဖုန်းကိုမဖွင့်။ သွားခါနီး အိတ်ထဲကို ပိုက်ဆံအသွင်းအထုတ်လုပ်ရင်း၊ အိတ်ပြောင်းရင်းနဲ့မှ ဖုန်းဖွင့်မိတာမျိုး ရှိသည်။ နရဏီက ကားသော့ကိုဖွင့်ရင်း သူ့ကို နီးနီးကပ်ကပ်လေး ရီဝေဝေ မော့ကြည့်လိုက်ပါသည်။ တင်းမာနေတဲ့ မျက်နှာကြောကို လျှော့ချလိုက်မိပြီး ...

"တစ်နေကုန်တော့ ဘယ်သူက ပိတ်ထားမလဲ ကိုနရသူ"

ကားထဲ ဝင်ထိုင်ကာ နရဏီက လွယ်လာတဲ့အိတ်ကို ဘေးခုံပေါ် တင်သည်။ မှန်ပြတင်းပေါက်နံဘေး ခါးထောက်ရပ်နေတဲ့ နရသူ့ကို လက်တစ်ချက် ထောင်ပြကာ ကားကိုချက်ချင်းပဲ စက်နှိုးထွက်ခဲ့ပါသည်။ ဖုန်းလည်းမပြောရသေးဘဲနဲ့ တောင်သူ ခေါ်ထားတယ်ဆိုတာလေး ကြားရရုံနဲ့တင် စိတ်ကပြေချင်ချင်၊ ကျေချင်ချင်။ ဘယ်လိုတုန်း မိနရဏီ။ ညည်းစိတ်တွေ ပျော့ညွတ်လှပါလား။ ကိုယ့်ကိုယ်ကိုယ် နှစ်ကိုယ်ခွဲကာ တစ်ကိုယ်က ဤသို့ ဝေဖန်တော့ နောက်တစ်ကိုယ်က ...

"ခုမှ မကြုံစဖူး အတွေ့အကြုံသစ်နဲ့ ချစ်မိတာကိုးရှင်။ ဒေါသတွေကလည်း ခဏကလေးပဲ ခံတယ်ရှင်၊ ဝသီပါရန်လို အော်ဟစ် ဗွာနေမိတုန်းလည်းပဲ သူ့ကို မုန်းမရမုန်း သိနေတယ်ရှင်" ... လို့ ရှက်တက်တက် ပြန်ဖြေရှာသည်။ အင်း ... အပျိုကြီးများ သနားစရာလို့ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီး ကြင်နာလိုက်ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကဲ … လာစမ်းဖုန်း။ ခုချက်ချင်း မြည်လာလို့ကတော့ တစ်ထိုင်တည်း အဖြေပေးပစ်လိုက်မည်။

ပြီးစနဲ့နဲ့နှင့် နရဏီက ဖုန်းမြည်လာမည့် အသံကို နားစွင့်နေပါသည်။ ဖုန်းမမြည်လာသေးပဲ ဆိုင်ရောက်သွားမှာစိုးလို့တောင် ကားကို ခပ်ဖြည်းဖြည်းပဲ မောင်းသည်။ သူ့ ပထမဆုံးဖုန်းအဆက်မှာ ကိုယ်က စကားပြန်ပြောတဲ့အခါ သားမှာအနှောင့်အယှက် မရှိချင်လို့လေ။ ကားပေါ်ဆိုတော့ ကိုယ့်တစ်ယောက်တည်း။ ပြီးအိပြီး ပုရွက်ဆိတ်တက်နိုင်သည့် မျက်နှာကြီး ဖြစ်နေလည်းပဲ ရင်သပ်ရှုမော အတင်းပြောမည့်သူ မရှိ။

ဆိုင်ကို ရောက်သွားရင်တော့ ကိုယ်ဖြစ်နေမယ့် ရုပ်ကိုလည်း လူမြင်မည်။ ကိုယ်ပြောနေမယ့် စကားကိုလည်း လူကြားမည်။

တစ်သက်မှာ ဒီတစ်ကြိမ် အနှေးဆုံးနှုန်းနှင့် မောင်းလာတဲ့ကား ဆိုင်နားရောက်လာတဲ့အထိ လက်ကိုင်အိတ်ထဲက ဘာသံမှ မြည်မလာပေ။ နရဏီသည် ရှက်သလိုလို ဝမ်းနည်းသလိုလို ဒေါပွသလိုလိုနှင့် လူတစ်ကိုယ်လုံး အသားတွေပင် ထူပူလာသည်။ ဆိုင်ထဲဝင်လာခဲ့ပြီးချိန်မှာတော့ စိတ်ဓာတ်ကျဆင်းချင်သလိုလို ဖြစ်နေပါသည်။

အလကားလူ။ ဆက်မယ်ဆိုရင် ချက်ချင်းဆက်သေး။ မျှော်လင့်ချက် ပေးသလိုလို၊ အရှုးလုပ်သလိုလို လာလုပ်သွားပြန်ပြီးတဲ့နောက် မဆက်ဘဲ နေပြန်ပြီ။ သိပ်မုန်းစရာကောင်းတဲ့သူ။





သူဟာ ကိုယ့်အချစ်နဲ့ မတန်ပါဘူး။ ဒီလောက်ထိအောင် သူ့ဘက်က မလျှော့နိုင်အောင် ဖြစ်နေတဲ့သူ။ အလကားလူ။

ဒီကြားထဲမှာ ဆိုင်ဖုန်းထဲလာတဲ့ ဖုန်းတွေကို …

“မမ ဖုန်းလာပါတယ်”လို့ …

ကောင်မလေးတစ်ယောက် လာခေါ်တိုင်း နရဏီ တစ်ခါ ရင်တုန်ရတိုင်း။ ဟဲန်းဒ်ဖုန်း ခေါ်မရလို့ ဆိုင်ဖုန်းခေါ်မလားလို့ပေါ့။ ဒါပေမဲ့ ကြီးကြီးတို့ အိကျုံးတို့ လာကိုင်မှာစိုးလို့ဆိုတဲ့သူက ဆိုင်ဖုန်းကို ဆက်မယ်လို့တော့ မထင်ပါ။ နောက်ဆုံးတော့ နရဏီသည် ကိုယ့်ဖုန်းကို ပိတ်ထားမိလေသလား၊ ဇဝေဇဝါ ဖြစ်လာပါသည်။ အိတ်ထဲ ဒီအတိုင်းပဲ ကောက်ထည့်လိုက်ပြီး ဖွင့်မှ ဖွင့်ရသေးရဲ့လား။ ဒါကြောင့်များ သူ ခေါ်မရဘူးလားလို့ (ခပ်ရှက်ရှက်နှင့်ပင်) ကိုယ့်ပိုက်ဆံအိတ်ကိုဖွင့်ကာ ဖုန်းကိုမွှေနှောက်ရှာလိုက်ရတော့သည်။

ဖုန်းက အိတ်ထဲမရှိပေ။ အိတ်ထဲရှိသမျှ ဒရောသောပါး မှောက်ချပစ်ကာ ယက်ဖွရှာဖွေသည်။ လုံးဝအိတ်ထဲပါမလာ။ နရဏီ ရင်ခုန်သံတွေဟာ တဒိုင်းဒိုင်း မြည်လာတော့ကာ ပစ္စည်းတွေအိတ်ထဲ ပြန်မထည့်မိတော့ဘဲ ဆိုင်ကဖုန်းလေးဆီပြေးကာ အိမ်ကို ကမန်းကတန်း ဖုန်းလှမ်းဆက်လိုက်မိပါသည်။

“ဟဲ့ … အိကျုံး၊ ငါ့အခန်းထဲကိုဝင်ပြီး ချာဂျင်သွင်းတဲ့ ခလုတ်ခုံမှာ ငါ့ဖုန်း ကျန်ခဲ့သလား ကြည့်စမ်း၊ မရှိရင် ငါ မနေ့က လွယ်သွားတဲ့ အိတ်အညိုရောင်ထဲကိုကြည့်၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အိတ်ကို ငါအဝတ်စင်ပေါ်ပဲ တင်ရစ်ခဲ့တယ်၊ သွား၊ ဖုန်းချပြီး မြန်မြန်သွားရှာ”

အုန်းကြည် သွားရှာနေတဲ့ နှစ်မိနစ် သုံးမိနစ်ကို ရင်တွေမောလျက် ရှိလေသည်။ ငါ့အပြစ်။ ငါ နမော်နမဲ့တာ။ ငါ အသုံးမကျတာ။ ကြည့်စမ်း … သူ ဖုန်းဆက်ပါမယ်ဆိုမှ ဖုန်းက ပါမလာတာ။ ဖြစ်မှဖြစ်ရလေတယ်နော်။

“မမ … မတွေ့ဘူး”

“ဟယ် … မတွေ့ရင် ဘယ်နားသွားရှိမလဲ၊ ငါ့ဆီမပါဘူး၊ ငါ့ဖုန်းက ပျောက်စရာလည်း အကြောင်းမရှိဘူး၊ တွေ့အောင်ရှာ၊ ငါ့အခန်းထဲပဲ ရှိကိုရှိတယ်၊ ညက ငါ မေမေတို့ဆီ လူကြုံထည့်ပေးဖို့ကို မင်းမင်းဆီ ဆက်တယ်၊ အိမ်မှာကို ရှိတယ်၊ တွေ့အောင် မြန်မြန်သွားရှာ”

“တွေ့မှ ပြန်ဆက်ရမလား မမ၊ အကြာကြီး စောင့်နေရမှာစိုးလို့”

“စောင့်မယ်၊ ငါ ကိုင်ထားမယ်၊ နင်သာ မြန်မြန်ရှာ၊ သွား သွား”

နောက်တစ်ကြိမ် ဖုန်းကို ကိုင်စောင့်နေရပြန်လေသည်။ လည်ကုပ်တစ်ဝိုက်မှာတောင် စိတ်မောရ၍ ချွေးစေးတွေ ပြန်လာသည်။ အတော်ကြီးကြာမှ …

“မမ”

“တွေ့လား”



“ခေါင်းအုံးအောက်မှာ တွေ့တယ် မမ”

“ကဲ … အဲဒါ ငါ အသုံးမကျတာ၊ ငါအသုံးမကျတာ၊ တောက်”

ဖုန်းကျန်ရစ်တဲ့အတွက် သူ့မမ ဘာကြောင့်ဒီလောက် ကြိတ်မနိုင်ခဲမရ ဖြစ်နေသလဲ အုန်းကြည်တော့ ဉာဏ်မီမှာ မဟုတ်။

“ဖုန်းက ပိတ်ထားလား”

“ဟုတ်ကဲ့၊ ပိတ်ထားတယ်”

“ကျွတ် …၊ ကဲ … ကဲ … ငါ ခဏနေရင် ပြန်လာယူမယ်၊ သိလား၊ ငါ အိမ်ပေါ်မတက်တော့ဘဲ အောက်ကနေ ဟွန်းပဲတီးရင် တီးလိုက်မယ်၊ နင်ဆင်းပေး”

“ဟုတ်ကဲ့”

အဲဒီနောက်တော့ ဆိုင်ရဲ့ဖောက်သည် ဖြစ်သော လူကြီးကတော်တစ်ဦးနှင့် သမီးနှစ်ဦးတို့ လာကြည့်ကြမည်ဖြစ်ကြောင်း ဖုန်းလာထား၍ ချက်ချင်း အိမ်မပြန်အားသေး။ ကိုယ်နှင့်လည်း ခင်မင်နေသည့် ထိုသားအမိတို့ကို စောင့်ရပါသည်။ တစ်နာရီခန့် သူတို့ ကြည့်ရှုရွေးချယ် ဝယ်ယူပြီး ပြန်သွားကြတော့မှ နရဏီ ချက်ချင်းပဲ ဆိုင်က ထွက်ရပါသည်။

“ဟော့ … တို့ဆီ ဖုန်းလာရင် အိမ်ကို ကိစ္စရှိလို့ ခဏပြန်တယ်လို့၊ မကြာဘူး ပြန်လာမယ်”

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကိုရောက်လျှင် နရဏီသည် စိတ်မောလှမောနှင့် အောက်က ဟွန်းသံပဲ ပေးလိုက်သည်။ ဝရန်တာမှ ထွက်ကြည့်သော အုန်းကြည်က ခဏအတွင်း အပြေးဆင်းလာပါသည်။

"ဖုန်းပေး"

"ဟင် ... မမ၊ မမမိုးသဲ ယူသွားပြီလေ"

"ဘာ ...၊ ဘာလဲ၊ ဘာလို့ သူက ငါ့ဖုန်း ယူသွားရတာလဲ"

"မမဆီ ဝင်ပေးပေးမယ် ဆိုပြီးတော့ နည်းနည်းတောင်ကြာပြီ"

"ဟာ ... ငါလာယူမယ် ပြောထားရက်နဲ့ သူ့ကို ဘာကိစ္စ ပေးလိုက်ရတာလဲ"

နရဏီသည် ဒေါသတွေအကြီးအကျယ်ပွကာ အသံဆိုးကြီးနှင့် အော်ဟစ်ပေါက်ကွဲမိသည်။

"မမမိုးသဲက သူ့ကလေး ခြောက်လပြည့်မွေးနေ့ဆိုပြီး ဆွေမျိုးတွေဆီ ကလေးလိုက်ပြတာ၊ မုန့်တွေပို့ပေးတာ၊ ဟိုဘက်တိုက်က သူ့ဦးလေးအခန်းလာရင်း ကြီးကြီးလည်း မမြင်ဖူးဘူးဆိုပြီး ဝင်ပြသွားသေးတယ်၊ ကိတ်မုန့်တွေလည်း ပေးသွားတယ်၊ ကြီးကြီးကတောင် ကလေးဖို့ မွေးနေ့လက်ဆောင် မုန့်ဖိုးနှစ်သောင်း ပေးလိုက်သေးတယ်"

"ဖုန်းဘာကြောင့် ယူသွားတယ်ကို အရင်ပြော"





"ဒီကပြီးရင် သူက ပါရမီလမ်းက သူ့ယောက်ျားအဘွားအိမ်သွားမှာ၊ လမ်းကြောသင့်နေလို့ မမဆိုင်ရှေ့က ဖြတ်မောင်းရမှာမို့ ယူသွားပေးလိုက်မယ် ဆိုတာနဲ့ ကြီးကြီးက ပေးလိုက်ဆိုပြီး ထည့်ပေးလိုက်တာပါ"

ကဲ ... ကြည့်စမ်း။ သူ့ဆီက ဖုန်းသံကို ကြားနာခွင့်ရဖို့ ကံကိုက မပါချင်တာ။ နရဏီသည် ငိုတောင်ချလိုက်ချင်ကာ ဝမ်းပန်းတနည်း ငိုင်နေမိသည်။ ဘယ်ကိုဖုန်းလိုက်ဆက်ရတော့မှာလဲ။ ဘယ်ရောက်နေမည်မှန်း မသိတဲ့ မိုးသဲ နောက်ကို ဖုန်းလိုက်ဆက်ဖို့ဆိုတာ။ သူ့အမျိုး ကိုအောင်အမျိုး လူစုံတက်စုံကို ကိုယ်လည်းသိတာ မဟုတ်။ လမ်းကြုံတာကို သတိပြုမိပြီး ဖုန်းကို အိတ်ထဲကောက်ထည့်လာမယ့် မိုးသဲဟာ လမ်းမှာတင် ဖုန်းဝင်ပေးစရာ ပါလာတာကို မေ့သွားပြီ ဖြစ်ပုံရပါသည်။

သို့မဟုတ် နရဏီ ဒီကိုထွက်လာနေတုန်းများ ဆိုင်မှာ ဝင်ပေးသွားမလား။

"ကဲ ... ငါသွားပြီ"

နရဏီ ကားမောင်းကာ ပြန်ထွက်လာခဲ့ချိန်၌ စိတ်တွေ အတော်နောက်ကျိနေပါသည်။ ကံကြမ္မာကိုလည်း အတော်ဒေါကန်နေမိသည်။ မဆီမဆိုင် နရသူကိုလည်း ဒေါကန်ချင်ပြန်သည်။ နဂိုကမှ မဆက်ချင်လှတဲ့သူက "ခင်ဗျားဖုန်းက ပိတ်ထားတာကိုး"ဆိုတဲ့ ဆင်ခြေတစ်ခုနဲ့ နပ်နေတော့မှာပဲ။ ဆိုင်ပြန်ရောက်လာတော့ ဆိုင်က ဆီးပြောသည်မှာ ...



www.burmeseclassic.com

www.burmeseclassic.com



"မမကြည်ဖြူ ဖုန်းဆက်တာ နှစ်ခါရှိပြီ"

ဘာတွေ အရေးကြီးပြန်လို့လဲဟု ကြည်ဖြူ့ရုံးကို ဖုန်းခေါ်လိုက်ရပါသည်။

"ဟဲ့ ... နရဏီ၊ ဟား ဟား ဟား၊ ရယ်ရတယ်ဟယ်၊ နင်တို့နှစ်ယောက်ဟာ မကြီးမငယ်နဲ့ ဘာတွေပြဿနာတက်နေကြလဲ၊ ငါ ရယ်ချင်လိုက်တာဟယ်၊ နင့်ဘိုးတော်ကလည်း အတော်ရွတ်တယ်"

"နင် ဘာကိုပြောနေတာလဲ၊ ရှင်းရှင်းပြောဟာ၊ ငါစိတ်တွေရှုပ်နေတယ်"

"နင့်ဘိုးတော် နရသူဟာ ငါ့ရုံးကို ဝင်လာတယ်ဟေ့၊ သူ့ရုံးခန်းနဲ့ နီးတာကိုး၊ ငါ့ကို သက်သေလာလုပ်တာပါဆိုပြီး ငါ့ရှေ့မှာ နင့်ဟဲန်းဒ်ဖုန်းကို ခေါ်တာ ခေါ်တာ၊ အခါနှစ်ဆယ်လောက်၊ ဘယ်လိုမှ ခေါ်မရဘူး၊ စက်ပိတ်ထားတယ်ပဲ အော်နေတာ၊ ငါ့မှာ သူ့ကြည့်ရတာ မသက်သာလို့ ဆိုင်ကိုခေါ်ပါလားဆိုတော့လည်း မခေါ်ဘူး၊ သူများကိုင်ထူးမှာလည်း မလိုချင်ဘူးတဲ့၊ သူ ဆက်မယ်ဆိုတာသိရက်နဲ့ စက်ပိတ်ထားတဲ့နောက်တော့ ဆိုင်ဖုန်းခေါ်လည်း လာပြောမှာ မဟုတ်ဘူးတဲ့ ...

သူ အတော်ကြွေနေပုံရတယ်ဟာ၊ သူ့ကို ဒိုက်ဖွက လေး တစ်ခုနဲ့ပဲ ခွင့်မလွှတ်နိုင်အောင် ဖြစ်နေတာလားတဲ့၊ အခု သူဆက်မယ်ဆိုတာ နင့်ကို ပြောထားတာ၊ နင်သိတယ်





တဲ့၊ ဆက်ပြန်တော့လည်း ဖုန်းကိုမဖွင့်ဘူးဆိုတော့ သူဘာဆက်လုပ်ရမလဲတဲ့၊ လုံးဝအပိုမပြောဘူး၊ အခါနှစ်ဆယ် အနည်းဆုံးပဲ၊ ဟိုတစ်ခါ ဒီလိုပဲ သူခေါ်ပါတယ် ဆိုတာကို နင် မယုံလို့ အခု ငါ့ရှေ့ လာဆက်တာတဲ့၊ အတော်ဖီလင်ရိုက်တဲ့ပုံမျိုးနဲ့ ပြန်သွားတယ်၊ ကဲ ... သူကဆက်ပြန်တော့လည်း နင်က လက်မခံရတဲ့ အတ်ကြောင်းကို သိပါရစေဦး"

"ငါလည်း မောနေပြီ၊ နင် မတော်တဆ မိုးသဲနဲ့ လူပဲဆုံဆုံ ဖုန်းပဲ ပြောရပြောရ ငါ့ဖုန်းလာပေးဖို့ သတိပေးလိုက်၊ လိုရင်းပြောရရင် ငါ့ဖုန်း အပိတ်ရက်ကြီးနဲ့ မိုးသဲဆီ ပါသွားပြီ"

"ဟင် ... ဘယ်လိုက ဘယ်လို"

"မရှင်းပြနိုင်ဘူး၊ မောတယ်။ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

ဤသို့ဖြင့် …။

မိုးသဲ တစ်ယောက် သူ့အိတ်ထဲ နရဏီဖုန်း ပါလာကြောင်း ပြန်သတိရတဲ့အချိန်မှာ သူတို့လင်မယားရဲ့ နှစ်ဆွေလုံး နှစ်မျိုးလုံး လူကြီးသူမအိမ်တွေ လှည့်ပတ် ကလေးပြ။ မွေးနေ့ မုန့်ကန်တော့၊ မုန့်ဖိုးတွေရ စသဖြင့် လှုံ့စုံအိမ်ကုန်သလောက်ရှိမှ "ဟယ် … အစ်ကိုအောင်ရေ"ဆိုပြီး …။ နရဏီ့လက်ထဲ ဖုန်းပြန်ရောက်ချိန်ဟာ ညနေခြောက်နာရီခွဲ။

ဖုန်းလေးကို ရင်မှာအပ်ပြီး ပါဝါခလုတ်ကို ရင်ခုန်စွာ ဖွင့်ထားလိုက်ပါသည်။ ခုနစ်နာရီအတိမှာတော့ ဆိုင်ခန်းတွေကိုပိတ်၊ ဝန်ထမ်းတွေ အိမ်ပြန်။ နရဏီသည် ခွန်အားမဲ့သလိုလို မောလျှသလိုလို ရင်ထဲမှာတော့ နွေးပူနေကာ သူ့ဆိုင်နှင့် မလှမ်းမကမ်းက ဖျော်ရည်ဆိုင်လေးရဲ့ ပလက်ဖောင်းစားပွဲလေးတစ်ခုမှာ တစ်ယောက်တည်း စထရော်ဘယ်ရီတစ်ခွက် မှာပြီး ထိုင်နေ





ပါသည်။ ဖုန်းလေးကို စားပွဲပေါ် တင်ထားကာ မျက်တောင်မခတ် စိုက်ကြည့်နေမိသည်။

အဲဒီတုန်းပဲ တယ်လီဖုန်းရဲ့ ဒိုင်ခွက်မီးစိမ်းပြာလေးက ဖျတ်ခနဲ လင်းလက်ကာ တီးလုံးသံလေးတစ်ခုက မြည်လာခဲ့ပါသည်။

❦ ❧ ❦

ကားကို နရဏီ့ ဆိုင်အလွန်နားက နရဏီ့ကားရှေ့မှာ ရပ်ကာ လူကဆင်းပြီး ဖုန်းစ,တင်နှိပ်မိသည်။ ဆိုင်လည်း ပိတ်ထားပြီ။ ကားထဲလည်း လူမရှိ။ သော့ပိတ်ရပ်ထားသည်။ နရဏီ ဘယ်မှာလဲ။ တစ်နေကုန် တစ်နာရီတစ်ကြိမ် ခေါ်လာတာ ခုဆို ဘယ်နှကြိမ်ရှိပြီနည်း။

လိုင်းဝင်သွားတဲ့ ခေါ်နေတဲ့ အသံကြောင့် နရသူ့ရင်ထဲ ခုန်ဟည်းသွားတဲ့ အသံက တဒုန်းဒုန်းပင် မြည်သံကြမ်းလှသည်။

"ဟယ်လို"

"ဟယ်လို"

"……"

"နရဏီလား၊ အား … ဟာ … တိုက်ပြီဟော့"

ရင်ခုန်ညှတ်နှုးတဲ့ စကားလုံးတွေ စမည်ကြံရုံရှိသေး နရသူ့ကို ဖျတ်ခနဲ ဝင်တိုက်သွားသာ စက်ဘီးဘုတ်ပြေးစီး



www.burmeseclassic.com

www.burmeseclassic.com



လူငယ်လေးတစ်ယောက်ကြောင့် ဖုန်းက လမ်းအောဆို လွင့်အကျ။ ကားလမ်းကို တစ်ဆက်တည်း ဖြတ်ကူးလိုက်တဲ့ ထိုလူငယ်လေးကြောင့် ပါရမီလမ်းပေါ် သွားနေတဲ့ ကားနှစ်စီး သုံးစီးခန့်ဟာ တကျွိကျွိ ဘရိတ်အုပ်တဲ့သူကအုပ်၊ ဘေးဆွဲချသူက ဆွဲချ၊ ကားနှစ်စင်း ပွတ်တိုက်မိမလိုဖြစ်၊ ကောင်လေးက ပွတ်ကာသီကာ ကျော်ဖြတ်ကွေ့ကောက်။

နရဏီ နားထဲတွင် နရသူ့ အာမေဋိတ်သံအဆုံး၊ ဖုန်းလွတ်ကျတဲ့အသံ၊ ပြီးတော့ ကားတွေ အများကြီး ဘရိတ်အုတ်တဲ့ တာယာပွတ်ဆွဲသံ၊ လူတွေရဲ့ ဒေါသတကြီး အော်ဟစ်သံတွေ ရောနှော ရှုပ်ထွေးသွားရလျှင် ...

"ကိုနရသူ ... ကိုနရသူ"

ဖုန်းထဲကို အလန့်တကြား အော်ဆဲ ဖုန်းသံက အဆက်ပြတ်သွားရပါသည်။ နဂိုကမှ စိတ်ဓာတ်ကျ အားလျော့မောလျှနေတဲ့ နရဏီမှာ မျက်ရည်တွေ ရစ်လည်ကာ သူ့ရဲ့ဖုန်းကို ပြန်လည်ဖိနှိပ်ပြီး နရသူ့ နံပါတ်ကို ခေါ်နေမိသည်။ ဘယ်လိုမှ ခေါ်မရဘဲ Call failed ဖြစ်ကာ ပြတ်ကျသွားသည်။ ဒုက္ခပဲ ... ကားတိုက်မှုထဲမှာ သူ့ကား ပါသွားတာလား။ မဖြစ်ပါစေနဲ့။ မဟုတ်ပါစေနဲ့။ ပြန်ခေါ်ခလုတ်ကို ထပ်ကာ ထပ်ကာ နှိပ်နေတဲ့ နရဏီ ပါးပြင်ပေါ် မျက်ရည်ဥကလေးပင် လိမ့်ကျလာသည်။

"ဟိုကောင်လေး ဖြတ်ကူးတာ ကားတွေ ရှောင်လိုက်ကြရတာလေ"





"တိုက်ကုန်လား"

"တိုက်တော့ မတိုက်ဘူး ထင်တာပဲ"

ဆိုင်ထဲကို ကောင်လေးနှစ်ယောက် ဝင်လာရင်း ပြောလာသံကို ကြားလျှင် ...

"ဟင် ... ကားက ဘယ်နားလေးမှာ တိုက်တာလဲ"

"ဟိုကွေ့နားလေးတင်၊ တိုက်မတိုက်တော့ မသိဘူး"

နရဏီသည် ဖုန်းခေါ်ရင်း နားမှာကပ်ရင်း၊ အင်္ဂျီသံကြားရင်း ပြန်နှိပ် ပြန်ခေါ်ရင်း ရှေ့လမ်းကွေ့လေးကို ပြေးလာမိသည်။ အဲဒါ သူ့ဆိုင်ရှိတဲ့ ကွေ့ပဲလေ။ ဟင် ... လမ်းပေါ်မှာ ကားတွေ လူတွေ ရှုပ်တုန်း။ ကားဖြူတစ်စီးလည်း ပါသည်။ အဲဒါ သူ့ကားလား။ သူ ဒီနားရောက်နေတာလား။

"နရဏီ"

ခေါ်သံဟာ ဖုန်းထဲကလား၊ အပြင်ကလား။ နားကြားမှားနေတာလား။ မှောင်ရီနေတဲ့ မလင်းတလင်းထဲမှာ စိုးရိမ်ပူပန်စိတ်နှင့် မျက်စိတွေလည်း ပျာနေပြီ။

"နရဏီ"

တစ်ယောက်နှင့် တစ်ယောက် တစ်တောင်လောက်ပဲ ကွာတော့မှပင် ရှေ့တည့်တည့်က ပိတ်ရပ်ခေါ်နေတဲ့ နရသူ့ကို ဘွားခနဲ မြင်ကာ ရင်ထဲ ဘယ်လိုဖြစ်သွားမှန်းမသိ။ နှစ်ယောက်လုံး နားမှာကိုယ်စီ ကပ်ထားတဲ့ ဖုန်းတွေကို ဖယ်ပြီး ခလုတ်ပိတ်လိုက်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာမှဖြစ်တာ မဟုတ်ဘူးနော်"

သူ့ကို စေ့စေ့ကြည့်နေရာမှ နရဏီက မောလျလျ ညည်းညျူညျူလေး မေးလိုက်ပါသည်။

"ဟင့်အင်း"

နရသူက ပြုံးရင်း ခေါင်းခါလျက် ...

"တစ်နေကုန် စိတ်ညစ်နေရတာကလွဲရင် ကျွန်တော် ဘာမှ မဖြစ်ဘူး"

နရဏီသည် သူနဲ့ ဖုန်းပြောခွင့် မရလိုက်ပြန်ခြင်းကို သက်ပြင်းတစ်ချက်နှင့် မေ့ပစ်လိုက်ရပါသည်။ တစ်ချိန်ချိန်တော့ ဖုန်းထဲမှာ သူနဲ့စကားပြောရင်းက သူ့ကို အဖြေပေးခွင့် ကြုံလာဦးမှာပါ။

❣ ❧ ❣

လမင်းမိုမို



BURMESE CLASSIC .com

www.burmeseclassic.com